www.burmeseclassic.com

# ဘဘကြီး ပြောသော ပုံပြင်



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်ဘဘကြီး ၏

# ဘဘကြီးပြောသော

# ပုံပြင်

တအုပ် ၃–ကျပ်

ကျုံ့ပျော်စာပေ ဖြန့်ချိရေး
အမှတ် ၅၃၊ ၁၂၅–လမ်း
တာန်တော်ကလေး
ရန်ကုန်မြို့။



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ပထမအကြိမ်

အုပ်ရေ
နှစ်ထောင့်ငါးရာ

နေ့စွဲ
၁-၂-၆၀

စာရေးသူ
ရန်ကုန်ဘဘကြီး

မျက်နှာဖုံးပန်းချီ
ဦးလှဖိန်

ဘလောက်
ဦးကွန်း

ပုံနှိပ်သူ
ဦးသိန်း (၀၇၂၂-မြ)
အောင်နိုင်သူပုံနှိပ်တိုက်
အမှတ် ၁၁၊ ၁၂၅လမ်း၊
ကန်တော်ကလေး
ရန်ကုန်က ရိုက်နှိပ်သည်။

ထုတ်ဝေသူ
ဦးလှဖေ (၀၄၁၉)
ဖေါ်စတော့ စာပေ
အမှတ် ၂၁၊ အရှေ့ဒီချိ
ဗိုလ်ချုပ်ဈေး
ရန်ကုန်

## ပုံပြောကြပါစို့

လုပ်သားပြည်သူတို့၏ နိုင်ငံတော်ကြီး တည်ဆောက် နေသော ယနေ့ဗမာနိုင်ငံတွင် ဘဘကြီးတို့သည် လိုအပ်သော နေရာမှ လိုအပ်သော တာဝန်ကို ပါဝင်ဆောင်ရွက်ကြရမည် ဖြစ်ပေသည်။

ဘဘကြီးတို့သည် သမိုင်းဦးခေတ်မှ ဖြစ်စဉ်များ၊ ပဒေသရာဇ်တို့၏ ချယ်လှယ် စိုးမိုးခဲ့မှုများ၊ နယ်ချဲ့ သမားတို့၏ ကျူးကျော်မှုများနှင့် ဗမာ့လွတ်လပ်ရေး စွမ်း ဆောင် ချက်များတို့ကို စူးစမ်းလေ့ လာမှုများရှိခဲ့သလိုလက်တွေ့ တွေ့ကြုံခံစားရခဲ့မှုများလည်း ရှိကြပေသည်။

မောင်ရဲအောင်တို့သည် လွတ်လပ်သော ဗမာနိုင်ငံ ပေါ်ထွန်းလာစဉ်ကာလ မွေးဖွါးလာကြသော လူငယ်များ ဖြစ်ကြသောကြောင့် ၁၉၄၈ ခုနှစ်မှ ယနေ့ထိ ပျမ်းမျှ နှစ်အပိုင်းအခြား သည် မောင်ရဲအောင် တို့၏ အသက်ဟု ဆိုကြပါစို့။

မောင်ရဲအောင်တို့သည် ငယ်ရွယ်သူ ကလေးများ ဖြစ်ကြသည့် အလျောက် ပုံပြောသည်ကို နားထောင် လိုကြ၍ ပုံပြောမည်ဆိုလျှင် ချဉ်းကပ်လာကြပေသည်။

ဘဘကြီးတို့သည် မောင်ရဲအောင်တို့၏သဘာဝကို အခြေခံလျက် ဗမာနိုင်ငံ၏ ဖြစ်စဉ်များ၊ ဗမာနိုင်ငံကို ချစ်မြတ်နိုးလိုသော စိတ်များ၊ ဗမာ့သတ္တိ၊ ဗမာ့စွဲ လုံ့လနှင့်တကွ ဗမာနိုင်ငံတော်၏သစ္စာကိုစောင့်သိရန်တာဝန်များတို့ကိုကြိုးစား ဆောင်ရွက်ကြပါစို့၊ လက်တွေ့ အကောင်အထည် ပေါ်ကြပါစို့၊ ပုံပြောကြပါစို့။

ရန်ကုန် ဘဘကြီး။
၄၊၁၊၆၀။

www.burmeseclassic.com

www.burmeseclassic.com

**မှိုမြမ်းပြုသောစာအုပ်စာတမ်းများ**

ကုန်းဘောင်ခေတ် မဟာရာဇဝင် တော်ကြီး
ဦးသိမ်းမောင်ရေး၊ မြန်မာ့ သူရဲကောင်း စာအုပ်များ
သခင်ဘသောင်း၏ ကမ္ဘာ့တော်လှန်ရေး သမိုင်း
စာပေဗိမာန်ထုတ် ဒို့ တိုင်းပြည်
ကမ္ဘာ့သမိုင်းမှတ်တိုင်များ
တောင်သူလယ်သမားအရေးတော်ပုံ
အောင်သန်း၏အောင်ဆန်း
ဦးထွန်းစိန်၏နိုင်ငံသမိုင်းစာအုပ်များ
စစ်တက္ကသိုလ်စာစောင်များ
ရှေ့သို့စာစောင်များ
ဆည်မြောင်းဌာန စာတမ်းများ
စက်မှုလက်မှုတိုးတက်ထုတ်လုပ်ရေး စာတမ်းများ
မြန်မာ့စီးပွါးရေးစာစောင်

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်သီချင်းအစ | ၁၇ |
| ၂ | ကျောက်ခေတ်ကမောင်လူ | ၂၀ |
| ၃ | ပျူလူမျိုးတို့၏ဗိသာနိုးမြို့ | ၃၂ |
| ၄ | ပုဂံလယ်သမားဒို့လေးစား | ၃၅ |
| ၅ | မောင်ခြတက် | ၄၂ |
| ၆ | နှောင်ရိုးတိုက်ပွဲ | ၄၄ |
| ၇ | နယ်ချဲ့သမားလေးဇကာ | ၄၉ |
| ၈ | နိုင်ငံခြားသားတို့ပျော်ရာမြေ | ၅၆ |
| ၉ | တောင်သူလယ်သမားကြီးမဟာဗန္ဓုလ | ၆၂ |
| ၁၀ | ကက်စိန်တိုက်ပွဲ | ၆၈ |
| ၁၁ | ပန်းဝါတိုက်ပွဲ | ၇၂ |
| ၁၂ | ခနဲဖြူတိုက်ပွဲ | ၇၆ |
| ၁၃ | ရန္တပိုစာချုပ် | ၈၀ |
| ၁၄ | အင်္ဂလိပ်ဗမာဒုတိယစစ်ပွဲ | ၈၃ |
| ၁၅ | ဗမာ့တော်လှန်ရေးခေါင်းဆောင်များ | ၉၀ |
| ၁၆ | သူ့ကျွန်ဘဝ | ၉၉ |
| ၁၇ | ဂျူစီဘီအေနဲ့ ဝံသာနုခေတ် | ၁၀၂ |
| ၁၈ | မျိုးချစ်ဘုန်းတော်ကြီး ဦးဥတ္တမ | ၁၀၄ |
| ၁၉ | ၁၉၂၀ ခုနှစ်ကျောင်းသားသပိတ် | ၁၀၇ |
| ၂၀ | လယ်တောသို့ခရီးထွက်ခြင်း | ၁၀၉ |
| ၂၁ | လယ်သမားဘဝ | ၁၁၃ |


www.burmeseclassic.com

www.burmeseclassic.com


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၂ | ဆောင်သူလယ်သမားအရေးတော်ပုံ | ၁၁၉ |
| ၂၃ | ဖါးရှေကျော်တိုက်ပွဲနှင့်ထန်းတောရွာတိုက်ပွဲ | ၁၂၄ |
| ၂၄ | နောင်ချိုကြီးတိုက်ပွဲနှင့်ဆရာစံ | ၁၃၀ |
| ၂၅ | ရေနံမြေသို့ ခရီးထွက်ခြင်း | ၁၃၃ |
| ၂၆ | အလုပ်သမားနှင့် မေဒေး | ၁၃၄ |
| ၂၇ | ၁၃၀၀ ပြည့်အရေးတော်ပုံ | ၁၄၅ |
| ၂၈ | သခင်ဘိုးလှကြီး | ၁၅၁ |
| ၂၉ | ဒို့ဗမာ အစည်းအရုံးနဲ့ သခင်ပါတီ | ၁၅၅ |
| ၃၀ | သခင်အောင်ဆန်း | ၁၅၉ |
| ၃၁ | သခင်အောင်ဆန်း၏အတွေးအခေါ် | ၁၆၂ |
| ၃၂ | သခင်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှု | ၁၇၂ |
| ၃၃ | ရဲဘော်သုံးကျိပ် | ၁၇၅ |
| ၃၄ | ဂျပန်၏ရက်စက်မှုများ | ၁၈၃ |
| ၃၅ | တော်လှန်ရေး လုပ်ငန်းများ | ၁၈၆ |
| ၃၆ | ဗိုလ်မှူးကြီး ဗထူး | ၁၈၈ |
| ၃၇ | ဂျပန်တော်လှန်ရေး | ၁၉၁ |
| ၃၈ | ဖ၊ဆ၊ပ၊လ အဖွဲ့ချုပ်ကြီး | ၁၉၅ |
| ၃၉ | ပင်လုံစာချုပ်နှင့် ပြည်ထောင်စုနေ့ | ၁၉၉ |
| ၄၀ | မမေ့နိုင်သော ဇူလိုင် ၁၉ ရက် | ၂၀၂ |
| ၄၁ | လွတ်လပ်သောပြည်ထောင်စုမြန်မာနိုင်ငံ | ၂၀၄ |
| ၄၂ | တော်လှန်ရေးကောင်စီ ပေါ်ပေါက်လာခြင်း | ၂၀၈ |
| ၄၃ | အနီးတော ဆွေးနွေးပွဲနှုတ်ထွက်သွားဆွေးနွေးပွဲ | ၂၁၁ |
| ၄၄ | ပုပ္ပါးဆွေးနွေးပွဲ၊ခပေါင်းဆွေးနွေးပွဲ | ၂၁၅ |
| ၄၅ | ၆၄ ခုနှစ် အလုပ်သမားနေ့ | ၂၂၉ |
| ၄၆ | ပုပ္ပါးတောင်နဲ့ ကြက်မောက်တောင်ဆည် | ၂၃၇ |
| ၄၇ | ကင်းတားဆည်၊တရှင်းတောင်ဆည်၊ ငွေခတောင်ဆည် | ၂၄၂ |
| ၄၈ | ဝါရှောင်ဆည်၊မုန့်တိုင်ဆည်၊ မြောက်နဝင်းဆည် | ၂၅၂ |
| ၄၉ | စစ်တောင်းမြစ်ဝှမ်းနှင့် မူးမြစ်ဝှမ်း စီမံကိန်းများ | ၂၅၇ |
| ၅၀ | လယ်သမားတို့ပျော်ကြပြီ | ၂၅၉ |
| ၅၁ | စက်မှုလယ်ယာ | ၂၆၁ |
| ၅၂ | သမဝါယမစံပြကျေးရွာများ | ၂၆၄ |
| ၅၃ | ပြည်သူ့စက်ရုံကြီးများ(ချည်မျှင်နှင့်အထည်) | ၂၇၃ |
| ၅၄ | ဂုန်နီစက်ရုံ၊စက္ကူပစ္စည်းစက်ရုံ၊ | ၂၇၆ |
| ၅၅ | ဆေးဝါးထုတ်လုပ်ရေးစက်ရုံ | ၂၈၃ |
| ၅၆ | သံမဏိစက်ရုံ | ၂၈၆ |
| ၅၇ | အုတ်နဲ့ အုတ်ကြွပ်စက်ရုံ | ၂၈၉ |
| ၅၈ | ဘိလပ်မြေစက်ရုံ | ၂၉၂ |
| ၅၉ | စီးကရက်စက်ရုံ | ၂၉၃ |
| ၆၀ | သစ်စက်နှင့်ထပ်သားသစ်စက်ရုံ | ၂၉၇ |
| ၆၁ | ဆပ်ပြာစက်ရုံ၊ပလပ်စတစ်စက်ရုံ | ၃၀၀ |
| ၆၂ | သကြားစက်ရုံနှင့် အခြားစက်ရုံများ | ၃၀၃ |
| ၆၃ | စက္ကူစက်ရုံနှင့် တည်ဆောက်ဆဲစက်ရုံများ | ၃၀၈ |
| ၆၄ | ရေနံချက်စက်ရုံ | ၃၁၀ |


www.burmeseclassic.com

www.burmeseclassic.com

ကလေးတို့ရေ…

ကလေးတို့ကိုဘဘကြီးချစ်တယ်။
ကလေးတို့ရဲ့ ဖြူစင်တဲ့ စိတ်ထားကို ဘဘကြီး လေးစားတယ်။
ကလေးတို့ကို ဗမာနိုင်ငံ အကြောင်း သိထားစေချင်တယ်။
ကလေးတို့ကို ရဲစွမ်းသတ္တိနဲ့ ပြည့်စုံ စေချင်တယ်။
ကလေးတို့ကို လူရည်ချွန်တွေ ဖြစ်စေ ချင်တယ်။
ကလေးတို့ကို ဘဘကြီးပုံ ပြောပြမယ်။
ကလေးတို့ဟာ ဗမာနိုင်ငံကို ချစ်မြတ်နိုး ကြရမယ်။
ကလေးတို့ဟာ တိုင်းပြည် အပေါ် မှာ သစ္စာရှိကြရမယ်။
ကလေး တို့ဟာ ပြည်ထောင်စု ရဲ့ သား ကောင်း ရတနာများဖြစ်ကြရမယ်။

# ဘဘကြီးပြောသောပုံပြင်များ

တနေ့သော နံနက်ခင်းတွင် ဘဘကြီးသည် ဗမာ့ရိုးရာ လဘက်ရည်ကြမ်း ဝိုင်းဖြင့် ဗမာနိုင်ငံ၏ ရှေးဖြစ်ဟောင်း အောက်မေ့ဘွယ်တို့နှင့် ယခု လုပ်သား ပြည်သူ့ နိုင်ငံတော် တည်ဆောက်နေပုံ များကို တွေးတော ကာနေ လေသည်။ မောင်ရဲအောင်သည်ဘဘကြီးထံသို့ချဉ်းကပ်လာ၍ ဘဘကြီးအား ပုံပြောပြရန် ပူဆာလေသည်။

ရဲအောင်။ ။ဘဘကြီး ဒီနေ့ ရဲအောင်ကို ပုံပြောပြပါ။

ဘဘကြီး။ ။မောင်ရဲအောင်က ဘာပုံကို နားထောင်ချင်လို့လဲကွဲ့။



www.burmeseclassic.com

www.burmeseclassic.com



ရဲအောင်။ ။ဘဘကြီး ပြောတဲ့ ပုံပြင်ကို ရဲအောင် နားထောင်ပါမယ်။

ဘဘကြီး။ ။ကဲ....မောင်ရဲအောင်....
မတ်မတ်ရပ်၊ နားထောင်။

(ကမ္ဘာမကြေ .... ဗမာပြေ၊ ဒို့ဘိုးဘွား အာ မေ့စစ်မို့ ချစ်မြတ်နိုးပေ)၂ ပြည်ထောင်စုကို အသက်ပေးလို့၊ ဒို့တာကွယ်မလေ၊ ဒါဒို့ပြေ၊ ဒါဒို့မြေ၊ ဒို့ပိုင်နက်မြေ၊ ဒို့ပြေ...ဒို့မြေ...အကျိုးကို ညီညာစွာ ဒို့တတွေ၊ ထမ်းဆောင်ပါစို့လေ ဒို့တာဝန်ပေ၊ အဖိုးတန်မြေ....။

ရဲအောင်။ ။ဘဘကြီးက ပုံပြောဖြပါဆို့မှ သီချင်းဆိုပြနေတာပါဘဲ။

ဘဘကြီး။ ။မောင်ရဲအောင် ဒီသီချင်းဟာ နိုင်ငံတော် သီချင်း ဖြစ်တယ်၊ နိုင်ငံတော် သီချင်း ဆိုတာ မောင်ရဲအောင်နဲ့ လဲ ဆိုင်တယ် ဘဘကြီးနဲ့ လဲဆိုင်တယ်၊ ပြည်ထောင်စု ဗမာ နိုင်ငံသားအားလုံးနဲ့ လဲဆိုင်တယ်ကွဲ့။

ရဲအောင်။ ။နိုင်ငံတော်သီချင်းကို ကျောင်းတွေ၊ အစည်းအဝေးတွေ၊ ရုပ်ရှင်ရုံတွေမှာ ဆိုကြပါတယ်၊ ရဲအောင်လဲဆိုတတ်ပါတယ်၊ ဒီသီချင်းကိုဘယ်သူရေးခဲ့ပါသလဲဘဘကြီး။

ဘဘကြီး။ ။နိုင်ငံတော်သီချင်းကို ပထမတုန်းကဒို့ဗမာသီချင်း၊ အမျိုးသား သီချင်းလို့ ခေါ်ခဲ့တယ်၊ ရတနာပုံလို့ ခေါ်တဲ့ မန္တလေး မြို့တော်ကဝိုင်အမ်ဘီအော ဆရာတင် ရေးခဲ့တယ် မောင်ရဲအောင်။



၁၉၃၀ ခုနှစ် ဇူလိုင်လ ၂၀ ရက် နေ့က ရွှေတိဂုံ စေတီယင်ပြင်ပေါ်မှာကျင်းပခဲ့တဲ့ ဒို့ဗမာ အစည်းအရုံးညီလာခံဖွင့်ပွဲကြီးမှာ သခင်တင်ကိုယ်တိုင်ဘဲ သီဆိုခဲ့တယ်ကွဲ့၊ ဗမာပြည်ကျွန်ဘဝက လွတ်ပြီး လွတ်လပ်ရေး ပေါ်ထွန်းလာတော့ ဒီသီချင်းကိုဘဲ ပြင်ဆင်ကာနိုင်ငံတော်သီချင်းအဖြစ်ကျေညာခဲ့တယ်။

ရဲအောင်။ ။ကျွန်ဘဝဆိုတာ ဘယ်လိုပါလဲ ဘဘကြီး။

ဘဘကြီး။ ။ဘဘကြီး ရှင်းအောင် ပြောပြမယ်-မောင်ရဲအောင်။

ဟို ရှေးရှေးနှစ်ပေါင်း နှစ် ထောင် ကျော်ထဲက ဒို့ဗမာပြည်ဟာ ကိုယ့်တိုင်းပြည် ကိုယ်တည်ထောင်ပြီး ကိုယ့်လူမျိုး၊ ကိုယ့် အကြီးအကဲတွေနဲ့ နေခဲ့ကြတယ်။

ရဲအောင်။ ။ရှေးရှေးတုန်းက လူတွေကကော အခုလိုဘဲလား ဘဘကြီး။

ဘဘကြီး။ ။ရှေးရှေးတုန်းက လူတွေ အကြောင်းက စပြီး ဘဘကြီး ပြောပြမယ် မောင်ရဲအောင်။

www.burmeseclassic.com

www.burmeseclassic.com

## ကျောက်ခေတ်က မောင်လူ

သာကြီး။ ။ရှေးရှေးတုန်းကတောကြီးတတောမှာ မောင်လူနဲ့ လူမဆိုတဲ့ မိသားစုတစု ရှိကြတယ်၊ သူတို့ဟာ နေအိမ်လဲမရှိကြဘူး၊ အဝတ်လဲမရှိကြဘဲ၊ သစ်ပင်တွေပေါ်မှာ နေကြတယ်၊ အဲဒီတောကြီးထဲမှာလဲ ဆင်ကြီးတွေ၊ကြံ့ကြီးတွေ၊ ဝက်ကြီး၊ ကျားကြီး တွေ၊ ပုတ်သင်ညိုကြီးတွေနဲ့ သမင်၊ ဒရယ်၊ ယုန်ငယ် ဆိုတဲ့ သားကောင်တွေလဲရှိကြတယ်။

မောင်လူဟာ သားကောင်တွေနဲ့ ထွေးလုံးသတ်ပုတ်ပြီး သားကောင် တွေရဲ့ အသားကို အစိမ်းစားတယ်၊ သားကောင်တွေကို မောင်လူတို့က နိုင်တဲ့ အခါ နိုင်ပြီး မောင်လူတို့ကို သားကောင်တွေက နိုင်တဲ့အခါ နိုင်သွားကြတယ်။



တနေ့တော့မောင်လူဟာ တုတ်တချောင်းကိုင်ပြီး တောထဲကိုဝင်လာတယ်၊ ချောက်ကြီးတခုနားကို ရောက်တော့ လူမရဲ့ အော်သံကိုကြားတာနဲ့ နောက်ကိုလှည့်ကြည့်လိုက်တယ်၊ လူမရဲ့နောက်မှာ ပုတ်သင်ညိုကြီး တကောင်လိုက်လာတာ တွေ့တော့ မောင်လူဟာ ကိုင်လာတဲ့တုတ်နဲ့ ပစ်လိုက်တယ်၊ ပုတ်သင်ညိုကြီးရဲ့ မျက်စေ့ကို တုတ်ထိသွားတော့ ပုတ်သင်ညိုကြီးဟာ မျက်စေ့ကန်းပြီး ချောက်ထဲကို ကျသွားတယ်ကွဲ့ ။

မောင်လူနဲ့ လူမတို့ဟာ ဝမ်းသာသွားပြီး သူတို့ရဲ့တုတ်ကို ပြေးပြီး ကောက်ယူကြတယ်၊ တုတ်ဟာ အစကထက် လေးနေတာကို တွေ့တော့ မောင်လူဟာ တုတ်အဖျားကို သေသေချာချာကြည့်လိုက်တယ်၊ တုတ်ရဲ့ အဖျား ထဘက်ဟာ ကျောက်ခဲပြား တခုရဲ့ အပေါက်မှာ စွပ်မိပြီး ကျောက်ခဲပြားပါ ပါလာတာကို မောင်လူတွေ့ရတယ်၊ မောင်လူဟာ စွပ်နေတဲ့ ကျောက်ခဲပြားကို ကျွတ်ကျအောင် သစ်ပင်ကို တုတ်နဲ့ရိုက်တော့ ကျောက်ခဲ ပြားဟာ ကျွတ်ကျမသွားဘဲ သစ်ပင်မှာ ကျောက်ခဲပြား ထိလို့ ပွန်းပဲ့သွားတယ်၊ မောင်လူဟာ သ

www.burmeseclassic.com

သော ကျသွားပြီး ကျောက်ခဲကို တုတ်မှာ တပ်ပြီးရန်သူကို ကာကွယ် ရင်ကောင်းတယ်လို့ သိသွားတယ်။

မောင်လူနဲ့ လူမတို့ဟာ ရှေ့ကိုဆက်ပြီး သွားကြပြန်တယ်၊ ကျောက်ဂူကြီးတခုကို တွေ့တော့ ဂူထဲကိုဝင်ကြတယ်၊ ဂူထဲမှာ နေရတာ နွေးကြောင်း သူတို့သိရလို့ သဘော ကျသွားကြပြီးသူတို့ရဲ့ ကလေးတွေပါခေါ်ကာ ဂူကြီးထဲမှာ နေကြတော့တယ်။

ရဲအောင်။ ။ရှေးရှေးက လူတွေဟာ ကျောက်ကိုဘဲ အားကိုးကြတယ်နော်။

ဘဘကြီး။ ။ဒီတုန်းက ကျောက်တုံး ကျောက်ခဲ တွေဘဲရှိတယ် မောင်ရဲအောင်။

မောင်လူတို့ဟာ ဂူမှာနေပြီး ကျောက်ခဲ ကျောက်တုံးတွေကိုချွန်အောင်၊ ထက်အောင် သွေးကာလက်နက်တွေ လုပ်ကြတယ်၊တဖြည်းဖြည်းနဲ့ ကျောက်ဓါးတွေ၊ ကျောက်လှံတွေ၊ လုပ်တတ် လာကြပြီး သားကောင်တွေကို ဒီလက်နက်တွေနဲ့ ပစ်ကာခုတ်ကာ ထိုးကာဖမ်းဆီးကြတယ်၊ သားကောင် တွေရဲ့ အသားတွေကို အစိမ်းလိုက် စားကြပြီး အရေတွေကို နေလှမ်းကာခါးမှာပတ်ထားကြတတ်။



တနေ့ကျတော့ မောင်လူတို့ နေတဲ့ တောကြီးထဲမှာ နေကလဲ ပူ၊လေကလဲ တိုက်လို့ သစ်ပင်ဝါးပင်တွေဟာ တပင်နဲ့ တပင် ပွတ်တိုက်ပြီး မီးထတောက်ကာ တော မီး ကြီး လောင်တယ်၊ မီးခိုးတွေတလူလူ၊ မီးတောက်ကြီးက တရဲရဲ၊ နီနေတာမြင်တော့ မောင်လူရဲ့အပေါင်း အဖေါ်တွေဟာ ကြောက် ကြတယ်၊သူတို့ကိုနှိပ်စက်မဲ့ သားကောင်ကြီးလို့ ထင်ပြီး ဟိုဟိုဒီဒီ ပြေးလွှား ပုန်းအောင်း ကြတယ်။

မောင်လူဟာ ရပ်ကြည့်နေပြီးသူ့ အဖေါ်တွေကို အော်ကာခေါ်ကာလက်ဟန် ခြေဟန် တွေပြပြီး ပြောတယ်၊ မင်းတို့မကြောက်ကြနဲ့ မပြေးကြနဲ့ ဒါဟာ ငါတို့ကိုနှိပ်စက်မဲ့ သား ကောင်မဟုတ်ဘူး၊ ငါတို့ရဲ့ရန်သူမဟုတ်ဘူး၊ ငါ သေသေချာချာ သွားကြည့်မယ်လို့ ဆိုပြီး မီးနားကိုတိုးသွားတယ်၊ မီးရဲ့ အပူရှိန်ကို ရတော့ ဝမ်းသာအယ်လဲနဲ့ သူ့ အဖေါ်တွေကို လက်ယပ်ခေါ်လိုက်တယ်၊ မီးဟာ ငါတို့ကို နွေးစေတယ်၊ မီးကို ငါတို့ သိမ်းထားရမယ် လို့ အားရဝါးရပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရဲအောင်။ ။မောင်လူတို့ဟာ မီးကို မတွေ့ဘူး ကြဘူးလား ဘဘကြီး။

ဘဘကြီး။ ။မောင်လူတို့ဟာ ခုမှ မီးကို မြင်ဘူး ကြတယ် မောင်ရဲအောင်။

ဒါနဲ့ မောင်လူတို့ဟာ မီးစတွေကို ယူပြီး သူတို့ရဲ့ဂူနားမှာချကာသစ်ရွက် ခြောက် တွေ သစ်ကိုင်းကြီးတွေကို ထည့်ပေး ထားတယ်၊ သူတို့ဟာမီးရဲ့အလင်းရောင်နဲ့ မီးရဲ့အပူရှိန်ကိုခံစားကြရတော့ဝမ်းသာအားရမီးပုံနားမှာ စုဝေးပြီး၊ စကားပြောကြ၊ ကကြ၊ ခုန်ကြနဲ့၊ ပျော်ရွှင် ကြတယ်။ ဒါပေမဲ့ မိုးရွာလာတော့၊ မီးဟာငြိမ်းသွားလို့ သူတို့ဟာနောက်တခါ တောမီး လောင်တဲ့အထိစောင့်ပြီး မီးကိုတမ်းတ နေကြရတယ်။

နေပူပြင်းတဲ့ နွေရာသီနေ့တနေ့မှာ မောင်လူဟာ ကျောက်တုံးကြီး တတုံး ပေါ်မှာ ထိုင်ပြီး၊ ကျောက်တုံးကျောက်တုံးချင်း ထုရိုက်ကာကျောက်မီး၊ ကျောက်လှံတွေ ကို လုပ်တယ်။ကျောက်တုံးနားမှာလဲ သစ် ရွက်ခြောက်တွေက ကြွေကျနေတယ်။ မောင်လူ



ရဲ့ လက်ထဲမှာ သံမဏိပါတဲ့ ကျောက်တုံး ကို ကိုင်မိပြီး၊ အဲဒီကျောက်တုံးနဲ့ တခြား ကျောက်တုံးကို ထုလိုက်တော့ မောင်လူဟာ အံ့အားသင့်သွားတယ်၊ ကျောက်တုံးက မီးပွင့်ကလေးတွေ ထွက်လာပြီးသစ်ရွက်ခြောက်တွေပေါ် ကျတယ်။ မီးခိုးနဲ့ မီးတောက်တွေ ပေါ်လာတော့ မောင်လူဟာ ဝမ်းသာပျော်ရွှင် ထခုန်လိုက်ပြီး၊ မီးကိုဘယ်လို လုပ်ရင် ရတယ်ဆိုတာ နားလည်သွားတယ်။ မောင်လူတို့ဟာ မီးကို ဖန်တီးတတ် ကြပြီး လိုတဲ့ အခါ မီးပုံကြီးတွေ ဖိုကြပြီး၊ မီးပုံနားမှာ ကခုန် ပျော်ရွှင်ကြတယ်။

ရဲအောင်။ ။မီးပုံပွဲဆိုတာ ဒီတုန်းကစပြီးပေါ်ခဲ့တာလား ဘဘကြီး။

ဘဘကြီး။ ။တနေ့ညနေမှာ မောင်လူဟာမီးပုံကြီးတပုံ ဖိုထားတယ်၊ မောင်လူရဲ့ သားနှစ်ယောက် ဟာအမဲလိုက် သွားရာက ဝက်ကလေး တကောင်ကို ထမ်းပြီး ပြန်လာကြတယ်၊ မီးပုံကြီးကိုမြင်တော့ အားရဝမ်းသာ ပြေးလာကြပြီး ဝက်ကလေးကို မီခင်လူမရှေ့မှာပစ်ချကာမီးပုံမှာဝိုင်းပြီးကကြတယ်၊ ဝက်ကလေးဟာ မီခင်ရဲ့ရှေ့မှာ မကျဘဲ အရှိန်လွန်ကာ

www.burmeseclassic.com

www.burmeseclassic.com



မီးပုံထဲကို ကျသွားတယ်။ မိခင်လူမဟာ စိတ်ဆိုးကာ သားတွေကို ဆူပူကြိမ်းမောင်း ရင်း တုတ်ကြီးတချောင်းနဲ့ ဝက်ကလေးကို ယက်ထုတ်တယ်။ ဝက်ကလေးဟာမီးရှို့ကကောင်းတော့ ရဲရဲနီပြီး မီးကျက်သွားတယ်၊ လူမဟာ ဝက်ကလေးကို လက်နဲ့ ဖိကြည့်လိုက်တော့ လူမရဲ့လက် ငါးချောင်းလုံးဟာ ပူကျက်နေတဲ့ ဝက်ကလေးရဲ့ အသားထဲကို ကျွံပြီးဝင်သွားတယ်၊ လူမဟာ ပူလောင်ပြီး အသံကုန်ဟစ်အော်ရင်း အပူသက်သာအောင် လက်ငါးချောင်းကို ပါးစပ်ထဲ ငုံလိုက်တယ်၊ လူမဟာ ငုံရာက ပြုံးလာကာမီးကျက်တဲ့ ဝက်သားရဲ့ အရသာကို သိသွားတယ်၊ မောင်လူတို့ဟာ မီးကိုအသုံးပြုပြီး အသားတွေကိုဖုတ်ကင်ချက်ပြုတ်စားတတ်ကြတယ်။

ရဲအောင်။ ။မောင်လူတို့ဟာမီးနဲ့ချက်တဲ့ အရသာကိုသိသွားတာပေါ့နော်။

ဘဘကြီး။ ။မောင်လူတို့နေတဲ့ နေရာနားမှာ မြက်တမျိုး ပေါက်နေတယ်၊ အဲဒီမြက်တွေဟာ အနှံတွေ ထွက်နေတော့ ငှက်ကလေးတွေ၊ သမင်၊ ဒရယ်လို သားကောင်လေး တွေက မကြာမကြာ လာပြီးစားကြတယ်။ မောင်လူရဲ့ ကလေး



တွေဟာ ဒီမြက်တောထဲကိုကစားဘို့ သွားကြရင်းနဲ့ ငှက်ကလေးတွေ သားကောင်လေးတွေ စားတာမြင်တော့ သူတို့လဲ စားကြည့်ကြတယ်၊ စားလို့ကောင်းတာနဲ့ ခူးသွားကြပြီး သူတို့အမေကို ပေးကြတယ်။ မောင်လူတို့ဟာ အသီးအနှံတွေကို စားကြည့်ပြီးစားလို့ကောင်းတော့ ရှာဖွေခူးယူပြီး သိမ်းထားကြတယ်။

ကလေးတွေဟာ သူတို့နေတဲ့ တဲပတ်လည်မှာ ပြေးကြ၊ ဆော့ကြ၊ မြေကြီးကို တုတ်နဲ့ ခြစ်၊ ကျောက်ခဲနဲ့ထုကာ ကစား ကြတယ်၊ ကစားရင်းနဲ့ စားစရာများကိုလဲ စားကြတယ်။ သူတို့စားကြတဲ့ ဂျုံစေ့တွေ၊ စပါးစေ့တွေ၊ ပြောင်းစေ့တွေဟာ သူတို့ကစားထားတဲ့ မြေတွင်းလေးတွေထဲမှာ ကျနေကြတယ်။ မိုးရွာလိုက်တော့ အစေ့ကလေးတွေက အညှောင့်ကလေးတွေထွက်လာပြီး အပင်ကလေးတွေ ဖြစ်လာကြတယ်။ မောင်လူတို့ဟာစပါးပင်၊ ဂျုံပင်၊ ပြောင်းပင်တွေကိုတွေ့မြင်ကြပြီး နောက်နှစ်ကျတော့ ကလေးတွေလုပ်သလို မြေကိုထိုးဆွပြီး အစေ့တွေ ကို အပင်ဖြစ်လာအောင် စိုက်ကြတယ်၊ မောင်လူ

www.burmeseclassic.com

www.burmeseclassic.com



တို့ဟာ တဖြည်းဖြည်းနဲ့ မြေကို ထွန်ယက်ပြီး အသီးအနှံတွေ စိုက်ပျိုး တတ်လာ ကြတယ်ကွဲ့။

ရဲအောင်။ ။မောင်လူတို့ဟာ လယ် သမား တွေ ဖြစ် လာတာပေါ့ ဘဘကြီး။

ဘဘကြီး။ ။တနေ့တော့မောင်လူဟာသားငယ်တယောက်နဲ့ တောထဲကိုသွားတယ် တောထဲမှာ ကျားကိုက်လို့သေနေတဲ့ ခွေးမကြီး တကောင်နဲ့ အော်နေတဲ့ ခွေးငယ်ကလေး တကောင်ကို တွေ့တယ်။ လူကလေးဟာ အစာ ဆာ လို့ အော်နေတဲ့ ခွေးငယ်ကလေးကို ပါပီလို့ ခေါ်လိုက်ပြီး၊ ပါပီကိုခေါ်သွားဘို့ ပူဆာတယ်။ မောင်လူတို့ သားအဖဟာ ပါပီကိုခေါ်ပြီး အိမ်ကိုပြန်လာတယ်။ လူကလေးဟာပါပီကို နေ့တိုင်း အစာကျွေးပြီး ပါပီနဲ့ ကစားတယ်။ ပါပီဟာ ယဉ်ပါးလာကာ လူကလေး အနားမှာအမြဲနေပြီး လူကလေး ခိုင်းတာ လုပ်ပေးတယ်။

မောင်လူဟာ အမဲလိုက်သွားရင်း ဆိတ်ပေါက်စလေးတွေ၊ သိုးပေါက်စ လေးတွေ၊ နွားပေါက်စလေးတွေကို ယူလာကာသားတို့ကိုပေးတယ်။ သားတို့ဟာ အစာကျွေးပြီး ထားကြတယ်။ တိရစ္ဆာန်တွေဟာ ကြီးလာကြပြီး ပေါက်ပွါးလာတော့ ဆိတ်အုပ်ကြီးတွေ၊ နွားအုပ်ကြီးတွေ ဖြစ်လာတယ်၊ မောင်လူတို့ဟာ တိရစ္ဆာန်တွေကို လယ် ထွန် ခိုင်းတယ်၊ ကုန်ပစ္စည်းသယ်ခိုင်းတယ်၊ တိရစ္ဆာန်တွေကနို့တွေ အသားတွေနဲ့ အရေတွေရကြတယ်။ မောင်လူတို့ဟာ သိုး၊ နွား၊ ဆိတ်၊ ဝက်တွေကို အများအပြား မွေးကြပြီး သိုးထိန်း၊ ဆိတ်ထိန်းတွေ ဖြစ်လာကြတယ်။



ရဲအောင်။ ။မောင်လူတို့ဟာ အဝတ်တွေလဲဝတ်ကြပြီလား ဘဘကြီး။

ဘဘကြီး။ ။မောင်လူတို့ဟာပထမကတော့အဝတ်ရယ်လို့ မရှိဘူး မောင့်ရဲအောင်၊ နောက်တော့ သစ်ရွက်တွေကို တုတ်နဲ့ထိုးပြီး ဝတ်တယ်၊ သားကောင်တွေရဲ့ အရေတွေရတော့ သား ရေတွေကိုဝတ်ကြပြီး ချည်မျှင်တွေ ထုတ်တတ်လာတော့အဝတ် အထည် အ ဖြစ်ဝတ် ကြတယ်ကွဲ့။

မောင်လူတို့ရဲ့ အရေ အတွက် တွေကလဲ များပြားလာကြပြီး လူဝါတွေ၊ လူဖြူတွေ

www.burmeseclassic.com

www.burmeseclassic.com



လူမဲ့တွေရှယ်လို့ အုပ်စုတွေ ကွဲလာကြတယ်။ အုပ်စုတွေမှာ အကြီးအကဲတွေက ဘုရင်လုပ်လာကြပြီး ဟိုနေရာတမင်း ဒီနေရာ တဘုရင်နဲ့ နယ်ရှင် ပယ်ရှင် တန်ခိုးရှင်တွေ ဖြစ်လာကြတယ်။

ရဲအောင်။ ။ဒါဖြင့် ရှင်ဘုရင်တွေ အများကြီး ဖြစ်လာမှာဘဲ ဘဘကြီး။

ဘဘကြီး။ ။ပဒေသရာဇ်တွေ ဖြစ်လာကြတယ်။ မောင်ရဲအောင်။

အဲဒီတုန်းက ဘုရင်ဆိုရင် တန်ခိုးရှင်ကြီးလို့ ထင်ကြတယ်။ တိုင်းသူပြည်သား အားလုံးက ရိုသေလေးစားပြီး ကြောက်ရွံ့ကြတယ်။ ပြည်သူတွေရဲ့ အသက် အိုးအိမ် စည်းစိမ်တွေကိုတောင် ပိုင်ဆိုင်ကြတယ်။ ရှင်ဘုရင်ကို မော်လို့တောင် မကြည့်ကြရဲဘဲ ရှင်ဘုရင်ရှေ့မှာ ဒူးထောက်ခါ ခေါင်းငုံ့ခစားရကြတယ်ကွဲ့။

ရဲအောင်။ ။သက်ဦးဆံပိုင် စနစ်ဆိုတာ ဒါကို ခေါ်တာလား ဘဘကြီး။

ဘဘကြီး။ ။ရှင်ဘုရင်ဟာ အာဏာပိုင်ဖြစ်ပြီး ရှင်ဘုရင်လုပ်သမျှ နောက်က လိုက်ကြရတယ်။



ရှင်ဘုရင်ဟာ အရှင် သခင်လုပ်ပြီး တိုင်းသူပြည်သားတွေဟာ ကျေးကျွန်တွေ ဖြစ်နေကြရတယ်။

ရှင်ဘုရင်တွေဟာ အင်အားစုကြပြီး တအုပ်စုနဲ့ တအုပ်စု၊ တပြည်နဲ့တပြည် တိုက်ကြ ခိုက်ကြ သတ်ဖြတ်ကြတယ်။ ရှုံးတဲ့အုပ်စုတွေဟာ ရေကြည်ရာ မြက်နုရာ ဆိုသလို တနေရာက တနေရာကို ပြောင်းရွှေ့ နေထိုင်ကြတယ်ကွဲ့။

www.burmeseclassic.com

www.burmeseclassic.com

## ပျူလူမျိုးတို့၏ဗိသနိုးမြို့

ရဲအောင်။ ။ဆက်ပြောပါအုံး ဘဘကြီး။

ဘဘကြီး။ ။ဗမာနိုင်ငံမှာ လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ထောင်ကျော်က မောင်လူတို့က ဆင်းသက် လာကြတဲ့ ပျူ လူမျိုးရယ်လို့ ရှိခဲ့တယ် မောင်ရဲအောင်။

အခုပြည်မြို့နဲ့ တောင်တွင်းကြီးမြို့အကြား ဗမာပြည်အလယ်ပိုင်း ယင်းချောင်း ပတ်ဝန်းကျင်မှာ ဖြစ်တယ်၊ အဲဒီတုန်းက ပြည်မြို့နားလောက်မှာ ပင်လယ် ရေပြင် ကြီးလို ဖြစ်နေတယ်ကွဲ့။ ရန်ပယ်ချောင်းနဲ့ တောင်ဦးချောင်း တို့ဟာ ကုန်းမြင့် တခုကို ပတ်ပြီး



ယင်းချောင်းက တဆင့် ဧရာဝတီ မြစ်ထဲ စီးဆင်းကြတယ်၊ အဲဒီကုန်းမှာ ပျူတို့ဟာ ဗိသနိုးမြို့ရယ်လို့ တည်ဆောက်ကြတယ်။

ဗိသနိုးမြို့တည်ရာ ပျူတို့ဒေသကို ပန်ထွာပြည်လို့ ခေါ်တယ်။

ပျူတို့နေရာယင်းချောင်းပတ်ဝန်း ကျင်ဟာ ရာသီဥတုက ပြေပြစ်ပြီး မြေဩဇာ ကလဲ ကောင်းတော့ ပျူတို့ဟာ သီးနှံ အမျိုးမျိုး ထွန်ယက်စိုက်ပျိုးအောင်မြင်ပြီး ဆန်ရေစပါး ပေါကြွယ်ဝခဲ့တယ်ကွဲ့။ ပျူနိုင်ငံဟာလဲ သာယာဝပြော စည်ပင်ခဲ့တယ်၊ ပျူ လူမျိုးတွေဟာ ထွန်ယက်စိုက်ပျိုးရုံမကဘဲ ဝါကို ချည်မျှင်ဆွဲထုတ်ပြီး အဝတ် အထည် ယက်လုပ်တဲ့ အတတ်ကိုလဲ တတ်မြောက်ကြတယ်။

ရဲအောင်။ ။ဒါဖြင့် ဗမာနိုင်ငံမှာ လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ထောင်ကျော်ကတဲက အထည် ယက် လုပ်တဲ့ အတတ် တတ်ခဲ့တာပေါ့ ဘဘကြီး။

ဘဘကြီး။ အထည် ယက်တတ်ရုံ တတ်တာ မဟုတ်ဘူး မောင်ရဲအောင်၊ ချည်တွေကို ဆေးဆိုးတာလဲ တတ်ကြတယ်၊ အနီရောင် လိုချင်ရင် သီတင်းသီးတွေနဲ့ ဆိုးပြီး အစိမ်းရောင်လိုချင်ရင် မန်ကျည်းခေါက်နဲ့ ဆိုးတယ်၊ အဝါရောင် ကျ



www.burmeseclassic.com

www.burmeseclassic.com



တော့ ပိန်းနဲ့ခေါက်နဲ့ ဆိုးပြီး အညိုရောင်လို ချင်ရင်တော့ ရွှံ့စေးနဲ့ ဆိုးကြတယ်ကွဲ့၊ ပန်ထွာပြည်ကယက်လုပ်တဲ့ အထည် ဆိုပြီး မှတ်တမ်းမှတ်ရာ ထင်ရှားရှိခဲ့တယ်။

ဗိဿနိုးမြို့ ဟောင်းနေရာကို တူးဖေါ်လို့ ရတဲ့ အုတ်တွေကို ကြည့်ရင်လဲ ဗိဿနိုးမြို့ဟာ အုတ်၊ အင်္ဂတေတွေနဲ့ တည်ဆောက်ခဲ့တယ်ဆိုတာ ထင်ရှားတယ်။

ဗိဿနိုးမြို့ဟာ မြို့တံခါးတွေ တပ်ထားပြီး တံခါးဝမှာ မျှော်စင်တွေပါ တည်ဆောက်ထားတယ်၊ ဒါတွေကိုကြည့်ရင် အုတ်ဖုတ်တဲ့ လုပ်ငန်း၊ အင်္ဂတေဖေါ်တဲ့ အတတ်ပညာ၊ အဆောက်အဦး ဆောက်တဲ့ အတတ်ပညာတွေဟာ ပျူခေတ်မှာ ကတဲက ဗမာပြည်မှာ ရှိကြောင်း သက်သေ ပြနေတယ် မောင်ရဲအောင်။

ပျူလူမျိုးတွေဟာ စာပေ အရေးအသားလဲ တည်ထွင် ခဲ့ကြလို့ ပုဂံက မြစေတီကျောက်စာမှာ ပျူစာရယ်လို့ အခုထိဘဲ ရှိသေးတယ်ကွဲ့။

## ပုဂံလယ်သမား ဒို့လေးစား

ရဲအောင်။ ။ပျူ နိုင်ငံကြီးဟာ အခု ရှိသေး သလား ဘဘကြီး။

ဘဘကြီး။ ။ပျူနိုင်ငံကြီး စည်ပင် ဝပြောရာက တောင်ဘက်ကတမျိုး၊ မြောက်ဘက်က တစု၊ မဒေသရာဇ်တွေ ဗိုလ်လုပ်ပြီ ကျင်းပကာ တိုက်ကြခိုက်ကြ၊ နယ်လုကြလို့ ပျက်စီး သွားရတယ် မောင်ရဲအောင်။

အခုပြည်မြို့လို့ ခေါ်တဲ့ သရေခေတ္တရာပြည်၊ ရွာတရွာမှာ ပျူအဘိုးအိုကြီးနဲ့ ပျူအဖွားအိုကြီးတို့ရှိကြတယ်၊ တနေ့တော့ ပျူအိုလင်မယားနေတဲ့ တဲကို ထိုက်ပဲမှာ အရေး နှိမ့်

www.burmeseclassic.com

www.burmeseclassic.com



သွားတဲ့ လူတစုရောက်လာကြတယ်။ လူစုထဲက အကြီးအကဲတယောက်ဟာ ပျူအို လင်မယားထံမှာ သားငယ်ကလေးကို သား အဖြစ်မွေးပေးပါလို့ အပ်နှံသွားတယ်ကွဲ့၊ အဘိုးကြီးလင်မယားဟာ သားငယ်ကလေးကို ပျူစောထီးလို့ အမည်ပေးပြီး ကျွေးမွေး ပြုစုထားတယ်၊ ပညာသင်ချိန်ရောက်တော့ ဆရာရသေ့ကြီးထံမှာအပ်ပြီး ပညာ သင်စေတယ်၊ ပျူစောထီးဟာ လေးပစ်၊မြှားပစ် အတတ်ကို ကျွမ်းကျင် တတ် မြောက်ပြီး ရဲစွမ်း သတ္တိနဲ့ ပြည့်စုံတဲ့လူတယောက်ဖြစ်လာတယ်။ ပျူစောထီးဟာ ပညာစုံလို့ အရွယ် မြောက် တော့ ပျူအိုလင်မယားထံ ခွင့်တောင်းပြီး လေးမြှားကိုထမ်းကာ သရေခေတ္တရာက ထွက်ခွါခဲ့တယ်။

**ရဲအောင်။** ။ပျူစောထီးကဘယ်ကိုသွားတာလဲဘဘကြီး။

**ဘဘကြီး။** ။ဒီတုန်းကအခုပုဂံမြို့နားမှာ ယုန်လွတ်ကျွန်းလို့ခေါ်တဲ့ တောကြီးတတော ရှိတယ်၊ အဲဒီတောကြီးဟာသစ်ပင်ကြီးတွေ ထူထပ်ပြီး ခြုံနွယ်တွေကလဲ တပင်ကို တပင်ကနွယ်တက်ကာ ရှုပ်လိမ်ပျစ်ခဲပြီး နေတယ်၊ သစ်တောက ကြီး



တော့ သားရဲ တိရစ္ဆာန်တွေကလဲ သိပ်ပေါတာဘဲ မောင်ရဲအောင်။

ခရစ်သက္ကရာဇ် ၁၀၇ခုနှစ်လောက် ရောက်တော့ ပုဂံ ပြည်သားဖြစ်မဲ့ လူတွေဟာ ဒီလောက်ထူထပ် ပိတ်ဆို့နေတဲ့ တောကြီးကို မဖြစ်မနေ ခုတ်ထွင် ရှင်းလင်းကြတယ်၊ ချုံပုတ်ပင်နဲ့ ဗျူးခါးနွယ်တွေကလဲ ရှေ့ကခုတ်၊ နောက်က ပေါက်နဲ့ တပင် ခုတ်ရင် နှစ်ပင်တက်လာတယ် ဆိုလောက်အောင် ပေါတော့ လူတွေဟာ နေ့ရယ် ညရယ်မရွေးဘဲ မနားမနေ ခုတ်ထွင်ရှင်းလင်းကြရတယ်၊ သစ်တောကြီးနဲ့ ချုံနွယ်တွေကို ရှင်းရင်းနဲ့ သားရဲတိရစ္ဆာန် တွေရဲ့ ရန်ကိုလဲ ကာကွယ် ကြရတယ်၊ လူတွေနဲ့ သားရဲ ကောင် တွေ ဟာ ဘတပြန် ကျားတပြန် ထွေးလုံး သတ်ပုတ်ကြရရှာတယ်၊ အဲဒီလို ချေးနဲ့ရင်း၊ သွေးနဲ့ ရင်းပြီး ပုဂံ ပြည်ရယ်လို့ ထူထောင်ကာလယ်ယာလုပ်ငန်းပါ တပါတည်း လုပ်ကိုင် ကြတယ်။ ပုဂံ ပြည်သူ တွေဟာ ပြည်သူထဲက ခေါင်းဆောင်တယောက်ကိုအကြီးအကဲအဖြစ်ခင်မြှောက်ပြီး သမုတိရာဇ်မင်းလို့ ခေါ်ကြတယ်၊ ပုဂံပြည်မှာ လယ်ယာလုပ်ငန်းကို အားစိုက် ခွန်စိုက်လုပ်ကြပေမဲ့, သားရဲကောင်တွေဟာ အ

www.burmeseclassic.com

www.burmeseclassic.com



နိုး အနား တောစပ် တွေမှာ ခို အောင်းနေ သေးတော့ မုဂ်ပြည်သူတွေဟာ သားကောင်တွေရဲ့ ရန်ကိုသတိထားပြီး နေရသေးတယ်၊ ဝက်ကြီးတွေကစိုက်ထားတဲ့ သီးနှံပင်တွေကို ထိုးဆွ ဖျက်ဆီးကြတယ်။ ကျားကြီးတွေက လူတွေကို အလစ်ဝင်ဆွဲကိုက်သတ်ကြတယ်။ ငှက်ကြီးတွေကလဲ သီးနှံသာမက လူတွေကိုပါ နှောက်ယှက်ကြတယ်။

ပုဂံပြည်မှာသားရဲတိရစ္ဆာန်တွေနှောက်ယှက်နေတုန်း အခါမှာဘဲ ပျူစောထီး ဟာ ပုဂံပြည်ကို ရောက်လာတယ်။ ပုဂံပြည်သူတွေနဲ့ အတူပျူစောထီးဟာ သားရဲတိရစ္ဆာန်တွေကို လိုက်လံနှိမ်နင်းပေးတယ်။

ရဲအောင်။ ။ပုဂံ လယ်သမားတွေရဲ့ ကြိုးစားမှုဟာ လေးစားလောက်ပါတယ် ဘဘကြီး။

ဘဘကြီး။ ။ပျူစောထီးရဲ့ ရဲစွမ်းသတ္တိရှိပုံကိုသမုတိရာဇ်မင်းကြားတော့ ပျူစောထီးကို သမီးတော်နဲ့ ပေးစားပြီး အိမ် ရှေ့ မင်း အဖြစ် ချီးမြှောက်လိုက်တယ်၊ သမုတိရာဇ်မင်းကွယ်လွန်တော့ ပျူစောထီးဟာ ဘုရင် ဖြစ်လာတယ်။ ပုဂံ မြို့ ဧရာဝတီမြစ် ကမ်းမှာ အခုထိရှိနေတဲ့ဗူးဘုရားဟာ ပျူစောထီးလက်ထက်



မုဂ်ပြည်သူတွေ တည်ထားတဲ့ ပုဂံပြည်ရဲ့ ပထမဦးဆုံး စေတီဖြစ်တယ်မောင်ရဲအောင်။

သက္ကရာဇ် ၄၀၆ ခုနှစ် ကျတော့ ပုဂံပြည်မှာ အနော်ရထာဘုရင် အုပ်ချုပ်တယ်၊ အနော်ရထာ ဘုရင်လက်ထက်မှာ ပုဂံပြည်ဟာ အစည်ကားဆုံး အသာယာဆုံး ဖြစ်ပြီး ကျယ်ပြန့် လာတယ်။ အနော်ရထာ ဘုရင် မတိုင်မီ တောင်သူကြီးမင်း လက်ထက်တုန်းက နတ်ကို ကိုးကွယ်ကြတယ်။အရည်းကြီးရဟန်းတွေလဲ ကြီးစိုးလွှမ်း မိုးကြတယ်။

ရဲအောင်။ ။အရည်းကြီး ရဟန်းဆိုတာက ဘယ်လိုပါလဲ ဘဘကြီး။

ဘဘကြီး။ ။အဲဒီတုန်းကအရည်းကြီးတွေဟာ သူတို့ကိုယ်ကိုသူတို့ဘုရားရယ်လို့ သမုတ် ကြတယ်ကွဲ့၊ သူတို့ကျင့်တဲ့ အကျင့်တွေကတော့ တုံးခုန်တယ်၊ ဇယ်တောက်တယ်၊ မီးလှူတယ်၊ ရေငုပ်တယ်၊ ကောင်းပေ့ဆိုတဲ့ အစားအစာတွေကိုစားပြီး ကောင်းကောင်းအိပ်ကြတယ်၊ အိပ်ရာကနိုးတော့ ကစားကြတာပေါ့ကွယ်။

ရဲအောင်။ ။အရည်းကြီးတွေဟာ ကလေးတွေလိုပါဘဲလား ဘဘကြီး။

www.burmeseclassic.com

www.burmeseclassic.com



ဘာသာကြီး။ ။အရည်းကြီး တွေရဲ့ ပိုဖြိုးဆိုးတဲ့ အကျင့်ရှိသေးတယ်မောင်ရဲ့အောင်၊ သတို့သားနဲ့ သတို့သမီးတို့ လက်ထပ်မယ်ဆိုရင် သတို့သမီးကို အရည်းကြီးတွေထံ ပထမဆုံး ပို့ပေး ရသေးတယ် ကွဲ့။

အနော်ရထာမင်း လက်ထက် ကျတော့ အရည်းကြီး တွေနဲ့ သူတို့ရဲ့ အကျင့်ဆိုးကို ဖယ်ရှားပြီး၊ သထုံ ကကြွလာတဲ့ ရှင်အရဟံရဲ့ ဗုဒ္ဓဩဝါဒကို ခံယူတယ်။ သထုံ ပိဋကတ်သုံးပုံကိုလဲ ပုဂံ ကိုပင့်ဆောင်ပြီး၊ ဗုဒ္ဓဘာသာကို ပြန့်ပွားစေခဲ့တယ် အနော်ရထာမင်းဟာ ရွှေစည်းခုံစေတီ တော်ကိုလဲ တည်ထားကိုးကွယ်ခဲ့တယ်။

ပုဂံ ပြည်သူတွေဟာ လယ်ယာ စိုက်ပျိုးရေးကို အားသွန်ခွန်စိုက် ဆောင်ရွက်နိုင်ဘို့ အနော်ရထာမင်း လက်ထက်မှာဆည်မြောင်းတွေ တည်ဆောက်ခဲ့တယ်၊ နိုင်ငံတော် လုံခြုံရေးအတွက် နယ်ခြားကင်းမြို့ ၄၃ မြို့ကိုတည်ဆောက်တယ်၊ အဲဒီအချိန် ကတဲကဘဲ နိုင်ငံခြားသားတွေဟာ ဗမာပြည်ကို ဝင်ကြထွက်ကြနဲ့ နိုင်ငံခြား ဆက်ဆံ ရေးတွေ ရှိခဲ့တယ် ကွဲ့။



ပုဂံ ပြည်သူတွေရဲ့ ကြိုးစား ဆောင်ရွက်ခဲ့ပုံ တွေကို ပုဂံ ပြည်ကြီး သာယာစည်ပင်ခဲ့ပုံ တွေက သက်သေပြရက်ရှိနေတယ်၊ ပုဂံမှာ ကနေ့အထိတည်ရှိနေတဲ့ ရွှေစည်းခုံစေတီ၊ ကျန်စစ်မင်းကြီး လက်ထက်က တည်ဆောက်တဲ့ အာနန္ဒာစေတီ၊ အလောင်း စည်သူမင်း လက်ထက် တည်ဆောက်တဲ့ သဗ္ဗညုစေတီ၊ နရပတိစည်သူမင်း လက်ထက် တည်ဆောက်ခဲ့တဲ့ ကန်တော့ပလ္လင် စေတီ၊ ထီးလိုမင်းလိုမင်း လက်ထက် တည်ဆောက်ခဲ့တဲ့ မဟာဗောဓိ စေတီ တို့ဟာ ပုဂံ ပြည်သူတွေရဲ့ ကြိုးစားချက် လုပ်အားကို ဖေါ်ပြနေ တာ ဖြစ်တယ်။

လှည်းဝန်ရိုးသံ တညံညံ ပုဂံ ဘုရားပေါင်းလို့ အဆိုရှိခဲ့တဲ့ ပုဂံပြည်မှာ စေတီပုထိုးပေါင်း ၄၄၄၆၇၃၃ အရေအတွက်နဲ့ တန်ဆောင်း ပြာသဒ်၊ မြို့ရိုး၊ မြို့တံခါး ကြီးတွေဟာလဲ ပုဂံ ပြည်သူ တွေရဲ့ လက်ရာတွေဘဲ ကွဲ့။

ထူးခြားချက် တခုကတော့ ပါဠိဘာသာ၊ မြန်မာ ဘာသာ၊ မွန် ဘာသာ၊ ပျူဘာသာ လေးမျိုးနဲ့ ရေး သား ထား ခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



ကျောက်စာ ဖြစ်တယ်၊ မြစေတီ ဘုရားနားမှာရှိတဲ့ အတွက် မြစေတီ ကျောက် စာ လို့ ခေါ်ကြတယ်။ အနော်ရထာ မင်းရဲ့ မြေးကျန်စစ်မင်းရဲ့ သားတော် ရာဇကုမာရမင်းသား ရေးထိုးထားခဲ့တယ်။

ပုဂံပြည်ကြီးဟာ အနော်ရထာ လက်ထက်မှာ စည်ပင်ဝပြော သာယာခဲ့ပြီး ကျန်စစ်မင်း၊ အလောင်းစည်သူမင်း၊ နရပတိစည်သူ မင်း တို့ရဲ့ လက်ထက်မှာလဲ စည်ကား တိုးတက် ခဲ့တယ်။ မောင်ရဲအောင် ဒါကြောင့် ပုဂံခေတ်ရဲ့ အလယ်ပိုင်းဟာ ကြီးပွား တိုးတက်တဲ့ ပုဂံပြည်လို့ အသိအမှတ် ပြုခဲ့ကြတယ်။ နောက်ပိုင်း ပုဂံခေတ်ကတော့ တဖြည်းဖြည်း ဆုတ်ယုတ်ပြီး နရသီဟပတေ့မင်း လက် ထက် မှာ ပုဂံပြည်ကြီး ပျက်စီးသွားတယ်ကွဲ့။

## မောင်ခြတက်

ရဲအောင်။ ။ဆက်ပြောပြပါအုံး ဘဘကြီး။

ဘဘကြီး။ ။ဒုတိယ မြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့တာကတော့ တောင်ငူက ဘုရင့်နောင် ကျော်ထင်နော်ရထာ ဖြစ်တယ် မောင်ရဲအောင်။



ဘုရင့်နောင်ဟာ တောင်သူ လယ်သမားကြီးရဲ့ သားဖြစ်တယ်။ မွေးခါစ နို့စို့အရွယ်မှာ ထန်းပင် အောက်မှာ ခဏသိပ်ထားရင်း ကလေးအပေါ် ခြတောင်တွေ တက်လို့ ငယ်နာမည် မောင်ခြတက်လို့ ခေါ်ကြတယ်။ မောင်ခြတက်ရဲ့ အမေဟာ တပင်ရွှေထီးရဲ့ နို့ထိန်းဖြစ်လာတော့ မောင်ခြတက်နဲ့ တပင်ရွှေထီးဟာ နို့စို့ဘက်ဖြစ်ခဲ့တယ်။ နန်းတော်ရောက်တော့ ရှင်ရဲထွဋ်လို့ ခေါ်ကြတယ်ကွဲ့။

တပင်ရွှေထီးနဲ့ ရှင်ရဲထွဋ်တို့ဟာ၊ အရွယ်ရောက်လာကြတော့ ရှင်ရဲထွဋ်ရဲ့ အစ်မနဲ့ တပင်ရွှေထီး၊ တပင်ရွှေထီးအစ်မနဲ့ ရှင်ရဲထွဋ်တို့ လက်ဆက်ကြတယ်။တပင်ရွှေထီး ထီးနန်းရတော့ ရှင်ရဲထွဋ်ကို ကျော်ထင် နော်ရထာ ဘွဲ့ပေးပြီး တိုင်းပြည်ရဲ့ တာဝန်ကို ထမ်းရွက်စေခဲ့တယ်။

ကျော်ထင် နော်ရထာဟာ ရဲစွမ်း သတ္တိကောင်းပြီး နောင်ရိုးတိုက်ပွဲမှာ အောင်ပန်းဆွတ်ခူးခဲ့တဲ့အတွက် တပင်ရွှေထီးဘုရင်က ဘုရင့်နောင်ဘွဲ့ကို ချီးမြှင့်ခဲ့တယ်ကွဲ့။

www.burmeseclassic.com

www.burmeseclassic.com



နောင်ရိုးတိုက်ပွဲ

ရဲအောင်။ ။နောင်ရိုး တိုက်ပွဲက ဘယ်လိုပါလဲ ဘဘကြီး။

ဘဘကြီး။ ။ဘုရင်တပင်ရွှေထီးကစစ်တကြောင်း၊ ကျော်ထင်နော်ရထာက စစ်ကြောင်း တကြောင်း ချီတက်ပြီး ရန်သူကိုတိုက်ကြတယ်ကွဲ့။ ရန်သူတွေဟာ နောင်ရိုးဆိုတဲ့ အရပ်မှာ စခန်းချနေကြတယ်။ နောင်ရိုးအရပ်ဟာ ချောင်းရဲ့ တဖက်ကမ်းမှာရှိတယ်။ ကျော်ထင်ရထာဟာ နောင်ရိုး တဖက်ကမ်းကို အရင်ရောက်တော့ တပ်ဗိုလ်တပ်သားတွေနဲ့ ချောင်းကိုကူးပြီး၊ တဖက်ကမ်းကိုရောက်တာနဲ့ စီးလာတဲ့ လှေတွေ ဖောင်တွေကို အကုန်လုံးဖျက်ပစ်ခိုင်းတယ်ကွဲ့။ တပ်သား တပ်ဗိုလ်တွေဟာ အံ့သြသွားကြတယ်။ စစ်ရေး မလှလို့ ပြန်ကူးတဲ့အခါ၊ လှေတွေ ဖောင်တွေ မရှိတော့လို့ အခက်အခဲတွေမှာကို တင်ပြကြတယ်။

ကျော်ထင် နော်ရထာက ငါတို့ဟာ ရန်သူကို အနိုင်တိုက်ဘို့ လာခဲ့တယ်၊ လူများတာ၊ နဲတာ အရေးမဟုတ်ဘူး။ ကျွမ်းကျင်ဘို့နဲ့ သတ္တိရှိဘို့လိုတယ်၊ ရန်သူကိုအနိုင်မခံ



အရှုံးမပေးဘဲ တိုက်ကြမှာမို့၊ ငါတို့ စစ်ဆုတ်ပြီး ပြန်ကူးဘို့လမ်းမရှိဘူး၊ နိုင်အောင်သာ တိုက်ဘို့လိုတယ်။ နိုင်အောင်သာ တိုက်ကြလို့ ပြောတယ်။

ရဲအောင်။ ။နောင်ရိုးတိုက်ပွဲဟာ ဖောင်ဖျက်ပြီး အနိုင်တိုက်တဲ့ တိုက်ပွဲပေါ့ ဘဘကြီး။

ဘဘကြီး။ ။ရန်သူကိုနိုင်ရမယ်လို့ စိတ်ချ လက်ချ တိုက်တဲ့တိုက်ပွဲလို့လဲ ဆိုနိုင်တာပေါ့ မောင်ရဲအောင်။

အနိုင်တိုက်တဲ့ တိုက်ပွဲဟာ နိုင်ရင် နိုင်မယ်၊ မနိုင်ရင် အသက်ပေးမယ်ဆိုတဲ့ တိုက်ပွဲကွဲ့။ ကျော်ထင်နော်ရထာဟာ နောင်ရိုးတိုက်ပွဲမှာ မုချနိုင်ရမယ်လို့ ဆုံးဖြတ်ပြီး နောက်မဆုတ်တမ်း တိုက်လို့ အောင်မြင်ခဲ့တယ်။ နောင်ရိုးတိုက်ပွဲ အောင်ပွဲနဲ့ တပင်ရွှေထီးရဲ့ ဘုရင့်နောင်ဘွဲ့ကိုပါ ရရှိခဲ့တယ်ကွဲ့။

ရဲအောင်။ ။နောင်ရိုးတိုက်ပွဲဟာ မှတ်သားစရာ ကောင်းတဲ့ တိုက်ပွဲကြီးပါလား ဘဘကြီး။

ဘဘကြီး။ ။တပင်ရွှေထီးဟာ ပေါ်တူဂီ အရက်သားနဲ့ ပေါင်းပြီး အရက်သောက် လွန်နေတော့ ဘုရင့်နောင် ကျော်ထင်နော်ရထာဟာ တိုင်း

www.burmeseclassic.com

www.burmeseclassic.com



ပြည်ကီစ္စအားလုံးကို တာဝန်ယူ ဆောင်ရွက် နေရတယ်။ တပင်ရွှေထီး မကွယ်လွန်မီ ဒလ မှာသူပုန်ထလို့ ဘုရင့်နောင် ကိုယ်တိုင် သူပုန်ရန်ကို နှိမ်နင်းဘို့ဒလကို စစ်ထွက်ခဲ့ရတယ်၊ ဒီအခါတုန်းကဘဲ အနယ်နယ်တွေမှာ စည်းလုံးရေး ပြိုကွဲနေကြတယ်။ တပင်ရွှေထီး ကွယ်လွန်တော့ သူတလူ ငါတမင်းနဲ့ စင်ပြိုင်မင်းတွေ ပေါ်လာတယ်ကွဲ့။

ဘုရင့်နောင်ဟာ ဒီအချိန်မှာ တောင်ငူမှာမရှိဘဲ ဒလမှာရောက် နေတော့ တိုင်းပြည်လက်လွှတ်ဖြစ်သွားတာပေါ့ကွယ်၊ အဲဒီလိုဖြစ်ရာက တောင်ငူကိုတိုက်ယူပြီး နိုင်ငံတော်ကိုပြန်လည်စည်းရုံးခဲ့ရတယ်ကွဲ့၊ အစိတ်စိတ် အမွှာမွှာကွဲသွားတဲ့ နိုင်ငံတော်ကို ကြိုးစား ပမ်းစားစည်းရုံး အောင်မြင် ခဲ့လို့ ဘုရင့်နောင် လက်ထက်ဗမာနိုင်ငံဟာ အနော်ရထာမင်း လက်ထက်က ဗမာ နိုင်ငံထက်ပိုမို ကျယ်ဝန်းလာတယ်၊ ဗမာ့သမိုင်းမှာတော့ နိုင်ငံတော်ကို အကျယ်ပြန့်ဆုံး၊စည်းရုံး တည်ထောင်နိုင်ခဲ့တဲ့ ဘုရင်ဖြစ်ပေတယ် မောင်ရဲအောင်။

ရဲအောင်။ ။ဘုရင့်နောင်ရဲ့ ဆောင်ရွက်ချက်တွေကို ဆက်ပြောပါအုံး ဘဘကြီး။



ဘဘကြီး။ ။ဘုရင့်နောင်ဟာ နိုင်ငံတော် စည်းရုံးရေးကို ဆောင်ရွက်ရင်းဘဲ ဆင်ဖြူများ ရရှိလို့ ဆင်ဖြူများရှင်ဘွဲ့ကိုလဲ ခံယူတယ်၊ နိုင်ငံတော်ရဲ့ သာယာစည်ပင်ရေးတွေကိုလဲ ဆောင်ရွက်တယ်၊ ပဲခူး၊ သံလျင်၊ ပုသိမ်၊ မုတ္တမ စတဲ့ သင်္ဘောဆိပ်ကမ်းတွေကို ပြုပြင်တယ်၊ ဟံသာဝတီနေပြည်တော်ကိုလဲ အသစ်ချဲ့ထွင် တည်ဆောက်တယ်၊ မြို့သစ် တည်ဆောက်ရာမှာ မြို့တံခါးကြီးနှစ်ဆယ်ထားပြီး နိုင်ငံတော်စည်းရုံးရေးမှာပါတဲ့ မင်းနှစ်ဆယ်ရဲ့ အမည်တွေကို စာတမ်းထိုးစေတယ်။

စီးပွားရေး အပိုင်းမှာလဲ တင်း၊ ခွဲ၊ စိတ်၊ ပြည်စတဲ့ အခြင်အတွယ်တွေ၊ ပဲ၊ မူး၊ ကျပ်၊ ဆယ်၊ ပိဿာဆိုတဲ့ အလေးချိန် တွေကို တညီထဲ တပြေးထဲဖြစ်အောင် သတ်မှတ် ပေးတယ်ကွဲ့။

ဘုရင့်နောင်ဟာစာပေ ပညာမှာလဲအားပေးဆောင်ရွက်လို့ တောင်ငူခေတ်မှာတောင်ငူရှင်ထွေး၊ ရှင်နာဂသိန်၊ နဝဒေးကြီးနဲ့ နတ်သျှင်နောင်ဆိုတဲ့ စာဆိုတော်တွေ ပေါ်ထွန်းခဲ့တယ်၊ ရဟန်းပညာရှိ၊ လူပညာရှိတွေ မူး

www.burmeseclassic.com

www.burmeseclassic.com



ပေါင်းရေးသားခဲ့တဲ့ ဂမ္ဘီရ ကျမ်းတွေလဲ ပေါ်ခဲ့တယ်။

သာသနာရေးအက်မှာလဲမလစ်ဟင်းစေရဘူး မောင်ရဲအောင်။ သီဟိုဠ်နိုင်ငံက မြသပိတ်နဲ့ စွယ်တော်အို ပင့်ဆောင် ခဲ့ပြီး နယ်အသီးသီး တို့ကိုလဲ သာသနာပြု ပုဂ္ဂိုလ်တွေလွှတ်ပေး ခဲ့တယ်၊ အခုပြန်လည် တည်ဆောက် နေတဲ့ ပဲခူးမြို့က မဟာစေတီတော်ကြီးဟာ ဘုရင့်နောင်ရဲ့ ကောင်းမှုတော် စေတီကြီးဖြစ်တယ်။

ဘုရင့်နောင်ဟာ ကိုယ်ရေး ကိစ္စတွေ မှာ သည်းခံစိတ်ကို ထားပြီး နိုင်ငံရဲ့ အရေး၊ တိုင်းပြည်ရဲ့ ကိစ္စတွေမှာ တိတိ ကျကျ ဆောင်ရွက် တယ်။ တိုင်းပြည်အတွက် ကြိုးဂမ်းဆောင် ရွက် သူတွေကို ဆောင်ရွက်သလို ချီးမြှင့်မြှောက်စားတယ်။

ဘုရင့်နောင် လက်ထက်မှာတိုင်းပြည်စည်ပင်သာယာပြီး၊ အနောက် နိုင်ငံသားတွေဟာ ဗမာပြည်ကို ကုန်ရောင်းကုန်ဝယ် လုပ်ဘို့လာကြတယ်၊ အဲဒီ ကုန်သည်တွေထဲမှာ ပေါ်တူဂီ



လူမျိုးတွေ များများပါလာတယ်၊ ပေါ်တူဂီတွေဟာ ကုန်ရောင်းကုန်ဝယ် လုပ်ရုံ မကဘဲ၊ ဗမာဘုရင်ထံမှာ စစ်မှုပါထမ်းကြတယ်။

နယ်ချဲ့ သမားလေး ဇော်ဇက

ရဲအောင်။ ။ပေါ်တူဂီတွေ ရောက်လာပုံ အကြောင်း ထပ်ပြီးပြောပါအုံး ဘဘကြီး။

ဘဘကြီး။ ။ဗမာ သက္ကရာဇ် ကိုးရာလောက်က ရခိုင်ပြည်မှာ မင်းဖလောင်း အုပ်ချုပ်ခဲ့တယ်၊ မင်းဖလောင်းရဲ့ သားတော် မင်းရာဇာကြီးလက်ထက်ကျတော့ ပေါ်တူဂီတွေဟာ ရခိုင်ပြည်ဘက်ကို သိသိသာသာ ရောက်လာကြတယ်။

အဲဒီတုန်းက အင်းဝမှာ ညောင်ရမ်းမင်းနဲ့ သားတော် အနောက်ဘက် လွန်မင်းတို့ အုပ်ချုပ်ခဲ့ကြတယ်၊ ပေါ်တူဂီတွေဟာ ရခိုင်မင်းထံမှာ ဝင်ရောက်ခစားပြီး နေထိုင်စရာကို အသနား ခံကြတယ်။ ရခိုင်ဘုရင်ဟာ သနားညှာတာတဲ့စိတ်နဲ့ စစ်တကောင်း မြို့နားက ဒယင်္ဂါးအရပ်မှာ နေထိုင်ခွင့် ပေးလိုက်တယ်ကွဲ့၊ ပေါ်တူဂီ တွေဟာ စစ်မှုကိုလဲ ဝင်ပြီး

4

www.burmeseclassic.com

www.burmeseclassic.com



ထမ်းရွက်ကြတော့ စစ်မှု ထမ်းတွေ ထဲမှာ ငဇင်ကာ ဆိုတဲ့ ပေါ်တူဂီ တစ်ယောက် ပါလာ တယ်၊ ဒီဘရစ်တို လို့လဲ ခေါ်တယ်ကွဲ့။

ရခိုင် ဘုရင် ကလဲ ငဇင်ကာရဲ့ အရည်အသွေးလေးကို သဘောကျသွားပြီး၊ ခြီးမြှင့်မြှောက်စားချင်တဲ့ စိတ်တွေပေါ်လာတယ်၊ ရခိုင်နဲ့ ဟံသာဝတီ တိုက်ပွဲမှာ ငဇင်ကာစစ်မှုထမ်းပုံကို ရခိုင်ဘုရင်ကပိုပြီး သဘောကျသွားတယ်၊ ဒါကြောင့် ငဇင်ကာကို သံလျင်မြို့မှာ မြို့စောင့် တပ်ရဲ့ အကြီးအကဲ အဖြစ် ခန့်ထားပေးလိုက်တယ် ကွဲ့။

ရဲအောင်။ ။နိုင်ငံခြားသားတွေ အပေါ်မှာ ဗမာကတော်တော် စေတနာကောင်းခဲ့တာဘဲ ဘဘကြီး။

ဘဘကြီး။ ။ငဇင်ကာဟာ ဒီလို ခြီးမြှောက် ပေးတာကို ဝိဒေဟရာဇ် ပုတ်သင်လို ဖြစ် သွား တယ် မောင်ရဲအောင်။

ရဲအောင်။ ။ဝိဒေဟရာဇ် ပုတ်သင်က ဘယ်လိုလဲဘဘကြီး။

ဘဘကြီး။ ။ဟိုရှေးရှေးတုန်းက ဝိဒေဟရာဇ်ပြည်မှာ၊ ဝိဒေဟရာဇ် မင်းကြီးရယ်လို့ ရှိတယ်၊ ပုတ်သင်ညိုလေး တကောင်ဟာ ဝိဒေဟရာဇ် မင်းကြီး



ရှေ့မှာ နေ့တိုင်းလာပြီး ခေါင်းကလေးကို ညိမ့်ခါညိမ့်ခါနဲ့ ခစား ရှာတယ်ကွဲ့၊ ဝိဒေဟရာဇ်မင်းကြီးဟာ သဘောကျကာ သနားပြီး ပုတ်သင်ညိုကလေးကို တနေ့တော့ ရွှေတပဲသားကို ရွှေဆွဲကြိုး လေး လုပ်ပြီး လည်ပင်းမှာ ဆွဲပေးလိုက်တယ်၊ ဘုရင်က ခြီးမြှင့်တဲ့ ပုတ်သင်ညိုလေးဖြစ်သွားတာပေါ့ကွယ်။

ပုတ်သင်ညို လေးဟာ ရွှေတပဲသား ဆွဲပေးလိုက်တဲ့ နေ့ကစပြီး နန်းတော်ကိုမလာတော့ဘူးကွဲ့၊ ပုတ်သင်ညိုလေးဟာဘဝင်မြင့်သွားတာပေါ့၊ သူလဲ ဝိဒေဟရာဇ် ပုတ်သင်လို ရွှေဆွဲကြိုး ဆွဲရတယ်ဆိုပြီး ကျေးဇူးရှင် မင်းကြီးကို အာခံတာပေါ့ မောင်ရဲအောင်။

ငဇင်ကာ ဟာလဲ သံလျင်မှာအကြီးအကဲ ရယ်လို့ ခြီးမြှင့်မြှောက်စားတာကို ကျေးဇူး မသိတတ်ဘဲ၊ မကြာခင်လေးမှာဘဲ သံလျင် ခံတပ်နဲ့ အကောက်တိုက်တွေကို သိမ်းယူပြီး၊ ရခိုင်အမျိုးသားတွေကို သံလျင်က နှင်ထုတ် ပစ်တယ်၊ ဘုရားပုထိုးတွေကိုလဲ ဖျက်ဆီးပစ်ပြီး ဘုရားပုထိုးတွေက ကျောက်မျက်ရတနာ တွေနဲ့ ရွှေတွေကို ခွာယူရောင်းချပစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကြေး ခေါင်းလောင်း တွေကိုလဲ အရည်ကျို ခါ အမြောက်တွေ သွန်းလုပ် ပစ်တယ်ကွဲ၊ အဲဒီ အချိန်ကစပြီး ဇေင်ကာလေးဟာ ပေါ တူဂီ စစ်သားတွေနဲ့ ဗမာ့မြေကိုကျူးကျော် စောကားတဲ့ နယ်ချဲ့ သ မား လေး ဖြစ်သွား တော့တာဘဲ မောင်ရဲအောင်။

ရဲအောင်။ ။နယ်ချဲ့ကျူးကျော်မှုကို ဇေင်ကာက စ,တော့ နယ်ချဲ့အစ ပေါ်တူဂီကလို့ ဆိုရမှာ ပေါ့ ဘဘကြီး။

ဘဘကြီး။ ။ဒီတုန်းက တောင်ငူမှာ နတ်သျှင်နောင် ဘုရင် အုပ်စိုးခဲ့တယ်၊ ရတု အဆိုကျော် နတ်သျှင် နောင် ဆိုတာပေါ့ မောင်ရဲအောင်။

ဇေင်ကာဟာ နတ်သျှင်နောင်နဲ့ ပေါင်း ပြီး မတောင်ငူကိုလဲ ဝင်သိမ်းတယ်။ ခရစ် နှစ် ၁၆၁၂ ခုနှစ်မှာ တောင်ငူပြည်ကြီး ပျက်စီး သွားပြီး၊ ဇေင်ကာရဲ့ နယ်ချဲ့ ကျူးကျော် မှုဟာ တဖြည်းဖြည်း တိုးလာခဲ့တယ် ကွဲ။

ဒါကြောင့် ရခိုင်နဲ့ အင်းဝတို့ဟာ ပူး သွေးစည်းလာကြပြီး၊ ဇေင်ကာကို နှိမ်နင် ဘို့ စီစဉ်ကြရတော့တယ်။ ရခိုင်ဘုရင်ရဲ့ တပ်



များနဲ့ အင်းဝဘုရင်ရဲ့ တပ်တွေဟာ နှစ် ဘက်ညှပ်ပြီး သံလျင်ကိုချီတက် တိုက်ခိုက် ကြရတော့တယ်၊ သံလျင်ကို သုံးလ လုံးလုံး ဝိုင်းထားလိုက်တယ်။

ဒီတုန်းက သံလျင် မြို့ဟာ သစ်တပ် တွေ ကာရံ ထားပြီး ဇေင်ကာဟာ စစ်သင်္ဘောသုံး စင်းနဲ့ ဗမာတပ်တွေ သံလျင်ကို ကူးအလာ မှာ ကြိုတင် ခုခံ တိုက်ခိုက် တယ်။ ဗမာတပ် သားတွေကလဲ သတ္တိကောင်းတွေ ဖြစ်တော့ သင်္ဘော သုံး စင်း ပေါ်ကို ရောက် အောင် တက်ကြပြီး၊ ဒလကြမ်း ဝင်ကာ တိုက်ခိုက် နိုင်ကြလို့ ဇေင်ကာရဲ့ စစ်သင်္ဘော သုံးစင်း ပါ ဗမာကရရှိလိုက်တယ်။

ဗမာတပ်တွေဟာ ရေကြောင်း တိုက်ပွဲမှာ အောင်မြင်ပြီး သံလျင်မြို့ကို ဝိုင်း ထား ကြ တော့လဲ၊ ပေါ်တူဂီ တပ်သားတွေက သစ် တပ် မြို့ ရိုး ပေါ် က ထင်းရှူး ဆီနဲ့ ဆီ တွေကို ပွက်ပွက်ဆူအောင်ကျိုပြီး လောင်း ချကြတယ်။ ဗမာ တပ်သားတွေက အုတ်ရဲ့ သစ်ဘပ် ခြေရင်း ထိအောင်ဥမင်လိုက်ခေါင်း ကြီးတူးပြီး ယမ်းတွေထည့်ကာ သစ်တပ်ကို

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ခဲ့ပစ် ကြတာပေါ့။ တချို့ တပ်သားတွေက ကြိုးတွေနဲ့ ပစ်ကာ ချိတ်ဆွဲပြီး သစ်တပ်ကို ဖြိုလိုက်ကြတယ်၊ သံလျှင်သစ်တပ် မြို့ရိုးကြီး ပြိုလဲသွားတယ် ကွဲ့။

သစ်တပ်မြို့ရိုးကြီး ပြိုလဲသွားတော့ ဗမာတပ်သားတွေဟာ သံလျှင် မြို့ထဲကို ပြေးဝင်ကြပြီး၊ ဇင်ကာရဲ့ တပ်သားတွေကို ချေမှုန်းတိုက်ခိုက်ကြတယ်။ ဒီတိုက်ပွဲမှာ ဇင်ကာနဲ့ နတ်သျှင်နောင်တို့ကို လက်ရ ဖမ်းဆီးမိတယ် ကွဲ့၊ နယ်ချဲ့သမားလေး ဇင်ကာကိုတံကျင်လျှိုခါ သတ်ပစ်လိုက်ပြီး ဇင်ကာနဲ့ တပါတည်း ပုဆိန်ရိုး နတ်သျှင်နောင်ကိုလဲ သတ်ပစ်လိုက်ရတယ် မောင်ရဲအောင်။

ရဲအောင်။ ။နေပါအုံး ဘဘကြီး။
ပုထိုန်ရိုးဆိုတာ ဘာကို ပြောတာလဲ။

ဘဘကြီး။ ။ပုဆိန်ဆိုတာ သစ်ပင်ကို ခုတ်လှဲတဲ့ နေရာမှာ သုံးတယ်၊ အသွားကသံကွဲ့၊ အရိုးက သစ်သားကွဲ့၊ သစ်ပင်ကိုခုတ်လှဲတော့ သစ်ပင်ရဲ့ အသားကို ပုဆိန်ရိုးတပ်တယ်လေ။ သံပုဆိန်ကို သစ်သားရိုးတပ်ပြီး ခုတ်တော့မှ ဒီသစ်ပင်ကြီး လဲမယ် မဟုတ်လား၊ သစ်ပင်ကို ခုတ်ထဲ့



ဒီ့ သစ်ပင်ရဲ့ အသားဟာ ပုဆိန်ရိုး အဖြစ် အသုံးတော်ခံတယ်လေ။

ရဲအောင်။ ။ခဲ့အောင် နားလည်သွားပါပြီ ဘဘကြီး။
ကိုယ့်တိုင်းပြည်ကို ကိုယ့်လူမျိုးထဲက သစ္စာဖေါက်ပြီး၊ နိုင်ငံခြားသားလက်ထဲ ထည့်တာကို ဆိုတာပေါ့နော်။

ဘဘကြီး။ ။တိုင်း ပြည် ကို သစ္စာ ဖေါက် တယ် ဆိုတာ မကောင်းဘူး မောင်ရဲအောင်။

ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးကို နိုင်ငံခြားသားလက်ထဲကို ရောင်းစားရင် ကိုယ်ပါကျွန်ဖြစ်မယ်ဆိုတာ နားလည်ကြ ရမယ်။

ကဲ-မောင်ရဲအောင် ဗမာပြည်ထဲ ပေါ်တူဂီ နယ်ချဲ့ သမား ဝင်လာပုံကို မောင်ရဲအောင် သိရပြီပေါ့။

ရေချိုးထမင်းစားကြအုံးစို့ကွာ၊ မနက်ဖန်မှ ဆက်ပြောကြအုံးစို့။

www.burmeseclassic.com

## နိုင်ငံခြားသားတို့ပျော်ရာမြေ

နောက်တနေ့ နံနက်တွင်—

မောင်ရဲအောင်သည်၊ ဘဘကြီး ပြောသော ပုံပြင်ကို စိတ်ပါဝင်စားပြီး ဆက်လက်နားထောင် လိုသော စိတ်ဆန္ဒ ပြင်းထန်နေသည်။ မောင်ရဲအောင်သည်၊ နံနက် အစောကြီး ထပြီး၊ဘဘကြီးကို အိပ်ရာမှနှိုးလေသည်။

ဘဘကြီးလည်း မောင်ရဲအောင်၏ စိတ်ဝင်စားမှုကို သဘော ကျပြီး နံနက်စာ မုန့်ကိုတောင် မစားနိုင်ဘဲ၊ ပုံကို ဆက်၍ ပြောပြလေသည်။



ဘဘကြီး။ ။ဒေါ်ပါတူဂီ နယ်ချဲ့ သမားတွေကို မောင်းထုတ် ပြီးတော့လဲ ဗမာပြည်မှာ နိုင်ငံခြားကုန်သည် တွေဟာ ရှိတုန်းဘဲကွဲ့။

ရဲ အောင်။ ။နိုင်ငံခြားသားတွေဟာ ဘာဖြစ်လို့ သူများ နိုင်ငံတွေကိုလာကြတာလဲ ဘဘကြီး။

ဘဘ ကြီး။ ။ဒီတုန်းက အနောက် နိုင်ငံတွေမှာ စစ်ပွဲတွေ ခဏခဏ ဖြစ်ခဲ့တယ်၊ စစ်ပွဲမှာရှုံးတဲ့ လူတွေ ဟာ သူတို့ နိုင်ငံမှာ မနေနိုင် ကြ တော့ဘဲ၊ ဟိုနိုင်ငံ သည်နိုင်ငံတွေ ရောက်ကုန် ကြတယ်၊ အရှေ့ဖက် နိုင်ငံတွေ ရောက်လာ ကြတဲ့ လူ တွေဟာ အရှေ့ဖက် နိုင်ငံတွေမှာရှိတဲ့ ဟင်း ခပ် အမွှေး အကြိုင်တွေ၊ အစား အစာတွေ နဲ့၊ အဖိုးတန် ရတနာတွေကို သဘောကျ ကြတယ်၊ ဒါတွေကိုယူပြီး သူတို့နိုင်ငံကို ပြန် ကြတဲ့အခါ သူတို့တိုင်းပြည်က လူတွေကပါ သဘောကျနှစ်သက်လာကြတယ်။ ဒါကြောင့် အနောက် နိုင်ငံတွေက နိုင်ငံခြားသား မတွေ ဟာ အရှေ့ဘက်နိုင်ငံတွေကို လာရောက်ကြ တယ်၊ အိန္ဒိယပြည်ဆိုရင်၊ ဒို့ဗမာပြည်ထက် အရင်စောပြီး၊ နယ်ချဲ့ ကျူးကျော်မှုကို ခံခဲ့ရ တယ်ကွဲ့။

www.burmeseclassic.com

www.burmeseclassic.com



ရဲအောင်။ ။ဆက်ပြီး ပြောပါအုံး ဘဘကြီး။

ဘဘကြီး။ ။ပေါ်တူဂီ နယ်ချဲ့ သမားတွေ ထွက်သွားပြီးတော့၊ ဗြိတိသျှကျွန်းစုက အင်္ဂလိပ်ကုန်သည်တွေနဲ့ ဥရောပတိုက်က ပြင်သစ် ကုန်သည်တွေ ရောက်လာကြပြန်တယ်။

အင်္ဂလိပ် ကုန်သည်စု ဖြစ်တဲ့ အရှေ့အိန္ဒိယ ကုမ္ပဏီဟာ ဗမာဘုရင် အလောင်းဘုရားထံ ဝင်ရောက်ခံစား အသနား ခံပြီး ဗမာပြည်မှာ နေထိုင်ခွင့် တောင်းပြန် တယ်ကွဲ့။

ဒို့ဗမာဘုရင်ကလဲသဘောကောင်းမနော ကောင်း ဆိုတော့ အရှေ့ အိန္ဒိယ ကုမ္ပဏီကို ပုသိမ်ခရိုင် ဟိုင်းကြီး ကျွန်းမှာ နေထိုင်ခွင့် ပေးခဲ့တယ်။

ရဲအောင်။ ။အလောင်း ဘုရား ဆိုတာ မုဆိုးဘို ရွာက ဦးအောင်ဇေယျလား ဘဘကြီး။

ဘဘကြီး။ ။ဟုတ်ပေတယ် မောင်ရဲအောင်။ မုဆိုးဘိုရွာက ထန်းလုံးတပ်ကို အခြေပြုပြီး တတိယ ဗမာ နိုင်ငံတော်ကို တည်ထောင် ခဲ့



တာပေါ့။ ဦးအောင်ဇေယျဟာ မုဆိုးဘို ရွာစား မင်းညိုစံ ဒေါ်ဖြိမ်းဦးတို့ရဲ့ သား ဖြစ် ဖြစ်တယ်။ ကျေးရွာ ခေါင်းဆောင်အဖြစ်က ဗမာနိုင်ငံရဲ့ အာဇာနည် ခေါင်း ဆောင်ကြီး တယောက်ဖြစ်ခဲ့တယ်ကွဲ့။

အင်းဝခေတ် ဗမာနိုင်ငံကြီး ပျက်သုဉ်းသွားတော့ ဦးအောင်ဇေယျဟာ မုဆိုးဘိုရွာမှာ ရှိတယ်၊ အသက် ၃၇ နှစ် အရွယ် ကျေးရွာ ခေါင်းဆောင် တယောက် ဖြစ်တယ်။ မုဆိုးဘိုရွာကို ထန်းလုံးတွေကာရံပြီး ခံတပ် လုပ်တယ်၊ သတ္တိကောင်း သတ္တိခဲ မြင်းရည်တက် အမာခံ တပ်သား ၆၈ ဦးကာစပြီး၊ ဗမာ့တပ်ကြီး တည်ထောင် ခဲ့တယ်ကွဲ့။

ခရစ်သက္ကရာဇ် ၁၇၅၅ ခုနှစ်မှာ ဒဂုံကျေးရွာကို တိုက် ခိုက် စည်းရုံး အောင်မြင်လို့ ဒဂုံကို ရန်ကုန်မြို့လို့ အမည်ပေးခဲ့တယ်။ မုဆိုးဘိုရွာကိုလဲ ရတနာသိင်္ခလို့ အမည်ပေးပြီး နေပြည်တော် လုပ်ခဲ့တယ်၊ မုဆိုးဘိုရွာကို ရန်ကြီးအောင်၊ ကုန်းဘောင်၊ ရတနာသိင်္ခ၊ ရွှေဘိုရယ်လို့ အမည်ငါးမျိုး ခေါ်ကြတယ်။ ဒါကြောင့် ငါးမည်ရ မြို့ရွှေဘိုလို့လဲ ခေါ်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရဲအောင်။ ။အင်္ဂလိပ်ကုန်သည်တွေအကြောင်း ဆက်ပြောပါအုံး ဘဘကြီး။

ဘဘကြီး။ ။အင်္ဂလိပ်ကုန်သည်တွေဟာ ဘုရားလဲ ဖူးချင်း လိပ်ဥလဲ တူးရင်း ဆိုသလို လုပ်ကြတယ်၊ သူတို့ဟာ အေးအေး ဆေးဆေး ကုန်ရောင်းတဲ့ အလုပ်ကို မလုပ်ကြဘူး ဗမာပြည် တွင်းမှာ လာနေပြီး ဗမာ့ပြည်တွင်းရေးကွေကို ဝင်ပြီး ခြေရှုပ် လာကြတယ်၊ ဗမာပြည်သားအချင်းချင်းကို သွေးထိုးပေးတယ်။ သူတို့မှာပါလာတဲ့ လက်နက်တွေနဲ့ မြှောက်ပေး ကြတယ်။ ဗမာပြည်မှာ ကြာလေ ရှုပ်လေ ဖြစ်အောင် လုပ်ကြတယ်။

ရဲအောင်။ ။တယ် ရှုပ်ပါလား ဘဘကြီး။

ဘဘကြီး။ ။ရှုပ်ရုံတင်မကဘူး မောင်ရဲအောင်။ ခရစ်သက္ကရာဇ် ၁၈၁၉ ခုနှစ်၊ ကုန်းဘောင်ခေတ်နောက်ပိုင်းဘကြီးတော်မင်း လက်ထက်မှာ ရခိုင်ပြည် နတ်မြစ်ဝမှာ ရှိတဲ့ ရှင်မဖြူကျွန်းကို သူတို့ပိုင်တယ်ဆိုပြီး အလံလာစိုက်တယ်ကွဲ့။

ရဲအောင်။ ။ဘာအလံလဲ ဘဘကြီး၊



ဘဘကြီး။ ။အင်္ဂလိပ် ယူနီယန်ဂျက် အလံပေါ့၊ မောင်ရဲအောင်။ ဒါကြောင့် ၁၈၂၄ ခုနှစ်မှာ အင်္ဂလိပ်နဲ့ ဗမာ ပထမ စစ်ပွဲကြီး ဖြစ်ကြရတယ်။

ရဲအောင်။ ။အင်္ဂလိပ်ဗမာ ပထမ စစ်ပွဲဟာ အင်္ဂလိပ်က ရန်စတာပေါ့နော်။

ဘဘကြီး။ ။အင်္ဂလိပ်တွေကို ဗမာပြည် ပိုင်နက်ထဲ မှာလဲ နေခွင့် ပေးထား သေးတယ်၊ ခုလဲ ဗမာပိုင်နက်ကို သူတို့ အလံ ဝင်စိုက်တယ် မောင်ရဲအောင်။

www.burmeseclassic.com

www.burmeseclassic.com

## တောင်သူလယ်သမားကြီးမဟာဗန္ဓုလ

ရဲအောင်။ ။ဒီတော့ ဗမာက တိုက်ထုတ် လိုက် သလား ဘဘကြီး။

ဘဘကြီး။ ။တိုက်တာပေါ့ မောင်ရဲအောင်။ ဒီတိုက်ပွဲမှာ စစ်သူကြီး မဟာဗန္ဓုလဟာ တိုင်းပြည် အပွက် အသက်ပါပေးပြီးတိုက်သွားတယ်။

ရဲအောင်။ ။စစ်သူကြီး မဟာဗန္ဓုလတဲ့လား၊ ဗမာ စစ်ဗိုလ်ကြီးပေါ့နော်၊ မဟာဗန္ဓုလက ဘယ်လို တိုက်သလဲ၊ ပြောပြစမ်းပါဘဘကြီး။

ဘဘကြီး။ ။စစ်သူကြီး မဟာ ဗန္ဓုလဟာ ဗမာ့ သူရဲကောင်း စစ်ဗိုလ်ကြီးကွဲ့၊ သူ့ ငယ်နံမည်က မောင်ရစ်လို့ခေါ်တယ်။ သူ့ကို မွေးတုန်းက မျက်နှာမှာ မျက်နှာဖုံးအိတ်ကြီး စွပ်ပြီး ပါ



လာ့တယ်။ အချင်းတွေက စလွယ်သိုင်းရစ်ပတ်နေတယ်၊ ဒါကြောင့် မောင်ရစ်လို့ ခေါ်တယ်ကွဲ့။

သူ့အဖေက ဦးပေါက်တောတဲ့၊ အမေက ဒေါ်မိငြိမ်လို့ ခေါ်တယ်၊ ဗဒုံမြို့ ငပယင်း ရွာကပေါ့၊ ဗဒုံမြို့ ဆိုဘာက အခုအလုံမြို့လို့ ခေါ်ကြတယ်၊ မောင်ရစ်ရဲ့ မွေးသက္ကရာဇ်က တော့ ၁၁၄၄ ခု၊ တန်ဆောင်မုန်း လဆန်း တရက်နေ့ကွဲ့။

မောင်ရစ်ဟာငယ်ငယ်ကတဲက အပြေးမြန်တယ်၊ လက်ဖွေ့ထိုးတယ်၊ မြင်းစီးတယ်၊ ဒါ တွေကိုဝါသနာပါခဲ့တယ်၊ နွားကျောင်းသား အရွယ်ထဲက အချင်းချင်း လူစုခွဲပြီး စစ်တိုက်တမ်းကစားတတ်တယ်ကွဲ့၊

ရဲအောင်။ ။မောင်ရစ်ဟာ ငယ်ငယ်ထဲက သတ္တိကောင်းတာပေါ့နော်။

ဘဘကြီး။ ။သတ္တိကောင်းရုံတင် ဘယ်ဟုတ်မလဲ မောင်ရဲအောင်၊ မောင်ရစ်ဟာ ကြင်နာ သနားစိတ်လဲရှိတယ်ကွဲ့၊ ကစားကြလို့ မဒေါ်တာ ဆ ထိခိုက်ရင် ကစားဖေါ်ကို ပစ်မထားဘူး

www.burmeseclassic.com

www.burmeseclassic.com



ကွဲ့ ယုယုယယပြုစုရတယ်၊ ဆေးကုပေးတယ်၊ အိမ်ကိုတွဲပြီး ပို့ပေးတယ်၊ မတရား လုပ်သူကို တွေ့ရင်လဲ ခံရသူဘက်က ရဲရဲဝံ့ဝံ့ ဝင်ပြီးကူညီတယ်၊ ဒါကြောင့် ကလေး တိုင်းက မောင်ရစ်ကို ချစ်ကြတယ်၊ ကြောက်ရွံ့ ကြတယ်ရိုသေကြတယ်ကွဲ့။

ရဲအောင်။ ။ချစ်ကြောက်ရိုသေတယ်ဆိုတာ ဒါဖြစ်မှာဘဲ ဘဘကြီး။

ဘဘကြီး။ ။မောင်ရစ်ရဲ့အသက်တဆယ့်သုံးနှစ်မှာ သူ့အဖေဆုံးသွားတယ်၊ ဒီတော့ မောင်ရစ်ဟာ ပညာကိုဆက်ပြီး မသင်ရတော့ဘဲ၊ အမေနဲ့ ညီ၊ ညီ၊ညီငယ်တွေကို နှမ်းခင်းမှာ ယာလုပ်ပြီးကျွေးမွေးပြုစုရှာတယ်။

ရဲအောင်။ ။ဒါဖြင့် မောင်ရစ်ဟာ တောင်သူလယ်သမားကြီးပေါ့နော်။

ဘဘကြီး။ ။ယာလုပ်ရင်းနဲ့အရွယ်ရောက်တော့ ရှင်မင်းဘူးဆိုတဲ့ အမျိုးသမီးနဲ့ အိမ်ထောင် ပြုတယ်၊ မောင်းကျန်း ကြီး လို့ ခေါ်ထဲ့ သား တယောက် ရတယ်၊ မောင်ရစ်ဟာ သား တယောက်ရ ပြီးတော့ နှမ်းခင်းက အမရပူ



နေပြည်တော်ကိုရောက်လာခဲ့တယ်၊ အိမ်ရှေ့မင်းထံမှာ အမှုထမ်းတယ်။

မောင်ရစ်ဟာ ဝတ္တရားကျေပြွန်အောင် လုပ်တတ်တယ်၊ လူအားလုံးနဲ့လဲ သင့်ထင့်အောင် ဆက်ဆံ တတ်တယ်၊ ရဲစွမ်းသတ္တိလဲရှိတယ်၊ တည်ကြည်တယ်၊ ဖျတ်လတ်တယ်၊ ဝီရိယရှိတယ်၊ ဒါကြောင့် မကြာခင်ဘဲ အိမ်ရှေ့မင်းရဲ့ ကိုယ်ရံတော် ဖြစ်သွားတယ်၊ ဒီတော့ သူငယ်ငယ်က ဝါသနာပါခဲ့တဲ့ ဓါးခုတ်၊ လှံထိုး၊ ဆင်စီး၊ မြင်းစီး၊ အတတ်တွေကို ကြိုးစား လေ့ကျင့်ခွင့် ရသွားတယ်။

မောင်ရစ်ရဲ့သတ္တိရှိပုံတွေကို ဘိုးတော်မင်းတရားကြီး ကြားတော့ သိပ်သဘော ကျတယ်၊ မောင်ရစ်ကို ခေတ္တ ဗြတိုက် သံဆင့်ရာထူးပေးလိုက်တယ်၊ ၁၁၇၅ ခုနှစ်ကျတော့ ဒိပဲယင်းမြို့ဝန်ရာထူးပေးတယ်၊ နေမျိုး သူရရဲခေါင်ဘွဲ့လဲပေးတယ်ကွဲ့။

ရဲအောင်။ ။မြို့ဝန်ဟာ စစ်တိုက်ရသလားဘဘကြီး။

ဘဘကြီး။ ။မြို့ဝန်မောင်ရစ်ရဲ့ စစ်တိုက်ပုံတွေကို ဘဘကြီး ပြော ပြ မယ် မောင် ရဲ အောင်၊



www.burmeseclassic.com

www.burmeseclassic.com



ဘိုးတော် မင်းရဲ့ တာဝန် ပေး ချက် အရ နေမျိုးသူရရဲခေါင် ဒီပဲယင်းမြို့ဝန်မောင်ရစ်ဟာ မဏိပူရ ကသည်း ပြည်ကို စစ်တိုက်ထွက်ရတယ်၊ ဒီတုန်းက မဏိပူရ ကသည်းပြည်မှာ ချော်ဂျစ်ဆင်းနဲ့ မာဂျစ်ဆင်း ဆိုတဲ့ ညီအစ်ကိုနှစ်ယောက်နန်းလုကြတဲ့ အခါကွဲ့ ...။

ဗမာတပ်ချီတက်လာတယ် ကြား တော့ မဏိပူရစော်ဘွားဟာလူအား လက်နက်အားတွေ စုရုံးထားတယ်။ စုရုံးလို့ ရသမျှ အင်အားနဲ့ ခုခံတိုက်ခိုက်တယ်။

နေမျိုးသူရ ရဲခေါင်ဟာ တပ်သားတွေကို ဗသက်ချိုင့်ပုံ စီခဲ့လိုက်ပြီး စော်ဘွားရဲ့တပ်ကို ခါးကဖြတ်ပြီး ဝင်တိုက်တယ်။ မဏိပူရစော်ဘွားတပ်ကြီး ဖရိုဖရဲ ဖြစ်ပြီး တပ်ပျက်သွားတာ မဏိပူရပြည်ကို သိမ်းယူနိုင်ခဲ့တယ်။

ရအောင်။ ။နားထောင်လို့ ကောင်းလိုက်တာ ဘဘကြီးရယ်။



ဘဘကြီး။ ။နေမျိုးသူရရဲခေါင်ဟာဝေသာလီပြည် တိုက်ပွဲမှာလဲအောင်ပွဲရပြန်တယ်။ ဒါတွေကြောင့် ဘိုးတော်မင်းတရားဟာ နေမျိုးသူရရဲခေါင်ကို သိပ်သဘောကျပြီးလက်ရုံးတဆူလိုအားကိုးတယ်။

ဗမာသက္ကရာဇ် ၁၁၈၁ ခုနှစ် ရောက်တော့ အိမ်ရှေ့စံ စစ်ကိုင်းမင်း နန်းတက်တယ်၊ ဘကြီးတော်မင်းလို့ လဲခေါ်ကြတယ်၊ ဘကြီးတော် စစ်ကိုင်း မင်း လက် ထက်မှာ နေမျိုး သူရ ရဲခေါင်ကို မင်း ကြီး မဟာဗန္ဓုလဘွဲ့ပေးပြီး အလုံမြို့ဝန်ကြီး အဖြစ် ခြီးမြှင့်တယ်။

နေမျိုးသူရရဲခေါင်ဟာ မင်းကြီးမဟာဗန္ဓုလအဖြစ်နဲ့ ဘကြီးတော် လက်ထက်မှာ မဏိပူရပြည်ကို ဒုတိယအကြိမ် စစ်ထွက် ရပြန်တယ်၊ ဒီအကြိမ်မှာ မဏိပူရ စော်ဘွားဟာ စစ်အင်အား ကောင်းကောင်း စုရုံးပြီး ကက်စိန်အရပ်က ခုခံတယ်၊ ကက်စိန် အရပ်မှာ တိုက်ပွဲဖြစ်လို့ ကက်စိန်ခံတပ်တိုက်ပွဲလို့ ခေါ်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com

## ကက်စိန် တိုက်ပွဲ

ရဲအောင်။ ။ကက်စိန် ခံတပ် တိုက်ပွဲက ဘယ်လို ပါလဲ ဘဘကြီး။

ဘဘကြီး။ ။မဏိပူရတောင်တန်းမှာ ကက်စိန်လို့ ခေါ်တဲ့တောင်နှစ်လုံးရှိတယ်၊အဲဒီတောင်နှစ်လုံးကို ပိတ်ပြီးမြေကတုတ်တွေလုပ်ထားတော့ ကက်စိန် ခံတပ်ဟာ အင်မတန်ခိုင်ခံ့တယ်ကွဲ့။

မင်းကြီးမဟာဗန္ဓုလဟာ ဒီတုန်းက စစ်ကဲကြီးအဖြစ် တာဝန်ယူရတယ်။ ကက်စိန်ခံတပ်တိုက်ပွဲဟာ မဏိပူရ တိုက်ပွဲတွေ ထဲမှာ အကြီးကျယ်ဆုံးဘဲကွဲ့၊ တောင်ကြီးနှစ်လုံးဆီးကာနေတော့ တိုက်ဘို့သိပ်မလွယ်လှဘူး



ပေါ့။ ဒါပေမဲ့ စစ်ကဲကြီး မဟာဗန္ဓုလဟာ ကက်စိန်ခံတပ် တောင်ခြေရင်းထိအောင် စစ်ကြောင်းချီတယ်၊ မဏိပူရ စော်ဘွား တပ်တွေကလဲ တောင်ပေါ် ကရော၊ တောင်ခြေရင်းကပါ သေနတ်တွေ၊ အမြောက် တွေနဲ့ မိုးရွာသလိုပစ်တာဘဲကွဲ့။

ရဲအောင်။ ။သေနတ်တွေ၊ အမြောက်တွေက ဘယ်က ရပါသလဲ ဘဘကြီး။

ဘဘကြီး။ ။အင်္ဂလိပ်တွေက ပေးထားတယ် မောင်ရဲအောင်။ အင်္ဂလိပ်တွေဟာ ဒီတုန်းက ဗမာပြည်ရဲ့ စည်းလုံး ညီညွတ်ရေးကို ပျက်စီးအောင် မြှောက်ပင့်ပေးနေတယ်ကွဲ့။

ရဲအောင်။ ။တိုက်ပွဲ အကြောင်း ဆက် ပြောပါအုံး ဘဘကြီး။

ဘဘကြီး။ ။မိုးသည်းရွာသလို တစုန်းစုန်း တဖိုင်းဖိုင်း ပစ်ခတ်နေတဲ့ သေနတ်သံ၊ အမြောက်သံ တွေကြားထဲကဘဲ ဗမာတပ်တွေဟာ ရှေ့ကိုသဲသဲမဲမဲ တက်ကြတယ်၊ တောင်ခြေရင်းကတပ်တွေလဲ တောင်ကို ကျော်တက်ပြီး စော်ဘွားတပ်တွေထဲ အတင်း ဝင်ခုတ်တယ်။ အတင်းဝင်တိုက်တာယ်ကွဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဒီတိုက်ပွဲမှာ ဗမာရော၊ ကသည်းရော၊ နှစ်ဘက်စလုံး အတော် ထိခိုက် သေဆုံး ကြတယ်။ ၇-ရက်လုံးလုံး တိုက်ကြတဲ့ တိုက်ပွဲကြီးကွဲ့၊ နောက်ဆုံးတော့ ဗမာ့သတ္တိ ဗမာ့စွမ်းရည်ကကောင်းတော့ ကက်စိန်ခံတပ်ကြီး ပျက်သွားတယ်။ စော်ဘွား တပ်တွေ ဟာ ပြေးသူပြေး၊ သေသူသေနဲ့ ကစင့်ကရဲ ဖြစ်ကုန်တယ်၊ ဗမာတွေအောင်ပွဲရလို့ မဏိပူရ ပြည်ကို လက်ရသိမ်းပိုက်နိုင်ခဲ့တယ်။

ရဲအောင်။ ။မဟာဗန္ဓုလဟာ တိုက်ပွဲတိုင်းမှာ အောင်ခဲ့တာဘဲနော်၊

ဘဘကြီး။ ။မဟာဗန္ဓုလဲဟာ မဏိပူရ တိုက်ပွဲက ပြန်လာပြီး အာသံ ပြည်ကို စစ်ချီ ရပြန်တယ်၊ အာသံ တိုက်ပွဲ ဟာလဲ မသေး လှဘူးကွဲ့။ အာသံပြည်မှာလဲ အင်္ဂလိပ်တွေက လက်နက်တွေနဲ့ မြှောက်ပေး ထားတယ်၊ ဒါပေမဲ့ မဟာဗန္ဓုလကတော့ အောင်ပွဲရခဲ့တာဘဲ။

အာသံတိုက်ပွဲ အပြီးမှာ မဟာဗန္ဓုလကို အဂ္ဂမဟာသေနာပတိ ဝန်ကြီးရာထူးနဲ့ ချီးမြှင့်တယ်ကွဲ့။



ရဲအောင်။ ။မဟာဗန္ဓုလဟာ စစ်ပွဲတွေအဆက် မပြတ် တိုက်နေရတာဘဲ၊တိုက်ပွဲတိုင်းမှာလဲရှုံးတယ် လို့ မရှိခဲ့ဘူး၊ အခု ဝန်ကြီး ဖြစ်သွားတော့ စစ်တိုက်ရသေးသလား ဘဘကြီး။

ဘဘကြီး။ ။ဘဘကြီးစကားကမဆုံးသေးဘူး မောင်ရဲအောင်၊ ဝန်ကြီးတွေလဲ စစ်တိုက် ရတာဘဲ၊ အဲဒီအချိန်မှာပေါ့၊ အင်္ဂလိပ်တွေက ဗမာပိုင် ရှင်မဖြူကျွန်းကို အလံလာပြီး စိုက်တယ် လေ။

www.burmeseclassic.com

www.burmeseclassic.com

## ပန်းဝါ တိုက်ပွဲ

ရဲ အောင်။ ။အင်္ဂလိပ် တွေဟာ နယ်ချဲ့ သမား တွေဘဲ ဖြစ်နေပါကလား ဘဘကြီး။

ဘဘ ကြီး။ ။ဗမာ သက္ကရာဇ် ၁၁၈၅ ခုနှစ်မှာ အဂ္ဂမဟာ သေနာပတိ ဝန်ကြီး မဟာဗန္ဓုလဟာ ညော ဝတီ စစ်ကြောင်း ချီပြီး၊ ရခိုင်ပြည်ဖက် စစ် ထွက် ခဲ့ရတယ်၊ အင်္ဂလိပ်ရဲ့ နယ်ချဲ့ ကျူး ကျော်မှုကို ရင်ဆိုင်တိုက်ခိုက်ဖို့ စစ်ချီခဲ့ရတာ ဖြစ်တယ်ကွဲ့။

ပန်းဝါအရပ်မှာ အင်္ဂလိပ်နဲ့ ဗမာ ရင် ဆိုင်မိကြပြီး ရင်ဆိုင်တိုက်ပွဲ စခဲ့တော့တယ်။



ဗမာက ဓါးတွေ၊ လှံတွေနဲ့ တိုက်တယ်၊ အင်္ဂလိပ်က သေနတ်တွေ အမြောက်တွေနဲ့ တိုက်တယ် ကွဲ့၊ သေနတ် အမြောက် တွေ ကိုင်ထားတဲ့ အင်္ဂလိပ်စစ်တပ်တွေကို ဗမာက ဓါးနဲ့ လှံနဲ့ ရဲရဲကြီး ဝင်ခုတ်၊ ဝင်ထိုးပြီး ရင်ဆိုင် တိုက်လိုက် တာဘဲ၊ ပန်းဝါ တိုက်ပွဲ မှာ အင်္ဂလိပ်တွေ အတုံးအရှုံး သေကြေ ကျ ဆုံး ပြီး၊ မရှုမလှ စစ်ရှုံး သွား တယ် မောင်ရဲအောင်။

ရဲအောင်။ ။သတ္တိကောင်းတဲ့ ဗိုလ်ဗမာတွေပေါ့ ဘဘကြီး။

ဘဘကြီး။ ။ဟုတ်ပေတယ် မောင်ရဲအောင်။

ဒီအချိန်ကစပြီး အင်္ဂလိပ်တွေဟာ ဗမာ နဲ့ ရင်ဆိုင်ပြီး မတိုက်ရဲတော့ဘူး။ ပန်းဝါ တိုက်ပွဲဟာ ဗမာ့သတ္တိ ဗမာ့ရဲစွမ်း ဗမာ့ ဂုဏ်ကို ပြလိုက်တဲ့ တိုက်ပွဲကြီးကွဲ့။

မဟာ ဗန္ဓုလဟာ ပန်း ဝါ တိုက် ပွဲ မှာ အောင်ပွဲရပြီး၊ တပ်ချ တပ်နား နေတုန်းမှာ အင်္ဂလိပ်တပ်အချို့ဟာ ပင်လယ်ရေကြောင်း ဖက်က ရန်ကုန်ကို ဝင်တိုက်လာပြီ နိုတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒီတုန်းက ရန်ကုန်မြို့ဝန်က ည့ တာမှ တက်
အည့ ဆုံး ဖြစ်နေတော့ ရန်ကုန် မြို့ဟာ
အင်္ဂလိပ်တွေလက်ထဲရောက်သွားပြီး၊ ရွှေတိဂုံ
စေတီ ကုန်းတော်ကြီးကို အင်္ဂလိပ် တပ်တွေ
က ခံတပ်ကြီးလုပ် တိုက်တယ် ကွဲ့။

ရဲအောင်။ ။မဟာ ဗန္ဓုလသာ ရန်ကုန်မှာ ရှိရင် နယ်ချဲ့
အင်္ဂလိပ်တွေ ပြေးကြရမှာဘဲ နော်။

ဘဘကြီး။ ။တိုက်ပွဲတိုင်းမှာအောင်ပွဲရတဲ့ စစ်သူကြီးမဟာ
ဗန္ဓုလက ရခိုင်ပြည်ပန်းဝါမှာ ရောက်နေတာ
ကိုးကွဲ့၊ ဒါပေမဲ့ ဘကြီး တော် မင်း ဟာ
ရန်ကုန်တိုက်ပွဲ အတွက် ဗန္ဓုလကို အမြန်ဆုံး
ခေါ်ယူလိုက်တယ်။

စစ်သူကြီး မဟာဗန္ဓုလဟာ တောင်တော
တောတွေကို ဖြတ်ကျော်ပြီး နေပြည်တော်က
စစ်ပြင်းချီလာခဲ့ရတယ်ကွဲ၊ နေပြည်တော်က
အခမ်း အနားနဲ့ ကြိုဆိုပြီး သတိုး သုဓ
မဟာ ဗန္ဓုလဘွဲ့ကို ပေးအပ်ပြီး စစ်တောင်
မြို့ကိုပါ ပေးအပ် ချီးမြှောက်လိုက်တယ်။

စစ်သူကြီး သတိုး သုဓမ္မမဟာဗန္ဓုလဟာ
ရန်ကုန်မြို့ကို ရေကြောင်းက တသွယ်၊ ကုန်



ကြောင်းက တလမ်း၊ ရေရှေ့ကုန်းပါ စစ်ချီ
ခဲ့တယ်၊ ရန်ကုန်ကို ရောက်တော့ အင်္ဂလိပ်
တပ်တွေက ရွှေတိဂုံ ကုန်းတော်ကခံတပ်လုပ်
ပြီး ခုခံ တိုက်ခိုက်ကြတယ်။

ဗမာတပ် တွေဟာ အဝေးက ပစ်ခတ်
တိုက်ခိုက်နေတဲ့ အင်္ဂလိပ်ရဲ့ သေနတ် ကျည်
ဆံ၊ အမြောက် ကျည်ဆံတွေကို ရှောင်ပြီး၊
ကြည့်မြင်တိုင် ဘက်ကို ဆုတ်ပေး ကြရတယ်။

ရဲအောင်။ ။ဗမာတွေ ဆုတ်ခွါရသလား ဘဘကြီးရယ်။

www.burmeseclassic.com

ဓနုဖြူတိုက်ပွဲ။

ဘဘကြီး။ ။မဟာ ဗန္ဓုလဟာ ရန်ကုန်က ဆုတ်ခွာပြီ
ဓနုဖြူမြို့မှာ ခံတပ်ဆောက်တယ်ကွဲ့၊ ရန်ကု
က ဆုတ်ခွာ ခဲ့ရတာကိုလဲ မဟာဗန္ဓုလဟာ
အရှက်ကြီး ရှက်ပြီး အသဲနာ ရှာတယ်၊ ဒ
ကြောင့် "ငါအသက်ရှည်သမျှ ကာလပ
လုံး အင်္ဂလိပ်တပ်တွေဟာ ငါရဲ့တပ်ကကျော
လွန်ပြီး မတက်စေရအောင် တိုက်မယ်" လို့
ဆုံးဖြတ်ချက်ချတယ်ကွဲ့။

ရဲအောင်။ ။ရန်ကုန်ကမဆုတ်ဘဲ မရ ရအောင် တိုက်
လား ဘဘကြီး။



ဘဘကြီး။ ။မောင်ရဲအောင် စစ်ဆိုတာ တိုက်ပွဲ သာတဲ့အခါလဲ သာတာဘဲ၊ ဆုတ်တဲ့အခါလဲ ဆုတ်ရတာဘဲ၊ အင်္ဂလိပ်က အမှိကောင်းရင်တချက်ဆိုတဲ့ စကားလို ရွှေတိဂုံကုန်းတော်ကြီးတခုလုံးကို ခံတပ်ကြီး လုပ်ထားနိုင် သွားတော့၊ အကာအကွယ်က သိပ်ကောင်း နေတယ်ကွဲ့။ ဒီတော့ ဇွတ်အတင်း ဇွတ်တိုက်ရင် တပ်သားတွေပိုပြီး ဒုက္ခရောက်ကြမှာမို့၊ မဟာဗန္ဓုလဟာ ဓနုဖြူကိုဆုတ်ပြီး ခံတပ်လုပ်ရတာပေါ့ကွယ်။

ရဲအောင်။ ။ဓနုဖြူကို အင်္ဂလိပ် တပ်တွေက လိုက်လာသလား ဘဘကြီး။

ဘဘကြီး။ ။ဓနုဖြူမှာ မဟာဗန္ဓုလက ခံတပ်ကြီးအခိုင်အမာ ဆောက်ထားပြီး လိုက်လာတဲ့ အင်္ဂလိပ်တပ်တွေကို ခုခံတိုက်ထုတ်တယ်ကွဲ့။ အင်္ဂလိပ်တပ်တွေဟာ ထိခိုက်သေကြေပြီး ရှေ့ကိုတိုးမလာနိုင်ဘဲ ဓနုဖြူမြို့ရဲ့ တောင်ဖက် ကျိုက်ကလွန်ပွန် ဘုရားမှာ တပ်စွဲနေကြရတယ်၊ အနိုးကို မလာရဲတော့ဘဲ၊ အဝေးက နေပြီး အမြောက်တွေနဲ့ ဗုံးတွေနဲ့ ဓနုဖြူခံတပ်ကို ပစ်ကြတယ်ကွဲ့။

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



မဟာဗန္ဓုလဟာ အမြောက်ဆံ၊ ဗုံးဆံတွေကြားမှာ သွားလာပြီး တပ်ဗိုလ် တပ်သားတွေကို ကွင်းကဲ စီမံ အုပ်ချုပ်တယ်၊ အင်္ဂလိပ် တပ်သားတွေကို ပတ်ဝိုင်း တိုက်ခိုက်ဘို့ ညွှန်ကြား စီစဉ်တယ်၊ တပ်ဗိုလ် တပ်သားတွေက မဟာ ဗန္ဓုလရဲ့ ညွှန်ကြား ချက်တွေကို တသွေမတိမ်း ဆောင်ရွက် ကြတယ်၊ ဒါပေမဲ့ အမြောက်ဆံ၊ ဗုံးဆံတွေကို ရှောင်တိမ်းဘို့ စစ်သူကြီး ကို အကြံပေးတင်ပြကြတယ်၊ မဟာ ဗန္ဓုလဟာ နဲ့နဲလေးမှ မရှောင် မတိမ်းကူးကဲ့၊ ကျည်ဆံ၊ ဗုံးဆံတွေကိုလဲ ဂရုမစိုက်ဘူး၊ သူ့ ဆုံးဖြတ်ချက်အတိုင်း သူဆောင်ရွက်တယ်၊ ရဲရဲဝံ့ဝံ့ နောက် မဆုတ်တမ်း၊ တိုက်ပွဲ ဝင်ခဲ့တယ်၊ ပြိုင်ဘက်မရှိ ရဲစွမ်းသတ္တိနဲ့ ပြည့်စုံတဲ့ စစ်သူကြီး သတိုးသုစမှာ မဟာဗန္ဓုလဟာ တိုင်းပြည်အတွက် တိုက်ပွဲဝင်ရင်းဘဲ ဓနုဖြူ တိုက်ပွဲမှာ ကျဆုံးသွားရ တော့တယ် ကွယ်။

မောင်ရဲအောင်သည် မျက်ရည်များ ဝဲလာကာ အသံများ တုန်ရီ-လာ-လျက် တစ်ဆို့ ဆို့ အသံဖြင့် မေးရှာသည်။



ရဲအောင်။ ။ဘ .... ဘ .... ဘဘကြီး ဗမာ.... ဗမာတွေ စစ်ရှုံးသွားရပြီလားဗျာ။

ဘဘကြီး။ ။မောင်ရဲအောင် ထမင်းစားကြအုံးစို့ကွယ်။

ရဲအောင်။ ။မစားချင် တော့ပါဘူး ဘဘကြီးရယ်၊ ရဲအောင်ဘယ်လို ဖြစ်သွားမှန်း မသိတော့ဘူးဗျ။

ဘဘကြီး။ ။ဒီလိုဆိုရင် ဘဘကြီး ပုံမပြော တော့ဘူး မောင်ရဲအောင်။

ရဲအောင်။ ။ဆက်ပြောပါ ဘဘကြီးရယ်၊ ရဲအောင် ဘဘကြီးစကားနားထောင်ပါမယ်။

မောင်ရဲအောင်နှင့် ဘဘကြီး တို့သည် ထမင်းအတူစားပြီးနောက် ထိုနေ့အဘို့ အနားယူကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## ရန္တပိုစာချုပ်

နောက်တနေ့တွင်ကား—

ဘဘကြီးနှင့် မောင်ရဲအောင် တို့သည်၊ ယမန် နေ့က ဖုံ
အကြောင်းကို ဆက်လက် ပြောဆို ဆွေးနွေးကြ လေသည်။

ဘဘကြီး။ ။စစ်သူကြီး မဟာ ဗန္ဓုလ ကျဆုံး ပြီးတော့ အင်္ဂလိပ်ဗမာ ပထမစစ်ပွဲ စစ်ပြေ ငြိမ်းရေး စာချုပ် ချုပ်ဆိုကြတယ်။

အင်းဝက မိုင် ၄၀ ကွာတဲ့ ရန္တပိုအရပ် မှာ ချုပ်ဆိုကြလို့ ရန္တပို စာချုပ်လို့ ခေါ် တယ်၊ ရန္တပိုစာချုပ်အရ ဗမာက အာသံနယ်





ရခိုင်နယ်၊ တနင်္သာရီနယ်တွေကို ပေးလိုက်ရ တယ်၊ စစ်လျော်ကြေးလဲ ငွေတကုဋေ ပေး ရသေးတယ်။

ရဲအောင်။ ။ဗမာ့မြေမှာအိရိပ်ခို ဗမာ့မြေမှာနေပြီး၊ဗမာ့ မြေကို ကျူးကျော်တဲ့ နယ်ချဲ့သမားတွေဘဲ နော်။

ဘဘကြီး။ ။ဘကြီးတော် စစ်ကိုင်းမင်း ကွယ်လွန်တော့ သာယာဝတီမင်း နန်းတက်တယ်၊ သာယာ ဝတီမင်းကို ကုန်းဘောင်မင်း လို့လဲ ခေါ် တယ်။

သာယာဝတီ မင်းဟာ ဘကြီးတော်မင်း လက်ထက်ကချုပ်ဆိုခဲ့ရတဲ့ ရန္တပို စာချုပ်ကို နှိမ်နှိမ့်မှ မကျေနပ်ခဲ့ဘူးကွဲ့၊ဒါကြောင့် အင်္ဂလိပ် တွေကို မိတ်ဆွေလို သဘောထားပြီး မဆက် ဆံချင်ဘူး။

သံတမန် လဲလှယ်ဖို့ကိုလဲ အာရုံမထားတဲ့ အတွက် မေဂျာ ဟာနေးဆိုတဲ့ အင်္ဂလိပ်က လွှတ်တဲ့သံကိုလဲဂရုမစိုက်ဘဲနေတယ်၊ ဒါ့ကြောင့် သာယာ ဝတီမင်း လက်ထက်မှာ အင်္ဂလိပ် ဗမာ ဆက်ဆံရေးဟာ တင်းတင်း မာမာဘဲ ဖြစ်နေကြတယ် ကွဲ့။

www.burmeseclassic.com

www.burmeseclassic.com



ရဲအောင်။ ။အင်္ဂလိပ်က ဗမာကို ရန်စတယ်၊ ဗမာ့နယ်မြေတွေ ကျူးကျော်ပြီး ဗမာ့နယ်မြေ တွေကို သိမ်းယူ တယ်၊ ဒါတောင် မက သေးဘူး စစ်လျော်ကြေးငွေ တကုဋေလဲ တောင်း လိုက်သေးတယ်ဆိုတော့ ဗမာကသူတို့ကို ပြေပြေလည်လည် ဆက်ဆံနိုင်ပါ့ မလား ဘဘကြီးရယ်။

ဘဘကြီး။ ။သံတမန် လဲလှယ်တယ် ဆိုတာ တတိုင်းပြည်နဲ့ တတိုင်းပြည်ဟာ သူ့အကြောင်းကိုယ်သိ၊ ကိုယ့်အကြောင်း သူသိ နိုင် ခွင့် ရတယ်၊ အရေးကိစ္စရှိရင် နှစ်ဖက် အာဏာပိုင် တွေကို တင်ပြဖို့လွယ်ကူတယ်၊ ကိုယ့်အား သူ့အား ချင့်ချိန် နှိုင်းဆ နိုင်တာပေါ့။

သံတမန်ဆိုတာ နိုင်ငံရဲ့ ကိုယ်စားလှယ်ဖြစ်တယ်၊ သံတမန်ကို မထေမဲ့မြင် မပြုရဘူး၊ သံတမန်ရဲ့ အသက် အန္တရာယ် ကိုလဲ လုံခြုံအောင် ကာကွယ် စောင့်ရှောက် ပေးရတယ်ကွဲ့။

## အင်္ဂလိပ် ဗမာ ဒုတိယစစ်ပွဲ

ရဲအောင်။ ။အင်္ဂလိပ်ဗမာ ဆက်ဆံရေး တင်းမာနေတော့ ဘာတွေဆက်ဖြစ် လာသေးသလဲ ဘဘကြီး။

ဘဘကြီး။ ။သာယာဝတီမင်း လက်ထက် မှာတော့ အကြောင်း ကြီးကြီး ကျယ်ကျယ် မဖြစ်ကြဘူးကွဲ့။

၁၁၄၆ ခုနှစ်၊ ပုဂံမင်း လက်ထက်မှ ရမယ် ရှာ လာ တယ်၊ ရန်ကုန် မြို့ဝန် က အင်္ဂလိပ်တွေကို ဗြိတိသျှ အမျိုးသားတွေကို နှိပ်စက်ညှင်းပမ်းတယ်လို့ အဆိုပြုလာတယ်။

ရဲအောင်။ ။လာပြန်ပြီတမျိုး၊ သူတို့ကို ဗမာက ဘာတွေ နှိပ်စက်နေလို့လဲ ဘဘကြီး။

www.burmeseclassic.com

www.burmeseclassic.com



ဘဘကြီး။ ။ရန်ကုန်မှာ အင်္ဂလိပ် တယောက်က လူသတ်... ကျူးလွန်တယ်၊ နောက်တယောက်က အ... သုံးစားမှု ကျူးလွန်တယ်၊ ဘင်္ဂါလီကုလား... လူမျိုးတွေက ဒီအမှုတွေကို ရန်ကုန်မြို့ဝန်... မှာ တင်ပြစွဲဆိုခဲ့တယ်။ ဒီတော့ ရန်ကုန်... ဝက အမှုနှစ်မှုကိုစစ်ဆေးပြီး အင်္ဂလိပ် ... ယောက်ကို ဒဏ်ငွေပေးဆောင်ဖို့ ဆုံးဖြတ်... တယ်ကွဲ့ ။

ရဲအောင်။ ။တရား ဥပဒေအတိုင်း ဆောင်ရွက် ပေးတ... ဘဲ ဘဘကြီးရဲ့ ။

ဘဘကြီး။ ။မောင်ရဲအောင် ပြောတာ မှန်ပေတယ်။

ဒါပေမဲ့ ဗမာဘုရင်က အင်္ဂလိပ် ... ဆက်ဆံရေး ပြေလည်အောင် ရန်ကုန်မြို့... ဦးအုပ်ကို ရာထူးချပေးပြီး မြို့ဝန်အသစ်... လှယ်ပေးရှာသေးတယ်။

ရဲအောင်။ ။ဗမာက ဒီလောက်တောင် အလျှော့ ပေး... တာဘဲနော်။

ဘဘကြီး။ ။မောင်ရဲအောင်ရယ် ဒါတောင်သူတို့ကမ... နုပ်သေးဘဲ ဝံပုလွေကြီးက သိုးငယ်က...

ကို ရန်ရှာသလို အင်္ဂလိပ် စစ်သင်္ဘော... ရောက်လာ ... ဖြစ်ကြောင်း ကိုဆိုက်ကပ်ပြီး ဗမာ ပိုင်တဲ့ ရေနန်းယဉ်ဘာ သင်္ဘောကိုအတင်း အဓမ္မသိမ်းယူ သွားတယ်ကွဲ့။

...အောင်။ ။ဒီတုန်းက ဗမာတွေက ဒါလောက်တောင် သတ္တိနဲ့ကြပါသလား ဘဘကြီး။

...ဘကြီး။ ။သတ္တိ မနဲ့ကြပါဘူး မောင်ရဲအောင်။

ဒုတိယအကြိမ် အင်္ဂလိပ်ရဲ့ ကျူးကျော် စော်ကား မှုကြောင့်၊ ၁၈၅၂ ခုနှစ် မှာ အင်္ဂလိပ်ဗမာ ဒုတိယစစ်ပွဲ ဖြစ်ကြတယ်ကွဲ့။

ဒါပေမဲ့ ဒို့တိုင်းပြည်မှာ အဲဒီတုန်းက အခြေအနေ မကောင်းဘူး ကွဲ့။ ပုဂံမင်း ကို ညီတော် မင်းတုန်းမင်းသားနဲ့ ကနောင် မင်းသားတို့က ပုန်ကန်နေကြတယ်၊ ဗမာပြည် မှာ ဗမာတွေ စည်းစည်း လုံးလုံး မရှိတဲ့ အချိန်ဖြစ်တယ်။ စည်းလုံးမှုမရှိတော့ အင် အားလဲ မရှိဘူးပေါ့ ကွယ်၊ ဗမာ့သတ္တိနဲ့ ခုခံ ယှဉ်ပြိုင် တိုက်ခိုက် ကြပေမဲ့ ခရီးမရောက်ခဲ့ ဘူး။ အင်္ဂလိပ် ဗမာ ဒုတိယ စစ်ပွဲမှာ အာလံ နဲ့ သရက်မြို့အထိ အင်္ဂလိပ်ဆီ ပေးလိုက်ရ ပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ရဲအောင်။ ။ဘဘကြီး ပြောဘူးတဲ့ မြွေမင်းသား ပုံပြင်လို ဖြစ်နေပါလား ဘဘကြီး၊ မြွေကြီးက မထွေး လေးကို တရစ် တရစ် မျိုတာ ခါးအထိ ရောက်နေပြီပေါ့။

ဘဘကြီး။ ။မောင်ရဲအောင်က ဘဘကြီး ပြောထား တဲ့ ပုံပြင်တွေ မှတ်မိသားဘဲ။ တကိုယ်လုံး မျို သွားတာကို ဘဘကြီးဆက်ပြောပြအုံးမယ်။

ရဲအောင်။ ။တိုတိုဘဲ ပြောပါတော့ ဘဘကြီး ရယ်။ ဘဘကြီးပုံက ရဲအောင် ပျင်းလာပြီဗျ။

ဘဘကြီး။ ။အင်္ဂလိပ် ဗမာ ဒုတိယ စစ်ပွဲဟာ ၁၈၅၂ ခုနှစ်မှာ ဖြစ်ပြီး၊ ၁၈၅၃ ခုနှစ် မှာ ပြီးခဲ့ တယ်။ အဲဒီ နှစ်မှာဘဲ မင်းတုန်းမင်း နန်း တက်တယ်။ ကနောင်မင်းသားက အိမ်ရှေ့ မင်း ဖြစ်လာတယ်ကွဲ။ ဒို့ ဗမာ ပြည်ဟာလဲ သရက်မြို့က အထက်ပိုင်း လောက် သာ ရှိ တော့တယ်။

မင်းတုန်းမင်း လက်ထက်မှာ အင်္ဂလိပ် ဗမာ ဆက်ဆံရေး အဆင်ပြေလာကြတယ်။ နိုင်ငံခြား တိုင်းပြည် များနဲ့လဲ ပိုမိုဆက်ဆံ လာကြတယ်။ ဗမာနိုင်ငံက နိုင်ငံခြားတိုင်း



ပြည်ကို ပညာ တော်သင်တွေ လွှတ် ပေး ခဲ့တယ်။

ဗမာပြည်မှာ စာ ပုံနှိပ် စက်၊ ပုဂံစက် ဒင်္ဂါးသွန်းလုပ်တဲ့စက်၊ ရက်ကန်းစက်၊ လက် နက်လုပ်တဲ့ စက်တွေနဲ့ ကြေးနန်းရုံ၊ စာ သင်ကျောင်း၊ ဆေးရုံတွေ တည်ဆောက် လာတယ်။

အင်္ဂလိပ် သံအဖွဲ့တင်မကဘဲ အမေရိကန် ပြင်သစ်၊ အီတလီ နိုင်ငံတွေက သံအဖွဲ့တွေ ရောက်လာကြတယ်၊ ဗမာသံအဖွဲ့လဲ နိုင်ငံ ခြားတိုင်း ပြည်တွေကို သွားခဲ့တယ်၊ ဗမာ သံအဖွဲ့ကို ကင်းဝန် မင်းကြီး ဦးကောင်းက ဦးဆောင်သွားခဲ့တယ်ကွဲ့။

မင်းတုန်းမင်းကြီးဟာ အင်္ဂလိပ်တွေကို အကြိုက်ပေးအလိုလိုက်ကာ ဆက်ဆံခဲ့တယ်၊ အင်္ဂလိပ်သိမ်းယူထားတဲ့ ဗမာ့ နယ်မြေ တွေ ကို လက်ဝါးဖြန့်ပြီး တောင်းခဲ့ သေးတယ်၊ မောင်ရဲအောင်၊

ရဲအောင်။ ။နယ်ချဲ့သမားထံမှာ လက်ဝါး ဖြန့် တောင်း လို့ ရခဲ့သလားဘဘကြီး။

www.burmeseclassic.com

ဘဘကြီး။ ။မရပါဘူး မောင်ရဲအောင်။

ဒီတုန်းက ပြင်သစ်ကလဲ ဗမာနဲ့ ရှေးက ထက်ပို့ပြီး ဆက်ဆံလာတယ်ကွဲ့။ ဒီတော့ အင်္ဂလိပ်ကပြင်သစ်ထက်လက်မြန်ပြီး ဗမာကို ရန်ရှာလာပြန်တယ်။

ရဲအောင်။ ။နယ်ချဲ့ သမား တွေဟာ ရန် စကိုဘဲ ရှာနေ ကြတာဘဲနော်။

ဘဘကြီး။ ။အဲဒီအချိန်တုန်းက မြင်ကွန်း မင်းသားနဲ့ မြင်းခုံတိုင်မင်းသားတွေဟာ ပုန်ကန် ထကြွ တိုက်ခိုက်ကြတဲ့အတွက် ကနောင် မင်းသား ကြီး ကျဆုံးသွားတယ်။

သူပုန်မင်းသားတွေ ပုန်ကန်မှု မအောင် မြင်လို့ တွက်ပြေးကြတော့ သီပေါမင်း နန်း တက်တယ်ကွဲ့။ သီပေါမင်း နန်း တက်ပြီး မကြာခင်ဘဲ မင်းညီ မင်းသား လေးဆယ် ကျော်ကို သတ်ပစ်လိုက်တယ်၊ ဗမာပြည်မှာ ပြည်တွင်းရေးတွေ ရှုပ်ထွေးပြီး စည်းလုံးမှု မှုတွေ ပျက်။အင်အား မရှိ ဖြစ်နေတဲ့ အ ချိန်မှာ အရှေ့အိန္ဒိယ ကုမ္ပဏီက ဗမာပြည် သစ်တောတွေက သစ်အလုံး ငါးသောင်းကို ခိုးထုတ်တယ် မောင်ရဲအောင်။



ဗမာအစိုးရက သစ်ခိုးတဲ့ အင်္ဂလိပ်တွေကို သစ်ခိုးမှုအတွက် ဒဏ်ငွေနှစ်သန်း သုံး သိန်း ပေးဘို့ ဆုံးဖြတ်လိုက်တယ်၊ အင်္ဂလိပ် ကုမ္ပဏီ က ဒဏ်ငွေမဆောင်ဘဲ အိန္ဒိယဘုရင်ခံချုပ်ထံ ကို တိုင်ကြား တယ်၊ဗမာ ပြည်မှာ နေတဲ့ အင်္ဂလိပ်တွေက ဗမာကိုဘဲ ရာဇသံပေးလိုက် သေးတယ်ကွဲ့။ ဒီတော့ ဗမာအစိုးရကပျော့ လာပြီး ဒဏ်ငွေတွေကို လျှော်ပစ်ပါမယ်လို့ အလျှော့ပေး စေ့စပ်ရှာတယ်။

ဒါပေမဲ့ အင်္ဂလိပ်တွေက အတင့်ရဲ အ နိုင်စီးပြီးဗမာကိုစစ်ကြေညာခဲ့တယ်၊၁၈၈၅ ခုနှစ်မှာ အင်္ဂလိပ်ဗမာ တတိယစစ်ပွဲကြီးဖြစ် ရပြန်တယ်။

…အောင်။ ။မန်းလေ-မြခလ ဆိုဘာလို လျှော့လေ-ကဲ လေဘဲနော်။

…ဘကြီး။ ။ဗမာသက္ကရာဇ် ၁၂၄၇ခုနှစ်တန်ဆောင်မုန်း လပြည့်ကျော် ၈ ရက်နေ့မှာ သီပေါ ဘုရင် နဲ့ မိဖုရား စုဖုရားလတ် တို့ကို ဖမ်း ယူ ပြီး ဗမာတပြည်လုံးကို အင်္ဂလိပ် နယ်ချဲ့သမားက သိမ်းယူလိုက်တော့တယ်၊ အဲဒီအချိန်ကစပြီး ဗမာတွေဟာ သူ့ကျွန်ဖြစ်ခဲ့ရတယ်ကွယ်။

www.burmeseclassic.com

## ဗမာ့တော်လှန်ရေး ခေါင်းဆောင်များ

ရဲအောင်။ ။ဗမာတွေသတ္တိမနဲ့ပါဘူး ဘဘကြီးရယ်၊ ဘာဖြစ်လို့ ပြန်မတိုက်ကြတာလဲ။

ဘဘကြီး။ ။မောင်ရဲအောင် ဗမာတွေကခေါင်းငုံ့ ခံပြီး မနေကြပါဘူးကွဲ့၊ ဒီခေတ်က ဘုရင်ကိုရွှေ့ တန်းတင်ထားတော့ နေပြည်တော်က အမိန့်ကို စောင့်စားရင်း အံ့အားသင့်နေကြတယ်၊ ရုတ်တရက် ပေါ်ပေါက်လိုက်တဲ့ အပြောင်းအလဲကို တွေဝေ သွားကြ တာ ပေါ့ကွယ်၊ နောက်တော့ ဗမာ့သတ္တိ၊ ဗမာ့ ရဲစွမ်းတွေ တက်ကြွလာပြီး ပျားအုံကိုတုတ်နဲ့ ထိုးလိုက်သလိုဘဲ ဗမာနိုင်ငံတဝှမ်းလုံးမှာအင်္ဂလိပ်နယ်



ချဲ့သမားကို ရရာလက်တွေနဲ့ တော်လှန် တိုက်ခိုက်ကြတယ်ကွဲ့။

ရဲအောင်။ ။အဲဒါမှဗမာကွ၊ ဒီလိုမှ ရဲအောင်က ကြိုက်တာဗျ၊ ဆက်ပြီးပြောပါအုံးဘဘကြီး။

ဘဘကြီး။ ။အဲဒီတုန်းက ခေါင်းဆောင်ပြီး တိုက်ကြတာကတော့....

ဒို့ဗိုလ်ချုပ်အောင်ဆန်းရဲ့အဘိုးတော်တဲ့ နတ်မောက်နယ်က ဗိုလ်မင်းရောင်၊ ဝန်းသိုနယ်က ဝန်းသို စော်ဘွားကြီး ဦးအောင်မြတ်၊ ဆင်ဖြူကျွန်းနယ်က ဗိုလ်ဥတ္တမ ခေါ်တဲ့ ရှင်ဥတ္တမ၊ ပုဂံနယ်က ဗိုလ်ချို။ ပုပ္ပါးနယ်က ဗိုလ်နက်ကျော်၊ ကျွန်းခင်းကြီးနယ်က ဗိုလ်လှကျော်၊ ဝဲလောင်းနယ်က ဗိုလ်ရွှေ၊ ဇီးကြီးပင်နယ်ကမြင်စိုင်းမင်းသား၊ ရွှေဘိုနယ်ကမင်းသားထိပ်တင်မှတ်။ ချောင်းဥ နယ်က မင်းသားစောရန်ပိုင်။ ကျောက်ဆည်နယ်က ဗိုက်သာကျွန်းတို့ဖြစ်ကြတယ်။

ဘဘကြီးမသိတဲ့ တော်လှန်ရေး ခေါင်းဆောင်တွေလဲရှိကြသေးတယ်ကွဲ့။

ရဲအောင်။ ။ဗိုလ်ချုပ်အောင်ဆန်းရဲ့အဘိုးဟာ ဗိုလ်မင်းရောင်တဲ့လား၊ ဗိုလ်ချုပ် အောင်ဆန်း ဟာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ခံ တော်လှန်တဲ့မျိုးရိုးသဲနော်၊ ဗိုလ်မင်းရောင် အကြောင်း ပြောပြပါ လား ဘဘကြီး။

ဘဘကြီး။ ။ဗိုလ်မင်းရောင်ကို ရွှေလရောင်လို့လဲ ခေါ်တယ်ကွဲ့။ ဗိုလ်မင်းရောင်ဟာ နတ်မောက်မြို့နားက မြို့လုလင်ရဲ့ မြို့သူကြီး ဖြစ်တယ်၊ သူကြီးကတော် ကတော့ ဒေါ်ရွှေသင် လို့ ခေါ်တယ်၊ သမီးငယ်နှစ်ယောက်ရှိတယ်ကွဲ့။

ရွှေလရောင်ဟာ ငယ်ငယ်ထဲက ဓါးခုတ် လှံထိုး၊ လေးပစ်၊ သေနတ်ပစ် ဝါသနာပါတယ်၊ ဆင်စီး၊ မြင်းစီးလဲ ဝါသနာ ပါသေးတယ်ကွဲ့၊ နယ်ချဲ့ အင်္ဂလိပ်တွေက သီပေါဘုရင်ကို ဖမ်းသွား တယ်လို့လဲ ကြားရော ဗိုလ်မင်းရောင်ဟာသူထိုင်နေတဲ့ ကွပ်ပျစ်ပေါ်မှာ မတ်တပ်ရပ်လိုက်ပြီး...

ဟေ့ ကိုလားပြွတွေ...မင်းတို့လက်အောက်မှာတော့ကျွန်ဖြစ်မခံဘူးဟေ့....မင်းတို့ကိုငါတိုက်မယ်၊ တိုင်းပြည်အတွက် အသက်ကို အသေခံမယ်ကွ....လို့ သံကုန် အော်ဟစ် ပြီး ဓါးကြိမ်း ကြိမ်းတယ်ကွဲ့၊ ဒီလို ကြိမ်းပြီးတော့ သမီးငယ်နှစ်ယောက်ကို သူတို့အဖွား



ထံ သွားအပ်ပြီး ဇနီးမောင်နှံ နှစ်ယောက်လုံး တိုက်ပွဲဝင်ဘို့ သဘောတူ ဆုံးဖြတ်လိုက်တယ်၊ အမျိုးနှင့် တိုင်းပြည်ကို ချစ်ကြတဲ့ ရွာသူရွာသားတွေလဲ ဗိုလ်မင်းရောင် နောက်ကိုလိုက်သွားကြတယ်၊၊ မကွေး၊ ရေနံချောင်း၊ တောင်တွင်းကြီး နယ်တွေက မျိုးချစ်လူငယ်တွေကိုလဲ ဗိုလ်မင်းရောင်ထံကိုလာရောက်စုရုံး ကြတယ်ကွဲ့။

ဗိုလ်မင်းရောင်ဟာ တပ်သားတသောင်းကျော် စည်းရုံးမိတယ်၊ရရာလက်နက် တွေကိုကိုင် ပြီး အင်္ဂလိပ် နယ် ချဲ့ သူ မား ကို တိုက် ခိုက် ကြ တယ်၊ နယ်ချဲ့ အင်္ဂလိပ် ရဲ့ တပ် သား တွေ မရှု မလှ ထိခိုက် ကျဆုံးခဲ့တယ်ကွဲ့။

အင်္ဂလိပ်တပ်တွေဟာ ခေတ်မှီ လက်နက်တွေနဲ့ မြင်းစီးတပ်တွေပါထပ်ဖြည့် ပြီးတိုက်ရတယ်၊ တဖက်က သစ္စာဖေါက် ပုဆိန်ရိုးတွေလဲ မနားမနေ လှည့်ဖြား စည်း ရုံးတယ်။ ဒါကြောင့် လေးတိုင်စင်ရွာ တိုက်ပွဲမှာ ဗိုလ်မင်းရောင် သေနတ် ထိသွား တယ်ကွဲ့။

www.burmeseclassic.com

www.burmeseclassic.com



ကုလားဖြူတွေကဗိုလ်မင်းရောင်ကို ဆေးကုပေးမယ်။ ရာထူးပေးမယ်လို့ ပြောပြီး ပုဆိန်ရိုး လုပ်ခိုင်း သေးတယ်ကွဲ့။ ဗိုလ်မင်းရောင်က ငါဟာဗမာ၊ ဗမာပြည်နဲ့ ဗမာလူမျိုးအပေါ်ဘယ်တော့မှ သစ္စာ မဖောက်ဘူးလို့ မာမာ ထန်ထန်ဘဲ အဖြေပေး လိုက်တယ်။ ဒီလိုဗမာ့သတ္တိ၊ ဗမာ့ရဲစွမ်းကိုပြပြီး၊ ကုလားဖြူတွေရဲ့ ခေါင်းဖြတ်တာကို ခံလိုက်တယ် ကွဲ့။ ဗမာ ပြည် ဗ မာ လူ မျိုး တွေ အတွက် အသက်ပေး တော်လှန်သွားတဲ့၊ ရဲရဲတောက်အာဇာနည် ပုဂ္ဂိုလ်ကြီးပါဘဲကွယ်။

ရဲအောင်။ ။တယ် သတ္တိကောင်းပါလား ဘဘကြီး။

ဘဘကြီး။ ။မောင်ရဲအောင် ဝန်းသို စော်ဘွားကြီး အကြောင်းကို ပြောပြ အုံးမယ် ကွဲ့။

ရဲအောင်။ ။ဟုတ်ကဲ့ပါ ဘဘကြီး။

စော်ဘွားကြီးဟာ ပြည်ထောင်စု သား ရှမ်းအမျိုးသားကြီးပေါ့ နော်။

ဘဘကြီး။ ။ဟုတ်တာပေါ့ မောင်ရဲအောင်၊

ရှမ်း အ မျိုး သား စော်ဘွားကြီ ဦးရေ သား ဒေါ်ဒွေးဖြူတို့ရဲ့ သား ကွဲ့၊ ငယ် မယ်က မောင်အောင်မြတ်လို့ ခေါ်တယ်



သီပေါမင်း လက်ထက်မှာ မိုးကောင်းက သူပုန်တွေကို တိုက်ခိုက် နှိမ်နင်း အောင်မြင် ခဲ့တယ်၊ ရဲသွေး ရဲမာန် အင်မတန်ပြည့်စုံတယ်၊ တိုင်းပြည်အပေါ်မှာ သစ္စာရှိတဲ့ ဂုဏ်တွေနဲ့ ပြည့်စုံလို့ ဝန်းသိုစော်ဘွာကြီး ဝန်းသိုစော်ဘွားကြီးလို့ ထင်ရှား ကျော် ကြား ခဲ့တဲ့ ပုဂ္ဂိုလ်ကြီး ဖြစ်တယ် ကွဲ့။

သီပေါဘုရင်ကို အင်္ဂလိပ်တွေ ဖမ်းသွားတယ်လို့ ကြားသိတာနဲ့ တပြိုင် နက် ဘဲ၊ အင်္ဂလိပ် နယ်ချဲ့ ကျူးကျော်သူတွေကို တွန်းလှန် တိုက်ခိုက်မယ်လို့ ဆုံးဖြတ် လိုက်တယ်။

အင်္ဂလိပ် တပ်တွေဟာ ဝန်းသိုမြို့ကိုတက်လာပြီး၊ ဝန်သိုစော်ဘွားကြီးနဲ့ တွေ့ဖို့စီစဉ်တယ်ကွဲ၊ စော်ဘွား ကြီးဟာ အခွေ့မခံဘဲ ထီးချိုင့်နယ်ဘက်မှာ တော်လှန်ရေးတပ်သွားတွေကို ဖြန့်ထားပြီး အင်္ဂလိပ် တပ် တွေ ကို ရက်ရက် စက်စက် တိုက်ထုတ်ပစ်လိုက်တယ်။

ပေကုန်း တိုက်ပွဲဟာ ထင်ရှားတဲ့ တိုက်ပွဲကြီးဖြစ်ပြီး၊ အင်္ဂလိပ်တွေ အတုံးအရှုံးကျဆုံး ကြ တယ်။ အဲဒီ တိုက်ပွဲမှာ အင်္ဂလိပ် စစ်ဗိုလ်ကြီး ဟတ်ချင်ဆန် ကျဆုံးသွားတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဝန်သို ၁စ်ဘွားကြီး ဦးအောင်မြတ် ရဲ့ အဖေ ဦး...သား ကာလ စစ်ကြောင်း တကြောင်း တာဝန် ယူ ပြီး တိုက် တယ်၊ ဒါကြောင့် မန်းဓမာက်နဲ့ ကျောက် တ လုံး တိုက် ပွဲ ဟာ စစ် နှစ် ကြောင်း ညှပ် ပြီး အင်္ဂလိပ်ကို တိုက်ခဲ့တဲ့ တိုက်ပွဲဖြစ်တယ်။

အင်္ဂလိပ်စစ်တပ်ဟာလက်နက်တွေအစုံတ... ပြီး၊ အမြဲတစေ အင်အား ဖြည့် နိုင်တယ်၊ ဗမာ့ တော်လှန်ရေးတပ်က ရရာလက်နက်နဲ့ ဘဲ တိုက်ကြရတယ်။ လက်နက်အင်အား ... ဖြည့်နိုင်ဘူးပေါ့ကွယ်။

ဒါပေမဲ့ ဝန်းသို စော်ဘွားကြီး ဟာ အနိုင်မခံ အရှုံးမပေး ဆိုတဲ့ သတ္တိကို ... မြဲမြဲ ကိုင် ထား တယ် ကွဲ့။ အင်္ဂလိပ် နယ်... သမား လက် အောက်မှာ ဘယ်တော့မှ ကျွ... မခံဘူး လို့ လဲ ဆုံး ဖြတ် ထား တယ်။ ဒါ... ကြောင့် လက်နက် အင်အား ကုန်ခန်း လာ... တော့၊ ယနန်နဂါ စန်တာ စော်ဘွားထံမှာ သွားရောက်နေထိုင်ခဲ့တယ်။

ရဲ အောင်။ ။တော်လှန်ရေးသမားကြီး တွေဟာ သတ္တိ ... ကောင်း ဇွဲလဲကောင်းကြ တယ်နော်။



ဘဘကြီး။ ။ဆင်ဖြူကျွန်း နယ်က ဗိုလ်ဥတ္တမလဲ ရှိသေး တယ်ကွဲ့။ သီပေါဘုရင် လက်ထက် မှာဘဲ ဆင် ဖြူ ကျွန်း မြို့မှာ ရှင်ဥတ္တမ အမည်နဲ့ ရဟန်းတပါးရှိတယ်။

ဗမာဘုရင်ကို အင်္ဂလိပ်က ဖမ်းသွားတယ် ဆိုတော့ ရှင်ဥတ္တမ ဟာ သင်္ကန်း ဝတ် ထား တာကို တောင် အာရုံ မစိုက်နိုင် တော့ဘဲ၊ ကုလားဖြူ တွေကို တိုက်ထုတ် ရမယ် တိုက် ထုတ်ရမယ်လို့ ကြွေးကြော်ခဲ့တယ်။

မျိုးချစ် တပ်သားတွေနဲ့ လက်နက်တွေ ကိုစုပြီး၊ တော်လှန်ရေးတပ်ကို ခေါင်းဆောင် ခဲ့တယ်၊ နယ်ချဲ့ ကုလားဖြူတွေကိုလေ ရှေ့ ကနေပြီး၊ ရဲရဲ ဝံ့ဝံ့ ရင်ဆိုင် တိုက်ခိုက်တာဘဲ၊ ရှင်ဥတ္တမက နေပြီး ဗိုလ်ဥတ္တမလို့ အမည်ခံ လိုက်တယ်ကွဲ့။

ရဲအောင်။ ။ဗမာ့ တော် လှန် ရေး ခေါင်း ဆောင် တွေ အတော်များတယ်နော် ဗမာတွေဟာ သတ္တိ ကောင်း စွမ်းရည်ကောင်း ပေမဲ့၊ လက်နက် ချင်းက မတူလို့သာ သူ့ကျွန်ဖြစ်ခဲ့ ရတယ် လို့ ရဲအောင် နားလည်သွားတယ် ဘဘကြီး။

ဘဘကြီး။ ။မောင်ရဲအောင် နားလည်တာလဲ မမှားဘူး ပေါ့ကွယ်၊ လက်နက် ချင်း မတူရုံ မကဘူး



www.burmeseclassic.com

www.burmeseclassic.com



ဗမာတွေဟာ အဲဒီတုန်းက ခေတ်နောက်ကျနေတယ်လို့ လဲတွေးနိုင်သေးတယ်။ဒီအထဲမှာ နန်းတွင်း အာဏာလုပွဲ တွေကတဖက်၊ လူတော်လူကောင်း တွေကို ဖျောက်ဖျက် ကြတာကတမျိုးနဲ့၊ တိုင်းပြည်ရဲ့ စည်းလုံးမှုကလဲ မရှိဘူးကွဲ့။ ဒါတောင်မျိုးချစ် တော်လှန်ရေးသမားကြီးတွေက ဆယ်နှစ် ဆယ်မိုးခါးကိုင်ပြီး တော်လှန် တိုက်ခိုက် နိုင် သေးတာဟာ ဗမာ့သတ္တိ၊ ဗမာ့ဇွဲ တွေ ပေါ့ မောင်ရဲအောင်။

ရဲအောင်။ ။ဘဘကြီး ရဲအောင် အိပ်ချင်ပြီဗျာ။

ဘဘကြီး။ ။အေးအေး အိပ် တော့ မောင် ရဲ အောင် ဘဘကြီးလဲ စာဖတ် လိုက်အုံးမယ် ကွဲ့ ဟု ပြောဆိုကာ မောင်ရဲအောင်လည်း အိပ်ရာသို့ ဝင်လေသည်။

သူ့ကျွန်ဘဝ

မောင်ရဲအောင်သည် ဗမာပြည်ကိုနယ်ချဲ့ သမားတို့ သိမ်းယူသွားသည်ဟု ဘဘကြီးပြောပြသည် ကို ကြားသည့် အချိန်ကစပြီးဘဘကြီးနားကိုမလာတော့ဘဲအိမ်သူ အိမ် သားတွေနဲ့ ဝေးဝေးနေကာ တယောက်ထဲဗမာပြည်နယ်ချဲ့ ကျွန်ဖြစ်တယ်။ ဗမာပြည်ကို နယ်ချဲ့သမားတွေ သိမ်းသွားတယ် ဆိုတဲ့စကား လုံးကို ရေရွတ် ကာ တွေဝေ ငေးမှိုင်ကာ သာ နေလေတော့ သည်။တပတ်ခန့်ကြာသော အခါမှ ဘဘကြီးထံသို့ချဉ်းကပ်လာပြီး ဘဘကြီး ရဲအောင် သိချင် တာတွေ ပြောပြပါအုံးဟု ဆိုလေသည်။

ရဲအောင်။ ။ဘဘကြီး ကျွန်ဘဝ ဆိုတာနဲ့ အခြင်း ဘဝဆိုတာ ဘာတွေထူးခြားပါသလဲ။

www.burmeseclassic.com

www.burmeseclassic.com



ဘဘကြီး။ ။သခင်ဘဝဆိုတာကိုယ့်တိုင်းပြည်၊ကိုယ့်လူမျိုးနဲ့ ကိုယ်တိုင် အုပ်ချုပ်စီမံတာကွဲ။ပညာရေးကိစ္စ၊ စီးပွားရေးကိစ္စ၊ ကာကွယ် ရေးကိစ္စ၊ ဘဏ္ဍာရေးကိစ္စ၊ ကျန်းမာရေး ကိစ္စဆိုတဲ့ တိုင်းပြည်ရဲ့ ကိစ္စ၊ တိုင်းပြည်ရဲ့ အရေးအခင်းအားလုံးကို သဘောကျ ဆောင် ရွက်နိုင်တယ်။ ကိုယ့် တိုင်းပြည်ရဲ့ တိုးတက် မှုကိုယ့် လူမျိုးရဲ့ ကြီးပွားမှုတွေကိုကို အစွမ်းကုန်ဆောင်ရွက်နိုင်တယ်ကွဲ့။

ကျွန်ဘဝ ဆိုတာက ကိုယ့် လူမျိုး၊ ကိုယ့် တိုင်းပြည်၊ ကိုယ့်နိုင်ငံကို တိုင်းခြား နိုင်ငံခြားက သိမ်းယူအုပ်ချုပ်တယ်၊ သူတို့ ခိုင်းတာကိုလုပ်ပြီး သူတို့ ပေးတာ ယူရတယ်၊ သူတို့ကျွေးတာကို စားပြီး သူတို့ စီမံရာကိုခံနေရတယ်၊ သူတို့ လိုချင်တာတွေ ယူ၊ သူတို့လုပ်ချင်တာတွေလုပ်၊ သူတို့ သွေးစုပ်တာကိုခံနေကြရတဲ့ ဘဝပါဘဲကွယ်။

ရဲအောင်။ ။ဘဘကြီးတို့က ကျွန်ဘဝရဲ့ ခံစားချက်တွေကို ကိုယ်တိုင်သိခဲ့ကြရတာပေါ့နော်။

ဘဘကြီး။ ။ဒို့တိုင်းပြည်ဟာ ၁၂၄၇ ခုနှစ်ကစပြီး တနိုင်ငံလုံး ကျွန်ဖြစ်ခဲ့ရတယ်၊ အောက် ဗမာပြည်ဆိုရင်နှစ်ပေါင်းတရာကျော်ပြီး အထက်



ဗမာပြည်ဆိုရင် နှစ် ပေါင်း ခြောက် ဆယ်ကျော် ကျွန်ဖြစ်ခဲ့ရတယ်၊ နှစ်ပေါင်း တရာပတ်ဝန်းကျင်ဟာ ဗမာပြည်ရဲ့ ကျွန်သက်လို့ ဆိုနိုင်တာပေါ့။

ရဲအောင်။ ။ဘဘကြီးတို့ တွေ့ကြုံ ခံစားရချက် တွေကိုရဲအောင်တို့ကိုပြောပြပါလား ဘဘကြီး။

ဘဘကြီး။ ။အင်္ဂလိပ် နယ်ချဲ့ သမားဟာ ဗမာပြည်ကိုသိမ်းယူပြီးတော့ ဗမာပြည်ကို အုပ်ချုပ်ဘို့မဟာမင်းကြီးတဦးခန့်တယ်၊ ၁၇၉၇ ခုနှစ်မှာ အိန္ဒိယပြည်ရဲ့ လက်အောက်ခံပြည်ရယ်လို့ ကြေညာတယ်ကွဲ့၊

နယ်ချဲ့သမား လက်ထက်မှာ အခွန်တွေအမျိုးမျိုးတည်ထွင်ပြီးကောက်တယ်၊ ဗမာတွေကို စုစုရုံးရုံး မနေအောင် အမျိုးမျိုးသွေးခွဲတယ်၊ အသင်းတွေ၊ အဖွဲ့တွေ မထောင်ရဘူးလို့ ပြောတားတယ်၊ သူတို့ကတော့ ဝိုင်၊အမ်၊စီ၊အေ ဆိုတဲ့ ခရစ်ယာန် လူငယ်အသင်းကို တည်ထောင်ထားတယ်၊ သူတို့ပြောတာ နားထောင်၊ သူတို့ပေးတာယူ၊ သူတို့ခိုင်းတာလုပ်၊ သူတို့ပေးသမျှယူ၊ သူတို့ကျွေးသမျှ စားကြရတယ်ကွဲ့။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကိုသခင်ကြီး၊ သခင် လေးရယ်လို့ ကင်ပွန်းတပ်ပြီး ဗမာတွေကိုခေါ်ခိုင်း သေးတယ် မောင်ရဲအောင်။

### ဂျီစီဘီအေနဲ့ ဝံသာနုခေတ်

ရဲအောင်။ ။ကျွန်တဝ ဟာ တယ်ပြီး အောက်ကျ ပါကလား ဘဘကြီး။

ဘဘကြီး။ ။နားထောင်ပါအုံး မောင်ရဲအောင်ရယ်။

၁၉ဝ၈-ခုနှစ်ကျတော့ ဗမာတွေဟာ အမျိုးသားစိတ် ကြွတက် လာပြီး ဝိုင် အမ် ဘီ အေ ဗုဒ္ဓဘာသာကလျာဏယုဝ အသင်း ရယ်လို့ တည်ထောင်လိုက်တယ်။

နောက်တော့ ဗမာတပြည်လုံးမှာလူငယ် လူရွယ်တွေ စုစည်းခါ အသင်းတွေ တည် ထောင် ကြ ပြီး ဂျီစီဘီအေ အသင်း ကြီး ပေါ်ပေါက်လာခဲ့တယ်။ ဂျီစီဘီအေ ဆိုတာ က ဗမာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအသင်း ချုပ်ကြီးဖြစ်တယ်ကွဲ့။

ရဲအောင်။ ။ဂျီစီဘီ အေ က ဘာ တွေ လုပ်ပါ သလဲ ဘဘကြီး။

ဘဘကြီး။ ။ဂျီစီဘီအေက စပြီး စည်းရုံး လိုက် ကြတာ ဝံသာနု အသင်းတွေ တနိုင်ငံလုံး ပေါ်လာ



ပြန်တယ်၊ ဝံသာနု အသင်းတွေမှာ အမျိုးသားတွေရော၊ အမျိုးသမီးတွေရော ပါဝင်လာကြတယ်၊ မြို့တွေတင် မက၊ ကျေးရွာတွေပါ ဝံသာနု အသင်းတွေ ပေါ် ပေါက်ခဲ့တယ်၊ အသင်းပေါင်းရှစ်ထောင်ကျော်ပြီး အသင်းဝင်ပေါင်း သိန်းနဲ့ ချီပြီး ပါဝင် စည်းရုံးလာကြတယ်ကွဲ့။

အိမ်တွေ၊ အိမ်တွေမှာ ဝံသာနု ဆိုတဲ့ စာလုံးတွေ ရေးကပ်ထားကြပြီး နိုင်ငံခြား ကလာတဲ့ ကုန်ပစ္စည်းတွေကို မသုံးကြစတမ်း ဆုံးဖြတ်ကြတယ်၊ အမျိုးသား တွေက ပင်နီ အင်္ကျီနဲ့ ယောလုံချည်ကို ဝတ်ကြတယ်၊ အမျိုးသမီးတွေက ပင်နီအင်္ကျီနဲ့ ယောထမီကို ဝတ်ကြတယ်ကွဲ့။

ရဲအောင်။ ။အားလုံး ပင်နီဝတ်ကြတော့ကြည့်လို့ သိပ်လှမှာဘဲနော်။

ဘဘကြီး။ ။အဲဒီအခါက ပင်နီ အင်္ကျီနဲ့ ယော ဆိုတာဟာ ရေပန်းစားတာပေါ့ကွယ်၊ ပင်နီရောင် ဝါနီနုနဲ့ ယောလုံချည် မဲပြာနက်ဟာ အင် မတန်ကျက်သရေရှိတယ်ကွဲ့။

ရဲအောင်။ ။ရဲအောင် ဝတ်ထားတဲ့ ပင် နီကြီး လား ဘဘကြီး။

www.burmeseclassic.com

www.burmeseclassic.com



ဘဘကြီး။ ။မောင်ရဲအောင်တို့တတ်တဲ့ ပင်နီကချည်ချော ကို ပင်နီရောင်ဆေးဆိုးထားတာဘဲ၊ဟိုတုန်းက ပင်နီက ဝါဖြူတွေ ထဲက ပေါက် ထွက်လာတဲ့ ဝါနီကို ယက်ထားတာကွဲ။ ချည်လုံးကြီးတွေက ကြမ်းလိုက်ထာပကွာ။ ဒါပေမဲ့ ချည်ချောတာ ကြမ်းတာကို အရေး မထားကြဘူးဗမာပြည်မှာဖြစ်တဲ့ ပစ္စည်းကို အမျိုးသားစိတ်နဲ့ ပြည်ချစ်တိုင်းချစ် စိတ်နဲ့ သုံးကြတယ်၊ ဝတ်ကြတယ်ကွဲ။

ပင်နီနဲ့ ပတ်သက်လို့
မယ်တို့ရွာဘာတွေပေါထယ်
ပင်နီချောရယ်နဲ့ ယောသမီ

ဆိုတဲ့ သီချင်းတောင်ပေါ်ခဲ့သေးတယ်၊ အဲဒီအခါတုန်းက ဗမာ့မျိုးချစ် ဘုန်းတော်ကြီးတပါးလဲပေါ်ခဲ့သေးတယ် မောင်ရဲအောင်။

## မျိုးချစ်ဘုန်းတော်ကြီး ဦး ဥတ္တမ

ရဲအောင်။ ။ဘယ်သူပါလဲဘဘကြီး။

ဘဘကြီး။ ။ဘုန်းတော်ကြီးဘွဲ့ ကဦးဥတ္တမတဲ့၊ရခိုင်အမျိုးသားကြီးကွဲ၊စစ်တွေမြို့မှာမွေးတယ်၊အဖေက ဦးမြအမေက ဒေါ်အောင်ကျော်သူလို့ ခေါ်တယ်၊လူနံမယ်ကတော့ ပေါ်ထွန်းအောင် တဲ့ ကျော်ထွန်းအောင်ဆိုတဲ့ ညီ တယောက် နဲ့



မအိမ်စိုးလို့ ခေါ်တဲ့ညီမတယောက်လဲရှိတယ် သူတို့မောင်နှမ သုံးယောက်ဟာ ကျွန်ခေတ်မှာ မွေးကြပြီး ကျွန်ပညာကို ပထမဆုံးသင်ယူကြတဲ့ သူတွေပေါ့ကွယ်။

ပေါ်ထွန်းအောင်ဟာ စိတ်ထက်ပြီး ကြိုးစားမှုရှိတယ်ကွဲ၊ ကျောင်းစပြီး နေကတဲက ဒုတိယဆုဆိုတာမမြော်လင့်ဘဲပထမဆုကိုသာ မြော်မှန်းခဲ့တယ်။ အသက်တဆယ့်သုံးနှစ်ကျတော့ကျောင်းကထွက်ပြီးဘိုးသူတော်အဝတ်ကိုဝတ်တယ်၊ တဆယ့် ခြောက်နှစ် ကျတော့ ကိုရင်ဝတ်ပြီး ပခုက္ကူကိုစာသင်သွားတယ်၊ ကိုရင်ဘဝမှာ ရှင် ဥတ္တမ ဘွဲ့ကို ခံယူတယ်။

ပခုက္ကူက ပြန်လာပြီး၊ အိန္ဒိယ ပြည် ကာလ ကတ္တား မြို့မှာ သုံးနှစ် ပညာ သွားသင်တယ်၊ ကာလကတ္တား မြို့မှာ ဆယ်တန်းအောင်ခဲ့တယ်။ ဆယ်တန်း အောင် တော့ ဗမာပြည် ပြန်လာပြီး ပခုက္ကူမှာဘဲ ရဟန်းဝတ်တယ်။

ဦးဥတ္တမဟာ ပြင်သစ်ပြည်၊ ဂျပန်ပြည်၊ တရုတ်ပြည်၊ ကိုရီးယားပြည်၊ မန်ချူးပြည်၊ ကမ္ဘောဒီးယားပြည်နဲ့ ယိုးဒယားပြည်တွေ

www.burmeseclassic.com

www.burmeseclassic.com



ကို သွားရောက်ပြီး၊ နိုင်ငံရေး ပညာ တွေကို လေ့ လာ ခဲ့တယ်။ ၁၉၁၉ ခုနှစ်မှာ ဗမာ ပြည်ပြန်လာပြီး နိုင်ငံရေးတရား ဟောတယ်။

ဗမာပြည်မှာ ပုလိပ်ငယ်ငယ် ကလေးကို ထောင် ကြောက် နေရတဲ့ အချိန် ဖြစ်ပြီး၊ ဗမာပြည် ဘုရင်ခံ နံမယ်က ကရက်ဒေါက် ထဲ့၊ ဦးဥတ္တမက ဘုရင်ခံ ကရက်ဒေါက် ပြန် သွားလို့ တရားပွဲမှာ ဟောတယ်။ ဒါနဲ့ ဘုရင်ခံက ဦးဥတ္တမကိုထောင်ထဲ သွင်းလိုက် တယ်ကွဲ့။

ဦးဥတ္တမဟာ နိုင်ငံရေးတရား ဟောလိုက် ထောင်ကျလိုက်နဲ့ ထောင်ထဲကို ခဏခဏ ရောက် ခဲ့ တယ်။ ၁၉၂၄ ခုနှစ် ကျ တော့ ရန်ကုန်မြို့မှာ မြို့လုံးကျွတ် အစည်း အဝေး ကြီးလုပ်ပြီး၊ မဟုတ်ရင် ခေါင်းငုံ့မခံကြနဲ့ လို့ ဦးဥတ္တမက တရားဟောပြန်တယ်၊ ဒီလို ပြောရမလားဆိုပြီး ဦးဥတ္တမကိုဖမ်းတယ်၊ အမှု စစ်တဲ့ နေ့ကျတော့ ရဟန်းတွေရော၊ လူတွေ ရော သွားကြရာမှာ မျက်နှာဖြူ အမှုထမ်း တွေကရိုင်းရိုင်းပြပြ စော်ကား ပြောဆိုကြ တယ်၊ ဒီတော့ရဟန်းရောလူပါ အခု ဗန္ဓုလ ပန်းခြံလို့ ခေါ်တဲ့ ပန်းခြံကြီးထဲမှာ လူထု အစည်းအဝေးကြီးလုပ်တယ်မောင်ရဲအောင်



လူထု အစည်း အဝေးကြီးကို မျက်နှာဖြူ ပုလိပ်တွေက တုတ်တွေနဲ့ ရိုက်၊ မြင်းတွေနဲ့ နင်းပြီး လူစုခွဲတယ်၊ ဦးဥတ္တမကိုလဲ ထောင် ချ ပစ်လိုက်တယ်ကွဲ့။

ဗမာနိုင်ငံမှာဦးဥတ္တမကြောင့် မျိုးချစ်စိတ် တွေ ပိုမို တက်ကြွလာခဲ့ တယ်၊ ကျောင်း သားသပိတ် ကြီးတုံး ကလဲ ဦးဥတ္တမ ဟာ အိန္ဒိယပြည်မှာ ရောက်နေတာတောင် အချိန် မှီ အောင် လာပြီး ကူညီ သေး တယ် ကွဲ့၊ မျိုးချစ် ဘုန်းတော်ကြီး ဦးဥတ္တမ ဟာ ၁၉၃၉ ခုနှစ်မှာ ပျံလွန်တော် မူရှာတယ်။

**၁၉၂၀ ခုနှစ် ကျောင်းသား သပိတ်**

ရဲအောင်။ ။ဟို တုံးက ကျောင်းသားတွေဟာ သပိတ် မှောက်ကြသေးသလား ဘဘကြီး။

ဘဘကြီး။ ။၁၉၂၀ ခုနှစ် ကျောင်း သား သပိတ်ဟာ ပထမဆုံး သပိတ်ကြီးပေါ့ မောင်ရဲအောင်။ ၁၉၂၀ ခုနှစ် မတိုင်မီ ကဘဲ ရန် ကုန် မှာ ကောလိပ် ကျောင်း ရှိ ပြီ ကွဲ့၊ ဒါပေမဲ့ ရန်ကုန် ကောလိပ်ကို ကာလကတ္တား ကော လိပ်ရဲ့ လက် အောက် မှာ ထား တယ်။ ၁၉၂၀ ခုနှစ်မှာမှ သီးခြား တက္ကသိုလ်ဖြစ် လာတယ်၊ အဲဒီနှစ်မှာဘဲ ကျောင်းသားတွေ ကသပိတ်မှောက်ကြတာဘဲ မောင်ရဲအောင်။

www.burmeseclassic.com

www.burmeseclassic.com



ရဲအောင်။ ။တာကြောင့်သပိတ်မှောက်တာပါလဲဘဘကြီး။

ဘဘကြီး။ ။တက္ကသိုလ် ကျောင်းဥပဒေတွေနဲ့ ပညာရေးစနစ်ကို မကြိုက်ကြလို့ သပိတ် မှောက်ကြတယ် မောင်ရဲအောင်။

တက္ကသိုလ်ကျောင်းကစပြီးသပိတ်မှောက်လိုက်တာ ဗမာ တပြည်လုံးမှာရှိတဲ့ ကျောင်းတွေ အားလုံးပါဝင်ကြတယ်။ အဲ ဒီအချိန်ကစပြီး အမျိုးသား ကျောင်းတွေ ပေါ်ပေါက်လာ ခဲ့ တယ်၊ အမျိုးသား ပညာရေး စနစ်ကြီးလဲပေါ်လာပြီး၊ အမျိုးသား စိတ်တွေတက်ကြွလာခဲ့ကြတယ်။အမျိုးသားကျောင်းတွေဟာအမျိုးသား စိတ်ကိုတက် ကြွအောင်ခိုင်မြဲအောင် ဆောင်ရွက်ပေးတဲ့ နေရာတွေဖြစ်လာခဲ့တယ်ကွဲ။

ကဲ—မောင်ရဲအောင် ဘဘကြီးလဲ မောသွားပြီ၊ နားကြအုံးစို့ကွယ်။

ရဲအောင်။ ။ဘဘကြီးကလဲ ကောင်းတုံးမှ ရပ်လိုက်တာကိုး၊ ဆက်ပြောပါအုံး ဘဘကြီးရယ်။

ဘဘကြီး။ ။ဆက်ပြော စရာအများကြီး ရှိသေးတယ်ကွဲ၊ မောင်ရဲအောင် ဒီနေ့တော့နားကြပါအုံးစို့ကွယ်ဟု ပြော၍ အနားယူကြ လေသည်။

## လယ်တောသို့ခရီးထွက်ခြင်း

တနေ့သော နံနက်စောစောတွင်မောင်ရဲအောင်နှင့် ဘဘကြီးတို့သည် ထမင်းထုပ်ကိုယ်စီဖြင့်စုပေါင်း လယ်ထွန်ပွဲသို့ သွားရောက်ကြလေသည်။

ရဲအောင်။ ။အိုးစည်တွေတီးလို့ ပါလား၊ ကတဲ့လူကကနေကြတယ်၊ သူတို့ ဘာဖြစ်လို့ တီးကြကကြတာပါလဲဘဘကြီး။

ဘဘကြီး။ ။စု ပေါင်း လယ် ယာ မြေ ထွန် ပွဲလေမောင်ရဲအောင်။

ပျော်ပျော် ရွှင်ရွှင်ဘဲ တီး သူ က တီးတယ်၊ ကသူကကတယ်၊ ခုန်သူက ခုန် ကြတယ်၊လယ်ယာမြေတွေကိုထွန် သူတွေကထွန်နေကြတာကွဲ။

ရဲအောင်။ ။ရေတွေ၊ ရွှံတွေထဲမှာလဲ နွားကြီး တွေနဲ့ သွားနေကြတယ် ဘဘကြီး၊ သူတို့က ဘာတွေလုပ်နေတာလဲ။

ဘဘကြီး။ ။အဲဒါပေါ့ မောင်ရဲအောင်၊ လယ် ထွန်တယ်ဆိုတာ၊မောင်ရဲအောင် ဘဘကြီးလက်ညှိုးထိုးတဲ့ နေရာကိုကြည့်ကွဲ၊ ဟော ဟိုက လူကိုင်

www.burmeseclassic.com

www.burmeseclassic.com



ထားတာက ထွန်တုံးလို့ ခေါ်တယ်ကွဲ၊ ထွန်တုံးကအတံ ကလေးတွေက ထွန်တံ ခေါ်တယ်၊ ထွန်တုံးကို ထမ်းပိုး တပ်ပြီး နွားကို ဆွဲခိုင်းတယ်၊ လူက ထွန်တုံးကို စီးကိုင် ပြီး လိုက်ရတယ်ကွဲ။

ရဲအောင်။ ။ဘာလုပ်ဖို့လယ်ထွန်တာလဲ ဘဘကြီး၊

ဘဘကြီး။ ။မြေတွေပွပြီးလာအောင်မိုးရွာစ မိုးဦးကျမှာ လယ်ထွန်ကြရတယ်၊ ပျိုးထားတဲ့စပါးပင်ကလေးတွေကို နုတ်ယူပြီးထွန်ထားပြီးတဲ့ လယ်မြေတွေမှာ ပျိုးပင်ကလေးတွေကို တန်းစီပြီး စိုက်ကြ ရတယ်၊ အဲဒါကို မျိုး နုတ် တယ်၊ ကောက်စိုက်တယ်လို့ ခေါ်တယ်ကွဲ။ မိုးရွာတော့စပါးပင်လေးတွေဟာ ရှင်သန် လာကြပြီး တဖြည်းဖြည်းကြီး လာကြတယ်၊ မိုးကုန်ကာနီးတော့ စပါးနှံ လေး တွေပေါ်ထွက် လာကြ တယ်ကွဲ့၊ ဆောင်း ရာသီ ဝင်လာတော့ စပါး နှံ တွေဟာ ရွှေ ရောင် သန်း လာကြပြီး၊ တဖြည်းဖြည်းမှည့်လာကြတယ်။ ဒီတော့ စပါးတွေကို ရိတ်ကြပြီး၊ စပါးနှံတွေကို စည်းထားကြရတယ်။ စပါးနှံ စည်းတွေကို ကောက်လှိုင်းလို့ ခေါ်ကြတယ်ကွဲ့။



ရိတ်ပြီး လယ်ကွက် တကွက်ကို မြေညီအောင် တလင်း လုပ်ကြတယ်။အဲဒီ တလင်း ပေါ်မှာ ကောက်လှိုင်းတွေကို ဖြန့်ပြီး နွားနဲ့ နင်းကြရတယ်။ ဒါကို စပါး နယ်တယ်လို့ ခေါ်ကြတယ်။ စပါးစေ့ကို ရတော့ အမှိုက်တွေနဲ့ စပါးစေ့ တွေကို ခွဲခြားဖို့ လေအလာမှာ ဇကာထဲကို လောင်းထည့်ပြီး ဇကာကိုလှုပ်ပေးရတယ်။ အဲဒါကိုစပါးလှေ့တယ်လို့ ခေါ်တယ်။

စပါးစေ့ကိုကြိတ်ကြ၊ထောင်းကြတော့မှ ဆန်ဖြစ်လာတယ်။ ဆန်ကို ချက်လိုက်တော့မှ မောင်ရဲအောင်တို့ နေ့စဉ် စားနေ ကြတဲ့ ထမင်းဖြစ်လာတယ်ကွဲ့။

ရဲအောင်။ ။ပင်ပန်းလိုက်တာ ဘဘကြီးရယ်။ ပြည်သူ့ဆိုင်မှာ သွားဝယ်ရင် ဆန်ကိုလွယ်လွယ် ရတာဘဲလို့ ရဲအောင်တို့က နားလည် ထားတာဘဲ။

ဘဘကြီး။ ။မောင်ရဲအောင်တို့ လွယ်လွယ်ကူကူ ဝယ်ပြီး စားနိုင် အောင် လယ် သ မား ကြီး တွေက လယ်လုပ် ပေးကြ ရတယ်။ ဆိုတာ သဘော ပေါက်ရဲ့လား မောင်ရဲအောင်။

www.burmeseclassic.com

www.burmeseclassic.com



ရဲအောင်။ ။လယ်သမားဆိုတာဟောဟိုကလယ်တွေထဲမှာ နွားတွေနဲ့ အတူတူ လုပ်အား ပေးနေကြတဲ့ လူတွေလား ဘဘကြီး။

ဘဘကြီး။ ။ဟုတ်ပေတယ်မောင်ရဲအောင်။
လယ်သမားဆိုတာ လယ်ထွန် ရတယ်၊ စပါး စိုက်ရတယ်၊ မိုးရွာမရှောင် နေပူမရွေး၊လယ်သမားတွေက အလုပ် လုပ်ပေး ကြလို့၊ ဒို့တတွေ ထမင်းစားကြရတာကွဲ့။

ရဲအောင်။ ။လယ်သမားတွေကို ကျေးဇူးတင်ဘို့ ကောင်းတယ် ဘဘကြီး။

ဘဘကြီး။ ။လယ်သမားတွေဟာတနှစ်လုံးလုံးဆိုပါတော့ကွယ်၊ လယ်ကွင်းထဲမှာ တနေကုန် ပင်ပင်ပမ်းပမ်း အလုပ် လုပ်ကြရ တယ်ကွဲ့။ အခုခေတ်ကတော့ ဒို့အစိုးရက လယ်သမားကြီးတွေကိုအကူအညီပေးပြီးရှေ့တန်းကိုတွန်းပို့နေတယ်။ ကျွန်ခေတ်က လယ်သမားတွေဆိုရင် သိပ်ပြီး ဒုက္ခရောက်ခဲ့ကြတာဘဲ။

## လယ်သမားဘဝ

…အောင်။ ။ကျွန်ခေတ် လယ်သမား ကြီးတွေ အကြောင်း ပြောပြပါအုံး ဘဘကြီး။

…ကြီး။ ။ဒို့ဗမာပြည်ဟာလယ်ယာနိုင်ငံကွဲ့၊ ရှေးရှေး အခါ ကတဲက သစ်တော တွေကို ရှင်း ပြီး လယ်ယာမြေတွေတည်ခဲ့ကြတယ်၊ တောင်သူယာခုတ်၊လယ်လုပ်ပြီး အသက်မွေးခဲ့ကြတယ်ကွဲ့။

အင်္ဂလိပ်နယ်ချဲ့ သမားဟာ ဗမာပြည်ကို သိမ်းပြီး မကြာခင်ဘဲ လယ်ခွန်၊လူခွန်ဆိုပြီး အခွန်အမျိုးမျိုး ကောက်တယ်။

…အောင်။ ။လူခွန် ဆိုတာကဘယ်လိုပါလဲ ဘဘကြီး။

…ကြီး။ ။လူဘိုင်း လူတိုင်းကိုအခွန် ကောက်တာပေါ့မောင်ရဲအောင်။

လူပျို ဆိုရင် နှစ် ကျပ် ခွဲ၊ အပျို ဆိုရင် လဲ နှစ်ကျပ်ခွဲ ဆောင် ရ တယ်၊ လင်မယား တစုံဆိုရင် ငါးကျပ် ပေးပြီး၊ကိုယ့်ဟာကိုယ် တည်ထွင်ထားတဲ့ လယ်မြေအတွက်လဲ အခွန် ပေး ဆောင် ရ တယ်ကွဲ့။ လယ်ယာသမား ကြီးတွေဟာ ရွှံ့ထဲ၊ ရေထဲ၊ နေပူ

www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ တကုပ်ကုပ် လုပ်ကိုင်ပြီး အခွန်တွေကို ပေးဆောင် နေရတယ်၊ လယ် သမားတွေက ပေးဆောင်တဲ့ အခွန်ငွေကို လယ်သမားတွေ အတွက် မယ်မယ်ရရ ဘာမှလုပ် မပေးဘူးကွဲ၊ ရတဲ့ အခွန် ငွေတွေကို သုံးဖြုန်းစားသောက်ကြတာပါဘဲကွယ်။

လယ်သမားကြီးတွေစိုက်ပျိုး ကြလို့ ထွက်ပေါ်လာတဲ့ စပါးတွေကျတော့လဲ ကုန်သည်တွေက ဈေးနှိမ်နှိမ်နဲ့ ပေးဝယ်ပြီး ဈေးကြီးကြီးနဲ့ ပြန်ရောင်းစားကြတာဘဲကွဲ့။

ရဲအောင်။ ။ကုန်သည် တွေက အမြတ်စားကြ တာပေါ့ ဘဘကြီး။

ဘဘကြီး။ ။မှန်တယ် မောင်ရဲအောင်၊

အမြတ် စားတာမှ အမြတ် ကြီးကြီးကို စားတာကွဲ့၊ လယ်သမားတွေက လုပ်အားနဲ့ ကြိုးကုပ် လုပ်ဆောင် ထားရတဲ့ တန်ဖိုးကို ကုန်သည်တွေက ခေါင်းပုံ ဖြတ်တယ်လို့လဲ ဆိုနိုင်သေးတယ်ကွဲ့။

ရဲအောင်။ ။လယ် သမား ကြီးတွေက ကုန်သည် တွေ ကို မရောင်းဘဲ နေပါ လား ဘဘကြီး။

ဘဘကြီး။ ။မရောင်းဘဲ နေလို့လဲ မဖြစ်လို့ ရောင်း ရတာပေါ့ မောင်ရဲအောင်၊ လယ်ပြီးလို့ စပါးတွေ ထွက်လာတော့၊ ဝတ်ဖို့၊ နေဖို့၊ ဆေးဝါးစားဖို့ လယ်ပြန်လုပ်ဖို့ အသုံး အဆောင်ကိရိယာ တွေက လိုလာတယ် ကွဲ့။ ဒီတော့ သူတို့ပေးတဲ့ ဈေးနဲ့ဘဲ ရောင်းကြရပြီး၊ ရတဲ့ ငွေနဲ့ဘဲ လယ် သမား တွေက မဝ တဝ မလောက်မငလောက် စားသောက်နေထိုင်ရရှာတယ်။



ရဲအောင်။ ။ဘဘကြီးကလဲ ကိုယ် စိုက်လို့ ရ ထား တဲ့ စပါးတွေ ရှိရက်သားနဲ့ လောက်အောင် ဝအောင် စားလို့ ရပါတယ်ဗျာ။

ဘဘကြီး။ ။ဒီလို မဖြစ်လို့ ပေါ့ မောင်ရဲအောင်။

စပါးတွေ ရပေမဲ့၊ လယ် သမား ကြီးတွေဟာ လယ်လုပ်တုန်းကစားသုံးခဲ့တဲ့ ဟင်းလျာကြွေးတွေ၊ အဝတ်အထည် ကြွေးတွေ၊ တဲဆောက်တဲ့ ကြွေးတွေ ပေးရသေး တယ် ကွဲ့၊ ဒီကြွေးတွေမှာလဲ အတိုးဆိုပြီး အပို ငွေတွေ ထည့်ပြီး ပေးဆပ်ရသေးတယ်၊ ကြွေးနဲ့ အတိုးကို ပေးလိုက် ရတော့ စပါး လက်ကျန် မရှိတော့ဘူး ကွဲ့။

နောက်နှစ် လယ်လုပ်ဖို့ စားသောက်ဖို့ ကြွေးယူရပြန်တယ်၊ လယ်လုပ်လို့ စပါးပင်တွေ ထိုးထိုး ထောင်ထောင် ဖြစ်လာတကထဲက စပါးကို ကြိုတင်ရောင်းချရ တာလဲရှိသေး

www.burmeseclassic.com

www.burmeseclassic.com



သူကွဲ၊ ပင်ထောင် စံနှစ်လို့ ခေါ်ကြတယ်၊ အဲဒီလို တနှစ်ထက် တနှစ် ကြွေး တွေ ကတိုးလာပြီး လယ်သမား ကြီး တွေ တည်ထားတဲ့ လယ်မြေ တွေကို ငွေရှင် ကြွေးရှင်တွေထံမှာ ထိုးပြီး ရောင်းချ ရတော့ တယ်။

ငွေရှင် ကြွေးရှင် တွေက လယ်သမားကြီးတွေကို အဆမတန် အတိုးတွေနဲ့ ငွေကိုချေးတယ်၊ ပင် ထောင် စံနစ်နဲ့ စပါးကို ချေးနဲနဲနဲ့ ပေးဝယ်တယ်၊ စပါးပေါ်ရင် ပေးဆိုပြီး စပါးပေးနဲ့ အဝတ်အထည် ပစ္စည်းတွေကို ချေးကြီးကြီးနဲ့ ရောင်းချကြ တယ် ကွဲ၊ စပါး ပေါ်ချိန်လဲ ကျရော၊ ကြွေး တွေ ကိုအတင်း အဓမ္မ တောင်း ကြတယ်၊ အကြွေးကိုပြေလည်အောင် မပေးနိုင်တော့ လယ်တွေကိုသိမ်းတယ်၊ နွားတွေ လှည်းတွေပါ သိမ်းယူကြတယ်ကွဲ့၊ ဒီတော့ လယ်သမားကြီး တွေမှာ တဖြည်းဖြည်း နဲ့ လုပ်စရာ လယ်မြေမရှိ၊ ဝတ်စရာအထည်မရှိ၊ စားစရာ ဆန်မရှိဖြစ်ရ တာပေါ့ကွယ်။

လယ်သမား ကြီးတွေမှာ ကိုယ် လုပ် တဲ့ဆန်တောင် လုံလောက်အောင် မစားနိုင်ဘဲလုံချည်ဆိုရင် နံငယ်ပိုင်းဝတ်ရပြီး အင်္ကျီမှာ



ဗလာနေရရှာတယ်၊ လယ်သူမကြီးတွေ ကျတော့ ထမီရင်ရှားပြီး ကလေး တွေမှာ အဝတ်မပါ၊ဗလာကိုယ်ချည်းနေရရှာတယ်ကွဲ့၊ စာသင်ကျောင်းလဲ မရှိတော့ စာလဲ မသင်ရရှာဘူး။

စားသောက်တဲ့ နေရာမှာလဲ ဆန်ကြမ်းကို ထမင်းချက်ပြီး ငါးလေးတွေ၊ ဖါးလေးတွေ ရှာဖွေကြရတယ်၊ ငါးဖါးမရတဲ့ အခါဆိုရင် ငပိရေ ကျဲကျဲကို ကျိုပြီး လယ်ကန်သင်းပေါ်က တို့စရာ၊ ဟင်းရွက်ကလေးတွေနဲ့ ဘဲပြီးလိုက်ရတော့တာဘဲမောင်ရဲအောင်။

ရဲအောင်။ ။လယ်သမားဘဝဟာ သနားစရာ ကောင်းပါကလား ဘဘကြီး။

ဘဘကြီး။ ။လယ်သမားတွေက နေပူ၊ မိုးရွာ မရှောင် တနေကုန် တလကုန် တနှစ်ကုန်အောင် လုပ်အားတွေပေးပြီး ပင်ပမ်းကြီးစွာ လုပ်ကိုင်ထားရတဲ့ တန်ဖိုးတွေကို နယ်ချဲ့ အစိုးရက အခွန်တွေအမျိုးမျိုးကောက်တယ်၊ ငွေရှင်၊ ကြွေးရှင်၊ မြေရှင်တွေက အမြတ် ကြီး စားတယ်၊ ဒီတော့လယ်သမားတွေမှာ သေးစုတ်ကောင်ရဲ့ သေးစုတ် တာကို ခံ ထားရတဲ့ မလှုပ်နိုင် မရှားနိုင်တဲ့ လူမမာ ကြီးလို ဖြစ်သွား ရရှာတယ်ကွယ်။

www.burmeseclassic.com

www.burmeseclassic.com



ရဲအောင်။ ။ဒီလို အမြတ်ကြီးစား သွေး စုတ် ခံနေရ
တော့ အခွန် တွေကို ပေးနိုင် သေးရဲ့ လား
ဘဘကြီး။

ဘဘကြီး။ ။လယ်သမားတွေမှာ ရောင်းစရာကလဲ စပါး
မရှိ၊ ပေးစရာကလဲ ငွေမရှိလေတော့ အခွန်
တွေကို ကြေလည်အောင် ဘယ်မှာ ပေးနိုင်
ပါမလဲ မောင်ရဲအောင်။

ဒီတော့အင်္ဂလိပ် နယ်ချဲ့သမား အစိုးရက
လယ်ထဲကိုဆင်းပြီး နွားတွေကိုဆွဲ၊ ဝမ်းစာ
စပါးတွေ၊ မျိုးစပါးတွေကို သိမ်းနဲ့ အခွန်
ကို အတင်း ကောက်တယ် မောင်ရဲအောင်။

ရဲအောင်။ ။ဒီလောက် နှိပ်စက်ရင် မကောင်း ပါဘူး
ဘဘကြီးရယ်။

ဘဘကြီး။ ။ဒီလို နှိပ်စက်တော့ နယ်တွေ ရွာတွေမှာ
အခွန်မပေးရေး၊ အခွန်မပေး ဘူးဆိုတဲ့ ဘူး
အသင်းတွေ ပေါ်လာတယ်ကွဲ။ ဂျီစီဘီအေ
မြန်မာအသင်းချုပ်ကြီးက လယ်သမားတွေ
ကိစ္စကို ဝင်ရောက်ဆောင်ရွက်ပြီး အနှိပ်စက်
အညှင်းဆဲခံရတဲ့ လယ် သမား စာရင်းတွေ
ကို ကောက်ယူဘို့ ဆရာစံကို တာဝန် ပေး
ဆောင်ရွက်စေတယ်။



ကဲ-မောင်ရဲအောင် နေ စောင်းသွားပြီ၊
ပြန်ကြအုံးစို့

ဟု ဆို၍ မောင်ရဲအောင်နှင့် ဘဘကြီးတို့ သည် လယ်
တောမှ ပြန်ခဲ့ကြလေတော့သည်၊ တနေကုန် ပင်ပမ်းလာသည်
နှင့် အိမ်အရောက်တွင် ညစာစာပြီး အိပ်ယာသို့ ဝင်ကြတော့
သည်။

## တောင်သူလယ်သမားအခရေးတော်ပုံ

နောက်တနေ့ နံနက်စောစောတွင်ကား မောင်ရဲအောင်
သည် ဘဘကြီး ပြောသောပုံကို နားထောင်လိုသဖြင့် ဘဘ
ကြီး အိပ်ရာမှထသည်ကို မစောင့် နိုင်ဘဲ ဘဘကြီး အား
အိပ်ရာမှ သွား၍ နှိုးလေသည်။

ရဲအောင်။ ။ဘဘကြီး...ဘဘကြီး ထပါအုံး၊...မနေ့က
ပုံကို ဆက်ပြီးပြောပါအုံး၊ ဆရာစံဆိုတာက
လယ်သမားကြီးလား၊ လယ်သမား ခေါင်း
ခေါင်းဆောင်ကြီးလား။

ဘဘကြီး။ ။အဲဒီအချိန်က လယ်သမား တွေရဲ့ တအိမ်
ထောင်ဝင်ငွေဟာတနှစ်မှာ အများဆုံးငွေ
တရာ့ငါးဆယ်လောက်သာ ရှိတော့ အလကို
တဆယ့် နှစ်ကျပ်သာရှိတယ်ကွဲ။

www.burmeseclassic.com

www.burmeseclassic.com



ဆန်စပါးအရောင်းအဝယ်ကိုလဲနိုင်ငံခြား သား အရင်းရှင် ကုမ္ပဏီကြီးတွေဖြစ်တဲ့စတီး ဘရားသားကုမ္ပဏီ၊ဘလုပ်ဘရားသားကုမ္ပဏီ အာရကန်ကုမ္ပဏီ၊အင်္ဂလိုဘားမား ကုမ္ပဏီ ဆိုတဲ့ အရင်းရှင် ကုမ္ပဏီတွေက ရောင်းဝယ် ဆောင်ရွက် နေကြ တယ်၊ ဒီကုမ္ပဏီကြီး လေးခုကို ပေါင်းပြီး ဘူလင်ဂျာ ပူးလ် ဆိုတဲ့ လက်ဝါး ကြီး အုပ် အဖွဲ့ကြီးလဲ လုပ် လိုက် သေးတယ်။

ဘူလင်ဂျာပူးလ်က စပါးဈေးကိုလုပ်ချင် သလိုလုပ်ပြီး ဈေးကိုနှိမ်ချင်သလိုနှိမ်ပြီး ဝယ် တယ်။ စပါးဈေး တင်းတရာကို နှစ်ရာကျော် ဈေးကနေပြီး ၁၈၂၉ ခုနှစ်မှာ တင်းတရာ ငါးဆယ်ဈေးလို့ နှိမ့်ချလိုက်တယ်။ စပါး ဈေးဟာ လေးဆကျသွားပြီး စားဝတ် နေ ရေးစရိတ်တွေက နှစ်ဆ တက် လာ ခဲ့တော့ တယ်မောင်ရဲအောင်။

ရဲအောင်။ ။လယ်သမားကြီးတွေဘယ်လိုနေလို့ ဘယ်လို စားကြတော့သလဲ ဘဘကြီး။

ဘဘကြီး။ ။လယ်သမားကြီး တွေမှာ စားစရာလဲ မရှိ ဝတ်စရာလဲမရှိဘဲအခွန်တွေလဲ မပေး နိုင် ကြ ဘူးပေါ့ကွယ်။



ရဲအောင်။ ။အခွန်တွေကိုလျှော့ပစ်ပေးသလားဘဘကြီး။

ဘဘကြီး။ ။အခွန်တွေကို ဇွတ် အတင်း ကောက် တယ် မောင်ရဲအောင်၊

အိမ်တွေကို သိမ်းတယ်၊ ကျွဲ၊ နွား၊ ဘဲ၊ ကြက်တွေပါ သိမ်းယူတယ်၊ အိုးခွက်၊ ပန်းကန်နဲ့ ကျောက်ပြင် တွေပါ သိမ်းပြီး ကလေး ပုခက် တွေ ပါ ချန်မ ထား ခဲ့ဘူး ကွယ်။

တချို့နေရာတွေမှာ အခွန်မပေးလို့ ဆို ပြီး လူကိုဖမ်းတယ်၊ လူတွေကို နေပူထဲထုတ် ပြီး စူးရှ တောက်ပ နေတဲ့ နေလုံး ကြီး ကို ကြည့်ခိုင်းတယ်။ သူတို့ ခိုင်းတာ မလုပ်ရင် သေနတ်ဒင်နဲ့ ဆောင့် တယ်၊ အမျိုး သမီး တွေကိုလဲ အတင်းဆွဲခေါ်ပြီး စော်ကား နှိပ် စက်တယ်ကွဲ့၊ လယ်သမားတွေမှာ ခြေလက် တွေကျိုးသူကျိုးပြီး မျက်စေ့ ပျက်သူ တွေ ပျက် ဖြစ်ကုန်ရှာတယ်။

ရဲအောင်။ ။နယ်ချဲ့ အစိုးရဟာ ဒီလောက်တောင်ရက်စက် တယ်နော်။

ဘဘကြီး။ ။ဒီလောက်တောင် နှိပ်စက် ညှဉ်း ပန်းတော့ လယ်သမားတွေဟာ မခံနိုင်၊မရပ်နိုင်၊ သည်း မခံနိုင်ဖြစ်ကြတယ်ကွဲ့ မောင်ရဲအောင်။

www.burmeseclassic.com

www.burmeseclassic.com



သာယာဝတီနယ် အင်းရွာက ဘုန်းကြီးကျောင်းမှာ လယ်သမား ကြီး တွေဟာ တယောက်ချင်း တယောက်ချင်းတိတ်တိတ်ပုန်းလာပြီးတိုင်ပင်ကြကယ်၊ဒီအချိန်ကဘုန်းကြီးကျောင်းမှာဆရာစံကဖိုတိုးနေတယ်ကွဲ့။

ရဲ အောင်။ ။လယ်သမားကြီးတွေဟာ ဆရာစံနဲ့ တွေ့ဘို့လာကြတာလားဘဘကြီး။

ဘဘကြီး။ ။ဆရာစံဟာ လယ်သမား စာရင်း တွေ စုဆောင်းတုံးက မိတ်ဆွေလယ်သမားကြီးတို့ဒီကောင်တွေ ဒီလောက် ညှဉ်းဆဲ တာကိုခံနိုင်ရင်ခံကြ၊ မခံနိုင်တဲ့တနေ့ ငါ့ဆီလာကြလို့ပြောထား ခဲ့တယ်၊ ဒါကြောင့် လယ်သမားကြီးတွေက ဆရာစံနဲ့လာတွေ့ကြတာဖြစ်တယ်။

ရဲအောင်။ ။လယ်သမားကြီးတွေက ဘာလုပ်ကြပါသလဲ ဘဘကြီး။

ဘဘကြီး။ ။ဆရာစံနဲ့ လယ်သမား ကြီးတွေ တွေ့ဆုံပြီး ငါတို့ဟာ နယ်ချဲ့အင်္ဂလိပ်ရဲ့အုပ်စိုးတဲ့ လက်အောက်က မလွတ်မချင်း တိုက်ခိုက် ကြမယ်လို့ သစ္စာပြုကြတယ်။

ရဲအောင်။ ။တိုက်ကြပြီလားဘဘကြီး။

ဘဘကြီး။ ။မတိုက်သေးပါဘူး မောင်ရဲအောင်။



ဒီတုန်းက နယ်ချဲ့ဘုရင်ခံက အင်္ဂလန်ကိုခဏပြန်သွားတယ်၊ ခေတ္တဘုရင်ခံဆိုပြီး ဆာဂျေအေမောင်ကြီးကို ခန့်ထား ခဲ့တယ်ကွဲ့။ ဆာဂျေအေ မောင်ကြီးဟာ နယ်ချဲ့ သမားရဲ့လက်ကိုင်တုတ်လုပ်ရတာပေါ့ကွယ်။

လယ်သမားကြီး တွေဟာ သာယာဝတီကို ဘုရင်ခံလာမယ်လို့ သတင်း ကြားတော့ ဘုရင်ခံထံမှာ အသနားခံဘို့ စောင့်ကြ တယ်ကွဲ့။

ရဲအောင်။ ။ဘုရင်ခံက သနားသွားသလား ဘဘကြီး။

ဘဘကြီး။ ။၁၉၃၀ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက် နေ့ကျတော့ သာယာဝတီကို ဘုရင်ခံ ရောက်လာတယ်။

အခွန်တွေကို မဆိုင်းနိုင်ဘူး၊ မလျှော့နိုင်ဘူး၊ ပေးစရာရှိတာတွေ ကြေအောင်ပေးကြလို့ ပြောတော့တာဘဲ။

ရဲအောင်။ ။ဒီတော့ လယ်သမားကြီးတွေဟာ ဝမ်းနည်းပက်လက်ဖြစ်ကြမှာပေါ့နော်။

www.burmeseclassic.com

www.burmeseclassic.com

## ဖါးရွှေကျော်တိုက်ပွဲ

ဘဘကြီး။ ။၁၂၉၂ ခုနှစ်ပြာသိုလဆန်း ၄ရက်၊၁၉၃၀ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့မှာဂဠုန်တပ်ကြီးက လက် နက် ကိုင်ပြီး တိုက်တယ် မောင်ရဲအောင်။

ရဲအောင်။ ။ဂဠုန်တပ် ဟုတ်လားဘဘကြီး။
ဂဠုန်တပ်က ဘယ်ကရောက်လာတာလဲ။ လယ်သ မား ကြီး တွေက ဂဠုန်တပ်ဖွဲ့ထားလို့လား။

ဘဘကြီး။ ။လယ်သမားကြီးတွေဟာ သာယာဝတီ နယ် အလံတောင်ပေါ်မှာ လူစုကြတယ်၊ အလံတောင်ဆိုတာ တောင်ညိုလို့လဲခေါ်တယ်၊ ကျောက်တလုံးတောင်လို့လဲခေါ်တယ်။

အင်္ဂလိပ်ဆိုတာစနေနံဖြစ်လို့နဂါးရုပ်လို့ သတ်မှတ်တယ်။နဂါးကိုနိုင်တာကဂဠုန်ဖြစ်တယ်။ ဒါကြောင့်နဂါးကိုဂဠုန်သုတ်နေတဲ့ ပုံကိုရေးပြီး အလံထူတယ်၊တပ်ကိုလဲ ဂဠုန် တပ်လို့ အမည်ပေးတယ် မောင်ရဲအောင်။



ဆရာစံကတော့ ဂဠုန်တပ်ရဲ့ ဗိုလ်ချုပ်ပေါ့၊ သူ့ပဏ္ဏက ဂဠုန်ရာဇာလို့နံမယ် ခံယူတယ်ကွဲ့။

ဂဠုန်တပ်တွေဟာနဂါးကိုဂဠုန်သုတ်တဲ့ အလံကြီးကိုကိုင်ပြီး အလံတောင်ပေါ်က ဆင်းလာတာပေါ့၊ ဖါးရွှေကျော် ရွာနားမှာ တိုက်ပွဲစကြတယ်၊ ဖါးရွှေကျော် တိုက်ပွဲဟာ အရေးတော်ပုံလယ်သမားတပ်တွေရဲ့ အောင်မြင်တဲ့ တိုက်ပွဲကြီးကွဲ့။

ရဲအောင်။ ။ဖါးရွှေကျော် တိုက်ပွဲက ဘယ်လို ပါလဲ ဘဘကြီး။

ဘဘကြီး။ ။သာယာဝတီမြို့က ကြည့်လိုက်ရင်အရှေ့ဘက်မှာ ဖါးရွှေကျော် ဆိုတဲ့ ရွာရှိတယ် ဖါးရွှေကျော်ရဲ့ တဘက်မှာ ရေလိုက်ရွာ ရှိတယ်၊ ဖါးရွှေကျော်ရွာနဲ့ ရေတိုက်ရွာ အကြားမှာ လယ်ကွင်း ကြီး ရှိတယ် မောင်ရဲအောင်။

ဂဠုန်တပ်တွေဟာ အလံတောင်က ဆင်းပြီး၊ ရေတိုက်ရွာမှာ တပ်သား သုံးစု ခွဲကြကြတယ်။ ဂဠုန်တပ်သား တွေဟာ ဖါးရွှေကျော် ရွာကို ဦးတည်ပြီး တက်ကြတော့၊ အင်္ဂလိပ် တပ်သား တွေက လယ် ကွင်း ထဲက လယ်ကန်သင်းမှာ ဝပ်ပြီးနေကြတယ်၊ သူတို့

www.burmeseclassic.com

www.burmeseclassic.com



ဦးထုပ် ကလေး တွေကို တော့ တနေရာက လယ်ကန်သင်းပေါ်မှာတန်းစီ ထားတယ်ကွဲ။ ဂျင်ုတပ်သားတွေက သစ်ပင်ပေါ်က တက်ကြည့်တော့၊ လူနဲ့ ဦးထုပ် တခြားစီ ဖြစ်လို့ လယ်သမား ကြီးတွေဟာ ခွက်ထိုး ခွက်လံ ရယ်ကြရတယ်။

အင်္ဂလိပ် တပ်တွေက တုတ္တု ပုန်း တမ်း ကစားပြီး ဗိုဟ်ဗမာအရေးတော်ပုံ တပ်သား တွေက ညာသံပေးပြီး တက်လိုက် ကြတာ၊ အင်္ဂလိပ်တပ်သား တွေဟာ တင်ပါးနဲ့ ဖဝါး တသားထဲ ကျသွားတာဘဲ ပြေးလိုက်ကြတာ ရေတိုက် ချောင်းရိုးကို တောင် ရောက်သွား တယ် မောင်ရဲအောင်။

ဒီ့တုန်းကလေ အင်္ဂလိပ်တပ် သားတွေ ဟာ သေနတ် ကြီးတွေ တကား ကား နဲ့ ပြေးကြတာကို ကြည့်ရတာ အူတက် မတတ် ရယ်စရာ ကောင်းလိုက် တာကွယ်၊ ဂျင်ုတပ် တွေကလဲ အတင်းလိုက်ပြီး ခုတ်ကြ၊ ထိုးကြ လို့ အင်္ဂလိပ်တပ်ဗိုလ်တပ်သားတွေ အတော် များများ ကျဆုံးသွားတယ်။ ဖါးရှေကျော် တိုက်ပွဲမှာ လယ်သမားတွေ အောင်ပွဲရလိုက် တယ်ကွဲ။

## ထန်းတောရွာတိုက်ပွဲ

ရဲအောင်။ ။အရေးတော်ပုံ အောင်ပြီလား ဘဘကြီး။

ဘဘကြီး။ ။ဒီတုန်းက အင်္ဂလိပ်နယ်ချဲ့ သမားရဲ့ အင် အားဟာ ဗမာပြည်မှာ တပ်သားရှစ်ထောင် ကျော်ရှိတယ်၊ တောင်သူလယ်သမား အရေး တော်ပုံကသာယာဝတီမှာတင်မကဘဲ၊ ဖျာပုံ၊ ဒေးဒရဲ၊ ဟင်္သာတ ဆိုတဲ့ မြစ်ဝ ကျွန်းပေါ် ဒေသတွေမှာလဲ ပေါ်ပေါက်ဘယ်၊ သရက် ပြည်၊ မန္တလေး နယ်တွေမှာလဲ ပုန်ကန်ကြ တယ်။ လက်နက်ကိုင်ထကြွတာဟာ ရှမ်းပြည် နယ်ဘက် တောင် ပြန့်နှံ့ သွား တယ် မောင်ရဲအောင်။

ဒီတော့ ဗမာပြည်မှာရှိတဲ့ နယ်ချဲ့တပ် သားတွေနဲ့ မနိုင်တော့ ကုလား ပြည်က တပ်ရင်း ၇ ရင်းတပ်သား သုံးထောင်ကျော် ကိုတောင် ခေါ်ယူ အားဖြည့် ရတယ်ကွဲ။

ဘဘကြီး။ ။ဖျာပုံ၊ ဒေးဒရဲ နယ်တွေမှာ ဖါးရှေကျော် တိုက်ပွဲလိုဘဲ တိုက်ကြ သလား ဘဘကြီး။

www.burmeseclassic.com

www.burmeseclassic.com



ဘဘကြီး။ ။ဖျာပုံ ခရိုင် ဒေးဒရဲနယ် ထန်း တော ရွာ တိုက်ပွဲဟာလဲ ကြက်သီးထစရာ ကောင်းတဲ့ တိုက်ပွဲကြီးဘဲကွဲ့ မောင်ရဲအောင်။

ထန်းတောရွာသား လယ်သ မား ကြီး ဦးအောင်လှ က ခေါင်း ဆောင်ပြီး၊ ထန်း တောရွာမှာဘဲ လယ်သမား တွေ စုဝေးကြ တယ်။ လယ်သမားပေါင်း တထောင် ကျော် ဟာ နယ်ချဲ့သမားကို တော်လှန်ရန် သစ္စာပြု ကြတယ်ကွဲ့။

အင်္ဂလိပ် တွေ တက် လာ တော့ လယ် သမားကြီး တဦးက ခေါင်း လ ကြီး ထူပြီး မောင်းထုခါ လူစုလိုက်တယ်၊ မောင်းသံကို ကြားတာနဲ့ လယ်သမားတွေဟာ ကောက် လှိုင်းတွေကို ပစ်ချခဲ့ပြီး တံဇင်တွေ မြက်ခုတ် ဒါးတွေ ကောက်ဆွ တွေကို ကိုင်ပြီး ထန်း တော ရွာမှာစုကြတယ်။

လူငါးဆယ်က ရှေ့ကဟန့်ပြရမယ် ကျန် လူတွေက ရွာထဲမှာနေရမယ်၊ တင်္ဂလိပ်တွေ ဝင်လာရင် ရွာထဲကလူတွေက ခုတ်ကြ၊ ထိုး ကြသို့ တိုက်ကွင်းတိုက်ကွက်စီစဉ် ထားတယ်။

အင်္ဂလိပ်တပ်တွေဟာ ရွာထဲကိုမလာကြ ဘူး၊ လယ်ထဲက ကန်သင်း ရိုးမှာ အကွာ



အကွယ်ယူပြီး နေကြတယ်။ဒီတော့ မူလအစီ အစဉ်ဟာပျက်သွားပြီးဒင်းတို့မလာရင် ဒို့က သွားမယ်ဟေ့၊ ဒိ ကောင်တွေ ဒါးနဲ့ပိုင်း ကြ၊ ချောင်းထဲမျှောကြ၊တက် ကြ ဟေ့ လို့ ညာသံကြေးခါ မောင်းသံပေးပြီး စိတ်လက် မန့်ပါ တိုက် ကြ တော့ အင်္ဂလိပ် တွေကလဲ ကြောက်အား လန့်အားနဲ့ အတင်းပစ်ကြ တယ်ကွဲ့။

ထန်းတောရွာတိုက်ပွဲမှာ အရင်စလို စိတ် လိုက်မာန်ပါ လုပ်လိုက်လို့ အ ရေး တော်ပုံ တပ်သားတွေ တော်တော် များများကျဆုံး ပြီး။ အင်္ဂလိပ် တပ်သား နဲ့နဲ ပါးပါး ဘဲကျ ခဲ့တယ် မောင်ရဲအောင်။

ရဲအောင်။ ။သေနတ်နဲ့ တံဇင် ယှဉ်ရဲတာ ခြီးမွမ်းဘို့ ကောင်းပါတယ် ဘဘကြီး။

ရဲအောင်။ ။နယ်ချဲ့တပ်က သေနတ်ကိုင်ထားပြီး အကာ အကွယ် ယူထားတယ်။ လယ်သမား တပ်က ဒါးနဲ့ တံဇင်ဘဲ ကိုင်ပြီး လယ်ကွင်း ထဲကို အတင်းတက်ရဲတာဟာ မခံမရပ်နိုင် ဖြစ်နေ တဲ့ ဗမာ့မျိုး ချစ်စိတ်ဓါတ် တွေကြောင့်ဖြစ် တယ် ကွဲ့ ဒို့ ဗမာ လယ်သမားကြီးတွေဟာ။ ဗမာ့သတ္တိတွေကို ထုတ်ပြလိုက်တာဖြစ်တယ်။

ရဲအောင်။ ။ရှမ်းပြည်ဘက်မှာရောဘယ်လိုပါလဲဘဘကြီး။



www.burmeseclassic.com

www.burmeseclassic.com

## နောင်ချိုကြီး တိုက်ပွဲနဲ့ ဆရာစံ

ဘဘကြီး။ ။သာယာဝတီက အလံ့တောင် စခန်းကို နယ်ချဲ့တပ်တွေက အင်အားတွေ ဖြည့်ပြီး အထပ်ထပ်တိုက်တော့ အလံ့တောင်ကအရေးတော်ပုံ စခန်းကြီးပျက်သွားတယ်၊ တပ်သားတွေက ဆရာစံကို မျှောင်တိမ်းဘို့ ပန်ကြား ကြတာနဲ့ ဆရာစံဟာ မန္တလေးကနေပြီး ရှမ်းပြည်ကို ရောက်သွားတယ် မောင်ရဲအောင်။

ရှမ်းပြည်ဘက်ကို မတက်ခင် မန္တလေးက မဟာမြတ်မုနိ ဘုရားကိုဖူးပြီး မျိုးခြားနယ်ချဲ့သမားရဲ့ လက်အောက်မှ လွတ်ရ ပါလို၏လို့ ဆုတောင်းသွားခဲ့သေးတယ်။

ဆရာစံဟာ ရှမ်းပြည်ရောက်တော့ နောင်ချိုဂါတ်မှာ ဆရာစံအတွက် ဆုငွေ ၅၀၀၀ိ ဆိုတဲ့ ကြော်ငြာ ကပ်ထားတယ်၊ ဒီကြော်ငြာကို ဆရာစံ ကိုယ်တိုင် ဝင်ဖတ်ပြီး ခရီးဆက်ခဲ့တယ်ကွဲ့။ နောင်ချိုက ၅ မိုင်ဝေးတဲ့ မယ်ချင်းနူကျောင်းမှာစခန်းချပြီး ဦးညာဏ အမည်နဲ့ သင်္ကန်းဝတ်တယ်။





ဒီအခါက ရှမ်းပြည်မှာလဲ အခွန်တွေကို နည်းအမျိုးမျိုးနဲ့ဘဲ ကောက်နေတယ် စိုက်ခင်းတွေကိုတကောတမတ်ပေး ရတယ်၊ ငှက်ပျောတရုံကိုလဲတမတ်ပေးရတယ်၊ သနပ်ဖက် တပင်ကို တမတ်ကောက်တယ်ကွဲ့၊ ဒါးရှည်၊ ဒါးမ ကိုင်သွားတာနဲ့ တမတ်ပေးရတာဘဲ။

ဦးညာဏဟာ တောင်သူ၊ ခနူ၊ ဆိုတဲ့ ရှမ်း အမျိုးသား တွေကို စည်းရုံးပြီး ရပ်စောက်နယ်က ပါဝါစခမ်းကို ပြောင်းရွှေ့နေထိုင်ကာ လူဝတ်လဲတယ်၊စစ်သုံးကြောင်းခွဲပြီး အင်္ဂလိပ်တပ်ကို တိုက်ဖို့ အစီအစဉ်တွေ လုပ်တယ် မောင်ရဲအောင်။

ရဲအောင်။ ။ရှမ်းပြည်မှာ တိုက်ပွဲစတာပေါ့နော်။

ဘဘကြီး။ ။အရေးတော်ပုံ တိုက်ပွဲထဲမှာ နောင်ချိုကြီး တိုက်ပွဲဟာလဲ တော်တော် အသား ပါတယ် မောင်ရဲအောင်။

ဆရာစံတို့ စစ်သုံးကြောင်း ချီလာ တော့ နယ်ချဲ့တပ်တွေဟာ နောင်ချိုကြီး ဘုန်းကြီးကျောင်းမှာ စခန်းချနေကြတယ်။

၁၂၉၃ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၆ ရက်နေ့နံနက် ၄ နာရီမှာ အရေးတော်ပုံ တပ်သားတွေဟာ နောင်ချိုကြီး ဘုန်းကြီး

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းကို ဝင်တယ်၊ နယ်ချဲ့ တပ်သား
တွေဟာ ဇရပ် ပေါ် မှာ အိပ် နေ ကြ
တယ်။ အစောင့် တပ် သား ကို ဒါး နဲ့
ဝင်ခုတ်ပြီး ဇရပ်ပေါ်က နယ်ချဲ့ တပ် ကို
အရေးတော်ပုံတပ်က ဝင်စီးတော့ နယ်ချဲ့
တပ်သားတွေဟာ သေနတ်တွေကိုင်ပြီးဇရပ်
ပေါ်က ခုန်ချထွက်ပြေးကြတယ်၊ အဝေးကို
ရောက်တော့မှ သေနတ် တွေနဲ့ ခုခံ ပစ်ခတ်
ကြတယ်၊ ဒါးနဲ့ သေနတ်ဟာ သေနတ်က
အရေးသာမြဲဖြစ်တော့ အရေးတော်ပုံ တပ်
သားတွေလဲ တစုစီကွဲသွားကြပြန်တယ် ကွဲ့။

ရဲအောင်။ ။ဆရာစံဘယ်ကိုရောက်သွားပါသလဲဘဘကြီး။

ဘဘကြီး။ ။နယ်ချဲ့တပ်တွေက အားတက်လာပြီး တော
နင်း တိုက်ခိုက်တော့ ဆရာစံဟာ ရှေ့လည်
တောင်တန်းဘက်ကိုတိမ်းရှောင်သွားတယ်။

ဆရာစံဟာ ခရီးကြမ်း ရှောက်ရင်း ခြေ
ထောက်မှာ ဒဏ်ရာ စူး ခံရတယ်၊ လမ်း က
ကောင်းကောင်း မလျှောက်နိုင် ဖြစ်နေတုန်း
နယ်ချဲ့တပ်တွေက ဒလကြမ်း တိုက်တဲ့ အ
တွက် ရှမ်း ပြည် နယ် ဟိုခို ရွာ နား မှာ
ဖမ်းမိသွားတယ်။ ၁၉၃၁ ခုနှစ် ဩဂုတ်လ
၂ ရက်နေ့မှာဆရာစံကို ဖမ်းမိသွားတယ်ကွဲ့။



ရဲအောင်။ ။တောင်သူ လယ်သမား အရေးတော်ပုံကြီး
ပြီးသွားပြီလား ဘဘကြီး။

ဘဘကြီး။ ။မောင်ရဲအောင်။

လက်နက်ကိုင်နယ်ချဲ့ တိုက်ပွဲမှာ သေနတ်
နဲ့ ဒါးယှဉ်ပြိုင်ကြတာဒါးကရှုံးတယ်၊ ဒါပေ
မဲ့ အမျိုးသားစိတ်ဓါတ်တွေ တက်ကြွလာပြီး
နယ်ချဲ့ဆန့်ကျင့်ရေး စိတ်ဓါတ်တွေ တိုးတက်
လာတယ်၊ဖိနှိပ်မှုကိုရုန်းကန်ရမယ်၊ချုပ်ချယ်
မှုကိုတော်လှန်ရမယ်ဆိုတဲ့ စိတ်ဓါတ်ဘက်က
အနိုင်ရရှိလိုက်တယ်ကွဲ့။

တောင်သူလယ်သမား အရေးတော်ပုံဟာ
ဗမာ့လွတ်လပ်ရေး ခရီးရဲ့ မှတ်တိုင်ကြီး တ
တိုင်ဖြစ်ခဲ့တယ်ကွဲ့.

**ရေနံမြေသို့ ခရီးထွက်ခြင်း**

မီးဒုတ်ကြီး–မီးဒုတ်ကြီး၊
ရေနံမြေက မီးဒုတ်ကြီး ။ ။
မီးဒုတ်ကြီးရဲ့ အလင်းရောင်၊
မြန်ပြည်ဘောင်၊ ထွန်းပြောင်စေသား။
ကျား–ဆိုမှ–ကျား.....။

ဘဘကြီးနှင့် မောင်ရဲအောင်တို့သည် ၁၉၆၄ ခု၊ မေလ
ရက်နေ့တွင် ကျင်းပသော ချောက်မြို့ အလုပ်သမား နေ့သို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိလာကြသည်။ ၁၃၀၀ ပြည့် ရေနံမြေ အရေးတော် ရုံ ပြဇာတ်ကို ကြည့်ရင်း မောင်ရဲအောင်သည်—

ကျွား....ကွ၊ ကျွားဆိုမှ ကျွားကွဟု ထ၍ အော်လိုက် သည်။

ဘဘကြီး။ ။မောင်ရဲအောင် ဘာဖြစ်သွားတာလဲကွဲ့။

ရဲအောင်။ ။ပြဇာတ်က သီချင်းကို သဘော ကျသွားလို့ ပါ ဘဘကြီး။

ဘဘကြီး။ ။ပြဇာတ်ဟာ တကဲ့ဖြစ်ရပ်ကို ကပြ နေတာ မောင်ရဲအောင်။ သေသေချာချာ ကြည့် မှတ်ထားကွဲ့။

ရဲ အောင်။ ။ဟုတ်ကဲ့ပါ ဘဘကြီး။

နောက်တနေ့နံနက်တွင် တည်းခိုရာ နေအိမ်၌ ဘဘကြီး နှင့် မောင်ရဲအောင်တို့သည် ညက ကပြသော ပြဇာတ် ကြောင်းကစပြီး အလုပ်သမားအကြောင်းကို ပြောဆို ဆွေး နွေးကြလေသည်။

## အလုပ်သမား

ရဲအောင်။ ။ညက ကြည့်ရတဲ့ ပြဇာတ် ကို ရဲအော တော့ သိပ်သဘောကျတာဘဲ၊ အလုပ် မားနဲ့ လယ်သမားဟာ ဘယ်လို ထူးခြ ပါသလဲဘဘကြီး။

ဘဘကြီး။ ။ဟို....ရှေးရှေး.... နှစ်ပေါင်း တော် ကြာကြာအခါတုန်း ကတော့ အားလုံးဟ



လယ် သ မား တွေ လို့ဘဲ ဆို ရ မယ် မောင်ရဲအောင်။

လယ်သမားတွေဟာ လယ်ယာလုပ်ကိုင် ရင်းနဲ့ဘဲ လယ်မြေတွေပြုတ်ပြုတ် ပြုန်းကုန် တော့ နီးရာ အလုပ်ရုံ၊ စက်ရုံတွေကို ရောက် လာကြတယ်ကွဲ့၊ အလုပ်ရုံတွေမှာ အလုပ် ကိုဝင်ရောက် လုပ်ကိုင်ကြတော့ အလုပ်သ မားရယ်လို့ဖြစ်လာကြတာပေါ့ကွယ်။

ရဲအောင်။ ။အလုပ်ရုံ စက်ရုံတွေမှာ လုပ်တဲ့ လူတွေကိုမှ အလုပ်သမားလို့ခေါ်ပါသလားဘဘကြီး။

ဘဘကြီး။ ။ဒီ လို ဆို လို့ လဲ မပြည့် စုံ သေး ဘူး မောင်ရဲအောင်။

ဟိုရှေးအခါကတဲက အိုးအိမ်၊ တိုက်တာ၊ ဘုရားကျောင်း၊ တန်ဆောင်းပြာသဒ် တွေ တည်ဆောက်ကြတဲ့ အဆောက်အဦးအလုပ် သမား၊ ပန်းရံ၊ ပန်းပု၊ ပန်းတဉ်း၊ ပန်းတဲ၊ ပန်းတိမ်၊ ပန်းချီ၊ ပန်းတော့၊ ပန်းတမော့၊ ပန်း ပွတ်၊ ပန်းယွန်း ....
ဆိုတဲ့ ဘုရားမတင်၊နတ်မတင်၊ လူတွင် ဆယ် ပွင့်ပန်းလို့ အဆိုရှိခဲ့တဲ့ ကာယ၊ဉာဏ၊ အ လုပ်သမားကြီးတွေရှိခဲ့တယ်။

၁၇၆၇ ခုနှစ်လောက်ကစပြီး ဗမာပြည် မှာ ရေနံတူးတဲ့ အလုပ်သမားတွေရှိခဲ့တယ်၊

www.burmeseclassic.com

www.burmeseclassic.com



၁၈၆၈ ခုနှစ်မှာ ဆေ့ဝတ် မီး သင်္ဘော ကုမ္ပဏီတည်ထောင်လိုက်တော့မီးသင်္ဘောအလုပ်သမားတွေပေါ်လာပြန်တယ်။ ၁၈၇၀ ခုနှစ် လောက်မှာ ဆန်စက်တွေပေါ်လာပြန်တော့ ဆန်စက်အလုပ် သမားတွေ ပေါ်လာခဲ့တယ်။ သစ်စက်တွေလဲ တည်ထောင် လာတော့ သစ်စက် အလုပ် သမားတွေ ဖြစ်လာတယ်။ ၁၈၇၁ ခုနှစ်မှာဘာ့အိုစီကုမ္ပဏီ ပေါ်ပေါက်ခဲ့တယ်၊ ၁၈၇၄ ခုနှစ်မှာ ရန်ကုန်နဲ့ ပြည် မီးရထား လမ်းဖေါက်လုပ်တော့ မီးရထားအလုပ်သမားတွေ ပေါ်လာပြန်တယ်။ ဝင်ကုန် ထွက်ကုန်တွေကို ပြည်တွင်း ပြည်ပ သယ်ယူပို့ဆောင်ကြတော့ ကုန်တင် ကုန်ချ အလုပ်သမားတွေလဲ ပေါ်လာခဲ့တယ်။

အလုပ်လုပ်ရာမှာ ခွန်အားကိုအသုံးပြုပြီး လုပ်ရတဲ့ လုပ်သားတွေရှိသလို ဉာဏ်အားကို အသုံးပြုပြီး လုပ်ရတဲ့ အလုပ်သမားတွေလဲရှိတယ်၊ ဒါကြောင့် အလုပ်ရုံမှာရော၊ အပြင်မှာရော ခွန်အားကို အသုံးပြုရတဲ့ လုပ် သားတွေ ဉာဏ်အားကို အသုံးပြုရတဲ့ လုပ်သားတွေ အားလုံးဟာအလုပ်သမားတွေဘဲ ဖြစ်တယ်ကွဲ့။



ရဲအောင်။ ။အလုပ်သမားဟာ လယ်သမား ကြီးတွေက ပေါက်ဖွားလာတယ်လို့ ဘဘကြီးက ပြောတာပါလား။

ဘဘကြီး။ ။ဆိုနိုင်ပါတယ် မောင်ရဲအောင်။

အလုပ်သမားနဲ့ လယ်လမား ကြီး တွေဟာ မဟာမိတ်ဆွေကြီးတွေ၊ အတူတူ လက်တွဲပြီး လုပ်ကိုင် ဆောင်ရွက် ကြတဲ့ အမြဲတမ်း မိတ်ဆွေကြီးတွေလို့လဲ ဆိုရမယ်ကွဲ့။

ရဲအောင်။ ။အလုပ်သမားကြီးတွေအကြောင်း ဆက်ပြောပါအုံးဘဘကြီး။

ဘဘကြီး။ ။ဗမာပြည်မှာ လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ရာကျော်လောက်ကဘဲ အလုပ်သမားတွေပေါ်ပေါက်လာခဲ့တယ်၊ အလုပ်ရုံ၊ စက်ရုံ တွေပေါ်လာလေတော့ အလုပ်လုပ်မဲ့ အလုပ်သမားတွေပေါ်လာရပြီး၊ အလုပ်ရုံတွေရဲ့ အလုပ်ရုံပိုင်ရှင်တွေလဲ ပေါ်လာကြရ တာပေါ့ကွယ်၊ အလုပ်ရုံပိုင်ရှင်ဆိုတာက အလုပ်ရဲ့ အရင်းအနှီးကို ထုထောင်ကြတဲ့ အရင်းရှင်တွေကွဲ့၊ အရင်းရှင်တွေဟာအလုပ်သမားတွေရဲ့ အကျိုးကိုလုပ်ပေးဘို့ မဟုတ်ဘဲအရင်းရှင်ရဲ့ အကျိုး ရှိဘို့ အမြတ်ရဘို့ကို အဓိကထားပြီး ရည်ရွယ်ခဲ့ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားတွေကိုတော့ သူတို့လိုချ
တဲ့ ကုန်ပစ္စည်းထုတ်လုပ်ဖို့ အတွက် လု
အားကိုယူဖို့ လောက်သာ အာရုံ ရှိခဲ့ ကြ
တယ်၊ အလုပ် သမားတွေက လုပ်အားပေ
လို့ ကုန်ပစ္စည်းတွေထွက်လာရင် အကျိုး အ
မြတ်တွေကို အရင်းရှင်တွေက ခံစား ကြ ပြီး
လုပ်အားကို အသုံး ပြုရတဲ့ အလုပ်သမား
တွေကိုတော့ အသက် မသေရုံ ကလေးတ
ကျွေးမွေးကြတယ်ကွဲ့။

ရဲအောင်။ ။အလုပ်သမားတွေဟာ ကိုယ့်လုပ်အားနဲ့ ရ
တဲ့ လုပ်အားခတွေရှိသားဘဲ၊ ကိုယ်သဘော
ကျစားသောက်နိုင်တာပေါ့ ဘဘကြီးရဲ့။

ဘဘကြီး။ ။အလုပ်သမားတွေဟာ နေ့စဉ် စားမသောက်
ဘို့ ဆန်ဝယ်၊ ဆီဝယ်၊ ဟင်းလျာဝယ်ရတယ်
ကွဲ့၊ အလုပ်သမားတွေရဲ့ လုပ်အားခကို နဲနဲ
လေးပေးထားတော့ ဆန်ဝယ်လို့ ဆီမဝယ်
နိုင်ဘူး၊ ဟင်းလျာမဝယ်နိုင် ကြရှာဘူးကွဲ့။
ဆန်ကိုချက်ပြီး ထမင်းချည်း စားလို့လဲ အ
ဟာရဖြစ်တာမှ မဟုတ်ဘဲ မောင်ရဲအောင်။

ရဲအောင်။ ။အဟာရ ဖြစ်ဘို့ ဆိုတာက ဘာ ပါလဲ
ဘဘကြီး။



ဘဘကြီး။ ။အလုပ် သမားတွေဟာ နေ့စဉ် အလုပ်ကို
လုပ်နေရာမှာ ဉာဏ်အား ခွန်အားကို အသုံး
ပြုနေကြရတယ်၊ ရှိတဲ့အားကို အသုံးပြုလိုက်
ရင် အားအသစ်တွေ ပြန်မွေးပေးဘို့လိုတယ်
မဟုတ်လား။

အားအသစ် ပြန်ဖြစ်ဘို့အတွက် အစား
အစာတွေကို အမျိုးကျကျ စားသုံး ပေးဘို့
လိုတယ်ကွဲ့။ ထမင်းရယ်၊ ဟင်းလျာ ရယ်၊
သစ်သီးသစ်ရွက်ရယ်၊ နို့နဲ့ အချို အချဉ်
တွေကို မျှတအောင် စားနိုင်ဘို့ ဆိုလိုတာ
ဖြစ်တယ်၊ အဲဒီလို မျှတတဲ့ အစား အစာကို
ကောင်း ကောင်း စားမှ အား အသစ်တွေ
ကောင်းကောင်းပြန်ဖြစ်နိုင်တယ်ကွဲ့။

ရဲအောင်။ ။အရင်းရှင်တွေက အလုပ်သမားတွေကိုဘယ်
လို ပေးပြီး ဘယ်လိုခိုင်းပါသလဲ ဘဘကြီး။

ဘဘကြီး။ ။ရေနံမြေက အလုပ်သမား ကြီး ဝတ္တု ကိုဘဲ
နမူနာ ထားပြီး ဘဘကြီး ပြော ပြ မယ်
မောင်ရဲအောင်။

ရေနံမြေမှာ အရင်းရှင်တွေက အလုပ်သ
မားကြီးတဦးကို တလမှ ၁၈ ကျပ် ပေး ခဲ့
တယ်၊ ငွေ ၁၈ ကျပ်ဟာ အလုပ်သမားကြီး
တဦးရဲ့ ဇနီးမယား၊ ကလေးတွေပါ တလလုံး

www.burmeseclassic.com

www.burmeseclassic.com



စားကြရတာကွဲ့၊ အလုပ်လုပ်ရတဲ့ အချိန်ကတော့ တနေ့ကို အနည်းဆုံး ၉ နာရီ လုပ်ရတယ်၊ အချို့အလုပ်သမား တွေဟာ တနေ့ကို ၁၆ နာရီတောင်လုပ်ကြရတယ်။

ရဲအောင်။ ။အမျိုးသမီးအလုပ်သမားတွေရောရှိသလား ဘဘကြီး။

ဘဘကြီး။ ။အမျိုးသမီး အလုပ်သမားတွေလဲအမျိုးသား အလုပ်သမားတွေနဲ့ အတူတူလုပ်ကြ ရ တာ ဘဲ၊ ဒါပေမဲ့ လုပ်ခ ကျတော့ အမျိုးသားတွေထက်နည်းပြီး ရကြတယ်ကွဲ့။

ရဲအောင်။ ။အလုပ်သမားတွေဟာ ဖျားနာရင် လုပ်ခ ရကြပါသလားဘဘကြီး။

ရဲအောင်။ ။အလုပ်သမားတွေဟာ အလုပ် လုပ်နေတုန်းဘဲ လုပ်ခ ရကြတယ်၊ဖျားရင်၊နာရင်အလုပ် မလုပ်နိုင်ရင် လုပ်ခမရ ကြပါဘူးကွယ်၊ အလုပ်ရှင်မှာ အလုပ်လုပ်ရင်း ထိခိုက် နာကျင် ဒဏ်ရာရတာတောင်မှ အာမခံချက် ဆိုလို့ ဘာမှမရှိကြဘူး၊ ထိခိုက်ပြီး သေဆုံးသွားရတဲ့ အလုပ်သမားတွေဟာကိုယ်ဖြစ် ကိုယ်ခံသွားကြရတယ်၊ လျော်ကြေးဆိုတာ နားမျှလေသံ ကြားတောင် မကြားဘူး ကြပါဘူးကွယ်။



အလုပ် သမား တွေရဲ့ လခကလဲ စားဘို့တောင် မလောက်ဘူး၊ ဝတ်ရေး ဆိုတာဖြစ်သလိုဘဲ၊ ဆေးဝါး ဆိုတာတော့ ဝေလာဝေးဘဲမောင်၊ ရေနံကို နေ့စဉ်တူးပြီးရေနံဆီကိုတောင် မသုံးကြရတဲ့ အလုပ်သမားဘဝပါ ကွယ်၊ ကလေး တွေမှာ ရေနံဆီမီးခွက်ကလေးကို မှန်မှန်ထွန်းပြီး စာမကျက်နိုင်ကြရှာဘူး မောင်ရဲအောင်။

ရဲအောင်။ ။အလုပ်သမား ကြီးတွေဟာလဲ လယ်သမားကြီးတွေလိုဘဲ ဆင်းရဲ ကြတယ်နော်၊ ဘာဖြစ်လို့ သူတို့ဟာ ဒီလောက် ဆင်းရဲကြတာလဲ ဘဘကြီး။

ဘဘကြီး။ ။လယ် သမား ကြီး တွေ ဆင်းရဲ သလို အလုပ် သမား ကြီးတွေလဲဆင်းရဲကြတာဘဲ မောင်ရဲအောင်။

သူတို့ဟာ အလုပ် မလုပ်ကြလို့ ဆင်းရဲကြတာ မဟုတ် ကြပါဘူး၊ သူတို့ဟာ နေ့စဉ် ခွန်အားတွေ ဉာဏ်အား တွေ ပေးပြီး၊ ပင်ပင် ပမ်းပမ်း ချွေးနဲ့ ရင်းပြီး၊ အလုပ်ကို လုပ်ကြရတဲ့ လူတွေ ဖြစ်ပေမဲ့ သူ တို့လုပ်သလောက် သူတို့မခံစား ရှာဘူးကွဲ့။

ရဲအောင်။ ။ဘယ်လို ပါလဲ ဘဘကြီး၊

www.burmeseclassic.com

www.burmeseclassic.com



ဘဘကြီး။ ။အလုပ်သမားတွေ လုပ်အား ပေးလို့ ကုန် ပစ္စည်း တွေ ထွက်ပြီး၊ အဲဒီကုန် ပစ္စည်း တွေ ကို ရောင်း လို့ ရတဲ့ ငွေ တန် ဘိုး က ကုန်ကြမ်း တန်ဘိုး ကို နှုတ်ရင် ကျန် တဲ့ငွေဟာ လုပ်အားခ ဖြစ်ပေမဲ့ အရင်းရှင် ဟာ အလုပ်သမားကို နဲနဲပါးပါးပေးလိုက် ပြီး ကျန်ငွေကို သိမ်းယူ လိုက်တယ်ကွဲ့။ ထပ်ပြီးရှင်းပြ အုံးမယ် မောင်ရဲအောင်၊

အလုပ်သမား တယောက်ရဲ့ တနေ့လုပ် လို့ ထွက်လာတဲ့ ကုန်ပစ္စည်းဟာ ၁၀ ကျပ် ဖိုး ရတယ် ဆိုပါစို့၊ ကုန်ကြမ်းနဲ့ စရိတ်က ပြားငါးဆယ်တဲ့ ကျတယ် အလုပ် သမားကို ပြား ခြောက်ဆယ် လောက်ပေးပြီး၊ ကျန်တဲ့ ၈ ကျပ်နဲ့ ပြား ၉၀ ကို အရင်းရှင်က သိမ်း ယူလိုက်တယ်။

ရဲအောင်။ ။ဒါဖြင့် အလုပ် သမား တွေရဲ့ လုပ်အားကို အရင်းရှင် တွေက ဖြတ်စား တာ ပေါ့ နော်။

ဘဘကြီး။ ။အာ မြတ်ကြီး စားတယ်၊ ခေါင်းပုံဖြတ်တယ် ဆိုတာ၊ မောင်ရဲအောင် ကြား ဘူး တယ် မဟုတ်လား။

ဘီအိုစီ ကုမ္ပဏီဟာ နှစ်စဉ် ကုဋေနဲ့ချီ ပြီး ခေါင်းပုံ ဖြတ်ခဲ့ တာပေါ့ကွဲ့။



အောင်။ ။အလုပ် သမား တွေက မပြောကြဘူးလား၊ ဘဘကြီး။

ဘကြီး။ ။ပထမတော့ ပေးသမျှယူ၊ ကျွေး သမျှစား ပြီး၊ ခိုင်းတာ လုပ် ကြ ရတာ ပေါ့ ကွယ်၊ ဒါပေမဲ့ အလုပ်ကလဲ ပင်ပမ်း စားရတာကလဲ တလုတ်တဆုပ်၊ ဝတ်ရတော့လဲ အစုတ်အနုပ် ဆိုတော့ တဖြည်းဖြည်း မခံနိုင်ကြတော့ဘူး ကွဲ့၊ ဒီတော့မှ ပြောကြ၊ ဆိုကြ၊ တင်ပြကြ တယ်၊ ၁၉၂၁ ခုနှစ်မှာ သံလျင်က ဘီအိုစီ ရေနံ ချက်စက် အလုပ် သမား တွေ သပိတ် မှောက်ကြတယ်၊ ၁၉၂၃ ခုနှစ်မှာ ရန်ကုန် ဆိပ်ကမ်း၊ ကုန်တင်ကုန်ချ အလုပ် သမားကြီး တွေ သပိတ်မှောက်ကြတယ်၊ ၁၉၂၄ ခုနှစ် မှာ ဧရာဝတီမီးသင်္ဘော ကုမ္ပဏီလုပ်သားတွေ သပိတ် မှောက် ကြတယ်၊ ၁၉၂၅ ခုနှစ်မှာ သင်္ဘောကြီး ကုန်တင်ကုန်ချ အလုပ်သမား ကြီးတွေသပိတ်မှောက်ကြတယ်။

အောင်။ ။အလုပ်သမားတွေဟာ အလုပ်မလုပ်ဘဲ နေကြ တာ ပေါ့နော်။

ဘကြီး။ ။အလုပ်သမားတွေက သူတို့ရဲ့ လိုလားချက် တွေကို တင်ပြကြတယ်၊ အရင်းရှင် တွေက မပေးတော့ အလုပ် မဆင်းဘဲ ဆန္ဒပြပြီး ပြောကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



အရင်းရှင်တွေဟာ တင်းလို့ရမယ် ထင်ရင် တင်းကြတယ်။

တင်းလို့ မရဘူးထင်တဲ့ အခါမှာ နဲ့ ပါးပါး လိုက်လျှော့ကြတယ်။

ပြည့်ပြည့် ဝဝ လိုက်လျှော့ တယ် လို့ တော့ မရှိကြဘူး ကွဲ့။

အလုပ် သမားတွေမှာ လိုလား ချက်တွေ အပြည့်အဝ မရကြပေမဲ့ အလုပ် သမားတွေ နိုးကြား လာတယ်၊ တိုးတက် လာတယ်၊ ညီညွတ်မှုရလာကြတယ်ကွဲ့။

**မေဒေး**

ရဲအောင်။ ။မေဒေး ဆိုတာက ဘယ်လိုပါလဲ ဘဘကြီး။

ဘဘကြီး။ ။အခု ကျင်းပ ခနတဲ့ အလုပ် သမား နေ့ ကို မေဒေးလို့ ခေါ်တယ် မောင်ရဲအောင်၊ ၁၈၈၆ ခုနှစ် မေလ တရက်နေ့ တုန်းက အမေရိကန်ပြည် ချီ ကာ ဂို မြို့ မှာ အလုပ် သမား တွေဟာ ပြည်လုံး ကျွတ် သပိတ်ကြီးဆင် နွှဲခဲ့တယ်၊ လို လား ချက်က တော့ အလုပ်ချိန်ကို တနေ့ ၈ နာရီထက်မပိုအောင် သတ်မှတ်ပေးဖို့ဘဲ၊

အလုပ်သမား ရှစ် သောင်း ကျော် ဟာ တပြိုင်နက်ထဲ အလုပ်က ရပ်လိုက် ကြတယ်။



ချီကာဂို မြို့ကြီးရဲ့ အလုပ်ရုံတွေ က စက်သံတွေက တခါထဲ ရပ်စဲသွားပြီး၊ မီးခိုးတွေလဲ တိတ် သွား တာ ဘဲကွဲ့၊ ၃ ရက် ကြာတော့ အရင်းရှင်တွေကိုအစိုးရက ကာကွယ် ပေးပြီး အလုပ်သမားတွေကို ပုလိပ် တွေနဲ့ လူစုခွဲပစ်တယ်၊ ဒီနေရာမှာ အလုပ်သမား ၄ ယောက် သေဆုံးပြီး အမြောက်အမြားဘဲ ဒဏ်ရာ ရသွားကြတယ်။ အလုပ် သမားတွေရဲ့ သွေးတွေပထမဆုံး မြေကိုကျခဲ့ရတဲ့ အချိန်အခါပေါ့ မောင်ရဲအောင်။

အလုပ်သမားတွေ အောင်ပွဲ ရတဲ့ အခါကျတော့ မေလတရက်နေ့ကို အလုပ် သမားနေ့၊ မေဒေး ရယ်လို့ သတ်မှတ် ကြတယ်၊ ဗမာနိုင်ငံမှာတော့ ၁၉၃၈ ခုနှစ်မှာမှ စပြီး အလုပ်သမားနေ့ကို ကျင်းပခဲ့တယ်။

## ၁၃၀၀–ပြည့်အရေးတော်ပုံ

ရဲအောင်။ ။အလုပ် သမားနေ့ကို ချောက်မြို့မှာ ဘာကြောင့် ကျင်းပရတာပါလဲဘဘကြီး။

ဘဘကြီး။ ။ပထမဆုံး အလုပ်သမားနေ့ကို ၁၉၃၈ ခုနှစ် ရေနံချောင်းမြို့ လယ်ပေါ်ကျောင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



ကျင်းပခဲ့တယ်၊ အလုပ်သမား ငါးထော...
ကျော်တက်ပြီး အလုပ်သမားတွေရဲ့ လိုလား...
ချက်တွေကို တင်ပြဆုံးဖြတ် ကြတယ်၊ ဆုံး...
ဖြတ်ချက်ကို ဘီအိုစီ ကုမ္ပဏီကို တင်ပြ...
တော့ဘီအိုစီက အရေးမစိုက်၊မလိုက်လျော...
ခဲ့ဘဲ နယ်ချဲ့အစိုးရရဲ့ အကူအညီနဲ့ အလုပ်...
သမားတွေကို အမျိုးမျိုး ခြောက်လှန့် ...
တယ်။ အလုပ်သမားတွေကဒီအချိန်မှာစည်း...
လုံးညီညွတ်နေတော့ စည်းလုံးမှုကို ဖြိုခွဲဖို့အ...
လုပ်ကထုတ်ပစ်တဲ့လူကို ဟုတ်ပစ်ပြီး၊ တချို့...
အလုပ် သမားခေါင်းတွေကို ဖမ်းဆီး နှိပ်ကွ...
တယ်ကွဲ။

အလုပ်သမားတွေကလဲ အနိုင်မခံ အရှုံး... မပေးကြဘဲ အငတ်ခံ၊ အနာခံ၊ ဆင်းရဲခံ... ပြီး ၁၁ လလုံးလုံး ရေရှည်သပိတ်မှောက်... ပြီးလို လား ချက်တွေ ကို တောင်း ခဲ့တယ်...

မောင်ရဲအောင်။

ဘီအိုစီ ကုမ္ပဏီဟာ တင်းခံပြီးအစိုးရနဲ့... ပေါင်းကာ အလုပ်သမားတွေကိုပိုပြီး ညှဉ်း... ပန်းနှိပ်စက်လာတယ်။

ဒါကြောင့် အလုပ် သမား တွေ ဟာ... ၁၉၃၈ ခုနှစ်နိုဝင်ဘာလ ၃၀ရက်၊ ၁၃၀၀... ပြည့်နှစ် နတ်တော်လပြည့် ကျော် ၆ ရက်...

တနင်းလာ နေ့မှာ ရေနံမြေက မိုင် ၄၀၀ ဝေးတဲ့ ရန်ကုန်မြို့ကို ခရီးရှည်ချီတက် ဆန္ဒပြဘို့ ဆုံးဖြတ်ကြတယ်။

ရဲအောင်။ ။၁၃၀၀ ပြည့် အရေးတော်ပုံ ဆိုတာ ဒါဘဲ ပေါ့နော်၊

ဘဘကြီး။ ။၁၃၀၀ ပြည့်နှစ် နတ်တော် လပြည့် ကျော် ၆ ရက်နေ့နံနက် ၅ နာရီမှာ ရေနံ တပ်သား တွေ အိပ်ရာကထကြတယ်၊

နံနက်၆ နာရီမှာသရဏဂုံတင်ကြတယ်။

ရဲအောင်။ ။သရဏဂုံတင်တယ် ဆိုတာက ဘာလုပ်တာ ပါလဲ ဘဘကြီး။

ဘဘကြီး။ ။ဒီတုန်းက မကွေး ခရိုင်မှာ ပုဒ်မ ၁၄၄ထုတ် ထားတယ်။

ပုဒ်မ ၁၄၄ ဆိုတာ လူမစုရဘူး၊ တရားမဟောရဘူးကွဲ။

ရေနံတပ်က လူစုမယ်၊ တရားဟောမယ်၊ ချီတက်မယ်၊ ဒါတော့အစိုးရက ဖမ်းမယ်၊ ရိုက်မယ်၊ သတ်မယ် ဆိုတာ ကြို တင် ပြီး တွက်ထားကြတယ်။

အလုပ်သမားတွေဟာ ကျွန်ဘဝနဲ့ ဒုက္ခ ခံပြီးနေရကာထက် သေရတာက ကြတယ် လို့ ဆုံးဖြတ်ထားတယ်၊ အဲဒါ သေသည်...

www.burmeseclassic.com

www.burmeseclassic.com



အထိ တိုက်ပွဲဝင်မယ့် လိုလဲဆုံးဖြတ်ကြတယ်။ ဒါကြောင့် သရဏဂုံ တင်ထားကြတယ်။

ရဲအောင်။ ။နယ်ချဲ့အစိုးရကဘာလုပ်ပါသလဲ ဘဘကြီး။

ဘဘကြီး။ ။မြို့လူထုကြီးကရေနံတပ်ကိုအားပေးကြတယ်။ ရေနံတပ်ကြီး ချီတက်မယ် ကြားတော့ မြို့လူ ထုကြီးဟာ အုံးအုံးကြွက်ကြွက် ဖြစ်နေကြ တယ် မောင်ရဲအောင်။

ရေနံတပ်ကြီးဟာ တပ်စု၊ တပ်ခွဲ၊ တပ် ကြပ်၊ တပ်ဒိုလ်တွေ စနစ်တကျ စီစဉ်တာဝန် ပေးထားပြီး နံနက် ၇ နာရီမှာစပြီး ချီတက် တယ်၊ နယ်ချဲ့ပုလိပ်တွေက ရေနံ တပ် သား တွေကို သေနတ်နဲ့ ချိန်ထားကြတယ်၊တချို့ က တုတ်တွေကို ခေါင်းပေါ်မှာ မိုးထား ကြတယ်။

ရေနံတပ်သားတွေဟာ ချိန်ထားတဲ့ သေ နတ်၊ မိုးထားတဲ့ တုတ်တွေကို အရေး မစိုက် ကြဘဲ၊ ပုလိပ်တပ်တွေထဲကိုအတင်း တိုးဝင် ပြီး ချီတက်ကြတယ်။ ဒီတော့ ရေနံ တပ်နဲ့ ပုလိပ်တပ်ဟာ ထွေးလုံး ရှုပ်ပွေ ဖြစ်သွားပြီး လဲသူတွေလဲကြ၊ ကွဲသူတွေကွဲကြ၊ ပြိုသူတွေ ပြိုကြဖြစ်ကုန်တယ်။



ပုလိပ်တပ်ဟာ သေနတ်ခတွေကိုင်ပြီး ဘာ လုပ်ရမှန်းမသိဖြစ်ကြတော့ သေနတ်ကိုင်တပ် ရုပ် သိမ်းလိုက်ပြီး မြင်းစီးတပ်က လွှတ်ပြန် တယ်၊ မြင်းစီးပုလိပ်တပ်ဟာ ရေနံ တပ်ကြီး ထဲကို အတင်းပြေးဝင်လာပြီး အလုပ်သမား တွေကို တုတ်နဲ့ ရိုက်၊ မြင်းနဲ့ တိုက်ကြတယ်၊ ရေနံတပ်သားတွေက သံပြိုင် ကြွေးကြော်သံ တွေကို သံကုန်ဟစ်ပြီး ကြွေးကြော်ကာ ရှေ့ ကို တိုးကာ ချီတက်တော့ မြင်းတွေဟာလန့် သွားကာ လှည့်ပြေးကြလို့ မြင်းစီး ပုလိပ် တွေလဲ မြင်းပေါ်က လိမ့်ကျသူ ကျပြီး ဇောက်ထိုးတွဲလဲဖြစ်သူ ဖြစ်ကုန် ကြတယ်ကွဲ့။

မြို့လူထုကြီးဟာ မခံမရပ်နိုင် ဖြစ်လာပြီး ပုလိပ်တွေကို ခဲနဲ့ ဝင်ပေါက်ကြတော့တယ်၊ မောင်ရဲအောင်။

ရဲအောင်။ ။ရေနံတပ်ကြီး ချီတက်လို့ မရတော့ဘူးလား ဘဘကြီး။

ဘဘကြီး။ ။ကျောင်းသားတချို့ဟာ မကွေး ထောင် ကြီးဘက်ကိုပြေးသွားကြပြီးထောင်ထဲမှာအ ဖမ်းခံထားရတဲ့ ခေါင်းဆောင်တွေကြားကြ အောင် ထောင်ဘေးကနေပြီး သံပြိုင် ဟစ် အော် တိုင်ကြား တယ်ကွဲ့၊

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်ကြီးများခင်ဗျား။

ရေနံတပ်ကြီးကို မြင်းစီးပုလိပ်တွေကအတင်း ရိုက်နေကြ ပါတယ်၊ မြင်းနဲ့ တိုက် နင်း ပြီး ခြေမှုန်း နေကြပါတယ် ခင်ဗျာလို့ တိုင်ကြ တယ်။

ထောင် ထဲက ခေါင်း ဆောင် တွေက ထောင် ခေါင် မိုး ပေါ်တက်ပြီး အားပေး စကား ပြောတယ် မောင်ရဲအောင်။

သခင် တို့ဟာ မိမိ တို့ မြှော် မှန်းတဲ့ ခရီး ပန်းတိုင်သို့ ချီတက်ရန် တာ ဝန် ဖြစ် တယ် သေတနေ့ မွေး တနေ့ဘဲ၊ နှစ် ရက် မွေး ပြီး နှစ်ခါသေမရှိ၊ အာဇာနည် သူရဲကောင်းတို့ သွားရာလမ်းအတိုင်း၊ ဒူးမတုန်၊ ရင်မခုန်ဘဲ ချီတက်ကာ အောင် ပန်း ဆွတ်လှမ်းကြ ကုန်လော့လို့ပြန်ကြား ပြောဆိုတယ်။

ရဲအောင်။ ။အားရစရာကောင်းလိုက်တာ ဘဘကြီးရယ်။

ဘဘကြီး။ ။ထောင်က သံချောင်း မြှလိုက်တော့ မြင်း စီး ပုလိပ်တွေ ထောင်ကြီးဘက်ကို ကဆုန်ချ ပြေးကြတယ်။

ရဲအောင်။ ။ရေနံ တပ် ကြီး လွတ် သွား ရော လား ဘဘကြီး။

ဘဘကြီး။ ။မြင်းစီး ပုလိပ် တွေဟာ ရေနံ တပ် ကြီး ကို မျက်ခြေပြတ်သွားတာပေါ့၊ ဒါပေမဲ့ နောက်



ကအတင်း ပြေး လိုက် လာပြီး တပ်ဗိုလ် ၁၇ ယောက်၊ အလံကိုင် ၁၇ ယောက်နဲ့ အချို့ လူတွေကို ဖမ်းတယ်၊ မကွေးထောင်ကကျဉ်း တယ်၊ ရန်ကုန် ထောင်ကို သွားကြ လို့လဲ၊ မတတ်သာ ခပ်ခွာခွာ ပြောလိုက်သေးတယ်၊ သခင် ဘိုးလှကြီးလဲ မကွေး ထောင် မှာဘဲ အဖမ်းခံရ သွားတယ်ကွဲ့၊ မြို့သူမြို့သားတွေ က၊ အောင်ပြီ-အောင်ပြီ ဂို့ အောင်ပြီလို့ ကြွေးကြော်ကြတယ်။

ရဲအောင်။ ။ပုလိပ်တွေ လက်မြှောက်သွားတာပေါ့နော်။

ဘဘကြီး။ ။စည်းလုံး ညီညွတ်မှုရဲ့ အောင်ပွဲ တပွဲ ပေါ့ မောင်ရဲအောင်။

**သခင်ဘိုးလှကြီး**

ရဲအောင်။ ။သခင် ဘိုးလှကြီး ဆိုတာ ဘယ် သူ ပါလဲ ဘဘကြီး။

ဘဘကြီး။ ။ရေနံတပ်ကို ဦးဆောင် ချီတက်တဲ့ ရေနံတပ် ဗိုလ်ချုပ်ကွဲ၊သူဟာရေနံမြေက အလုပ်သမား ကြီးဖြစ်တယ် မောင်ရဲအောင်။

ပထမ ကမ္ဘာ စစ်တုန်းက စစ်ထဲ ဝင် ပြီး စစ် မြေပြင် တိုက် ပွဲ မှာ ဝင်ခဲ့ တဲ့ စစ် သား ဟောင်းကြီးလဲ ဖြစ်တယ်၊ ကမ္ဘာ စစ် အပြီးမှာ စစ်တပ်က ထွက်ပြီး ရေနံမြေမှာ

www.burmeseclassic.com

www.burmeseclassic.com



အလုပ် ဝင်လုပ်တယ်၊ အလုပ် လုပ် ရင်းနဲ့ စစ်အတွေ့ အကြုံတွေကို စာရေး တယ်၊ ပြပြင်ရေး မဂ္ဂဇင်း ထဲမှာ ဆောင်း ပါး တွေ နိုင်ငံရေး အတွေ့ အကြုံတွေ ရေးခဲ့ တယ်။ စာရေးတဲ့ ကလောင်နံမယ်က 'တောသား ကြီး'၊ 'အရူးကြီး'၊ စစ်အမှုထမ်း ဟောင်း ဆိုတဲ့ နံမယ်တွေဖြစ်တယ်။ သူ့ရဲ့ဇနီးနံမယ် က ဒေါ်ညွန့်တဲ့ သူ့မှာသားသမီး ငါးယောက် ရှိတယ်။

သခင်ဘိုးလှကြီးဟာ မဟုတ်မခံ၊ ဇပ်ဇပ် ကြဲကြီးကွဲ့။ ကိုယ်လုံး ကိုယ် ပေါက်က ခန့် ညား တယ်၊ အမျိုးသားစိတ်ရှိတယ်။ ဂျပန် ခေတ်တုန်း ကတောင် ရေနံအလုပ် သမား တွေ လုပ်ခနဲ့တယ် မစား လောက် ဘူး။ လုပ်ခတိုး ပေးပါလို့ ဂျပန်တွေကို အတင်း ဝင်ပြောတယ်။ တော်တော်သတ္တိကောင်းတဲ့ လူကွဲ့။

ရဲအောင်။ ။ရေနံတပ်ကြီး ဘယ်ကို ရောက် သွား သလဲ ဘဘကြီး။

ဘဘကြီး။ ။ရေနံတပ်ကြီးဟာ တဗိုလ် ဆင်း တ ဗိုလ် တက်ပြီး၊ ရန်ကုန် ကို မိုင် ၄၀၀ ခရီး ရှည် ချီတက်လာတယ်။ သခင်ဘိုးလှကြီး နေ



ရာမှာ သခင်တုတ်ကြီးကခေါင်းဆောင် လာ တယ်။ ရန်ကုန်မြို့ကို ရောက်ကာနီး ထောက် ကြန့်ကို ရောက်တော့ အနားယူ စခန်း ချနေ တယ်။ သခင် ဖိုးလှကြီးဟာ ပုလိပ်လက်က ဖတင်းရုန်းထွက်ပြီး ရေနံတပ်ကို အမှီလိုက် ခဲ့တယ်။ ရေနံတပ်ကြီးကို ထောက်ကြန့်စခန်း မှာဘဲ မှီလာတယ်။

ဒီတုန်းက လယ်သမား ကြီးတွေ ကလဲ အလုပ်သမားတပ်ကြီးကို ထောက်ခံအားပေး ပြီး ညောင်လေးပင်နဲ့ ပဲခူးဘက်က ချီတက် လာကြတယ်။ ရေနံတပ်ကြီးနဲ့ လယ်သမား တပ်ကြီးဟာ ထောက်ကြန့် စခန်းမှာ ဆုံကြ ပြီး ရန်ကုန်မြို့ ထဲကို ချီ တက် လာ တယ်။ ရန်ကုန်မြို့ ရွှေတိဂုံ ကုန်းတော် အနောက်မုခ် မှာစခန်း ချကြတယ် မောင်ရဲအောင်။

ရဲအောင်။ ။အလုပ်သမားကြီးတွေ လယ်သမားကြီးတွေ ဟာ မိတ်ဆွေ ပီပီ လက်တွဲဆောင်ရွက်ကြပါ လား ဘဘကြီး။

သူတို့ဟာသတ္တိလဲကောင်း၊ ဇွဲလဲကောင်း တယ်နော်။

ဘဘကြီး။ ။မိုင် ၄၀၀ ခရီးရှည် ချီတက်ကြ တာဟာ သတ္တိ ကောင်း ဇွဲ ကောင်း လို့ ပေါ့ မောင်ရဲအောင်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ၁၃၀၀ ပြည့်အရေး တော်ပုံလို့ ခေါ်ကြတာ ဖြစ်တယ်။ ၁၃၀၀ပြည့်အရေးတော်ပုံဟာဗမာတနိုင်ငံလုံးကိုလှုပ်ရှားစေခဲ့ပြီးနယ်ချဲ့သမားလက်အောက်က အမျိုးသားလွတ်မြောက်ရေးကို ဦးတည်နိုင်ခဲ့ တယ်ကွဲ့။

ရဲအောင်။ ။သခင်ဘိုးလှကြီးက ဘယ်လို ဆက်လုပ်ပါသလဲ ဘဘကြီး။

ဘဘကြီး။ ။သခင် ဘိုးလှကြီးဟာ ရေနံ တပ် ကြီး ကို ထောက်ကြန့် စခန်းမှာမှီခဲ့ပြီး ထောက်ကြန့်မှ ရန်ကုန်ရောက်အောင် ဦးဆောင် ခဲ့ပြန်တယ်၊ ရန်ကုန် ရောက်တော့ သခင် ဘိုးလှကြီး အဖမ်းခံရပြီး မြစ်ကြီးနားထောင်ကို အပို့ခံရတယ်၊ ဂျပန် ခေတ်မှာ ဘီအိုစီကို ဗမာပိုင် မလုပ်နိုင်ကောင်းလားလို့ ဒေါနဲ့ မောနဲ့ ဝေဖန်ခဲ့သေး တယ် ကွဲ့။ ဒီနောက်တော့ သခင်ဘိုးလှကြီးဟာ ရန်ကုန် ဆေးရုံကြီးမှာ ဆေးရုံတက်ရင်း ကွယ်လွန် သွားရှာတယ်၊ သခင်ဘိုးလှကြီးရဲ့ ဈာပနကို နိုင်ငံတော်ရဲ့ ဈာပနအဖြစ်နဲ့ သဂြိုဟ်ခဲ့ကြတယ်။

ရဲအောင်။ ။ဪ....ဒါကြောင့် ချောက် အလုပ်သမားနေ့မှာ သခင် ဘိုးလှကြီး ခန်းမဆောင်လို့ ဂုဏ်ပြုထားတာ တွေ့ခဲ့ရတယ်ဗျ၊



ဘဘကြီးနှင့် မောင်ရဲအောင်တို့သည် ချောက်အလုပ် သမားနေ့မှ ပြန်လာ ခဲ့ကြသည်။

နေ အိမ်သို့ရောက်လာသော်လည်း ရေနံမြေ အကြောင်းစကား မဆုံးကြသေးတဲ့ ဆက်လက်ပြောဆို ဆွေးနွေးလျက်ပင်ရှိကြလေသည်။

## ဒို့ဗမာအစည်းအရုံးနဲ့ သခင်ပါတီ

တနေ့သောနံနက်တွင်....

ရဲအောင်။ ။ဦးဘိုးလှကြီးလို့ မခေါ်ဘဲ သခင် ဘိုးလှကြီးလို့ ဘာကြောင့် ခေါ်ရတာလဲ ဘဘကြီး။

ဘဘကြီး။ ။အမေမွေးတုန်း က ပေးတဲ့ နံ မယ် ကတော့ မောင်ဘိုးလှကြီးပါဘဲ၊သခင်ပါတီပေါ်လာတော့ သခင် ပါတီထဲဝင်တယ်၊ ဒီ တော့ သခင် ဘိုးလှ ကြီး လို့ ခေါ် ကြ တယ် မောင်ရဲအောင်။

ရဲအောင်။ ။သခင်ပါတီက ဘယ်လို ပေါ်လာ တာပါလဲ ဘဘကြီးရဲ့။

ဘဘကြီး။ ။ဂျီစီဘီအေ မြန်မာ အသင်းချုပ် ကြီး ထဲ ဦးချစ်လှိုင်ဂျီစီဘီအေ၊ ဦးစိုးသိမ်း ဂျီစီဘီအေတို့ကွဲကြတယ်၊ ဒီနောက် ၂၁ ဦးပါတီ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာပြန်တယ်၊ ဒီလိုဗမာ့စည်းလုံးမှုတွေ ကွဲတော့လူငယ်တွေက လူကြီးတွေ လုပ်ပုံကိုင် ပုံကို မကြိုက်နိုင်ကြဘူးကွဲ။

တောင်သူလယ်သမားအရေးတော်ပုံကြီး ကလဲ ဗမာ့နိုင်ငံရေးစိတ်ဓါတ်ကို လှုံ့ဆော် ပေးခဲ့တယ်၊ ဗမာ့ မြေပေါ်မှာ နိုင်ငံခြား အရင်းရှင်တွေကလဲ သွေးစုတ်ခြယ်လှယ် နေ ကြပြီး ဗမာ့တိုင်းရင်းသား တောင်သူ လယ် သမား ဆင်းရဲသားတွေမှာကတော့ စားဝတ် နေရေးတွေ မပြေလည်ဘဲ၊ ဖွတ်သထက် ညစ် နေတယ်။

ဒါတွေကြောင့် နယ်ချဲ့ အစိုးရ လက် အောက်က လွတ်မှ ဗမာတွေ စားဝတ် နေ ရေးပြေလည်မယ်လို့ သဘော ပေါက်ကြ တယ်၊အမျိုးသားလွတ်မြောက်ရေး စိတ်တွေ တဖွားဖွား ပေါ်လာခဲ့ကြပြီး....

ဗမာပြည်ဟာ-ဒို့ပြည်

ဗမာစာဟာ ဒို့စာ

ဗမာ စကားဟာ ဒို့စကား ဆိုတဲ့ ကြွေး ကြော်သံနဲ့ တပြိုင်ထဲဘဲ ဒို့ဗမာအစည်းအ ရုံးကြီးကို စည်းရုံး တည်ထောင် လိုက်ကြ တယ်ကွဲ။



အဲဒီအခါတုန်းက နယ်ချဲ့အင်္ဂလိပ်တွေဟာ ဗမာပြည်မှာ လာနေပြီး သူတို့ဟာ သခင်၊ ဗမာတွေဟာ ကျွန်လို့ သဘော ထားကြ တယ်၊ သူတို့ကို ဗမာတွေက သခင်လို့ ခေါ် မှ ကြိုက်ကြတယ်။ ဘရောင်းသခင်၊ ဂျော့သ ခင်၊ သခင်ကြီး၊ သခင်လေးလို့ အခေါ်ခိုင်း တယ်ကွဲ့။

တောင်တွင်းကြီးနယ်၊ ဝက်ဘသင်းရွာ က ဆရာဘုန်းတော်ကြီးဟာ ဒီသတင်းတွေ ကို ကြားတော့ အင်္ဂလိပ်တွေရဲ့ သခင် လုပ် ချင်တဲ့ စိတ်ကို ခံပြင်းရှာတယ်၊ ဒါကြောင့် ဆရာတော်ဟာ သူရဲ့တကာ တကာမတွေ ကို ခေါ်ပြီး, တကာ တကာမတွေရဲ့နံမယ်တွေ ရှေ့မှာ သခင် သခင်မဆိုတဲ့ စကားလုံးကို တပ်ပေးလိုက်တယ်။

ဒို့ဗမာ အစည်းအရုံး ခေါင်း ဆောင် တွေဟာ ဆရာတော်ထံ ရောက်လာကြတော့ လဲ ဆရာတော်က သခင်စကားလုံးကို ရှေ့က တပ်ပြီး ခေါ်တယ်၊ ဒို့ဗမာ အစည်းအရုံး ခေါင်းဆောင်တွေဟာ သဘောပေါက်သွား ကြပြီး ဒို့ဗမာ အစည်းအရုံးဝင်တိုင်းသခင် စကားလုံးကိုနံမယ်ရှေ့မှာ တပ်ကြ တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဗို့ဗမာ အစည်းအရုံးကိုလဲ သခင်ပါတီလို့ ခေါ်လာကြတယ်ကွဲ့။

ရဲအောင်။ ။သခင်ပါတီက ဘာတွေ ဆက်လုပ်ပါသလဲ ဘဘကြီး။

ဘဘကြီး။ ။ဗို့ ဗမာ အစည်းအရုံးကြီးရဲ့ ပထမဆုံး ညီ လာခံကို ၁၉၃၀ ခုနှစ် ဇူလိုင်လ ၂၀ ရက် နေ့၊ ရွှေဘိုဂု ကုန်းတော် ပေါ်မှာ ကျင်းပ တယ်၊ ဗို့ဗမာ သီချင်းသီဆိုပြီး အစည်း အ ဝေးဖွင့်ခဲ့တယ်။

လာမဲ့ဘေး ပြေးတွေ့ ဆိုတဲ့ ရဲရဲတောက် ကြွေးကြော်သံဟာ ဗို့ဗမာ အစည်း အရုံး ကြီးရဲ့ လက်သုံးဖြစ်တယ်၊ ဝါ၊ စိမ်း၊နီ သုံး ရောင်ခြယ် ဒေါင်းလံကိုလဲ လွှင့်ထူ ခဲ့ တယ် ကွဲ့။

ဒီနောက်တော့ ဗို့ဗမာ အစည်း အရုံး ကြီးထဲကို တက္ကသိုလ်ကျောင်းသားတွေ ဝင် ကြတယ်၊သခင်အောင်ဆန်းလဲပါလာတယ်။

၁၉၃၇ ခုနှစ်မှာ အင်္ဂလိပ်နယ်ချဲ့သမား က ၉၁ ဌာန အုပ်ချုပ်ရေးနဲ့ ဗမာပြည်ကို အသက်သွင်းတယ်၊ ဗို့ဗမာအစည်း အရုံးက ပြင်းပြင်းထန်ထန် ကန့်ကွက်ပြီး လုံးဝ လွတ် လပ်ရေးကိုသာ ဦးတည်ခဲ့တယ်၊ ဗို့ဗမာ အ စည်းအရုံးကြီးက ရေနံမြေမှာ အလုပ်သမား အစည်းအရုံးကြီး တည်ထောင်ပြီး တောင် သူလယ်သမား အစည်းအရုံးတွေကိုလဲ ဖွဲ့ခဲ့ တယ်၊ ၁၃၀၀ ပြည့် အရေးတော်ပုံ ကြီးကို ဗို့ဗမာ အစည်း အရုံးကြီးက ဦးဆောင် ခဲ့ တယ်ကွဲ့။

## သခင်အောင်ဆန်း

ရဲအောင်။ ။သခင်အောင်ဆန်းဆိုဘာဗမာ့ခေါင်းဆောင် ကြီး ဗိုလ်ချုပ် အောင်ဆန်းပေါ့နော်။

ဘဘကြီး။ ။ဗိုလ်ချုပ်အောင်ဆန်းဟာသခင်အောင်ဆန်း ပေါ့ မောင်ရဲအောင်။

ငယ်နံမယ်က မောင်ထိန် လင်းလို့ မှည့် ခဲ့တယ်။ သူ့ အစ်ကိုက မောင်အောင်သန်းမို့ သူ့ကို မောင်အောင်ဆန်းလို့ဘဲ ခေါ်ကြ တယ်။

မောင်အောင်ဆန်းဟာငယ် ငယ်ကတဲက မှန်တာ ပြောပြီးမှန်တဲ့ အကိုင်းရဲရဲလုပ်တတ် တယ်။စကားနည်းပြောဘယ်၊ အလွန်မျှားမျှား

www.burmeseclassic.com

www.burmeseclassic.com



လုပ်တယ်၊ ရဲရဲတောက် အာဇာနည် တ ယောက်ဖြစ်တယ်၊ သူ့အဖေက ဦးဖါ၊ အမေ က ဒေါ်စုလို့ခေါ်တယ်၊ ညီအစ်ကို မောင် နှမအားလုံးမှာ အငယ်ဆုံး အထွေးဆုံးဖြစ် ပြီး မိဘက အချစ်ဆုံး သား တယောက် ဖြစ်တယ်၊ အသက် ၇-နှစ်သား မှာ နတ် မောက်ဘုန်းကြီးကျောင်းမှာ ပညာသမ်ပြီး ဆယ်တန်းကို ရေနံချောင်းမြို့ အမျိုး သား ကျောင်းက အောင်တယ်၊ ရန်ကုန်တက္ကသိုလ် မှာ ဘီအေ အောင်တယ်ကွဲ။

မောင် အောင် ဆန်း ဟာ ရန် ကုန် တက္ကသိုလ်မှာ ပညာသင်တုန်း တက္ကသိုလ် က ထုတ်တဲ့ အိုးဝေမဂ္ဂဇင်းမှာ အယ်ဒီတာ လုပ်တယ်၊ အိုးဝေမဂ္ဂဇင်း ထွက် လာတော့ "လွှတ်နေသောငရဲခွေးကြီး တကောင်" ဆို တဲ့ ဆောင်းပါး ပါလာလို့ တက္ကသိုလ် အရာရှိတွေ မခံမရပ်နိုင်ဖြစ်ကြတယ်။

ကျောင်းအုပ်ကြီးက အယ်ဒီတာ ကိုအောင်ဆန်းကို ခေါ်ပြီး ဘယ်သူ ရေး သလဲလို့ မေးတယ်၊ ကိုအောင် ဆန်း က ရေးသူကို မပြောနိုင်ပါလို့ ဖြေတယ်၊ ဒါ ကြောင့် ကိုအောင်ဆန်းကိုကျောင်းက ထုတ်

ပစ်တယ်ကွဲ။ ဒီတော့ကျောင်းသား ကျောင်း သူတွေဟာ မခံမရပ်နိုင် ဖြစ်ပြီး တက္ကသိုလ် ကျောင်းကြီးကို သပိတ် မှောက်လိုက်ကြ တယ်။

…အောင်။ ။ ၁၉၂၀ ခုနှစ်က သပိတ် မှောက် သလိုဘဲ လား ဘဘကြီး။

ဘဘကြီး။ ။ ၁၉၃၆ ခုနှစ် ဖေ ဖေါ် ဝါ ရီ လမှာကွဲ။ တက္ကသိုလ် ကျောင်းသား တွေက သ ပိတ် မှောက်တော့ အထက်တန်း ကျောင်းသား တွေပါပါလာကြတယ်၊ ဗမာ တပြည် လုံး ကျောင်းသားသပိတ်ကြီး ဖြစ်သွားတယ်ကွဲ။

အဲဒီက စပြီး တနိုင်ငံလုံးမှာ ကျောင်း သားအဖွဲ့အစည်းတွေ ပေါ်လာပြီး ဗမာနိုင် ငံလုံးဆိုင်ရာ ကျောင်းသား သမဂ္ဂကြီးလဲ ပေါ်လာတယ်၊ ဗ မာ နိုင်ငံ လုံး ဆိုင်ရာ ကျောင်းသား သမဂ္ဂမှာ ကိုအောင်ဆန်းကို ဒုတိယ ဥက္ကဋ္ဌ တင် မြှောက် ကြ တယ်။ ဒီ့နောက်နှစ်မှာ ဥက္ကဋ္ဌ အဖြစ် တာဝန်ယူ ဆောင်ရွက်တယ်။

…အောင်။ ။ ကိုအောင်ဆန်းဟာ သခင်အောင်ဆန်း ဖြစ် ပြီလား ဘဘကြီး။



www.burmeseclassic.com

www.burmeseclassic.com



ဘဘကြီး။ ။ကိုအောင်ဆန်းဟာ ဗမာ နိုင်ငံ ကျွန်ဘဝ ရောက်နေရတာကို မခံနိုင်ဘူး၊ ဗမာ့ လွတ်လပ်ရေးအတွက် အမြဲဘဲ စဉ်းစားနေတယ်၊ စကားအပြောနည်းပြီးစာကိုဖတ်တယ်၊တွေးတောစဉ်းစားတယ်၊ လွတ်လပ်ရေး ရအောင် ဘယ်လိုလုပ်ရမယ်၊ လုပ်ရင်ဘယ်လို ဒုက္ခတွေနဲ့ တွေ့တတ်တယ်ဆိုတာပါ စဉ်းစားတဲ့လူကွဲ၊ နိုင်ငံအတွက် နိုင်ငံရေးလုပ်မယ် ဆိုရင် ဒုက္ခဆင်းရဲ အမျိုးမျိုးနဲ့ တွေ့ရမယ်၊ ဒီဒုက္ခဆင်းရဲတွေကို ခံနိုင်အောင် ကျင့်ထားရမယ် ဆိုတာပါ တွေး တောပြီး လက်တွေ့ ကျင့်တယ်၊ ဒီလို-ဒီလို တွေ တွေးပြီးမှ ဒီလို ဒီလိုတွေကျင့်ပြီးမှ၁၉၃၈ခုနှစ်မှာကျောင်းကထွက်ပြီး ဒို့ဗမာ အစည်း အရုံးထဲ ဝင်တယ်၊ ဒီတော့ ကိုအောင်ဆန်းဟာ သခင် အောင်ဆန်း ဖြစ်လာတာပေါ့ကွယ်။

## သခင်အောင်ဆန်း၏ဆိုရှယ်လစ်အတွေးအခေါ်

ရဲအောင်။ ။သခင်အောင်ဆန်းဘာတွေဆက်လုပ် သလဲ ဘဘကြီး။

ဘဘကြီး။ ။သခင်အောင်ဆန်းရဲ့ အလုပ်တွေ ကတော့ ပြောမဆုံးပါဘူး မောင်ရဲအောင်။



သခင် အောင်ဆန်းဟာ ဒို့ဗမာ အစည်း အရုံးထဲရောက်ပြီး မကြာခင်ဘဲ အထွေထွေ အတွင်းရေးမှူးအဖြစ် တာဝန် ယူရတယ်၊ သခင် အောင်ဆန်းဟာ ဗမာပြည်ကို ကျွန်ဘဝက လွတ်မြောက်ပြီး လုံးဝလွတ်လပ်ရေး ရဖို့ကိုသာ ဆန္ဒ ရှိတယ်၊ လွတ်လပ်ရေး ရရင်လဲ လူတစုကောင်းစားတဲ့ လွတ်လပ်ရေး မျိုးမဖြစ်စေချင်ဘူး၊ ဗမာတမျိုး သား လုံး အကျိုးခံစားရမဲ့ လွတ်လပ်ရေးကိုသာတွေး တောစဉ်းစားတဲ့ လူဖြစ်တယ်။

ရဲအောင်။ ။လူတစုလွတ်လပ်ရေး၊ တမျိုးသားလုံး လွတ်လပ်ရေးဆိုတာ ဘယ်လိုပါလဲ ဘဘကြီး။

ဘဘကြီး။ ။ဗမာပြည်မှာ လူတရာရှိရင် ၈၅ ယောက် ဟာ တောင်သူလယ်သမားနဲ့ အလုပ်သမား တွေဖြစ်တယ်၊ ဒါကြောင့် ၁၅ ယောက် လောက်ကောင်းစားတဲ့ လွတ်လပ် ရေး မျိုး မဟုတ်ဘဲ ၈၅ ယောက် ဆိုတဲ့ တောင် သူ လယ်သမားတွေနဲ့ အလုပ် သမား တွေရဲ့ ကောင်းစားရေးကို တွေး ခေါ် တာ ပေါ့ ကွယ်။

ရဲအောင်။ ။သခင်အောင်ဆန်းရဲ့ အတွေး အခေါ်က ကောင်းလိုက်တာ ဘဘကြီးရယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘဘကြီး။ ။သခင်အောင်ဆန်းရဲ့တွေးခေါ်ခဲ့ပုံတွေကို ဆက်ပြီးပြောပြအုံးမယ်၊ မောင်ရဲအောင်။

ရဲအောင်။ ဟုတ်ကဲ့ပါ ဘဘကြီး။

ဘဘကြီး။ ။နိုင်ငံရေးနဲ့ပတ်သက်ပြီး သခင်အောင်ဆန်း တွေးခေါ်တာက....

ဗမာပြည်ဟာနယ်ချဲ့သမားရဲ့လက်အောက် ခံ ကျွန်ဘဝက လုံးဝ လွတ်မြောက်ရမယ်ဆို တာ ဘဘကြီးပြောပြီးပြီ မောင်ရဲအောင်။ အဲဒါဟာ ပထမဆုံး တွေးခေါ်ချက်ဘဲ။

နောက်တချက် ကတော့ဟိုတုန်းက ဗမာ ပြည်မှာ အင်္ဂလိပ်က ပြည်နယ်တွေကို ပဒေ သရာဇ် နယ်ပယ်လေးတွေ ခွဲထားပြီး၊ စော် ဘွားတွေကို တဆင့်အုပ်ချုပ်ခိုင်းထားတယ်။ သခင် အောင်ဆန်းက ဒီလို စော်ဘွားတွေ အုပ်ချုပ်တဲ့ ပဒေသရာဇ် အုပ်ချုပ်ရေးစနစ် ဟာ မရှိသင့်ဘူး၊ ပဒေသရာဇ် စနစ်ကို ဖျက် သိမ်းပစ်ရမယ်လို့ တွေးတော ယူဆခဲ့တယ် ကွဲ့။

တတိယ အချက်ကတော့ ဒီလိုကွဲ့၊ တောင် သူ လယ်သမားနဲ့ အလုပ်သမား တွေရဲ့ အကျိုးကို ဆောင်ရွက် ပေးနိုင်တဲ့ ဟာလ



တောင်သူ လယ်သမားနဲ့ အလုပ်သမားတွေ ပါဝင်တဲ့ပစ္စည်းမဲ့တို့ရဲ့ အစိုးရမျိုးကို ထူ ထောင်ရမယ်တဲ့ ကွဲ့။

ရဲအောင်။ ။အလုပ်သမား၊ လယ်သမားတွေ အကျိုးကို ဘယ် လို လုပ် မယ် လို့ တွေးခဲ့ ပါသလဲ ဘဘကြီး။

ဘဘကြီး။ ။အလုပ် သမား လယ်သမား တွေ အတွက် ၁၂ ချက် တောင် စဉ်း စား ခဲ့ တယ် မောင်ရဲအောင်။

အလုပ်သမားတွေဟာ အရင်းရှင်အလုပ် ရှင်တွေက ခိုင်းချင်သလို ခိုင်းပြီး၊ ပေးချင် သလို ပေးနေတာ တွေဟာ အလုပ်သမား တွေကို ညှင်းဆဲနှိပ်စက် နေတာ ဘဲလို့ယူဆ တယ်၊ ဒီလိုမနှိပ်စက်နိုင်အောင်—

(၁) အလုပ်သမားတွေဟာတနေ့ကိုအလုပ် ချိန် ၈ နာရီသာ လုပ်ရမယ်။
(၂) အလုပ်သမားတွေရဲ့ လုပ်ခကို ဥပဒေ နဲ့ သတ်မှတ်ပေးရမယ်။
(၃) အလုပ်သမားတွေ အတွက် လူမှုဖူလုံ ရေးတွေဆောင်ရွက်ပေးရမယ်။

www.burmeseclassic.com

www.burmeseclassic.com



(၄) အသက်မပြည့်သေးတဲ့ကလေးတွေကို အလုပ်ကြမ်း မလုပ်စေရဘူးတဲ့ကွဲ။

လုပ်ငန်းပိုင်ဆိုင်မှုမှာလဲ....

(၅) စက်မှုလက်မှုလုပ်ငန်း တွေကို နိုင်ငံပိုင် အဖြစ်ထူထောင်ရမယ်။

(၆) စက်ရုံ၊ အလုပ်ရုံတွေမှာ လုပ်ငန်း အ ရပ်ရပ်ကို အလုပ်သမားတွေ ကိုယ်တိုင် စီမံ အုပ်ချုပ်ရမယ်လို့ ယူဆခဲ့တယ်။

လယ်ယာလုပ်ငန်းမှာတော့-

လယ်သမားတွေကို မြေရှင်၊ အရင်းရှင် တွေနဲ့ အတိုးကြီးစား ခေါင်းပုံ ဖြတ် သမားတွေရဲ့ ဘေးက လွတ်အောင်-

(၇) မြေရှင်စနစ် ဖျက်သိမ်းရမယ်။

(၈) လက်မှုလယ်ယာက စက်မှုလယ်ယာသို့ ပြောင်းပေးရမယ်။

(၉) တောင်သူလယ်သမားတွေနဲ့ အလုပ် သမားတွေ အပေါ်မှာ တင်ရှိထားတဲ့ ကြွေးတွေကို လျှော်ပစ်ရမယ်။

(၁၀) အသုံးစရိတ်နဲ့ လစာကို မျှတ အောင် ပြင်ဆင် ရမယ် လို့ တွေး ခေါ်တယ်၊ နိုင်ငံတော်ရဲ့ စီးပွားရေးအပိုင်းမှာလဲ—



(၁၁) နိုင်ငံခြားကြွေးမြီတွေ အားလုံးလျှော် ပစ်ရမယ်။

(၁၂) မြေယာတွေ၊ စက်မှု လုပ်ငန်းအကြီးစား တွေ၊ ရေကြောင်း၊ လေ ကြောင်း၊ ကုန်းကြောင်းသယ်ယူ ပို့ဆောင် ရေး လုပ်ငန်းတွေ၊ သတ္တု တွင်း တွေ ဘဏ် လုပ်ငန်းတွေကို နိုင်ငံပိုင်လုပ်ရမယ်လို့ ယူဆတွေးခေါ်ခဲ့တယ်။

ရဲအောင်။ ။သခင်အောင်ဆန်းရဲ့ တွေးဆချက်တွေ ကုန် ပါပြီလား ဘဘကြီး။

ဘဘကြီး။ ။လူမှုရေး တွေး ခေါ် ချက် ရှိ သေး တယ်၊ ရမောင်ရဲအောင်။

ပညာရေးအတွက်....

လူတိုင်း၊ လူတိုင်း အခမဲ့ ပညာ သင်နိုင် ရမယ်။

ဘာသာရေးအပိုင်းမှာတော့....

နိုင်ငံသားတိုင်းဟာ လွတ်လွတ် လပ်လပ် ယုံကြည်ကိုးကွယ်ခွင့်ရှိရမယ်။

ယဉ်ကျေးမှုကဏ္ဍကိုလဲ....

တိုင်းရင်းသား လူမျိုးတွေရဲ့ ရိုးရာ ယဉ် ကျေးမှုတွေကို လွတ်လပ်ခွင့်ရှိရမယ်တဲ့။

အကျိုးခံစားခွင့်ကျတော့လဲ....

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားနဲ့ အမျိုးသမီးတွေဟာတူညီတဲ့ အခွင့်အရေးတွေရှိရမယ်။

လူမျိုးတွေ ဘာသာတွေ မခွဲခြားဘဲ ခံစားခွင့်တူညီရမယ်ဆိုတာတွေကိုတွေးခေါ် ခဲ့တယ်။

ရဲအောင်။ ။ဒီတွေးခေါ်ချက်တွေဟာ သခင်အောင်ဆန်းက ပြောပြခဲ့တာပါလား ဘဘကြီး။

ဘဘကြီး။ ။၁၉၄၀ ခုနှစ်၊ မတ်လတုန်းက အိန္ဒိယပြည် ရမ်းဂါးမြို့မှာ တောင်သူလယ်သမား ကွန်ဖရင့် လုပ်ခဲ့တယ်၊ သခင်အောင်ဆန်းဟာ ဒို့ဗမာအစည်းအရုံးကြီးရဲ့ ကိုယ်စား အဲဒီကွန်ဖရင့်ကို တက်ခဲ့တယ် မောင်ရဲအောင်။

သခင်အောင်ဆန်းကိုယ်တိုင် တွေးပြီး သခင်အောင်ဆန်းကိုယ်တိုင် စာနဲ့ ရေးကာ ရမ်းဂါးမြို့ တောင်သူလယ်သမား ကွန်ဖရင့်မှာ ကိုယ်တိုင် တင်သွင်းခဲ့တာ ဖြစ်တယ်ကွဲ့။

ရဲအောင်။ ။သခင်အောင်ဆန်းရဲ့ အတွေးအခေါ်တွေက အခု လုပ်နေတဲ့ အလုပ်တွေနဲ့ အတူတူ ဖြစ်နေပါလား ဘဘကြီး။

ဘဘကြီး။ ။တော်လှန်ရေးကောင်စီနဲ့ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီရဲ့ လုပ်ကိုင်ဆောင်ရွက်ချက်



တွေက သခင်အောင်ဆန်းရဲ့ ဆိုရှယ်လစ် အတွေးအခေါ်တွေ ပါတယ်လို့ ဆိုနိုင်ပါ တယ်မောင်ရဲအောင်။

ရဲအောင်။ ။သခင်အောင်ဆန်းဟာ လွတ်လပ်ရေး ရအောင် ဘယ်လို ဆောင်ရွက်ပါသလဲ ဘဘကြီး။

ဘဘကြီး။ ။၁၉၃၈ ခုနှစ်မှာ ပေါ်ပေါက်ခဲ့တဲ့ ၁၃၀၀ ပြည့် အရေးတော်ပုံကစပြီး ဗမာလူထုဟာ အမျိုးသား လှုပ်ရှားမှုတွေ ပိုပြီး များခဲ့ တယ်။

အလုပ်သမားတွေ၊ လယ်သမားတွေ၊ ကျောင်းသား ကျောင်းသူတွေဟာ တလှုပ်လှုပ်နဲ့ လှုပ်ရှားပြီး အုံကြွနေကြတယ်၊ နယ်ချဲ့အစိုးရကလဲ နှိပ်ကွပ် ချုပ်ချယ်မှုတွေ၊ ပိုလာတယ်ကွဲ့။

ရန်ကုန်မှာ ကျောင်းသား ဗိုလ်အောင်ကျော် ကျဆုံးတယ်။

အာလံမှာ သခင်ဘဖိုး ကျဆုံးတယ်။

မန္တလေးမှာ အာဇာနည် ၁၇ ဦး ကျဆုံး ခဲ့ရတယ်။

ဒို့ဗမာအစည်းအရုံးက သခင်တွေ၊ ကျောင်းသားတွေ၊ အမြောက်အမြားကိုလဲ

www.burmeseclassic.com

www.burmeseclassic.com



ဖမ်းဆီးပြီး ထောင်ထဲကို သွင်းထားတယ်၊ ၁၉၃၉ ခုနှစ် စက်တင် ဘာလ ကျတော့ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ခဲ့တယ်၊ မောင်ရဲအောင်။

ရဲအောင်။ ။ဒုတိယကမ္ဘာစစ်က ဘယ်သူနဲ့ ဘယ်သူ ဖြစ်ကြတာပါလဲ ဘဘကြီး။

ဘဘကြီး။ ။အင်္ဂလိပ်၊ အမေရိကန်နဲ့ မဟာမိတ်တွေက တဘက်၊

ဂျာမဏီ၊ အီတလီ၊ ဂျပန်တို့ပူးပေါင်းထားတဲ့ ဝန်ရိုးတန်း နိုင်ငံတွေက တဘက် ဖြစ်ကြတယ်။

ရဲအောင်။ ။ဗမာ က ဘယ်ဘက် က ပါ ပါသလဲ ဘဘကြီး။

ဘဘကြီး။ ။သခင်အောင်ဆန်းနဲ့ ဗိုလ်ဗမာအစည်း အရုံး ခေါင်းဆောင်တွေဟာ သားယာဝတီမှာ ညီ လာခံ လုပ်ကြတယ်၊ ဗြိတိသျှ အစိုးရလို ခေါ်တဲ့အင်္ဂလိပ်နယ်ချဲ့ သမားကို ပုန်ကန်ကြ ဘို့ဆုံးဖြတ်ကြတယ်။

ဗိုလ်ဗမာ အစည်းအရုံးဟာတခြားနိုင်ငံရေး ပါတီ တွေ နဲ့ ပေါင်း ပြီး ၁၉၃၉ ခုနှစ် အောက်တိုဘာလမှာ ဗမာ့ ထွက် ရပ် ဂိုဏ်း ရယ်လို့ တည်ထောင် လိုက်တယ်။



ဗြိတိသျှအခက်၊ ဗမာ့အချက် ဆိုတဲ့ကြွေး ကြော်သံကို ကြွေးကြော် ဖေါ်ထုတ် လိုက် တယ်။

ရဲအောင်။ ။ဒါဖြင့် ဗမာ ဟာ ဂျပန်ဘက် က လား ဘဘကြီး။

ဘဘကြီး။ ။မဟုတ်ဘူး မောင်ရဲအောင်။

ဗမာ့ လွတ်လပ်ရေးကို အရ ယူဘို့ ဆုံး ဖြတ်ကြတာ ဖြစ်တယ်။ ဒီအချိန်မှာ သခင် အောင်ဆန်းကိုဖမ်းဘို့ ဆုငွေ ၅ ကျပ် ထုတ် ထားတာပေါ့။

BURMESE CLASSIC

ရဲအောင်။ ။ဆုငွေက ၅ ကျပ်တဲ့ လား ဘဘကြီး။

လဘကြီး။ ။ဆုငွေ ၅ ကျပ်ဆိုပြီး နယ်ချဲ့သမားက သခင် အောင်ဆန်းကို နှိမ်တဲ့သဘော သရော်တဲ့ သဘောပဲ မောင်ရဲအောင်။

ရဲအောင်။ ။ဆက်ပြီးပြောပါအုံး ဘဘကြီး။

ဘဘကြီး။ ။သခင် အောင်ဆန်း ဟာ အ ဖမ်း မခံ ရဘဲ ကျန်နေတဲ့ သခင်ခေါင်းဆောင်တွေ လူငယ် တွေကို စည်းရုံးပြီး၊ လက်နက်ကိုင် ထကြွဘို့ နည်းလမ်းရှာတယ်။ လက်နက် အကူအညီရ ဘို့အတွက် တရုတ်ပြည်အမွိုင်မြို့ကိုသွားမယ် လို့ ဆုံး ဖြတ်လိုက်ပြီး၊ သခင် အောင်ဆန်း နဲ့ သခင်လှမြိုင် တို့ နှစ် ယောက် ဟာ

www.burmeseclassic.com

www.burmeseclassic.com



တရုတ် အဝတ်တွေ ဝတ်ကြတယ်၊ တိုင်လီ လို့ ခေါ်တဲ့ သင်္ဘောကြီးနဲ့ လိုက်သွားကြ တယ်၊ ဩဂုတ်လ ၂ ရက်နေ့မှာ အမှိုင်မြို့သို့ ရောက်ကြတယ်။

သခင်မအောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှု

ရဲအောင်။ ။သခင် အောင်ဆန်း ဟာ လွတ်လပ်ရေးရ အောင် ဘယ်လို ဆောင်ရွက် ပါ သလဲ ဘဘကြီး။

ဘဘကြီး။ ။၁၉၃၈ ခုနှစ် ၁၃၀၀ ပြည့် အရေးတော်ပုံ ကစပြီး၊ ဗမာလူထုဟာ အမျိုးသား လှုပ် ရှားမှုတွေ ပိုပြီး များ လာ တယ်၊ အလုပ် သမားတွေ၊ လယ်သမားတွေ၊ ကျောင်းသူ ကျောင်းသားတွေဟာ တလှုပ်လှုပ်နဲ့ အုံ ကြွနေကြတယ်။

နယ်ချဲ့ အစိုးရကလဲ ပိုပြီးနှိပ်ကွပ် ချုပ်ချယ်လာတယ်။ ရန်ကုန်မှာ ကျောင်းသား ဗိုလ်အောင်ကျော် ကျဆုံးတယ်။ အာလံမှာ သခင် ဘဖိုးကျဆုံးတယ်။ မန္တလေးမှာ အာဇာနည် ၁၇ ဦး ကျဆုံးခဲ့ရ တယ်။



ဒို့ဗမာ အစည်း အရုံးက သခင် တွေး ကျောင်းသားတွေကိုလဲ၊ အမြောက် အမြား ဖမ်းဆီးပြီး ထောင်ထဲ သွင်း ထား တယ်။ ၁၉၃၉ ခုနှစ်စက်တင်ဘာလ ကမ္ဘာ့ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်ခဲ့တယ် မောင်ရဲအောင်။

ရဲအောင်။ ။ဒုတိယ ကမ္ဘာ့စစ်က ဘယ်သူနဲ့ ဘယ်သူ ဖြစ် ကြတာလဲ ဘဘကြီး။

ဘဘကြီး။ ။အင်္ဂလိပ် အမေရိကန်နဲ့ မဟာမိတ် တွေက တဘက်၊ ဂျာမနီ အီတလီ ဂျပန်တို့ ပေါင်း ထားတဲ့ ဝန်ရိုးတန်း နိုင်ငံတွေကတဘက်ဖြစ် ကြတယ်။

ရဲအောင်။ ။ဗမာက ဘယ်ဘက်ကပါ ပါသလဲ။

ဘဘကြီး။ ။သခင် အောင်ဆန်းနဲ့ ဒို့ဗမာအစည်းအရုံး ခေါင်း ဆောင် တွေဟာ သာ ယာ ဝတီ မှာ ညီလာခံလုပ်ကြတယ်။ ဗြိတိသျှ အစိုးရခေါ် တဲ့ အင်္ဂလိပ် နယ်ချဲ့ သမားကို ပုန်ကန် ထ ကြွဘို့ ဆုံးဖြတ်ကြတယ်။

ဒို့ဗမာအစည်းအရုံးဟာတခြားနိုင်ငံရေး ပါတီတွေနဲ့ ပေါင်းပြီး ၁၉၃၉ ခုနှစ် အောက်တိုဘာလမှာ ဗမာ့ထွက်ရပ် ဂိုဏ်း တည်ထောင်တယ်။ ဗြိတိသျှ အခက် ဗမာ့

www.burmeseclassic.com

www.burmeseclassic.com



အချက် ဆိုတဲ့ ကြေးကြော်သံကို ကြေးကြော် ဖေါ်ထုတ်တယ်ကွဲ့။

ရဲအောင်။ ။ဒါဖြင့် ဗမာဟာ ဂျပန်ဘက်ကပါလား။

ရဲအောင်။ ။မဟုတ်သေးဘူး မောင်ရဲအောင်။

ဗမာ့ လွတ်လပ်ရေး ကို အရ ယူဘို့ဘဲ ရှိသေးတယ်။

ဒီအချိန်မှာ သခင်အောင်ဆန်းကိုဖမ်းဘို့ ဆုငွေ ၅ ကျပ်ထုတ်ထားတာပေါ့။

ရဲအောင်။ ။ဆုငွေ ၅ ကျပ်တဲ့လား ဘဘကြီး၊

ဘဘကြီး။ ။ဆုငွေ ၅ ကျပ်ဆိုပြီး နယ်ချဲ့သမားက၊ သခင်အောင်ဆန်းကို နှိမ်တဲ့သဘော သရော်တဲ့ သဘောဘဲ မောင်ရဲအောင်။

ရဲအောင်။ ။ဆက်ပြောပါအုံး ဘဘကြီး။

ဘဘကြီး။ ။သခင် အောင်ဆန်းဟာ ကျန်နေတဲ့ သခင် ခေါင်း ဆောင် တွေ လူငယ်တွေကို စည်းရုံးပြီး လက်နက်ကိုင် ထကြွဘို့ နည်းလမ်းသစ် ရှာတယ်။ လက်နက်အကူအညီ ရဘို့အတွက်၊ တရုတ်ပြည်၊ အမွိုင်မြို့ကို သွားမယ်လို့ ဆုံးဖြတ်လိုက်ပြီး သခင် ဆောင်ဆန်းနဲ့ သခင် လှမြိုင်တို့နှစ်ယောက်၊ တရုတ်အဝတ်တွေဝတ်ကြတယ်။ ဟိုင်လီလို့ ခေါ်တဲ့ သင်္ဘောကြီး



နဲ့ လိုက်သွား ကြတယ်။ ၁၉၄၀ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့မှာ ရန်ကုန်ကထွက်ပြီး ဩဂုတ်လ ၂၄ ရက်နေ့မှာ အမွိုင် မြို့ သို့ ရောက်ကြတယ်။

ကျန်ခဲ့တဲ့သခင်ခေါင်းဆောင်တွေက နိုင်ငံခြား အဆက်အသွယ်ကို ရှာကြတယ်။

အချိုရှာသကာတွေ့ဆိုသလိုဘဲ မောင်ရဲအောင်၊ မကြာခင်မှာဘဲ နိုင်ငံခြား အဆက်အသွယ်ရရှိသွားတယ်ကွဲ့။ ဒီတုံးက ဂျပန်က ကာနယ် ဆူဇူကီးဟာဒိုမေ သတင်းထောက် ဟန်ဆောင်ပြီး ဗမာ ပြည်ကို ရောက် လာတော့ သခင်ခေါင်းဆောင်တွေဟာကာနယ် ဆူဇူကီးနဲ့ ဆက်သွယ်မိကြတယ်ကွဲ့။ ဒီတော့ အမွိုင်မြို့မှာ ရောက် နေတဲ့ သခင် အောင်ဆန်းနဲ့ သခင်လှမြိုင်တို့ကိုတွေ့ဆုံရန်ဆူဇူကီး က တာဝန်ယူသွားတယ်။

## ရဲဘော်သုံးကျိပ်

ရဲအောင်။ ။ဂျပန်နဲ့ အဆက် အသွယ် ရသွားတာပေါ့ ဘဘကြီး။

ဘဘကြီး။ ။သခင်အောင်ဆန်းနဲ့ ကာနယ် ဆူဇူကီးတို့ဟာ တွေ့ဆုံကြပြီး ဗမာ့ လွတ်လပ်ရေး အ

www.burmeseclassic.com

www.burmeseclassic.com



တွက် ဆွေးနွေးကြတယ် မောင်ရဲအောင်။

သခင်အောင်ဆန်းက ဗမာ လူငယ် ၃၀ ကို စစ်ပညာ လေ့ကျင့် ပေးဘို့နဲ့ လက်နက်တွေ၊ စစ်ဝတ် စုံတွေပေးဘို့ တင်ပြတယ်။

တပ်သား ၄၀၀၀ ခန့်ပါတဲ့ လက်နက်ကိုင်တပ် ထူထောင်ပြီး လက်နက်တွေ တပ်ဆင်ပေးဘို့လဲတင်ပြတယ်၊ အရေးအကြီးဆုံး တင်ပြချက်ကတော့ ဗမာ့ တော်လှန်ရေးတပ်တွေ ရန်ကုန်ကို ရောက်ရင်ရောက်ချင်း၊ ဗမာ့ လွတ်လပ်ရေးကိုကြေညာပေးဘို့ တင်ပြဆွေးနွေးတယ်။

သခင်အောင်ဆန်း တင်ပြ ချက် တွေကို ဂျပန်စစ်ဦးစီးအဖွဲ့က သဘောတူ လက်ခံခဲ့တယ်၊ ဒါကြောင့် ၁၉၄၁ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ သခင်အောင်ဆန်း ဗမာပြည်ကို ခဏပြန်လာပြီး စစ်ပညာသင်ကြားဘို့ လူငယ်တွေစုတယ်ကွဲ့။ ဗမာလူငယ် ၃၀ ကို ၄ ကြိမ်ခွဲကာ ဂျပန်ကို ခေါ်ယူပြီး ဟိုင်နန်ကျွန်းမှာ စစ်ပညာသင်ကြတယ်၊ ပစိဖိတ် သမုဒ္ဒရာထဲက ဖော်မိုဆာ ကျွန်းရဲ့ အနောက်ဘက်မှာ ဟိုင်နန်ကျွန်း ဆိုတာ ရှိတယ် မောင်ရဲအောင်။



ရဲအောင်။ ။ရဲဘော် သုံးကျိပ်ဟာ ဟိုင်နန်ကျွန်းမှာသိပ်ပျော်ကြမှာဘဲနော်။

ဘဘကြီး။ ။ပျော် ဘို့ သွား ကြ တာ မ ဟုတ် ဘူး မောင်ရဲအောင်။

ဗမာပြည်အတွက် ဗမာ့လွတ်လပ်ရေးကို ရယူဘို့ သွားကြတာဖြစ်တယ်၊ ရေတတန်၊ ကုန်းတတန်၊ ရေခြား မြေခြားကို သွားကြတာဟာ တကယ့် ယုံကြည်ချက်နဲ့ သွားကြတာကွဲ့၊ သွားရတဲ့ အချိန်ကာလဲ ဒုတိယ ကမ္ဘာစစ် ဖြစ်ကာစဆိုတော့ အသက်ကို ပဓါန မထားကြဘဲ နိုင်ငံအတွက်အသက် ပေးခြင်းဟာမြတ်တယ်၊ နိုင်ငံအတွက် ငါတို့ရဲ့ အသက်ကို အသေခံမယ်လို့ ယုံကြည်ချက် ဆုံးဖြတ်ချက်တွေကို ဦးထိပ် ရွက်ပြီး သွားကြတာဖြစ်တယ်။

ရဲအောင်။ ။ရဲဘော် သုံးကျိပ်ဟာ စစ်ပညာကို ဘယ်လို သင်ကြရပါသလဲ ဘဘကြီး။

ဘဘကြီး။ ။ရဲဘော် သုံးကျိပ်ဟာ တနေ့ကုန်တနေ့ခန်း နေ့စဉ် နေ့တိုင်း စစ်ပညာကို သင်ကြ ရတယ် မောင်ရဲအောင်။

အားတဲ့အချိန်၊ နားတဲ့အချိန်တွေဆိုင် မရှိကြဘူး၊ စားသောက်တဲ့ အချိန် လေးနဲ့ အိပ်တဲ့ အချိန်ဘဲ နားရတယ်ကွဲ့။



www.burmeseclassic.com

www.burmeseclassic.com



ရဲအောင်။ ။သိပ်ပြီး ပင်ပန်းကြမှာဘဲ ဘဘကြီး။

ဘဘကြီး။ ။ပင်ပမ်းကြတာပေါ့ မောင်ရဲအောင်။

အစားအသောက်ကလဲ မကောင်း၊ နေရတာကလဲ ဖြစ်သလို နေကြရပြီး ဂျပန်အရာရှိတွေကလဲမောက်မောက်မာမာနဲ့ အော်ကာငေါက်ကာဆက်ဆံ သေး တယ်ကွဲ၊ သခင်အောင်ဆန်းရဲ့ ခေါင်း ဆောင် မှုနဲ့ ဗမာပြည်အတွက် ဗမာ့ လွတ်လပ်ရေး ယုံကြည်ချက်တွေက လေးနက်တာကြောင့် ရဲဘော်သုံးကျိပ်ဟာ ဆင်းရဲဒုက္ခ အမျိုးမျိုး ကိုကျိုက်မှိတ်ခံစားပြီး ရည်မှန်းချက် အောင်မြင်အောင်ကြိုးစားဆောင်ရွက် ကြရတယ်။

ရဲဘော် သုံးကျိပ်မှာ အုပ်စုခွဲပြီး စစ်ပညာ အမျိုးမျိုးတွေကို သင်ကြားကြတယ်၊ သခင်အောင်ဆန်း ခေါင်းဆောင်တဲ့ အုပ်စုက စစ်တပ်ဖွဲ့စည်းရေးနဲ့ အုပ်ချုပ်ရေးတွေကိုပါ သင်ကြားကြတယ်၊ သခင် ရှုမောင် ခေါင်းဆောင် တဲ့အုပ်စုကလဲ ပြောက်ကျားစစ်ဆင်ရေး ပညာကို သင်ကြား ကြတယ်၊ သခင်ရှုမောင်ဆိုတာက ဗိုလ်ချုပ်ကြီးနေဝင်းဖြစ်တယ်ကွဲ့။



ရဲအောင်။ ။ရဲဘော် သုံးကျိပ်ဟာ စစ်ပညာကို ဘယ်လောက်ကြာအောင် သင်ကြား ခဲ့ကြရပါသလဲ ဘဘကြီး။

ဘဘကြီး။ ။၁၉၄၁ ခုနှစ် မတ်လမှာ ဂျပန်ကို ရောက်တယ်၊ ဒုတိယ ကမ္ဘာ့စစ်က အရှေ့အာရှမှာ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၈ ရက်မှာစတယ်၊ ဒီတော့ ၉ လလောက် စစ်ပညာကို မနေမနား သင်ကြားကြရတယ် မောင်ရဲအောင်။

ရဲဘော် သုံး ကျိပ် ဟာ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလထဲမှာဘဲ ထိုင်းနိုင်ငံကိုရောက်လာပြီး ဘန်ကောက်မြို့မှာ ဗိုလ်အမည်တွေ ရွေးချယ် မှည့်ခေါ်ကြတယ်။ လက်မောင်းသွေးကို ငွေဖလားထဲ ဖေါက်ချ ကြပြီး အဓိဋ္ဌာန် ပြုသောက်ကြကာ ဗမာ့ လွတ် လပ် ရေးကို သစ္စာ မဖေါက်ကြစတမ်းလို့ ကတိသစ္စာပြုကြတယ် မောင်ရဲအောင်။

ရဲအောင်။ ။ရဲဘော် သုံးကျိပ်က ဘယ်သူ တွေ ပါလဲ ဘဘကြီး....။

ဘဘကြီး။ ။ရဲဘော် သုံးကျိပ်ဟာ သူတို့ရဲ့မူလ နံမည်က ဗိုလ်နံမယ်တွေ ပြောင်းလိုက် ကြတယ်။

၁။ သခင်အောင်ဆန်း ဗိုလ်တေဇ။
၂။ သခင်ရှုမောင် ဗိုလ်နေဝင်း။

www.burmeseclassic.com

www.burmeseclassic.com



၃။ သခင်လှဖေ ဗိုလ်လကျာ။
၄။ ကိုထွန်းရှိန် ဗိုလ်ရန်နိုင်။
၅။ ကိုလှမောင် ဗိုလ်ဇေယျ။
၆။ သခင်လှမြိုင် ဗိုလ်ရန်အောင်။
၇။ ကိုရွှေ ဗိုလ်ကျော်ဇော။
၈။ သခင်စံလှိုင် ဗိုလ်အောင်။
၉။ ကိုဆောင်း ဗိုလ်ထိန်လင်း။
၁၀။ သခင်ထွန်းရွှေ။ ဗိုလ်လင်းယုန်။
၁၁။ သခင်အောင်သိန်း ဗိုလ်ရဲထွ
၁၂။ သခင်ဗဂျမ်း ဗိုလ်လခရောင်။
၁၃။ သခင်တင်အေး ဗိုလ်ဘုန်းမြင့်
၁၄။ သခင်ထွန်းခင် ဗိုလ်မြင့်ဆွေ
၁၅။ သခင်သန်းတင်(၁) ဗိုလ်သန်းတင်
၁၆။ သခင်သန်းတင် (၂) ဗိုလ်မြဒင်
၁၇။ သခင်အောင်သန်း ဗိုလ်စကြာ
၁၈။ သခင်မိုး ဗိုလ်မြင့်အောင်
၁၉။ သခင်စံမြ ဗိုလ်တောက်ထိန်
၂၀။ ကိုလှ ဗိုလ်မင်းရောင်
၂၁။ ကိုစောလှိုင် ဗိုလ်မင်းခေါင်
၂၂။ သခင်ကျော်စိန် ဗိုလ်မိုးညို
၂၃။ သခင်သစ် ဗိုလ်စောနောင်
၂၄။ သခင် ခင်မောင်ဦး ဗိုလ်တာရာ
၂၅။ သခင်ထွန်းလှိုင် ဗိုလ်ဗလ



၂၆။ သခင်သန်းညွန့် ဗိုလ်ဇင်ယော်။
၂၇။ သခင်အေးမောင် ဗိုလ်မိုး။
၂၈။ သခင် မောင်မောင် ဗိုလ်ညာဏ။
၂၉။ သခင်ငွေ ဗိုလ်စောမောင်။
၃၀။ သခင်ထွန်းအုပ် သခင်ထွန်းအုပ်။

ရဲအောင်။ ။ရဲဘော် သုံးကျိပ်ရဲ့ ဆောင် ရွက် ချက် တွေ ဆက်ပြောပါအုံး ဘဘကြီး။

ဘဘကြီး။ ။ရဲဘော် သုံးကျိပ်ဟာ ဘန်ကောက်မြို့မှာတပ်သားတွေစုကြတယ်။ လွတ်လပ်ရေး တပ်မတော်လို့ အမည်ပေးပြီး၊ တပ်သားတွေရဲ့ လက်မောင်းမှာ အမှတ်အသား လက်ပတ်တွေ ပတ်ကြတယ်။ အမှတ်အသား လက် ပတ် က တော့ အဝါရောင်၊ အစိမ်းရောင် အနီရောင် သုံးရောင်ခြယ်မှာ ဒေါင်း တံဆိပ်ရိုက်ထားတယ်။

ဗမာ့ လွတ်လပ်ရေး တပ်မတော်ဟာ စစ်ကြောင်းတွေခွဲပြီး ဗမာပြည်ထဲ ဝင်ခဲ့တယ်။

ပထမ စစ်ကြောင်းက မဲဆောက် လမ်းဘက်မှ ဖါပွန်ကိုဝင်တယ်၊

ဒုတိယ စစ် ကြောင်း က မြဝတီ လမ်း ဘက်မှ မော်လမြိုင်ကိုဝင်တယ်။

တတိယ စစ်ကြောင်းက ကန်ဘူရီ မြစ် ဖျားမှ ထားဝယ်ကိုဝင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



စစ်တုတ္ထ စစ်ကြောင်းက ရီနောင်က မြို့တိုကို ဝင်တယ်။

ဗိုလ်နေဝင်း ခေါင်းဆောင်တဲ့ ရဲဘော်စုက ရခိုင်တိုင်းကို ရောက်နေတယ်၊ ရခိုင်တိုင်း ဘက်က စစ်ကြောင်း သုံးကြောင်းခွဲပြီး ရန်ကုန်ကို ဝင်ကြတယ်ကွဲ့။

ဘီ-အိုင်-အေတပ်သားတွေဟာစစ်ကြောင်းခွဲပြီးဝင်တုန်းက လေးထောင် လောက်ဘဲ ရှိသေးတယ်။ ရန်ကုန်ကို ရောက်တော့ တသောင်းကျော် တိုးတက်လာတယ်။ဖေဖေါ်ဝါရီလ ၁၀ ရက်နေ့မှာ မုတ္တမကိုသိမ်းယူတယ်။၁၉၄၂ခုနှစ်၊ဖေဖေါ်ဝါရီလ၂၈ရက်ကျတော့ဗြိတိသျှစစ်တပ်တွေဆုတ်ခွါကြတယ်။ မေလ ၈ ရက်နေ့မှာ ဗမာ့လွတ်လပ်ရေး တပ်မတော်က ရန်ကုန်ကို သိမ်းယူတယ်။ တလ အတွင်းမှာ မြစ်ဝကျွန်းပေါ် ဒေသ တခုလုံးကို သိမ်းနိုင် ခဲ့တယ် ကွဲ့။

**ရဲအောင်။** ။ဗ မ ာ တွေ ကျွန်ဘ၀ က လွတ် ပြီ လား ဘဘကြီး။

**ဘဘကြီး။** ။ရန်ကုန် သိမ်းပြီး တာ နဲ့ တပြိုင် နက်၊ ဗမာ့လွတ်လပ်ရေးကိုကျေညာရမယ်လို့ သခင်အောင်ဆန်းက တင်ပြခဲ့ပြီး၊ ဂျပန်စစ်ဦးစီးအဖွဲ့က သဘော တူခဲ့တယ်။ ဒါပေမဲ့ ရန်ကုန်သိမ်းပြီးတော့ ဂျပန် တွေက သူတို့သဘော တူချက်ကို ဖျက်သိမ်း လိုက်တယ်ကွဲ့။



**ရဲအောင်။** ။ဟာ ...ဒါဖြင့်၊ အင်္ဂလိပ် အစား ဂျပန်တွေ ရောက်လာတာပေါ့ ဘဘကြီး။

**ဘဘကြီး။** ။ဆိုနိုင်တယ် မောင်ရဲအောင်။

အင်္ဂလိပ် နယ်ချဲ့သမား နေရာမှာ ဂျပန်နယ်ချဲ့သမား ဝင်လာဘာယ်၊ အင်္ဂလိပ်အရင်းရှင်တွေနေရာမှာ ဂျပန် အရင်းရှင်တွေ ရောက်လာတယ်၊ ဗမာ့မြေဆီ ဗမာ့သွေးခဲ၊ ဗမာ့ရတနာ တွေကို ဂျပန်ကဝါးမျို ကြတော့တယ်။

ဗမာပြည် အုပ်ချုပ် ရေး ကိုလဲ ဒေါက်တာဘမော်ကို အဓိပတိ ခန့်ပြီး ရုပ်သေးအစိုးရ လုပ်လိုက်တယ်။

## ဂျပန်၏ရက်စက်မှုများ

**ရဲအောင်။** ။ရုပ်သေး အစိုးရဆိုတာ ဘာလဲ ဘဘကြီး၊

**ဘဘကြီး။** ။ရုပ်သေးစင်ကို ကြည့်ဘူးတယ် မဟုတ်လား မောင်ရဲအောင်။

ရုပ်သေးစဉ်ပေါ်က ရှင်ဘုရင်ရုပ်ဟာ သူ့ဟာသူ ဘာမှမလုပ်နိုင်ဘူး၊ မပြောနိုင်ဘူး၊ မဆိုနိုင်ဘူး၊ နောက်က ပြောပေးတယ်၊ ဆိုပေးတယ်၊ ကြိုးဆွဲတဲ့ လူက ကြိုးကိုဆွဲပေးမှ လက်တွေ ခြေတွေ မြှောက်လို့ရတယ်၊ ခေါင်းညိတ်ခိုင်းရင် ညိတ်လိုက် ရတယ်

www.burmeseclassic.com

www.burmeseclassic.com



လေ၊ အခုလဲ ဂျပန်ပြောသလိုလုပ်၊ ဂျပန်ခိုင်းသလို လုပ်ရတဲ့ အစိုးရပေါ့ကွယ်။

ဒါတင် မကသေးဘူး မောင်ရဲအောင်။

ဗမာ့ လွတ်လပ်ရေး တပ်မတော် ဘီ၊ အိုင်၊ အေ ကိုလဲ ဗမာ့ ကာကွယ်ရေး တပ်မတော်၊ ဘီ ဒီအေ လို့ ပြောင်း ပစ် လိုက် တယ်။ တပ်သားဦးရေတွေလဲ လျှော့ပစ်လိုက်တယ်။

ရဲအောင်။ ။ဂျပန်က ဝင်ဝင်ချင်း ဆောက်နဲ့ ထွင်းတာဘဲ ဘဘကြီး။

ဘဘကြီး။ ။အမျှားကြီး ကျန်သေးတယ် မောင်ရဲအောင်။

ဂျပန်တွေဟာ သူတို့သဘောနဲ့ မတိုက်ဆိုင်ရင် ဗမာတွေကိုပါးရိုက် အမျိုးသမီးတွေကိုလဲ စော်ကား၊ လာတယ်ကွဲ၊ကင်ပေတိုင်လို့ခေါ်တဲ့ဂျပန်ပုလိပ်တွေက လဲ၊မသင်္ကာဘူးဆိုပြီး၊ လူတွေကိုဖမ်းတယ်၊အမှု စစ် တယ်ဆိုပြီး မျက်နှာကို အဝတ်စီးပြီး ရေနဲ့လောင်း တယ်၊တက်နင်းတယ်၊ သစ်ပင်မှာကြိုးတန်းလန်းဆွဲပြီး ရိုက်တယ်၊လက်ကိုရေနွေးပူထဲစိမ်ပြီးလက်သဲခွံကိုညှပ် နဲ့ဆွဲထုတ်တယ်။အိုးထဲမှာ ကြွက်အရှင်ထည့်ပြီး ဗိုက် ပေါ်ကို အိုးမှောက်ပြီး ထားတယ်၊ တောတွေရော မြို့ပေါ်မှာရော ယောကျ်ားတွေကို ချွေးတပ်ဆွဲတယ်။

ရဲအောင်။ ။ချွေးတပ်ဆိုတာက ဘယ်လိုပါလဲဘဘကြီး။

ဘဘကြီး။ ။ဂျပန်က ယိုးဒယား ဗမာ မီးရထား လမ်း ဖောက်တယ်။ မီးရထားလမ်း ဖောက်တဲ့ နေရာမှာ



အလုပ် လုပ်ဘို့ လူ တွေကို ဆွဲ ခေါ် တာ ဖြစ် တယ်၊ အတင်း အဓမ္မ အာဏာနဲ့ ဆွဲခေါ် တယ် ကွဲ။ ကျိုက္ခမီ သံဖြူ ဇရပ်မှာ စခန်း ထားတယ်။ မီးရထားလမ်းဖောက်တဲ့နေရာတွေမှာ တနေကုန် အ လုပ်လုပ်ခိုင်းတယ်၊ ဒုတ်နဲ့ ခြိမ်းခြောက် ခိုင်းတယ်၊ သေနတ်နဲ့ ခြိမ်းခြောက်ခိုင်းတယ်၊ ခိုင်းသာခိုင်းပြီး အစာကိုလဲ ဝအောင်မကျွေးဘူး၊ ဆေးလဲမတိုက်ဘူး၊ အလုပ်ကို လုပ်နိုင်လဲလုပ်ရတယ်၊ မလုပ်နိုင်လဲလုပ် ရတာဘဲ။

ချွေးတပ်ထဲပါသွားတဲ့လူတွေဟာ ငှက်ဖျား ဖျား ပြီး သေကုန်ကြတယ်၊ မသေလို့ပြန်လာခဲ့ရတဲ့ လူတွေ လဲ ကောင်းကောင်းမကျန်းမာကြတော့ဘူးကွဲ့။

အောင်။ ။ဂျပန်ဟာ တယ် ပြီး ရက်စက် ပါ ကလား ဘဘကြီး။

ဘကြီး။ ။ရက်ရက်စက်စက် အာဏာရှင်စံနစ်သုံးပြီးခိုင်း တယ်ကွဲ့။ ဒါကြောင့် ဂျပန်ရဲ့ ဝါဒကို ဖက်စစ် အာဏာရှင်ဝါဒလို့ ကမ္ဘာကခေါ်ကြတယ်။

အောင်။ ။သခင် အောင်ဆန်းနဲ့ ရဲဘော် သုံးကျိပ်က ဘယ်ရောက်သွားပါသလဲ ဘဘကြီး။

ဘကြီး။ ။သခင် အောင်ဆန်းကို ဗမာ့ ကာကွယ်ရေး တပ်မတော် ဘီဒီအေမှာ စစ်သေနာပတိ ခန့်ထား တယ်။ စစ်သေနာပတိဆိုပေမဲ့ ဗိုလ်မှူးကြီး အဆင့်

www.burmeseclassic.com

www.burmeseclassic.com



လောက် ပေးထားတာသာဖြစ်တယ်။ စစ်ခုံးချုပ် စပြီး အောက်ဆုံးအထိအဆင့်ဆင့်တွေမှာ ဂျပန် ဗိုလ်တွေကို အကြံပေး အရာရှိတွေ ခန့်ထားတ ဘိဒ်ဓါအေ တပ်ကိုလဲ ပျဉ်းမနားမြို့ကို ပြောင်းလို တယ်။

ဗိုလ်ချုပ်အောင်ဆန်းဟာ ဂျပန်တွေရဲ့ မတည်မှုနဲ့ ဂျပန်တွေရဲ့ သွေးစုတ်တာတွေ၊ ဂျ တွေရဲ့ ရိုင်းစိုင်းတာတွေ၊ ဂျပန်တွေရဲ့ ရက်စက်မ တွေကို မခံမရပ်နိုင်ဖြစ်ရှာတယ်။ လူကလဲပင်ပမ်း၊ စိ ကလဲပင်ပမ်းတော့ ဆေးရုံတက်ရတဲ့အထိဖြစ်ရှာတ ကွဲ။ ဆေးရုံမှာ ဆရာမ ဒေါ်ခင်ကြည်ရဲ့ ပြုစု ယု ကုသမှုကိုခံယူရင်း ဒေါ်ခင်ကြည်ကိုအိမ်ထောင်ဘ ရွေးလိုက်တယ်။

## တော်လှန်ရေးလုပ်ငန်းများ

**ရဲအောင်။** ။ဂျပန်တွေရဲ့ ရက်စက်မှုကို ဒီအတိုင်းခံနေ သလား ဘဘကြီးရယ်။

**ဘဘကြီး။** ။ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဗမာ့တပ်မတော်တ ဗမာ့လွတ်လပ်ရေးအတွက် ဂျပန်ကို တော်လှန်ရမ ဆိုတာ နားလည်ထားပါတယ်။



ဗမာ လူထုဟာလဲ ဂျပန်ရဲ့ ရက်ရက် စက်စက် ညှင်းပမ်းနှိပ်စက်မှု လက်အောက်မှာ မနေလိုကြဘူး ကွဲ။ ဂျပန်ကိုခုခံတော်လှန်ကြဖို့ လှုပ်လှုပ်ရှရှရှိနေ ကြပြီး၊ တပ်မတော်နဲ့ လူထုဟာ တတပ်ထဲတသားထဲ ရှိနေကြတယ်၊ တပ်မတော်ကို အားကိုး အားထား ပြုနေကြတယ်ကွဲ။

၁၉၄၄-ခုနှစ် ဩဂုတ်လထဲမှာ တပ်မတော် ခေါင်းဆောင်တွေ ကွန်မြူနစ်ပါတီ ခေါင်းဆောင် တွေ၊ အရေးတော်ပုံ ပါတီက ခေါင်းဆောင်တွေ တွေ့ဆုံကြပြီး ဂျပန်ကိုတော်လှန်ဖို့ ဆုံးဖြတ်ကြတယ်၊ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ချုပ်အေအက်ပ်ဖ်အိုကိုဖွဲ့လိုက် တယ်။ ဂျပန်ကိုတော်လှန်ဖို့တော်လှန်ရေးသမားတွေ စုစည်းလိုက်ကြခြင်းဖြစ်တယ်။

ဗမာပြည် အရပ်ရပ်မှာလဲ ဖက်ဆစ်ဆန့်ကျင်ရေး မြေအောက်အဖွဲ့တွေကို ဖွဲ့ကြတယ်၊ ဗမာ့တပ်မတော် အတွင်းမှာလဲ တော်လှန်ရေး အတွက် ပြင်ဆင် ကြ တယ်။

ဦးသိန်းဖေ၊ ယခု ဦးသိန်းဖေမြင့်၊ နဲ့ သခင်တင်ရွှေ တို့က အိန္ဒိယပြည်ကို သွားကြပြီး အိန္ဒိယပြည်မှာ မဟာမိတ်တပ်များနဲ့ အဆက်အသွယ် ရဘို့ကြိုးစား တယ်၊ ဒုတိယအကြိမ်မှာ ဦးညိုထွန်း အိန္ဒိယပြည်ကို လိုက်သွားတယ်၊ ၁၉၄၅ခုနှစ်မှာ မဟာမိတ် တပ် တွေနဲ့ အဆက်အသွယ်ရကြတယ်ကွဲ။

www.burmeseclassic.com

www.burmeseclassic.com



ရဲအောင်။ ။ဂျပန်ကို ဘယ်လို တော်လှန် ကြ ပါ သယ်

ဘဘကြီး။

ဘဘကြီး။ ။ဗမာပြည်ကို တော်လှန်ရေး နယ်မြေ အဖြ

တိုင်း ၇ တိုင်းခွဲတယ်၊ တိုင်းအသီးသီးအတွက် တာ

ဝန်ခံတွေ ရွေးတယ်။

ရခိုင်တိုင်းမှာ ဦးညိုထွန်းနဲ့ ဘုန်းတော်ကြီး

ဦးပညာသီဟတို့ တာဝန်ယူကြတယ်၊ အထက်ဗမာ

ပြည်ကို ဗိုလ်မှူး ဗထူး တာဝန် ယူတယ်၊ အထက်

ဗမာပြည်မှာ ဂျပန်တွေရဲ့ နှိပ်စက်မှု ပေါ့ဟာ ပိုပြီ

ပြင်းထန်လာတယ်၊ ဒါကြောင့် ပြည်သူ လူထု ဟာ

ပိုပြီး အုံကြွနေတယ်၊ အခြေအနေက ပြင်းထန်နေ

တော့ ဗိုလ်မှူး ဗထူးဟာ သတ်မှတ်ထားတဲ့ တော်

လှန်ရေးနေ့ကို မစောင့်နိုင်ရှာတော့ဘဲ....

၁၉၄၅ ခု၊ မတ်လ ၈ ရက်နေ့မှာဘဲ ဂျပန်ရဲ့

ဖက်ဆစ်အာဏာရှင် စနစ်ကို တော်လှန် တိုက်ခိုက်

တော့တာဘဲ မောင်ရဲအောင်။

## ဗိုလ်မှူးကြီး ဗထူး

ရဲ အောင်။ ။ဗိုလ်မှူး ဗထူးဆိုတာ ရဲဘော် သုံးကျိပ် ထဲမှာ

မပါပါလားဘဘကြီး။

ဘဘကြီး။ ။ဗိုလ်မှူး ဗထူးဟာ အလုပ်သမားကြီးကွဲ့။



သူ့အဖေက တောင်သူ လယ် သမားကြီး ဖြစ်တယ်။ ဦးဘိုးထွန်း-ဒေါ်စိန်မြရင်လို့ ခေါ် တယ်၊ ထားဝယ်ခရိုင် လောင်းလုံမြို့နယ် တပိုင် လေသွန်ရွာကပေါ့။ငယ်နံမယ်ကလဲ မောင်ဗထူးဘဲဖြစ်တယ်၊ ထားဝယ်အစိုးရ အထက်တန်းကျောင်းက ၇ တန်း အောင်ခဲ့တယ်။

မောင်ဗထူးဟာ ငယ်ငယ်ကထဲက မဟုတ် မခံတဲ့ စိတ်ရှိတယ်၊ ကိုယ့်အား ကိုယ်ကိုးတယ်၊ ဘခင်လယ်သမားကြီးရဲ့ ပင်ပင်ပမ်းပမ်း လုပ်ကိုင် ကျွေး မွေး တာကို မစားရက် နိုင်ရှာ ဘူးကွဲ့၊ ဒါကြောင့် ကျောင်းက ထွက်ပြီး ဟိုင်းဒါး သတ္တု တွင်းမှာ အလုပ်ဝင်လုပ်တယ်၊ အလုပ် သမား ဖြစ်လာ တော့ ဘဝတူ အလုပ်သမားတွေရဲ့ အခွင့် အရေး တွေကို ခေါင်းဆောင်ပြီး ဆောင်ရွက်ပေးတယ်၊ ဒါကြောင့် အရင်းရှင်တွေရဲ့ အလုပ် ထုတ်ပစ် တာကို ခံရရှာတယ်။

ထားဝယ်စစ်ကြောင်း ချီလာတဲ့ဗမာ့ လွတ်လပ်ရေး တပ်မတော်ကြီး ထားဝယ်မြို့ကို သိမ်းတဲ့အချိန်မှာ ဘီအိုင်အေ တပ်ထဲဝင်ခဲ့တယ်၊ ဘီအိုင်အေ တပ်မှာ တပ်ကြပ်ကလေး ဗဘူးအဖြစ် တာဝန် ယူရပြီး ရန်ကုန်ကို သိမ်းရာမှာ ပါခဲ့တယ်။

တပ်ကြပ် ဗထူးဟာ ဘီအိုင်အေ တပ်ကို ဘီဒီအေ အဖြစ်ပြောင်းလိုက်တဲ့အခါ တပ်ရင်း ၂ တပ် ခွဲ ၃

www.burmeseclassic.com

www.burmeseclassic.com



မှာ တပ်ခွဲမှူး တာဝန်ယူရတယ်၊ စက်မှု လက်မှု တပ်
ရင်း ၁ ကို ဖွဲ့စည်းတဲ့ အခါ ကျတော့ တပ် ရင်း မှူး
အဖြစ် တာဝန်ယူရတယ်။

ဗိုလ်မှူးဗထူးဟာမြောက်ပိုင်းစစ်မြေပြင်ကို ထွက်
ပြီး မြောက်ပိုင်းစစ်မြေပြင်မှာတာဝန်ကိုပင်ပင်ပမ်းပမ်း
ဆောင်ရွက်တယ်၊ အစား အသောက်က ဆင်းရဲပြီး
ဆေးဝါးကလဲ မလုံလောက်ဘူးကွဲ့၊ ခရီးကလဲ ကြမ်း
တမ်းပြီး အဖျား ရောဂါကလဲ ထူ ထပ် တယ်၊ ဒါ
ကြောင့် ဗိုလ်မှူးဗထူးဟာ အင်းတော်မှာ ငှက်ဖျား
ရောဂါ စွဲကပ်ပြီး အတော် မမာမကျန်းဖြစ်ခဲ့တယ်။

ဗိုလ်မှူးဗထူးဟာ ဖွဲ့ အလွန် ကောင်းပြီး ဗမာ့
လွတ်လပ်ရေးကို မရမနေ ယူမယ်လို့ ဆုံးဖြတ်ထား
တဲ့ လူတယောက်ဖြစ်တယ်၊ ဂျပန်ဖက်ဆစ် တော်လှန်
ရေးကို ဆောင်ရွက်ဘို့ နေ့မနား ညမအား စည်းရုံး
ပြီး စစ်ရေးစစ်ရာအရပ်ရပ်ကိုကြပ်မတ်ပြင်ဆင် ထား
တယ်။

ဗိုလ်မှူး ဗထူးဟာ မဟာမိတ် တပ်တွေ မရောက်
ခင် ဂျပန်ကိုစပြီး တော်လှန်တိုက်ခိုက်ကာ မန္တလေး
မြို့ကို ဂျပန်လက်မှ သိမ်းယူနိုင်ခဲ့တယ်၊ ဂျပန်ဖက်ဆစ်
တွေကို ထက်ကြပ်မကွာ လိုက်ပြီး ရှမ်းပြည် မြောက်
ပိုင်းအောင်ဘန်းမြို့အထိတိုက်ထုတ်တယ်ကွဲ့။

ဗိုလ်မှူး ဗထူးဟာ ဒီလောက် အပင် ပမ်းခံ တာ
တိုက်ရင်း ရှမ်းပြည်မှာ ငှက်ဖျား ရောဂါ စွဲကပ်ပြီး

တယ်၊ ဒုတိယအကြိမ် စွဲကပ်တဲ့ ငှက်ဖျား ရောဂ
ဒဏ်ဟာ အင်မတန် ပြင်းထန်တဲ့အတွက် ၁၉၄၅ ခု
နှစ် ဇွန်လ ၂-ရက်နေ့မှာ ကွယ်လွန် သွားရှာတယ်၊
ရှမ်းပြည်မြောက်ပိုင်း အောင်ဘန်းမြို့နယ် မြင်းကြာ
ဒိုးရွာတယ်လူးစခန်းမှာ ကွယ်လွန်ခဲ့တယ်ကွဲ့။

ဗိုလ်ချုပ် အောင်ဆန်း ဟာ ဗိုလ်မှူး ဗထူးကို
ဗိုလ်မှူးကြီး ရာထူးနဲ့ ချီးကျူးခဲ့ပေတယ်။

## ဂျာပန်တော်လှန်ရေး

အောင်။ ။ဗိုလ်ချုပ် အောင်ဆန်းရဲ့ ဂျပန်တော်လှန်ရေး
အကြောင်း ဆက်ပြောပါအုံး ဘဘကြီး။

ဘဘကြီး။ ။၁၉၄၅ ခုနှစ် မတ်လ ၁၇ ရက် စနေနေ့မှာ
ပေါ့ကွယ်။

အခု တော်လှန်ရေး ပန်းခြံ လုပ်ထားတဲ့ နေရာမှာ၊
ဗမာ့ တပ်မတော် သားတွေ စုဝေးကြတယ်။ တပ်
ထွက် အခမ်းအနားကြီး လုပ်တယ် မောင်ရဲအောင်။

အင်္ဂလိပ် အမေရိကန် တွေကို တိုက်ဘို့ ဂျပန်
စစ်ဗိုလ်ချုပ် ဂျင်နရယ် ဆကူရိုင်းက ပြောပြီး ဗိုလ်
ချုပ် ဆောင်ဆန်းကို စစ်ထွက် အလံပေးအပ်တယ်၊

ဗိုလ်ချုပ် အောင်ဆန်းက ဗမာ့တပ်မတော်သား
တွေကို မှာကြားတယ်။ ကျုပ်ကိုယ်တိုင် ရှေ့သွားထို

www.burmeseclassic.com

www.burmeseclassic.com



နဲ့ အတူ စစ်မြေပြင်ကို ချီတက်မယ်၊ ဗမာ့ရန်သူ… မြေမှုန်းကြ၊ အနီးကပ်ဆုံး ရန်သူကို ရှာပြီးတိုက်ကြ… ဒီလို မှာကြား လိုက်တော့ လူထုပရိသတ်က သြဘာ… ပေးကြတယ်။

ရဲအောင်။ ။အနီးကပ်ဆုံး ရန်သူ ဆိုတာ ဂျပန်ဘဲ ဖြစ်ရမှာ… ပေါ့နော်။

ဘဘကြီး။ ။တပ်မတော် သားတွေဟာ ရွှေတိဂုံ စေတီတော်ကြီးကို တပတ် ပတ်ပြီး အလေးပြု ကြတယ်၊ အရေးတော်ပုံ အောင်ပါစေ၊ အရေးတော်ပုံ အောင်ပါစေလို့ ကြွေးကြော် ကြကာ၊ လက်ခုပ် လက်ဝါးတီးပြီး အားပေး ကြတယ်။ ဒို့ဗမာဟေ့ ဒို့ဗမာလို့လဲ အော်ကြ သေးတယ်၊ အမျိုးသမီးတွေက တပ်မတော်သားတွေရဲ့ ဦးထုပ် အင်္ကျီတွေမှာ သစ်ခွပန်းတွေထိုးပေးကြတယ်၊ ပန်းမျိုးစုံ၊ ပန်းဖူး။ ပန်းပွင့်၊ ပန်းရွက်တွေကို မြှောက်ကာ မြှောက်ကာ ကြ…ပက် ဖြန့်ခင်းကြတယ်။ အဖိုးအို အဖွားအို တွေကလဲ။ ရေချမ်းအိုးတွေတည်ပြီး ဆုတောင်း ကြ တာကွဲ့။

ဗိုလ်ချုပ် အောင်ဆန်း ရဲ့ တပ်မတော်သားတွေဟာ ရန်ကုန်က စစ်ထွက်သွားကြလေပြီကွဲ့၊ စစ်ထွက်သွားတဲ့ တပ်တွေ အားလုံးဟာ တဖြည်းဖြည်းလူ…တွေထဲမှာ ပျောက်သွား ကြတော့တယ်။

ရဲအောင်။ ။တပ်သားတွေ ဘယ်လိုပျောက်သွားကြတာလဲ ဘဘကြီး။

ဘဘကြီး။ ။တာဝန်တွေက ခွဲဝေ ပေး ထားပြီး ဖြစ်တော့ တာဝန်ကျရာတိုင်း၊ တာဝန်ကျရာခရိုင်၊ တာဝန်ကျရာ မြို့နယ် ကျေးရွာ တွေကို ရောက် သွား တာပေါ့ မောင်ရဲအောင်။

ဆိုင်ရာ မြို့နယ် ကျေးရွာ ပြည်သူတွေကလဲ လက်နက်တွေကို သိမ်းပေးကြတယ်၊ စားရေး သောက်ရေးတာဝန်ယူကြပြီး၊ တပ်သားတွေကို လုံခြုံအောင် စောင့်ရှောက် ကာကွယ် ပေးကြ တယ် ကွဲ့။

ရဲအောင်။ ။ဂျပန်ကို မတိုက်သေးဘူးလား ဘဘကြီး။

ဘဘကြီး။ ။၁၉၄၅ ခုနှစ် မတ်လ ၂၇ရက်နေ့မှာ တပ်မတော် သားတွေနဲ့ တော်လှန်ရေးသမား တွေဟာ ဂျပန်ဖက်ဆစ် စံနစ်ဆိုးကို တချိန်ထဲ တပြိုင်နက်ထဲ တော်လှန် တိုက်ခိုက် ကြတယ်၊ ကွန်မြူနစ်ပါတီ၊ ပြည်သူ့အရေးတော်ပုံပါတီ၊ အာရှလူငယ် အစည်းအရုံးနဲ့ တိုင်းရင်း သား လူမျိုးစု အားလုံးပါဝင် တိုက်ခိုက်ကြတယ်။ ဗမာ ပြည်သူ တရပ်လုံးရဲ့ တော်လှန်ရေး တိုက်ပွဲကြီး ဖြစ်တယ် မောင်ရဲအောင်။

အဲဒီ အခါ တုံးက တော်လှန်ရေး အလံဟာ အနီရောင်မှာ ကြယ်ဖြူတပွင့်တပ်ထားတယ်။ တော်လှန်ရေးတပ်သားတွေရဲ့ လက်မောင်းမှာလဲ အလံရောင် လက်ပတ်တွေကို ပတ်ထားကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



လှည်းနေ လှေအောင်း မြင်းဇောင်းမကျန် ခ
သလိုဘဲ တောရောမြို့ပါ ရှာ လက်နက်တွေ ကိုင်ကြ
ပြီး တွေ့ရာသင်းချိုင်း ဒါးမဆိုင်းကြဘဲ ဂျပန် ဖက်
ဆစ်တွေကို သုတ်သင်ကြတော့တယ်။

တော်လှန်ရေး တပ်သားတွေရဲ့ တိုက် ခိုက် ချက်
ကြောင့် ဂျပန် စစ်သားပေါင်း နှစ်သောင်းကျော်
ကျဆုံးတယ်ကွဲ။

ဗိုလ်ချုပ် အောင်ဆန်းဟာ တိုင်း ၇၊ သရက်ခရိုင်
မင်းတုန်းမြို့နယ်မှာ ရှိတယ်၊ ကိုယ်တိုင် အစီ အစဉ်
တွေချပြီး ကိုယ်တိုင်ညွှန်ကြားကာ ကိုယ်တိုင် တိုက်ပွဲ
ကို ဦးဆောင်ခဲ့တယ်ကွဲ့၊

ရဲအောင်။ ။ဂျပန်တွေ ရှုံးသွားတော့ ဗမာတွေ လွတ်လပ်ပြီ
ပေါ့နော်။

ဘဘကြီး။ ။ဂျပန်တွေကို တော်လှန်လိုက်ပေမဲ့ အင်္ဂလိပ်နယ်
ချဲ့ သမားနဲ့ ပြန်တွေ့ကြပြန်တယ်၊ အင်္ဂလိပ် အင်္ဂ
ရိကန်တပ်တွေ ဝင်လာတော့....

ဗိုလ်ချုပ်အောင်ဆန်းဟာ သီဟိုဠ်ကျွန်း ကန္ဒီမြို့
ကို သွားပြီး ဗြိတိသျှ စစ်ဗိုလ်မှူးနဲ့ တွေ့ဆုံ ဆွေး
နွေးရတယ်၊ ကန္ဒီမြို့မှာ ဆွေးနွေးလို့ ကန္ဒီ စာချုပ်
လို့ တောင်ခေါ်သေးတယ်၊ ကန္ဒီစာချုပ်အရ ဗမာ့
မျိုးချစ်တပ်မတော်ကို ဗြိတိသျှရဲ့ ဗမာ့ တပ်မတော်
နဲ့ ပူးပေါင်းလိုက်တယ်၊ ဗိုလ်ချုပ် အောင်ဆန်း ဟာ



ဒုတိယ စစ်သေနာပတိ ရာထူး ပေးတယ်၊ ဗိုလ်ချုပ်
အောင်ဆန်းဟာ အမျိုးသားဆန္ဒပြုချက်အရ စစ်တပ်က
ထွက်လိုက်တယ်ကွဲ။

ရဲအောင်။ ။ဗိုလ်ချုပ်အောင်ဆန်းဟာ စစ်ဗိုလ်ချုပ် မလုပ်
တော့ဘဲ ဘာတွေ ဆက်လုပ်ပါသလဲဘဘကြီး။

## ဖ၊ဆ၊ပ၊လ၊အဖွဲ့ချုပ်ကြီး

ဘဘကြီး။ ။၁၉၄၅ခု ဩဂုတ် လမှာ ဖက်ဆစ် ဆန့်ကျင်
ရေးပြည်သူ့ လွတ်လပ်ရေးအဖွဲ့ချုပ်ကြီး(ဖဆပလ)ကို
ဖြောင်တည်ထောင်လိုက်ပြီး ဗိုလ်ချုပ် အောင်ဆန်းကို
ဥက္ကဋ္ဌတင်မြှောက်ကြတယ်၊

ဖ၊ဆ၊ပ၊လ၊အဖွဲ့ချုပ်ကြီးထဲမှာနိုင်ငံရေးပါတီတွေ
အလုပ်သမားအဖွဲ့တွေ၊လယ် သမားအဖွဲ့တွေတိုင်းရင်း
သားလူမျိုးစုတွေ၊အမျိုးသမီး အဖွဲ့တွေ၊လူငယ် တွေနဲ့
တသီးပုဂ္ဂလ နိုင်ငံရေး သမား တွေ ပါဝင် လာကြ
တယ်။

ရဲအောင်။ ။ဗမာနိုင်ငံ အုပ်ချုပ်ရေးကို ဘယ်သူ တာဝန်ယူ
ရပါသလဲ ဘဘကြီး။

ဘဘကြီး။ ။ဗြိတိသျှအစိုးရက ဆာ ဒေါ်မန်စမစ်ကို ဗမာ
ပြည်ဘုရင်ခံအဖြစ် ခန့်ထားတယ်၊ဘုရင်ခံ အတိုင်ပင်
ခံကောင်စီဖွဲ့ပြီး၊ကောင်စီဝင် ၇ဦးထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



အတိုင်ပင် ခံဂုဦးကို ဖ၊ဆ၊ပ၊လ၊က တင်ပြပေမဲ့ ဘုရင်ခံက ပယ်ချပြီး သူကြိုက်တဲ့ လူတွေကို ထားကာ ဆာပေါ်ထွန်းကို ဦးစီးဆောင်ရွက်ခိုင်း တယ်ကွဲ။

ရဲအောင်။ ။ဖဆပလအဖွဲ့ချုပ်ကြီးကဘာတွေလုပ်ပါသလဲ။

ဘဘကြီး။ ။ဗိုလ်ချုပ်အောင်ဆန်းဟာ ဖဆပလအဖွဲ့ချုပ်ကြီးကို တောင့်တင်း ခိုင်မာအောင် စည်းရုံးတယ်။ တပ်မတော် ရဲဘော်ဟောင်းတွေကို အခြေခံပြီး ပြည်သူ့ရဲဘော်အဖွဲ့ကိုလဲ ဖွဲ့စည်းတယ်။

ဖဆပလအဖွဲ့ချုပ်ကြီးနဲ့ ဘုရင်ခံတို့ဟာ ဆန့်ကျင်နေကြတယ်။ ဘုရင်ခံဟာ ဖဆပလ အဖွဲ့ချုပ်ကြီးကို ပြိုကွဲအောင်ကြိုးစားတယ်။ ဖဆပလအဖွဲ့ဝင်တွေကို နှိပ်ကွပ်ဖမ်းဆီး တယ်။ ဒါပေမဲ့ ဖ-ဆ-ပ-လအဖွဲ့ချုပ်ကြီးဟာပိုပိုပြီး အင်အားကြီးမား လာတယ်၊ မြို့တိုင်းနယ် တိုင်း မှာ ဖ-ဆ-ပ-လအဖွဲ့ တွေ ပေါ် လာ ပြီး အစိုးရအမှု ထမ်းတွေတောင် ဖ-ဆ-ပ-လအဖွဲ့ထဲ ကို ပါဝင်လာကြတယ်။

၁၉၄၆ခုနှစ် စက်တင်ဘာလ ၅ရက်နေ့မှာ ပုလိပ်သပိတ်ကြီး ပေါ်လာ ခဲ့တယ်။ ပုလိပ် သပိတ် ဆိုတာ ဗမာ့သမိုင်းမှာ တခါမှ မကြားဘူးဘူး မတွေ့ဘူးသူးကွဲ။

အမှုထမ်း ပေါင်းစုံကလဲ အစိုးရအဖွဲ့ ကိုသပိတ်မှောက်လိုက် ကြတယ် ဒီတော့ ဘုရင် ခံရဲ့ အစိုး ရ



စက်ယန္တရား တွေဟာ အားလုံး ရပ်ဆိုင်း သွားတော့တယ်။

ရဲအောင်။ ။ဒီတော့ဘာတွေဖြစ်ပါသလဲဘဘကြီး။

ဘဘကြီး။ ။ဗြိတိသျှ အစိုးရက ဘုရင်ခံဆာ ဒေါ် မန်စမင်ကိုပြန်ခေါ်ပြီး ဆာဟူး ဘတ်ရန့်စ်ကို ဘုရင်ခံ အသစ် ခန့်တယ်။

ဆာပေါ်ထွန်း အစိုးရလဲ ပြုတ်ကျ သွားတယ်။

မောင်ရဲအောင်

ဘုရင်ခံသစ်ဆာဟူးဘတ်ရန့်စ်ဟာဖ၊ဆ၊ပ၊လ၊အဖွဲ့ချုပ်နဲ့ ဆွေးနွေးပြီး အစိုးရ အဖွဲ့ ဖွဲ့ဘို့ ဖ၊ဆ၊ပ၊လ၊အဖွဲ့ကြီးကို ထိုးအပ်တယ်။ ဖ၊ဆ၊ပ၊လအဖွဲ့ကြီးက တာဝန်ယူကာအစိုးရအဖွဲ့ကိုဖွဲ့လိုက်တယ်။

ဖ၊ဆ၊ပ၊လ၊အဖွဲ့ချုပ် ကြီး ဟာ အစိုးရ အဖွဲ့ ကို တာဝန် ယူဖွဲ့စည်း ထား ပေမဲ့ ဗြိတိ သျှအစိုး ရရဲ့ စက္ကူဖြူ စာတမ်းကို လက်မခံဘူး။ဒါ့ကြောင့် အစိုး ရ အဖွဲ့က ခေါင်း ဆောင်ပြီး လူထု အစည်း အဝေးကြီး ခေါ်ကာစက္ကူဖြူ စာတမ်းကို ကန့်ကွက်ကြတယ်။ဗမာပြည်ကို လွတ် လပ် ရေး ကြေငြာ ပေး ရမယ် လို့လဲ တောင်းဆိုကြတယ်။

ရဲအောင်။ ။ဗြိတိသျှ အစိုးရကဘာပြောပါသလဲဘဘကြီး။

ဘဘကြီး။ ။၁၉၄၆ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်နေ့မှာ ဗြိတိသျှ ဝန်ကြီး ချုပ် အက်တလီက ဗမာပြည်ကို

www.burmeseclassic.com

www.burmeseclassic.com



လွတ် လပ်တဲ့ နိုင်ငံတ နိုင်ငံ အဖြစ် အသိ အမှတ် ပြုမယ်လို့ ပြောလာ တယ်။ဗိုလ်ချုပ် အောင် ဆန်း ကိုလဲအင်္ဂလန်ကို လာဘို့ ဘိတ် ခေါ် တယ်။ဗိုလ် ချုပ် အောင်ဆန်းဟာ ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၇ရက် နေ့မှာ အင်္ဂလန်ကို သွားပြီး ဗမာ ပြည်ကို တနှစ် အတွင်းလွတ် လပ်ရေး ပေးဘို့ တင်ပြ တယ်။

အဲဒီလိုတင်ပြနေတုန်းမှာ ရှမ်းစော်ဘွား အချို့က အက်တလီထံ သံကြိုး ရိုက် နှောယ် ယှက်ကြ သေး တယ်ကွဲ့။

ရဲအောင်။ ။ဘယ်လိုနှောက်ယှက်ကြပါသလဲဘဘကြီး။

ဘဘကြီး။ ။ဗိုလ် ချုပ် အောင်ဆန်းဟာ ရှမ်းစော်ဘွား များရဲ့ ကိုယ်စားလည် မဟုတ်ဘူးတဲ့။ လွတ်လပ်ရေး ကိစ္စမှာ တောင်တန်း ဒေသအတွက် စော်ဘွားတွေကို ဘိတ်ခေါ်ပါတဲ့ မောင်ရဲအောင်။

တောင်တန်း ဒေသတွေက လူထုဟာ ဒီသတင်းကို ကြားတော့ မခံနိုင်ဖြစ်ပြီး တောင်ကြီးမြို့မှာ လူထု အစည်းအဝေးကြီးလုပ်တယ်။ဗိုလ်ချုပ်အောင်ဆန်းကို ထောက်ခံ ကြကြောင်း ဆုံးဖြတ်ကြပြီး အက်တလီထံ သံကြိုးရိုက်ကြတယ်။

ရဲအောင်။ ။ဗိုလ်ချုပ် အောင် ဆန်း က ဘာပြောပါသလဲ ဘဘကြီး

ဘဘကြီး။ ။ဗိုလ်ချုပ်အောင်ဆန်းက အက်တလီကို ပြော တယ်–



ကျုပ်ဟာ စော်ဘွားများရဲ့ ကိုယ်စားလည်မဟုတ် ပါဘူး၊တောင် တန်းဒေသ တောင် တန်းသား တွေရဲ့ ကိုယ်စားလည်သာ ဖြစ်ပါတယ်လို့ ပြောလိုက်တယ်။ မောင်ရဲအောင်။

ရဲအောင်။ ။ဆက်ပြောပါဘဘကြီး

ဘဘကြီး။ ။အက်တလီက–

ဗမာနိုင်ငံမှာတိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက် ပွဲလုပ်ပါ၊ တောင်တန်းဒေသတွေ အတွက်ပါအခြေခံ ဥပဒေရေးဆွဲပါ။ကြားကာလမှာတော့ဒိုမီနီယံအစိုးရ အဖြစ်အသိအမှတ်ပြုမယ်လို့ ပြောလိုက်တယ်။

## ပင်လုံစာချုပ်နဲ့ပြည်ထောင်စုနေ့

ရဲအောင်။ ။ဗိုလ်ချုပ်တို့ ဗမာပြည် ပြန် လာ ကြ ပြီ လား ဘဘကြီး။

ဘဘကြီး။ ။ဗိုလ်ချုပ် အောင်ဆန်းဟာအင်္ဂလန်ကပြန်လာ ပြီး တောင်တန်းဒေသ စည်းရုံးရေးကို ဆောင်ရွက် တယ် မောင်ရဲအောင်။

၁၉၄၇ခုနှစ် ဖေဖေါ်ဝါရီလ ၂၂ရက်နေ့မှာပင်လုံ လူထု အစည်း ဝေးကြီး ကျင်း ပတယ်။ဗမာ ပြည်မနဲ့

www.burmeseclassic.com

www.burmeseclassic.com



တောင်တန်းဒေသတို့ ဆွေးနွေး သဘောတူညီ ချက်
လက်မှတ်ရေးထိုးကြတယ်။
အဲဒါကိုပင်လုံစာ ချုပ်လို့ ခေါ်ကြတယ်ကွဲ့။

ရဲအောင်။ ။သဘော တူညီချက် တွေက ဘာ တွေပါ
ဘဘကြီး။

ဘဘကြီး။ ။ဗမာပြည် လွတ် လပ်ရေး ကိုအရ ယူကြ မယ်
ဗမာပြည်နဲ့ တောင်တန်း ဒေသမခွဲကြဘူး၊ပြ
ထောင်စုဗမာနိုင်ငံ တည်ဆောက်ကြမယ်လို့ ဘသေ
တူကြတယ်မောင်ရဲအောင်။

ရဲအောင်။ ။ဗိုလ်ချုပ် အောင်ဆန်းဟာ ပြည်ထောင်စု ဗမာ
နိုင်ငံကို တည်ထောင်ခဲ့တဲ့ ပုဂ္ဂိုလ်ကြီးပေါ့နော်။

ဘဘကြီး။ ။ပြည်ထောင်စု ဗမာနိုင်ငံရဲ့ အစဟာပင်လုံ
ဘောတူညီချက် ပင်လုံစာချုပ်ပေါ့မောင်ရဲအောင်။
ဗိုလ်ချုပ်အောင်ဆန်းဟာ "ပင်လုံ စာချုပ် လက်
မှတ်ရေးထိုးပွဲကြီး ပြီးတော့ တိုင်းပြု ပြည်ပြု လွှတ်
တော်မှာ ဖ၊ဆ၊ပ၊လ အဖွဲ့ချုပ်ကြီးက ကိုယ်စား
လှယ်တွေ အားလုံးလောက် နီးနီး ရွေးကောက် ခံ
ရတယ်ကွဲ့။

ရဲအောင်။ ။တိုင်းပြည်ပြုလွှတ်တော်က ဘာတွေ လုပ်ပါ
လဲဘဘကြီး။

ဘဘကြီး။ ။ပဌမဆုံး တိုင်းပြုပြည်ပြု လွှတ်တော်ကို ၁၉၄၇
ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့မှာ ကျင်းပပြီး ဗမာ နိုင်



ကို ပြည်ထောင်စု သမတ ဗမာနိုင်ငံလို့ အမည် တပ်
လိုက်တယ်၊ ပြည်နယ်တွေဟာ ကိုယ်ပိုင်အုပ်ချုပ်ရေး
ရရမယ်လို့ ပြဋ္ဌာန်းတယ်၊ တိုင်းသူပြည်သား အား
လုံး အခွင့်အရေး တန်းတူရှိစေရမယ်၊ တိုင်းရင်းသား
လူမျိုးစုတွေကို လုံလောက်တဲ့ အကာအကွယ် ပေးရ
မယ်၊ လွတ်လပ်တဲ့ သမတ ဗမာနိုင်ငံရဲ့ အချုပ်
အခြာ အာဏာကိုပြည်ထောင်ချင်းချင်း စောင့်ထိန်း
ရမယ်၊ နိုင်ငံတကာတို့နဲ့ မိတ်ဆွေ အဖြစ် ပူးပေါင်း
ဆောင်ရွက်မယ် ဆိုတာတွေကို ဆုံးဖြတ်ကြတယ်။
ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေတွေ ရေးဆွဲဘို့
ကော်မိတီလဲ ဖွဲ့စည်းလိုက်တယ်ကွဲ့။

ရဲအောင်။ ။ဗိုလ်ချုပ်အောင်ဆန်းဟာ သိပ်ပြီး အလုပ် လုပ်
တာဘဲနော်။

ဘဘကြီး။ ။ဗိုလ်ချုပ်ဟာ ဒီအချိန်က....
ဗမာ့လွတ်လပ်ရေးအတွက် ဆောင်ရွက်ရုံမကဘူး၊
တဘက်က ပြည်တွင်းညီညွတ်ရေးကိုအရယူ စည်းရုံး
ရတယ်၊ တဘက်က အလုပ်သမားအရေး၊ လယ်သ
မားအရေးတွေ ဆောင်ရွက်ပေးရတယ်၊ အခြား တ
ဘက်က နယ်ချဲ့သမားနဲ့ အပေါင်းပါ တွေရဲ့ ခြိမ်း
ခြောက်မှု၊ ဖျက်ဆီးမှု၊ နှောင့်ယှက် မှုတွေကို တွန်းလှန်
ဆောင်ရွက်ရတယ်ကွဲ့။

ရဲအောင်။ ။ဒီလောက် အလုပ်များတော့ ဗိုလ်ချုပ်ကို တွေ့
ဘို့ လွယ်ကူပါရဲ့လား ဘဘကြီး။

www.burmeseclassic.com

www.burmeseclassic.com



ဘဘကြီး။ ။ဒီလောက်အလုပ်များပေမဲ့ ဗိုလ်ချုပ်ဟာ တွေ့ချင်တဲ့ လူတွေကို တွေ့ဆုံဆွေးနွေးခွင့်ပေးသေးတယ်၊ ဘယ်သူ့ကိုမှ အတားအဆီးမလုပ်ဘူး၊ ဘယ်သူ ဖြစ်ဖြစ်၊ ဗိုလ်ချုပ်နဲ့ တွေ့နိုင်ကြတယ်၊ ဗိုလ်ချုပ် ရုံးခန်း ဗိုလ်ချုပ်နေအိမ်မှာ ဝင်ချင်သလို ဝင်နိုင်တယ်၊ ထွက်ချင်သလို ထွက်နိုင်ကြတယ်။

ဒါကြောင့်မို့လဲ လူသတ် သမားတွေဟာ ဗိုလ်ချုပ်တို့ကို လုပ်ကြံနိုင်သွားတာပေါ့မောင်ရဲအောင်။

**မမေ့နိုင်သော ဇူလိုင် ၁၉ရက်**

ရဲအောင်။ ။ဘဘကြီး ပြောတာ ရဲအောင် နား မလည်ပါဘူး။

ဘဘကြီး။ ။၁၉၄၇ ခုနှစ်၊ ဇူလိုင် လဆန်းထဲမှာ ဘရင်းဂန်း ၂၀၀ ပျောက်သွားတယ်၊ ဗြိတိသျှ နယ်ချဲ့ သမား စစ်ဗိုလ်တွေရဲ့ တပ်ထဲက ပျောက်သွား တာကွဲ့။

ဇူလိုင်လ ၁၉ ရက် စနေနေ့ မနက် ၁၀ နာရီမှာ အတွင်းဝန်ရုံးဟောင်း ဗိုလ်ချုပ်အခန်းမှာ အစည်းအဝေးလုပ်တယ်၊ ဒီအချိန်က မိုးကလေးကတ ဖွဲဖွဲရွာနေတဲ့ အချိန်မို့ တမိုးလုံး အုံ့မှိုင်း နေရှာ တယ်။ သာသာယာယာ မရှိလှဘူး မောင်ရဲအောင်။

နံနက်၁၀နာရီ မိနစ် ၄၀ ကျတော့လူဆိုးတွေ၊ လူသတ်သမားတွေ ဂျစ်ကားနဲ့ အတွင်းဝန်ရုံးထဲ ဝင်လာကြပြီး ဗိုလ်ချုပ်တို့ အစည်း အဝေး လုပ်နေတဲ့



နေရာကို အတင်းဝင်ကာ ဘရင်းဂန်း တွေနဲ့ ပစ်ကြတာဘဲ မောင်ရဲအောင်ရယ်။

ဗိုလ်ချုပ်နဲ့ ခေါင်းဆောင်ကြီးတွေ ကျဆုံး ကုန်တော့တယ်ကွဲ့။

၁။ ဗိုလ်ချုပ်အောင်ဆန်း။
၂။ သခင်မြ။
၃။ ဦးဘဝင်း။
၄။ ဦးရာဇတ်
၅။ မိုင်းပွန် စော်ဘွားကြီး။
၆။ ဒီးဒုတ် ဦးဘချို။
၇။ မန်းဘခိုင်။
၈။ အတွင်းဝန် ဦးအုန်းမောင်။
၉။ သက်တော်စောင့် ကိုထွေး တို့ဖြစ်တယ်။

ရဲအောင်။ ။ရက်စက်ကြပါပေ့ဗျာ။

ဘဘကြီး။ ။လူသတ်သမားတွေကို မကြာခင်ဘဲဖမ်းမိတော့ ဦးစောနဲ့ အပေါင်းပါတွေဖြစ်နေတယ်။

အထူး ရာဇဝတ်ခုံရုံးက လူသတ် သမားတွေကို တရားဥပဒေအရ သေဒဏ်ပေးလိုက်တယ်ကွဲ့။

ဒါကြောင့် ဇူလိုင် ၁၉ ရက် နေ့ဟာ ပြည်သူတွေအတွက် မမေ့နိုင်တဲ့ အာဇာနည်နေ့ကြီး ဖြစ်ပေတယ် မောင်ရဲအောင်။

www.burmeseclassic.com

www.burmeseclassic.com

## လွတ်လပ်သောပြည်ထောင်စု မြန်မာနိုင်ငံ

ရဲအောင်။ ။ဗိုလ်ချုပ် အောင်ဆန်းရဲ့ လွတ်လပ်ရေး မျှော်မှန်းချက်တွေ ပျောက်ကုန်ပြီလား ဘဘကြီး။

ဘဘကြီး။ ။မပျောက်ပါဘူး မောင်ရဲအောင်။

ဗိုလ်ချုပ်ဟာ ဗမာ့လွတ်လပ်ရေး အတွက် အုတ်မြစ်တွေကို အခိုင်အမာ ချခဲ့ပြီး အခြေခံ စည်းမျဉ်းဥပဒေတွေကို ရေးဆွဲခဲ့တယ်။

ဖ၊ဆ၊ပ၊လ အဖွဲ့ချုပ်ကြီးမှစ၍ဗိုလ်ချုပ်နေရာကို သခင်နုက လက်ခံဆောင်ရွက်ပြီး နု အက်တလီ စာချုပ် ချုပ်ဆိုခဲ့တယ်ကွဲ့။

ရဲအောင်။ ။ဗိုလ်ချုပ်တို့ကျဆုံးပြီးမှ လွတ်လပ်ရေး ရတာပေါ့ ဘဘကြီး။

ဘဘကြီး။ ။၁၉၄၈ ခု၊ ဇန်နဝါရီလ ၄ ရက်နေ့မှာ လွတ်လပ်ရေးရတယ်၊ ဇန်နဝါရီလ ၄ ရက်နေ့မနက် ၄နာရီမှာ နယ်ချဲ့ဘုရင်ခံဟာ ဗြိတိသျှစစ်သင်္ဘောပေါ်ကို ဆင်းတယ်၊ ဒီအချိန်မှာ ဘုရင်ခံရဲ့ အိမ်က ဗြိတိသျှအလံကို ဖြုတ်ချတယ်၊ ပြည်ထောင်စု သမတ ဗမာနိုင်ငံရဲ့ အလံတော်ကို စပြီးလွှင့်ထူခဲ့တယ်ကွဲ့။

## စည်းလုံးမှုယိုယွင်းခြင်း

ရဲအောင်။ ။ဖ၊ဆ၊ပ၊လ အဖွဲ့ကြီးဟာ စည်းစည်း လုံးလုံး ဆောင်ရွက်ကြပါသလား ဘဘကြီး။

ဘဘကြီး။ ။လွတ်လပ်ရေး ကျေညာတဲ့ ၁၉၄၈ခုနှစ် မှာဘဲ ကွန်မြူနစ်ပါတီဟာ အဖြူ အနီကွဲပြီးတောခို သွားကြတယ်။

ရဲအောင်။ ။တောခိုတယ်ဆိုတာဘယ်လိုလဲဘဘကြီး။

ဘဘကြီး။ ။ကွန်မြူနစ်ပါတီဟာ တရားဝင် အဖွဲ့အစည်းအနေနဲ့ ဥပဒေတွင်းမှာ မနေဘဲ တောထဲသွားပြီး လက်နက်ကိုင်ပုန်ကန်တာဘဲကွဲ့၊ နောက်နှစ်မှာ ပြည်သူ့ရဲဘော်အဖွဲ့လဲ အဖြူ၊ အဝါ ကွဲပြီး၊ ဖ၊ဆ၊ပ၊လ ထဲမှာတခြမ်း၊ အပြင်မှာတခြမ်း ဖြစ်သွားတယ်။ ဆိုရှယ်လစ်ပါတီ လဲ အဖြူ၊အနီ ကွဲကြပြန်တယ်။

ရဲအောင်။ ။လွတ်လပ်ရေးရကာရှိသေး ကွဲကြလှချည့်လား ဘဘကြီးရယ်။

ဘဘကြီး။ ။ဒါတင်မကသေးဘူး မောင်ရဲအောင်။

စလယ်ဝင် ဖင်မမဲခင်က ကွဲဆိုတာလို အကွဲကွဲတွေ ဖြစ်ကုန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးအဖွဲ့တွေလဲ ကွဲကြတယ်၊ လူငယ်အဖွဲ့တွေလဲ ကွဲကြတယ်ကွဲ၊ တောင်သူ လယ်သမားတွေလဲ ကွဲကြ၊ အလုပ်သမားတွေလဲ ကွဲကြပြီး၊ ဦးနုနဲ့ ဆိုရှယ်လစ်ပါတီတောင် ကွဲကုန်ကြပါရောကွယ်။

ဦးနုက သန့်ရှင်း ဖ၊ဆ၊ပ၊လ ဆိုရှယ်လစ်ပါတီက တည်မြဲ ဖ၊ဆ၊ပ၊လ လို့ ဖြစ်သွားတယ်၊ ဒီအချိန်မှာ ဗိုလ်ချုပ်ကြီးနေဝင်းက ထိန်းသိမ်းပြီး၊ အိမ်စောင့်အစိုးရ အဖြစ်တာဝန် ယူရတယ်။ ၁၉၅၈-ခုနှစ်မှာ ဖြစ်တယ်။

ဗိုလ်ချုပ်ကြီး နေဝင်း အိမ်စောင့် အစိုးရဟာ ရွေးကောက်ပွဲတွေပြန်လုပ်ပေးတယ် မောင်ရဲအောင်။

ရဲအောင်။ ။ဗိုလ်ချုပ်ကြီး နေဝင်းက ထိန်းသိမ်း ပေးတော့ ညီညွတ်သွားကြပါသလား ဘဘကြီး။

ဘဘကြီး။ ။သန့်ရှင်း ဖ၊ဆ၊ပ၊လ နဲ့ တည်မြဲ ဖ၊ဆ၊ပ၊လ ယှဉ်ပြိုင်ကြပြီး၊ တခြားပါတီတွေ၊ တသီးပုဂ္ဂလတွေလဲ အရွေးခံကြတယ်၊ သန့်ရှင်း ဖ၊ဆ၊ပ၊လ က ကိုယ်စားလှယ်အများဆုံးရလို့ အစိုးရအဖွဲ့ ဖွဲ့ကြတယ်။

သန့်ရှင်း ဖ၊ဆ၊ပ၊လ မှာလဲ ညီညွတ်မှုမရ ဖြစ်ပြန်တယ်။ ဦး၊ ဗိုလ်၊ သခင်ရယ်လို့ ကွဲကြပြန်တယ်ကွဲ့။

ရဲအောင်။ ။ဦး၊ဗိုလ်၊သခင် ဆိုတာ ဘယ်လိုပါလဲ ဘဘကြီး။

ဘဘကြီး။ ။သန့်ရှင်း ဖ၊ဆ၊ပ၊လ ထဲမှာ နံမယ်ရှေ့က ဦးတပ်ခေါ်တဲ့ပုဂ္ဂိုလ်တွေ၊ ဗိုလ်တပ်ခေါ်တဲ့ ပုဂ္ဂိုလ်



တွေကတစု၊ သခင်အမည်ထည့်ခေါ်တဲ့ပုဂ္ဂိုလ်တွေက တစု ကွဲကြတယ်ကွဲ့။

အလုပ်သမားတွေ ကြည့်လိုက်တော့လဲ အကွဲကွဲ၊ လယ်သမားတွေ ကြည့်လိုက်တော့လဲ အကွဲအပြဲ၊ လူငယ်တွေလဲ တကွဲတခြား၊ အမျိုးသမီးတွေမှာ တဖွဲ့တသင်း ဖြစ်နေကြတယ်ကွယ်။

အလုပ်သမားတွေ၊ လယ်သမားတွေဟာ နယ်ချဲ့လက်အောက်မှာနေရတာနဲ့ မထူးခြားပါဘူး၊ အလုပ်ရှင်တွေက အလုပ်သမားတွေကို ခေါင်းပုံဖြတ်ရက်တဲ့၊ မြေရှင် တွေကလဲ လယ်သမားတွေကို အနိုင်ကျင့်သွေးစုတ်တုံးဘဲကွဲ့။

အလုပ်သမားအချင်းချင်း ရန်စောင်ကြပြီး၊ ကိုယ်ထိလက်ရောက် ရိုက်နှက်ကြတယ်၊ အလုပ်သမားသွေးတွေ၊ လယ်သမားသွေးတွေ မြေကိုကျရတယ် မောင်ရဲအောင်။

ရဲအောင်။ ။ကွဲလို့ပြဲလို့မပြီးသေးဘူးလား ဘဘကြီးရယ်။

ဘဘကြီး။ ။စော်ဘွားတွေကလဲ ဦးနုတို့နဲ့ ကွဲကြပြန်တယ်၊ မောင်ရဲအောင်၊ စော်ဘွားတွေက ဗမာပြည်နဲ့ ခွဲပြီး တစင်ထောင်ဘို့ စီစဉ်ကြတယ်၊ ဖက်ဒရယ်မူရယ်လို့ ခွဲရေးမူတခုတင်လာတယ်ကွဲ့။

ရဲအောင်။ ။ဗိုလ်ချုပ်အောင်ဆန်း မြှော်မှန်းချက်တွေ ဘယ်လိုဖြစ်ကုန်ပြီလဲဗျ။

www.burmeseclassic.com

www.burmeseclassic.com



ဘဘကြီး။ ။ဗိုလ်ချုပ်အောင်ဆန်း မြော်မှန်းခဲ့တဲ့ အလုပ်သမားတွေ၊ လယ်သမားတွေ ကောင်းစားရေး၊ ရှစ်ဆယ့်ငါးရာခိုင်နှုန်းပြည်သူလူထု ကောင်းစားရေးတွေ ပျက်ကုန်တယ်၊ လူတစုကောင်းစားရေးတွေသာ ဖြစ်ပြီး၊လွတ်လပ်ရေးဟာ လူတစုရဲ့လွတ်လပ်ရေးသာ ဖြစ်နေတယ်၊ အလုပ်သမားတွေ၊လယ်သမားတွေဟာ ဆင်းရဲတွင်းက မတက်ခဲ့ဘူးကွဲ့။ ပြည်ထောင်စုညီညွတ်ရေးဟာလဲ သူတမျိုး ငါတမျိုးနဲ့ အစိတ်စိတ် အမွှာမွှာတွေဖြစ်လာတယ်။

**တော်လှန်ရေးကောင်စီ ပေါ်ပေါက်လာခြင်း**

ရဲအောင်။ ။အသက်ကို စတေးခံသွားတဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ မျက်နှာကိုတောင် မထောက် ထားကြဘူးလားဗျာ။

ဘဘကြီး။ ။အဲဒီလို အဖက်ဖက်က ယိုယွင်း ပြိုကွဲလာတဲ့ အခြေအနေဟာ ဗမာ့လွတ်လပ်ရေးပါ ဆုံးရှုံးသွားနိုင်တဲ့အနေကို ရောက်လာတယ်။

ဒီတော့ ဗိုလ်ချုပ်ကြီးနေဝင်းဟာ လွတ်လပ်ရေး ဆုံးရှုံးပြီး၊ ကျွန်ဘဝ ပြန်ရောက်တော့မှာ မြင်ရလို့ ဝင်ရောက် ထိန်းသိမ်း ရတော့တယ်၊ ဗိုလ်ချုပ်ကြီး နေဝင်း ဥက္ကဋ္ဌ အဖြစ် တာဝန်ယူတဲ့ တော်လှန်ရေး ကောင်စီဟာ ၁၉၆၂-ခုနှစ် မတ်လ ၂-ရက်နေ့မှာ ဗမာနိုင်ငံရဲ့ နိုင်ငံရေးအာဏာကို ထိန်းသိမ်း လိုက်ရတယ်ကွဲ့။



ရဲအောင်။ ။တော်လှန်ရေးကောင်စီဝင်တွေက ဘယ်သူတွေပါလဲ ဘဘကြီး။

ဘဘကြီး။ ။တော်လှန်ရေးကောင်စီရဲ့ ဥက္ကဋ္ဌကတော့ ဗိုလ်ချုပ်ကြီးနေဝင်းဖြစ်တယ် မောင်ရဲအောင်။

အဖွဲ့ဝင်တွေကတော့—

၁။ ဗိုလ်မှူးချုပ် တင်ဖေ။
၂။ ဗိုလ်မှူးချုပ် စိန်ဝင်း၊
၃။ ဗိုလ်မှူးချုပ် စန်းယု။
၄။ ဗိုလ်မှူးချုပ် သောင်းဒန်။
၅။ ဗိုလ်မှူးကြီး မောင်ရွှေ။
၆။ ဗိုလ်မှူးကြီး လှဟန်။
၇။ ဗိုလ်မှူးကြီး မောင်လွင်။
၈။ ဗိုလ်မှူးကြီး သန်းစိန်။
၉။ ဗိုလ်မှူးကြီး တန်ယုဆိုင်။
၁၀။ ဗိုလ်မှူးကြီး ကျော်စိုး။
၁၁။ ဗိုလ်မှူးကြီး တင်ဦး။
၁၂။ ဗိုလ်မှူးကြီး သောင်းကြည်
တို့ ဖြစ်တယ်ကွဲ့။

ရဲအောင်။ ။တော်လှန်ရေး ကောင်စီက ဘာတွေလုပ်မယ်လို့ ပြောပါသလဲ ဘဘကြီး။

ဘဘကြီး။ ။တော်လှန် ရေးကောင်စီရဲ့ သဘော ထားကတော့-



www.burmeseclassic.com

www.burmeseclassic.com



လူတွေဟာ လူလူချင်း ခေါင်းပုံဖြတ် နေကြတယ်။ မတရားတဲ့ အမြတ်အစွန်းတွေ ရှာဖွေနေကြတယ်။ ဒီအလုပ် ဒီစနစ်တွေဟာ လူတွေကို ဆင်းရဲစေတယ်။ ဒုက္ခရောက်စေတယ်။ ခေါင်းပုံဖြတ်တဲ့စနစ်၊ မတရားအမြတ်စားတဲ့ စနစ်တွေမရှိမှ လူတွေဟာ ဆင်းရဲဒုက္ခက ကင်းမယ်။ ဒါကြောင့် ခေါင်းပုံဖြတ်စနစ်မရှိတဲ့ ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မယ်လို့ ကျေညာတယ် မောင်ရဲအောင်။

ရဲအောင်။ ။ဆိုရှယ်လစ် စီးပွားရေးစနစ်ဆိုတာ ဘယ်လိုပါလဲ ဘဘကြီး။

ဘဘကြီး။ ။အများက ဝိုင်းလုပ်တယ်။ အများကပိုင်ဆိုင်တယ်။ ရရှိလာတဲ့ အကျိုးကိုအများကဘဲခံစားတယ်။ ဒါဟာဆိုရှယ်လစ်စီးပွားရေးစနစ်ဘဲမောင်ရဲအောင်။ ခေါင်းပုံဖြတ်တာမရှိဘူး။ မတရားအမြတ်စားတာမရှိဘူးကွဲ့။ တော်လှန်ရေး ကောင်စီဟာ တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးကို ဖေါ်ထုတ်ပြီး လယ်သမား၊ အလုပ်သမားတွေရဲ့ ကောင်းကျိုး တွေကို ဖေါ်ထုတ်ပေးတယ်။

## အနန္တောဆွေးနွေးပွဲ

ရဲအောင်။ ။လယ်သမားတွေရဲ့ အကျိုးကို ဘယ်လိုဖေါ်ထုတ်ပေးပါသလဲ ဘဘကြီး။

ဘဘကြီး။ ။တော်လှန်ရေးကောင်စီ ပေါ်ပေါက် လာပြီး ၁၉၆၃ ခုနှစ် ဇန်နဝါရီလတရက်နေ့မှာ လယ်သမား ဆွေးနွေးပွဲကြီးတခု လုပ်တယ်။ စစ်ကိုင်းခရိုင် အနန္တောမှာလုပ်တယ်ကွဲ့။ အနန္တော တောင်သူလယ်သမား နှီးနှောဖလှယ်ပွဲကြီးလို့ ခေါ်ခဲ့တယ်။ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး နေဝင်းကိုယ်တိုင် တက်ရောက်ပြီး တောင်သူလယ်သမား တသိန်းကျော် တက်ခဲ့ကြတယ်။

ရဲအောင်။ ။ဥက္ကဋ္ဌကြီး ဗိုလ်ချုပ်နေဝင်းက ဘာတွေဆွေးနွေးပါသလဲ ဘဘကြီး။

ဘဘကြီး။ ။ဗမာပြည်ဟာလွတ်လပ်ရေးရပြီးပေမဲ့ တောင်သူ လယ်သမားတွေဟာ လူရေးမလှ ဖြစ်နေရတယ်။ အနှိပ်စက်ခံနေကြရတယ်။

တော်လှန်ရေး ကောင်စီဟာ တောင်သူလယ်သမားတွေ၊ အလုပ်သမားတွေ၊ ဈေးရောင်းခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ရှက်ပြည်ထောင်စုသား အားလုံးတွေအတွက် အကျိုးကို လုပ်ပေးရန်ဖြစ်တယ်။

ဗမာပြည်မှာ စိုက်ပျိုးရေးကို ဦးစားပေးလုပ်ရင်း စက်မှုလက်မှုတွေ ထူထောင်ရမယ်။ သယံဇာတပစ္စည်းတွေလဲ ရှာဖွေ ဖေါ်ထုတ်ရမယ်။ တောင်သူလယ်သမားတွေရဲ့ ပြဿနာ အမြောက်အမြားမှာ ပထမဦးဆုံး ပင်ထောင် စနစ်ကို တိုက်ပစ်ရမယ်။ ဒါမှ လူမွေးပြောင်းကြမယ်။

အသုံးနဲ့ အဖြုန်းကို ခွဲခြားပြီး အဖြုန်းမဖြစ်အောင်လုပ်ရမယ်။ အစိုးရအမတော်ငွေရော၊ မိမိတို့ငွေတွေရော လိမ်လိမ်မာမာသုံးကြပါ၊ ဒီအတိုင်းလုပ်ရင် ရှေ့နှစ်မှာဘဲ ပင်ထောင်စနစ်က လွတ်မယ်။ တောင်သူ လယ်သမားကြီး တွေရဲ့ အကြံဉာဏ်ကို ယူသွားပါမယ်။ တောင်သူ လယ်သမားကြီးတွေကလဲ ဝိုင်းဝန်းကူညီကြပါလို့ ပြောတယ်။

ရဲအောင်။ ။လယ်သမားကြီးတွေက ဘာတွေဆွေးနွေးပါသလဲ ဘဘကြီး။

ဘဘကြီး။ ။တောင်သူ လယ်သမားကြီးတွေက

တောင်သူ လယ်သမားကြီး တွေရဲ့ ဘဝခံစားရချက်တွေကို ရင်ဖွင့် ဆွေးနွေးကြတယ်။ မြေရှင်တွေရဲ့ ခေါင်းပုံဖြတ် ပုံတွေ၊ အတိုးကြီး ပေးရပုံတွေ၊ စိုက်ပျိုးရေးအတွက် ရေခက်ခဲပုံတွေ စုံလို့ ပါတာကွယ်။



နောက်ဆုံးတော့ သီးထပ် စိုက်ပျိုးရေးတွေ၊ မွေးမြူရေးတွေ လုပ်ကြဘို့နဲ့ မျိုးကောင်း မျိုးသန့်ရရှိရေးအတွက် မြေဩဇာအသုံးချရေးတွေကို ဆွေးနွေးကြတယ်။

ရဲအောင်။ ။အုန်းတော ဆွေးနွေးပွဲကြီးဟာ ပထမဆုံး လယ်သမားဆွေးနွေးပွဲကြီးပေါ့နော်။

ဘဘကြီး။ ။အုန်းတော ဆွေးနွေးပွဲကြီးဟာ မှတ်တန်းဝင် သမိုင်းဝင် ဆွေးနွေးပွဲကြီးကွဲ့။ ဗမာပြည်ကထုတ်လုပ်တဲ့ စီးကရက် ဆေးလိပ် တံဆိပ် တခုတောင် အုန်းတောစီးကရက်လို့ အမည်ပေးထားတယ် ရဲအောင်ရဲ့ အောင်။

## ဒူးယားဆွေးနွေးပွဲ

ရဲအောင်။ ။ဒူးယားစီးကရက်ကကော ဆွေးနွေးပွဲအထိမ်းအမှတ်ဘဲလား ဘဘကြီး။

ဘဘကြီး။ ။အထက်ဗမာပြည် အုန်းတောရွာမှာ တောင်သူလယ်သမား ဆွေးနွေးပွဲကြီး ကျင်းပ ပြီးတော့ ၁၉၆၃ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့က ဖေဖေါ်ဝါရီလ ၃ ရက်နေ့ထိ အောက်ဗမာပြည် ဟင်္သာတခရိုင် ဒူးယားကျေးရွာမှာလဲ တောင်သူလယ်သမား ဆွေးနွေးပွဲကျင်းပပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဟာသ်ာတနဲ့ ဒူးယားကျေးရွာကို လမ်းသစ်ကြီး ဖေါက်တယ်ကွဲ။ အလျားပေ ၁၀၀၊ အနံပေ ၂၀ရှိတဲ့ ဆွေးနွေးပွဲ ခမ်းမကြီး ဆောက်တယ်။ ဒူးယားဆွေးနွေးပွဲမှာ မြို့နယ် ဇိနယ်ကလယ်လမားကိုယ်စားလည်ကြီးတွေတက်ပြီး လူထုပရိသတ် တသိန်းကျော်တက်ရောက်ကြတယ်။

ဒူးယား ဆွေးနွေးပွဲမှာလဲ အောက်ဗမာပြည်က လယ်သမားကြီးတွေ ရင်ဖွင့်ဆွေးနွေးကြတယ်။ မြေယာအသုံးချရေးတွေ၊ ထွန်ယက်စိုက်ပျိုးမှု စနစ်တွေ၊ တောင်သူ လယ်သမားတွေရဲ့ ဘဝကို မြှင့်တင်ပေးဘို့တွေ၊ စုပေါင်း ထွန်ယက်ရေးတွေ ပါဝင်တယ် မောင်ရဲအောင်။ ဒါတင် မကသေးဘူးကွဲ။ မြေယာဝေခြမ်းရေးတွေ၊ သီးစားပြဿနာတွေ၊ မြေနုကျွန်းပေါ် ပြဿနာတွေလဲ ပါတယ်။ လက်မှုလယ်ယာကစက်မှုလယ်ယာ လုပ်ဘို့အရေးတွေ၊ သီးနှံအမျိုးမျိုးတိုးချဲ့စိုက်ပျိုးရေးတွေလဲ ပါသေးတယ်။

ဒူးယားလယ်သမား ပွဲကြီးမှာ သီးနှံပြပွဲတွေလဲ ကျင်းပပေးတယ်။ မွေးမြူရေး ပြပွဲတွေလဲ လုပ်ပေးတယ်။ သယ်ယူပို့ဆောင်ရေး ပြပွဲတွေလဲ ပြသထားတယ်။ အငြိမ့်ပွဲ၊ ဇာတ်ပွဲ၊ လျှော့ပြိုင်ပွဲတွေနဲ့ ပဒေသာကပွဲတွေလဲ ပါဝင်တယ်ကွဲ့။

## ပုပ္ပါးဆွေးနွေးပွဲ

ရဲအောင်။ ။ဗမာပြည် အလယ်ပိုင်းမှာရော ဘဘကြီး။

ဘဘကြီး။ ။ဗမာပြည်အလယ်ပိုင်းမှာလဲ ဆွေးနွေးပွဲလုပ်ခဲ့တယ်၊ ၁၉၆၄ ခုနှစ် ဇန်နဝါရီလ တရက်နေ့မှာ ပုပ္ပါးမှာလုပ်တယ် မောင်ရဲအောင်။

ပုပ္ပါးဆွေးနွေးပွဲမှာ တောင်သူလယ်သမားနေ့ကို ဇန်နဝါရီလ တရက်နေ့အစား မတ်လ ၂ ရက်နေ့ကို ရွေးချယ် ဆုံးဖြတ်ကြတယ်။

ရဲအောင်။ ။ဘာဖြစ်လို့ပါလဲ ဘဘကြီး။

ဘဘကြီး။ ။ဇန်နဝါရီလဟာတောင်သူ လယ်သမားများအတွက် လုပ်ငန်းခွင်က မပြီးသေးဘူးကွဲ။ အောက်ဗမာပြည်မှာဆိုရင် စပါးတွေရိတ်သိမ်းလို့ မပြီးသေးဘူး။ ဒီတော့ အလုပ်လုပ်နေရင်းက တောင်သူလယ်သမားပွဲတော်ကြီး ကျင်းပရင် လုပ်ငန်းတွေ ပျက်ကြမယ်တဲ့။

မတ်လဟာ တောင်သူလယ်သမားတွေ လုပ်ငန်းပြီးဆုံးကြတဲ့လ ဖြစ်တယ်။ မတ်လ ၂ ရက်နေ့ဟာ တော်လှန်ရေးကောင်စီ ပေါ်ပေါက်လာတဲ့နေ့ ဖြစ်

www.burmeseclassic.com

ပြီး ထော်လှန်ရေး ကောင်စီဟာ တောင်သူလယ်သမားနဲ့ အလုပ်သမားတွေရဲ့ အကျိုးကို ဆောင်ရွက်ဘို့ အခြေခံထားတော့ တောင်သူလယ်သမားနေ့ကို ဇန်နဝါရီလ အစား မတ်လ ၂ ရက်နေ့ကို ရွေးချယ်သတ်မှတ်ဆုံးဖြတ်ကြတယ်ကွဲ။

ရဲအောင်။ ။ပုပ္ပါး ဆွေးနွေးပွဲမှာ ဘာတွေ ဆွေးနွေးကြသေးသလဲ ဘဘကြီး။

ဘဘကြီး။ ။ပုပ္ပါး ဆွေးနွေးပွဲကို ကိုယ်စားလှယ်ပေါင်း နှစ်သောင်း၊ လုပ်သားပြည်သူပေါင်း နှစ်သိန်းကျော် တက်ကြတယ်၊ ပုပ္ပါးဆွေးနွေးပွဲမှာ ရင်ဖွင့်ဆွေးနွေးကြပုံက တော်တော်ဘဲစုံပြီး တဝါးဝါးနဲ့ နေတာဘဲကွဲ။

ရဲအောင်။ ။ဘယ်လိုပါလဲဘဘကြီး။

ဘဘကြီး။ ။တောလက်ကျေးရွာက ပြည်သူ့ဆိုင်တွေမှာ တောင်သူလယ်သမားတွေ နေ့စဉ် စားသုံးတဲ့ ပစ္စည်းတွေရောင်းချပေးဘို့ပြောတယ်။ လယ်ယာအမတော်ကြေးငွေကို သီတင်းမကျွတ်မီ စောစောပေးဘို့လဲ ပြောကြတယ်။

ဆန်းပြားတာကတော့ ရာသီဥတု ဖေါက်ပြန်လို့တဲ့ကွာ ပဲပင်တွေဟာ သက်န်း ဝတ်ကုန်ကြသတဲ့၊ ဘဏ်ကော်မတီကြီးတွေက ခြေကြွခယူကြသတဲ့။



ရဲအောင်။ ။ပဲပင်ကသင်္ကန်းဝတ်တယ်၊ ဘဏ်ကော်မတီက ခြေကြွယူသတဲ့လား။ဘာကိုပြောတာလဲရှင်းပြပါအုံး ဘဘကြီးရယ်။

ဘဘကြီး။ ။ရွှေ့မိုးကခေါင်၊ နောက်မိုးကသဲခတော့ ပဲပင်တွေဟာ အရွက်တွေ ဝါကုန်လို့ သင်္ကန်းဝတ်တယ် ပြောတာကွဲ။ ပဲပင်ဘွဲ့ပျက်စီးတော့ဘဏ်မှာငွေသွားချေးရတယ်။ ချေးငွေကလေးရပါမယ့် အကြောင်း ဘဏ်ကော်မတီထံသွားပြီး ကိုယ်တိုင်ဆင်းပြီးကြည့်ဘို့ ပြောရတယ်ကွဲ။ ဘဏ်ကော်တီက ဆင်းပြီးကြည့်ဘို့ တောင်သူ လယ်သမားကြီးတွေက ငွေစုဆောင်းပြီး ခရီးစရိတ်ပေးရတာကို ခြေကြွခယို့ ပြောတာဖြစ်တယ် မောင်ရဲအောင်။

မိုးခေါင်တဲ့နေရာတွေကလဲ ရေမရတဲ့ အကြောင်းပြောတယ်၊ မိုးများတဲ့နေရာတွေကလဲ ရေကြီးတဲ့ အကြောင်းတွေ ပြောဆိုကြတယ်။ တချို့ တောင်သူလယ်သမားကြီးတွေကတော့ ဒီလိုမဖြစ်ရင် ဟိုလိုလုပ်ကြဘို့ပြောတယ်။ မိုးခေါင်လို့ စပါး မစိုက်နိုင်ရင် မွှေးမြူရေးကိုတွဲပြီး လုပ်ကြဘို့ မိုးကောင်းတဲ့ နှစ်မှာ မွေးမြူရေးပါလုပ်လိုက်ရင် လယ်သမားတွေ ချောင်လည်နိုင်တဲ့အကြောင်းဆွေးနွေးတင်ပြတယ်ကွဲ။ကျန်းမာရေးနဲ့ ပညာရေးအကြောင်းတွေလဲပါသေးတယ်။ အမျိုးမျိုး အထွေထွေ အဘက်ဘက်က စုံအောင် တင်ပြဆွေးနွေးကြတယ်ကွဲ။

www.burmeseclassic.com



ရဲအောင်။ ။ဥက္ကဋ္ဌကြီး ဗိုလ်ချုပ် နေဝင်းကော ဆွေးနွေး
သေးသလား ဘဘကြီး။

ဘဘကြီး။ ။ဥက္ကဋ္ဌကြီးက တောင်သူ လယ်သမားတွေနဲ့ ပတ်သက်ပြီး ပြဿနာတွေဟာရှိမှာဘဲတဲ့။ ပြဿနာ ပေါ်လာရင် ဘယ်သူ့ကိုမှချလို့မရဘူးတဲ့၊ ပြဿနာ ဆိုတာ သဘာဝ အလျောက် ပေါ်တာလဲ ရှိတယ်၊ တခါတခါလူတွေရဲ့လုပ်ပုံကိုင်ပုံကြောင့်လဲရှိတယ်တဲ့၊ ဒီပြဿနာတွေကို ဖြေရှင်းဘို့ ဟာလဲ အချိန်ယူပြီး ဖြေရှင်းမှုရမယ်တဲ့။ ကြေကြေ လည်လည် မဖြစ်ခင် တော့ ပြဿနာတွေဟာ ပေါ်အုံးမှာဘဲ၊ ဒီလိုပေါ် လာရင် သည်းခံကြစေလိုတယ်တဲ့။ ကျွန်တော်တို့နဲ့ ပူးတွဲပြီး ပြေပြစ်အောင်လုပ်ကြပါ။ ကျွန်တော်တို့က လဲ တတ်နိုင်သလောက်လုပ်ပါမယ်။

နောက်တခုကတော့ တောင်သူလယ်သမားတွေ ကိစ္စကို တပွဲတိုး ထူးမန်းလုပ်လို့မရဘူးတဲ့ တောင်သူ လယ်သမားတွေ အရှည်သဖြင့်ကြွေးကင်းကင်း ကြွေး ရှင်း ရှင်းနဲ့ မိမိတို့လုပ်တဲ့ လုပ်ငန်းကရတဲ့ အသီးအနှံ အပွင့်တွေကို မိမိတို့ဘာသာ ခံစားနိုင်အောင် လုပ် နေတာ ပါတဲ့ အမတော်ကြေးငွေတွေကို သင့်သင့် သုံးပြီး ဖြုန်းချင်သလို ဖြုန်းတာမျိုး မဖြစ် စေချင် ဘူးတဲ့။

အမတော်ကြေးငွေဟာ တောင်သူ လယ်သမား တွေ လယ်လုပ်တဲ့အခါမှာ လိုတဲ့ စရိတ်ကို ခက်ခဲ



ခဲခဲမရှိဘဲ ပြေပြေလည်လည် ဖြစ်ပါစေဆိုပြီး ပေး တာပါဘဲတဲ့၊ တောင်သူ လယ်သမားတွေ တိုင်းသူ ပြည်သားတွေရဲ့ ငွေပါဘဲတဲ့၊ ဒါကြောင့် ပြည်သူ့ ငွေတွေကို အသုံးနဲ့ အဖြုန်းခွဲခြားပြီး လုပ်ကြပါတဲ့။

ကုန်သည်တွေဟာ ကျွန်တော်တို့လုပ်တာကိုသူတို့ မကြိုက်ကြဘူး၊ သူတို့နဲ့ ကျွန်တော်တို့ဟာ ဘတပြန် ကျားတပြန် လုံးနေကြရတယ်၊ တနေ့တော့ ကျွန် တော်တို့ဘဲ နိုင်ရမှာဘဲတဲ့၊ အလုပ်သမား အဖွဲ့တွေ ဖွဲ့စည်းမယ်တဲ့။

တိုင်းပြည်မှာ ဘယ်သူသေသေ ငတေမာရင် ပြီး ရောဆိုတဲ့လူတွေရှိနေတယ်တဲ့၊ အင်္ဂလိပ်ဗမာတတိယ စစ်ပွဲ မဖြစ်ခင်က အင်္ဂလိပ်အားကိုးတဲ့လူတွေက အား ကိုးတယ်၊ ပြင်သစ်ကို အားကိုးတဲ့ လူက အားကိုး တယ်၊ စည်းလုံးမှုကွဲတော့ ကျွန်ဖြစ်ခဲ့ရတာ အဖတ် တင်တာဘဲတဲ့၊ နိုင်ငံခြား တပည့်ခံပြီး နိုင်ငံခြားကို အားကိုးတာတွေဟာလဲ သူတို့အကျိုးပါမှ လုပ်ပေး တာဘဲ၊ သူတို့အကျိုးကို လုပ်မပေးရင် တပည့်ကိုဘဲ ပြန်ဆော်တာဘဲတဲ့။

နိုင်ငံခြားကလာပြီး ကျွန်တော်တို့ကို ချယ်လှယ် ဘို့ဟာ ကျွန်တော်တို့အထဲက လူတွေမပါရင် မချယ် လှယ်နိုင်ပါဘူးတဲ့၊ ဒီဒနရာမှာပုံပြင့်လေးတပုံဆောင် ထည့်ပြီး ပြောပြ လိုက်သေးတယ် မောင်ရဲအောင်။ ပုံကတော့....

www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်နှစ်ပင်ရှိတယ်တဲ့၊ တပင်ကို လူတယောက်က ပုဆိန်နဲ့ လာပြီး ပေါက်လှဲတယ်၊ ဒီတော့ အပေါက်ခံရတဲ့အပင်က ဟိုဘက်က အပင်ကို လှမ်းပြီး ပြောတယ်၊ ငါတော့ သေရတော့မယ်၊ ငါ့ကို ပုဆိန်နဲ့ ပေါက်နေတယ်လို့ ပြောတယ်၊ ဟိုဘက်က အပင်က ပြန်ပြောလိုက်တယ်၊ သူ့လက်ထဲမှာ ပါလာတဲ့ ပုဆိန်ရိုးကို ကြည့်ရင် ဒို့နဲ့ အတူတူဘဲ ဒို့သစ်သားရိုးဘဲ၊ အဲဒါပါလာလို့ မင်းတို့ ထိတာဘဲလို့ ပြောတယ်တဲ့။

အဲဒီ ပုံကလေးကို ပြောပြီး ဗိုလ်ချုပ်ကြီးက အဲဒီတော့ ကျွန်တော်တို့ကလဲ ကျွန်တော်တို့အထဲက သစ်သားရိုးတွေကို မီးတိုက်ပစ်ရမယ်လို့ ပြောသွားတယ် မောင်ရဲအောင်။

## ခပေါင်းဆွေးနွေးပွဲ

ရဲအောင်။ ။ခပေါင်းလယ်သမား ဆွေးနွေးပွဲ အကြောင်း ပြောပြပါအုံးဘဘကြီး။

ဘဘကြီး။ ။အုန်းတော ဆွေးနွေးပွဲ ဒူးယား ဆွေးနွေးပွဲ၊ ပပွား ဆွေးနွေးပွဲ တွေမှာ ဒေသ အလိုက် ဆွေးနွေးပွဲကျင်းပပြီးတော့ ကျေးလက် ဒေသ တွေရဲ့ ဘဝအခြေအနေနဲ့ ခံစားရချက်တွေကို ရင်းရင်း



နှီးနှီး ရင်ဖွင့်ဆွေးနွေးကြတယ်၊ ဒါကြောင့် ကျေးလက်ဒေသတွေရဲ့ စီးပွားရေး စစ်တမ်းလို့ ခေါ်မယ် ဆိုရင်လဲ ခေါ်နိုင်တယ်မောင်ရဲအောင်။

ခပေါင်းဆွေးနွေးပွဲကတော့ အောက် ဗမာပြည်မှာရှိတဲ့ တောင်သူလယ်သမားတွေ တွေ့ဆုံဆွေးနွေးတဲ့ ဆွေးနွေးပွဲဖြစ်တယ်။ တောင်သူလယ်သမား ပွဲတော်ကြီးလို့လဲ ခေါ်နိုင်တယ်ကွဲ့။

ခပေါင်း ဆွေးနွေးပွဲမှာ ဧရာဝတီ တိုင်း က ၂၅၉ ယောက်၊ ကရင်ပြည်နယ်က ၇၀၊ တနင်္သာရီ တိုင်းက ၂၁၀၊ ပဲခူးတိုင်းက ၄၀၈ ယောက်၊ ရခိုင် တိုင်း ၂၁၀၊ စုစုပေါင်း ကိုယ်စားလှယ် ၁၂၀၀ တက်ရောက်ကြတယ်။ လုပ်သားပြည်သူပေါင်း နှစ်သိန်းကျော် တက်ရောက်လာကြတယ်။

ရဲအောင်။ ။ခပေါင်းဆွေးနွေးပွဲကို ဘယ်နေရာ ဘယ်ဒေသမှာ လုပ်ပါသလဲ ဘဘကြီး။

ဘဘကြီး။ ။စစ်တောင်းမြစ်လို့လဲခေါ်တဲ့ပေါင်းလောင်း ပဲခူး ရိုးမတောင်တန်းက စီးဆင်းလာတဲ့ ခပေါင်းမြစ် ချောင်း၊ ကရင် ပြည်နယ်က စီးဆင်း လာတဲ့ သောက်ရေ ခပ်ချောင်း။ အဲဒီ ရေကြောင်းသုံးကြောင်း ငပေါင်းဆုံတဲ့ နေရာနားမှာ တောင်ငူမြို့ရှိတယ်၊ ကေတုမတီ မြို့လို့လဲ ခေါ်ကြတယ်၊ တောင်ငူမြို့က ၄ မိုင်လောက်သွားပြီးခပေါင်းချောင်းကို ဖြတ်ကူးတည်ဆောက်ထားတဲ့ ခပေါင်း တံတား

www.burmeseclassic.com

www.burmeseclassic.com



ကြီးကို ကျော်လိုက်ရင်ခပေါင်းကွင်းကြီးကို မြင်ရ တယ် မောင်ရဲအောင်။

ခပေါင်းကွင်းထဲမှာ ခပေါင်း၊ ကျောင်းရှစ်ဆယ်၊ ကျက်ဆာ၊ ခပေါင်းဝ၊ ညောင်ပင်ကြီး၊ ချောင်း နား၊ ထန်းကုန်း၊ ဝက်ဖြူကုန်း၊ ခေါင်ရန်း၊ ဝါးတီး၊ မြင်းစု၊ သာဂရကုန်း၊ မီးလောင်ကုန်း၊ တောင်ဝန် ကုန်း၊ သောင်းတိုင်ကုန်း၊ ညောင်ချက် ဆိုတဲ့ ကျေး ရွာတွေရှိတယ်၊ အဲဒီကျေးရွာတွေရဲ့ အလယ်မှာကေ ၆၀၀ လောက်ရှိတဲ့ လယ်ကွင်းကြီးဟာ ခပေါင်း ကွင်းခေါ်တယ်၊ ခပေါင်းကွင်းမှာ ဆွေးနွေးပွဲ ခမ်းမ ကြီးဆောက်ထားတယ်ကွဲ့။

ရဲအောင်။ ။ဆွေးနွေးချက်တွေ ပြောပြပါအုံး ဘဘကြီး။

ဘဘကြီး။ ။ခပေါင်းဆွေးနွေးပွဲမှာဥက္ကဋ္ဌကြီး ဗိုလ်ချုပ် နေ ဝင်းက—

လယ်ယာမြေပြဿနာမှာ တောင်သူ လယ်သမား တွေရဲ့ ပြဿနာနဲ့ လူပုဂ္ဂိုလ်တွေရဲ့ ပြဿနာ တွေ ဟာ ဆက်စပ်နေတယ်၊ တောင်သူ လယ်သမား တွေ ရဲ့ ဘဝဟာ ထာဝစဉ် မပူပင် မကြောင့်မကျဘဲနဲ့ လုပ်ကိုင်စားသောက် သွားဘို့လိုတယ်၊ နောက်တခု ကတော့ အခု လောလောဆယ် မြေရှင်း ရမဲ့ ပြဿနာတွေဘဲလို့ ပြောတယ်။

ထာဝစဉ်နေထိုင်လုပ်ကိုင်ရေးမှာဟိုတုန်းက လယ် လုပ်သူ လယ်ပိုင်ရမယ်လို့ ကြွေးကြော် ခဲ့ကြတယ်



သေသေချာချာကြည့်တော့ လယ်လုပ်သူကို လယ်အ ပိုင်ပေးတာ ကောင်းသလား၊ လယ်လုပ်သူကို လယ် လုပ်ပိုင်ခွင့်ပေးတာကောင်းသလား၊ အဲဒါကို လယ် သမားကြီးတွေနဲ့ ဆွေးနွေးပြီးမှ ဆုံးဖြတ်ပါမယ်လို့ ပြောတယ်။

လောလောဆယ် ကတော့ အရေး အကြီးဆုံး ပြဿနာဘဲ လယ်ပိုင်ရှင်တွေက မြေကြီးကိုသီးစားချ စားနေကြတယ်။ ဒီမြေကြီးနဲ့ ပတ်သက်လို့ ဘယ်လို လုပ်ရမလဲဆိုတဲ့ ပြဿနာဘဲ အဲဒါလဲ လယ်သမား ကိုယ်စားလှယ်ကြီးများနဲ့ ဆွေးနွေးတိုင်ပင်ရမှာဘဲ လို့ ပြောတယ်။

ငွေရှင်ကြေးရှင်တွေနဲ့ ပတ်သက်ပြီးလဲ ပြောသေး တယ် မောင်ရဲအောင်။ စပါးကို အစိုးရ စပါးဗိုင်ကို မရောင်းဘဲ သူဌေးဆီမှာ သွားရောင်းတယ်။ အဆိပ် ပင်ရေလောင်းတာဘဲ ဒီတော့ အဆိပ်ပင်ကို သွားပြီး အားမပေးပါနဲ့ သူခိုးကို ဒါးရိုးမကမ်းပါနဲ့ တော် တော်ကြာ ဒီဒါးနဲ့ ခုတ်မှာဘဲလို့လဲ ပြောတယ်။

မြေရှင်တွေနဲ့ စိုးရိမ် ကြောင့်ကြ သူတွေကိုလဲ ပြောလိုက်သေးတယ်။

စိုးရိမ်ကြောင့်ကြမှုကြောင့် ကျွန်တော်တို့ကို ပြန် တိုက်နေတယ်ဆိုရင် မတိုက်ကြပါနဲ့ ကျွန်တော်တို့နဲ့ လက်တွဲပြီးလိုက်ကြပါ လုပ်ကိုင်ကြပါလို့ တောင်း ပန်လိုတယ်။ အဲဒါမြေမရှိရင်အလုပ်တွေနဲ့ အမြဲအသည်တယ်။

www.burmeseclassic.com

www.burmeseclassic.com



နန်းတည်တယ်ဆိုရင် စတေးတယ်လို့ ကြားဘူးတယ်။ အဲဒီတော့ ကျွန်တော်တို့လဲ ဆိုရှယ်လစ် လမ်းစဉ်ကို သွားနေတဲ့အခါမှာ စတေးမှဘဲရမယ်ဆိုရင် စတေး မယ် ခင်ဗျားလို့ ပြောတယ်ကွဲ့။

ရဲအောင်။ ။လယ်သမားကြီးတွေကကော ဘဘကြီး။

ဘဘကြီး။ ။လယ်သမားကြီးတွေက သူတို့ရဲ့ဝင်ငွေကိုတင် ပြကြတယ် ကုန်ငွေတွေကိုလဲ တင်ပြကြတယ် မောင် ရဲအောင်။

ရခိုင်တိုင်း လယ်သမားကြီးတွေက ခရီးလမ်း အ ဆက်အသွယ်တွေခက်ခဲတဲ့ အကြောင်းတင်ပြတယ်။

ကရင်အမျိုးသား လယ်သမားကြီးတွေက လယ် ထွန်စက်တွေ အကြောင်းတင်ပြကြတယ်။

ပဲခူးတိုင်း လယ်သမားကြီး ကတော့ အစိုးရက တတ်နိုင်သမျှကူညီတို့ လယ်သမားတွေကလဲ ကိုယ့် အား ကိုယ်ကိုးဆောင်ရွက်ကြဘို့ တင်ပြသွားတယ်ကွဲ့။

ရဲအောင်။ ။ဥက္ကဋ္ဌကြီး ဗိုလ်ချုပ်နေဝင်းဟာ ပြတ်ပြတ်ရှင်း ရှင်းဘဲ ပြောတယ်နော်။

ဘဘကြီး။ ။လယ်သမားကြီးတွေကလဲ ဘွင်းဘွင်းရှင်းရှင်း ပြောကြတယ်။ ဗိုလ်ချုပ်ကြီးနေဝင်းကလဲ ပြတ်ပြတ် ရှင်းရှင်းဘဲပြောတယ်။ ဒါကြောင့် လယ်သမားကြီး အဲချို့က ဗိုလ်ချုပ်ဟာ ဒို့တောသူ တောင်သားတွေ လိုဘဲ ဘွင်းဘွင်းကြီးကွဲ့။ သူ့အသံထဲရှင်းထဲကစကား တွေ့ ကြီး အသံဆဲဖော်လာတာတဲ့လို့ ပြောနေသံကို



ဘဘကြီး ကိုယ်တိုင်နားနဲ့ ဆတ်ဆတ်ကြားခဲ့ရတယ် မောင်ရဲအောင်။

ရဲအောင်။ ။ခပေါင်း ဆွေးနွေးပွဲ ပြီးတော့ လယ်သမား ဆွေးနွေးပွဲ ဘယ်နေရာမှာ လုပ်ပါသေး သလဲ ဘဘကြီး။

ဘဘကြီး။ ။ခပေါင်းဆွေးနွေးပွဲက ဆွေးနွေးဆုံးဖြတ်ချက် အတိုင်းဘဲ နှစ်စဉ် နှစ်တိုင်း မတ်လ ၂-ရက်နေ့မှာ တောင်သူလယ်သမားအစည်းအဝေးကြီး ကျင်းပပြီး တောင်သူ လယ်သမား ပွဲတော်ကြီးတွေ လုပ်ခဲ့တယ် မောင်ရဲအောင်။

ရဲအောင်။ ။ဒီနေ့အထိ တော်လှန်ရေးကောင်စီက တောင် သူလယ်သမားတွေအတွက် ဘာတွေဆောင်ရွက်ပေး ခဲ့ပါသလဲ ဘဘကြီး။

ဘဘကြီး။ ။တော်လှန်ရေး ကောင်စီဟာ တောင်သူ လယ် သမားကြီးတွေအတွက် မျက်ခြေမပြတ် ဆောင်ရွက် ပေးနေပါတယ် မောင်ရဲအောင်။ တောင်သူ လယ်သ မားတွေကို ထွန်ယက်စိုက်ပျိုးလုပ်ကိုင်နိုင်ကြဘို့ လယ် ယာ အမတော်ငွေတွေကို ထုတ်ပေးခဲ့တယ်။ လယ် ယာမြေပြဿနာတွေကိုလဲ တောင်သူလယ်သမားတွေ ကိုယ်တိုင် ဖြေရှင်းဆောင်ရွက်နိုင်ကြဘို့ မြေယာကော် မီတီတွေဖွဲ့ပေးခဲ့တယ်။

ငွေရှင်ကြေးရှင်တွေဟာ တောင်သူ လယ်သမား တွေကိုအနှစ်နှစ်အလလက အတိုးတွေယူကာအမြတ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးစားခဲ့တာတွေကို တားဆီးပြီး တောင်သူလယ်သမားတွေပေါ်မှာ တင်ကျန်နေတဲ့ကြွေးတွေကို လျှော်ပစ်ဘို့ ဆောင်ရွက်ပေးခဲ့တယ်။

မြေရှင်တွေဟာ မြေကြီးကိုရင်းပြီး တောင်သူလယ်သမားတွေအပေါ်မှာ နှစ်စဉ် မြေကြီးရင်းနှီးခအဖြစ်နဲ့ သီးစားခတွေ တောင်းယူနေတာကိုလဲ သီးစားခတွေ မပေးရအောင် ကျေညာဆောင်ရွက် ပေးခဲ့တယ်ကွဲ။

တောင်သူလယ်သမားကြီးတွေ မြေယာထွန်ယက်ရေးမှာလဲ အကူအညီပေးပြီး၊ သီးနှံစိုက်ပျိုးရေးမှာ မျိုးကောင်းမျိုးသန့်စိုက်ပျိုးနိုင်ဘို့သီးနှံမျိုးစေ့တွေကို ထုတ်ပေးကူညီခဲ့တယ်။ ရေလုံလောက်အောင်ရဘို့အတွက်လဲ ဆည်မြောင်းတွေဖေါက်၊ ကာတာမတွေဖို့တဲ့ လုပ်ငန်းတွေကိုလဲ ထိထိရောက်ရောက် လုပ်ကိုင်ပေးနေတယ်။ တောင်သူလယ်သမားတွေရဲ့ လိုအင်ဆန္ဒအရ မိသားစုအလိုက် လယ်ယာစိုက်ပျိုးရေးတွေကို ကူညီ ဆောင်ရွက် ပေးတဲ့အပြင် သမဝါယမစုပေါင်းလယ်ယာစနစ်တွေကို ဖေါ်ထုတ်ဆောင်ရွက်ပေးသေးတယ်၊တောင်သူလယ်သမားကြီးတွေ ပင်ပင်ပမ်းပမ်း ဆောင်ရွက် နေကြရတဲ့ လက်မှု လယ်ယာစနစ်ကိုလဲ စက်မှုလယ်ယာစနစ်ဖြစ်အောင် ကြိုးပမ်းစီစဉ် ဆောင်ရွက်ပေးနေတယ် မောင်ရဲ့အောင်။



တောင်သူ လယ်သမား ကြီးတွေဟာ ကုန်သည်တွေ၊ ပွဲစားတွေက အမျိုးမျိုးသွေးစုတ်၊ အမြတ်ကြီးစားပြီး ခေါင်းပုံဖြတ်ကြတာတွေကို မခံကြရအောင် စပါးဈေးကို တဖြေးဖြေး တိုးမြှင့်ပေးပြီး အစိုးရကိုယ်တိုင်က စပါးဒိုင်တွေ၊ စပါးအဝယ် ဌာနတွေ ဖွင့်ပေးကာ ဈေးမှန် အချိန်အတွယ် မှန်ကန်စွာနဲ့ ဝယ်ယူဆောင်ရွက်ပေးနေတယ်ကွဲ့။

တောင်သူ လယ်သမားကြီးတွေ လယ်ယာသုံးပစ္စည်းတွေကို အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်အောင်လဲ လိုအပ်တဲ့ ကုန်ပစ္စည်းတွေကို ကျေးရွာ လယ်တောအရောက် ဖြန့်ဖြူးရောင်းချပေးနေတယ်။

အောင်။ ။တောင်သူ လယ်သမား ကြီးတွေအတွက် တော်လှန်ရေးကောင်စီက ဆောင်ရွက် ပေးနေတာကို ဘဘကြီးရှင်းပြလို့ ရဲအောင် သိရပါပြီ အလုပ်သမားကြီးတွေအတွက်ကောဘယ်လိုဆောင်ရွက်ပေးပါသလဲ ဘဘကြီး။

ဘဘကြီး။ ။တော်လှန်ရေး ကောင်စီ ပေါ်ပေါက် လာပြီးမကြာခင် မှာဘဲ ဗမာ့မြေ ဆီတွေကို စား သောက်သွေးစုတ်နေတဲ့ ရေနံကုမ္ပဏီတွေကို ပြည်သူပိုင် သိမ်းခဲ့တယ်မောင်ရဲအောင်။

တော်လှန်ရေး ကောင်စီ အစိုးရဟာ တောင်သူလယ်သမားတွေရဲ့ အကျိုးကို ဆောင်ရွက် ပေးသလို

www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားတွေရဲ့ အကျိုးကိုလဲ တပ်ဦးထဲ ဆောင်ရွက်ပေးနေတယ်ကွဲ။

အလုပ်ရုံ စက်ရုံတွေမှာ ရှေးအခါက အလုပ်ရှင်အရှင်းရှင် တွေရဲ့သဘော အတိုင်း စီမံအုပ်ချုပ်မှုတွေကိုဖျက်လိုက်ပြီး အလုပ် သမားတွေ ကိုယ်တိုင် ပါဝင်ပြီးစီမံအုပ် ချုပ်နိုင်အောင် ကြီးကြပ်ရေး ကော်မီတီတွေ ဖွဲ့စည်းဆောင်ရွက်ပေးတယ်။

အလုပ်သမား ကြီးတွေ ကျန်းမာ ရေးနဲ့ ညီညီညွတ်ညွတ်နေထိုင်နိုင်ကြဘို့ အဆောက်အဦးကြီးတွေ ဆောက်လုပ်ပေးပြီးအနားယူ အပမ်းဖြေနိုင်ကြဘို့လဲ အလုပ်သမား အပမ်းဖြေရိပ်သာတွေ ဖွင့်လှစ်ဆောင်ရွက်ပေးနေတယ်။

အလုပ် သမား ဥပဒေ တွေကို ပြန်လည် စီစစ်စီစစ်ရေး ကော်မီတီဖွဲ့စည်းပေးပြီးအလုပ်ရှင်နဲ့ အလုပ်သမားတွေရဲ့ ပြဿနာတွေကို ဖြေရှင်းပေး ဘို့လဲ အလုပ်သမားခုံအဖွဲ့တွေဖွဲ့စည်းဆောင်ရွက်ပေးတယ်ကွဲ့။

တော်လှန်ရေး ကောင်စီ ပေါ်ပေါက် လာပြီးနောက် ၁၉၆၃ ခုနှစ် မေလ တရက်မှာ ပထမဆုံးအလုပ်သမားနေ့ အလုပ် သမား ဆွေးနွေး ပွဲကြီးကိုရန်ကုန်မြို့ကျိုက္ကဆံကွင်းမှာ ကျင်းပပေးခဲ့တယ်။

အဲဒီအလုပ်သမား ဆွေးနွေးပွဲကြီးမှာ အလုပ်သမားကြီးတွေက သူတို့ရဲ့ခံစားရချက်တွေကို ပွင့်ပွင့်



လင်းလင်း ရင်ဖွင့် ပြောဆို တင်ပြကြပြီး လက်ရှိအလုပ်သမား ဥပဒေတွေ ဟာအလုပ် သမား တွေနဲ့ အံဝင်ခွင်ကျ မဖြစ်တာတွေကို ပြောဆိုတင်ပြကြတယ် မောင်ရဲအောင်။

အလုပ်ရုံ စက်ရုံ တွေမှာအုပ်ချုပ်တဲ့ လူတွေရဲ့ နိုပ်စက်ခံရပုံတွေ ပုဂ္ဂလိကပိုင် ရှင်တွေရဲ့ ပညာသားပါပါညှင်းပမ်း ဒုက္ခပေးပုံတွေ အလုပ်သမားတွေဟာ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ မရမှုတွေကို ပြောဆိုတင်ပြကြ သေးတယ်။အလုပ် သမားတွေ စည်း လုံးညီညွတ်စွာ ဆောင်ရွက် လုပ်ကိုင်နိုင်ဘို့ အလုပ်သမားအစည်းအရုံး ထူထောင် ပေးဘို့ကိုလဲ တင်ပြ ပြောဆိုဆွေးနွေးကြတယ်ကွဲ့။

## ၆၄-ခုနှစ်အလုပ်သမားနေ့

ရဲအောင်။ ။ဘဘကြီး....ရဲအောင်နဲ့ဘဘကြီး သွားရောက်ခဲ့တဲ့ ချောက်မြို့က အလုပ်သမားနေ့ကကော ဘယ်လိုပါလဲ ဘဘကြီး။

ဘဘကြီး။ ။ချောက်မြို့အလုပ်သမားနေ့ကြီးဟာက ၁၉၆၄ ခုနှစ် အလုပ်သမားနေ့ကြီးဖြစ်တယ် မောင်ရဲအောင်။

မောင်ရဲအောင် ရောက်တုန်းက ချောက်မြို့ ရဲ့ မြောက်ဘက်မှာ စဉ့်ကူရွာဆိုတာ တွေ့ခဲ့တယ် မဟုတ်

www.burmeseclassic.com



လား၊ စဉ့်ကူရွာနားက ဧရာဝတီမြစ်ကမ်းခြေက သဲသောင်ပြင်ကြီးဟာ အတော်ကျယ်တဲ့ သဲသောင်ပြင်ကြီးဘဲနော်၊ သဲသောင်ပြင်ကြီးပေါ်မှာ စည်းဝေးခန်းမဆောင်ကြီးနဲ့ အလုပ်သမားကိုယ်စားလှယ်ကြီးတွေ တည်းခိုဘို့အဆောင်တွေ ဆောက်လုပ်ထားလိုက်တာ ဧရာဝတီမြစ်ကြီးနဲ့ ပဏာရလိုက်တာကွယ်။

၁၃၀၀-ပြည့်အရေးတော်ပုံကြီးဟာ ချောက်မြို့က စခဲ့လို့ ၁၃၀၀-ပြည့် ရေနံမြေအရေးတော်ပုံ အလုပ်သမားကြီးတွေကို ဂုဏ်ပြုတဲ့ အလုပ်သမားနေ့ကြီးလို့သဲ ခေါ်နိုင်တယ် မောင်ရဲအောင်။

အဲဒီချောက်မြို့ရဲ့ အလုပ်သမားနေ့ အခမ်းအနားမှာ....

ခနရှင်စနစ် ပျက်စီးပါစေ။
ခနရှင်ဝါဒ ကျဆုံးပါစေ။
အရေးတော်ပုံ အောင်ပါစေ။
ဒို့ပြည်ကို ချစ်ပါ။
ဒို့စာကို ချီးမြှင့်ပါ။
ဒို့စကားကို လေးစားပါ။

ဆိုတဲ့ ကြွေးကြော်သံတွေ၊ နံရံကပ်စာတမ်းတွေကိုလဲ မောင်ရဲအောင် တွေ့ခဲ့တယ်မဟုတ်လားကွဲ့။

အဲဒါ ၁၃၀၀-ပြည့်အရေးတော်ပုံတုန်းက ကြွေးကြော်သံတွေကွဲ့၊ သခင်ဘိုးလှကြီး ခမ်းမဆောင်



ကြီးကလဲ ကျယ်ဝန်းခန့်ငြားလိုက်တာ မောင်ရဲအောင်ရယ်။

ရဲအောင်။ ။ဟုတ်ပါတယ် ဘဘကြီး။

ချောက်မြို့ကို ရောက်တုန်းက ၁၃၀၀-ပြည့် အရေးတော်ပုံ အကြောင်းကို ဘဘကြီး ပြောပြတယ်လေ၊ ရဲအောင် သတိရမှတ်မိပါတယ် ဘဘကြီး။

ဘဘကြီး။ ။ချောက်မြို့အလုပ်သမားနေ့ကြီးဟာ တကယ်ဘဲ ကြီးကျယ် ခမ်းနား စည်ကားသိုက်မြိုက်ပါပေတယ် မောင်ရဲအောင်။

တက်ရောက်လာကြတဲ့ အလုပ်သမား ကိုယ်စားလှယ်ကြီးတွေ တည်းခိုနေထိုင်ဘို့ အဆောင်တွေကလဲ ၂၇ ဆောင်တောင် ဆောက်လုပ် ထားပေးတယ်။ အဆောင်တွေရဲ့ အမည်တွေကလဲ ဗမာ ဆန်ပြီး တန်ဘိုး ရှိလိုက်တာကွယ်၊ ဗမာသစ်တောက ထွက်ရှိတဲ့ သစ်ပင်တွေရဲ့အမည်အတိုင်း ကျွန်းသစ်ဆောင်၊ ပျဉ်းကတိုးဆောင်၊ ပိတောက်ဆောင်၊ ထောက်ကြန့်ဆောင်ရယ်လို့ မှည့်ခေါ်ထားတယ်။

ရဲအောင်။ ။ဟုတ်ပါတယ် ဘဘကြီး။

အမျိုးသမီးတွေ တည်းခိုနေထိုင်တဲ့အဆောင်ကြီးမှာ သနပ်ခါးဆောင်လို့ ရေးထားတာ ရဲအောင် တွေ့ခဲ့ပါတယ်။

ဘဘကြီး။ ။စင်မြင့်ကြီးရဲ့ နောက်ပူးစည်မှာကော ဘယ်လိုစာတမ်းရေးထားသလဲ မောင်ရဲအောင်။

www.burmeseclassic.com

www.burmeseclassic.com



ရဲအောင်။ ။ရဲအောင်မှတ်မိပါတယ် ဘဘကြီးရယ်၊ စင်မြင့်ကြီးရဲ့ နဖူးစီးမှာ....

စား, ဝတ်, နေရေး ဖူလုံရေးနဲ့၊

လူရေး, လူမှု, ဒို့ရှေ့ရှု....လို့ ရေးထားပါတယ် ဘဘကြီး။

အဲဒီ စာတမ်း အောက်မှာလဲ ရေနံမြေ အလုပ်သမားတွေရဲ့ ခံစားရချက် ဘဝသရုပ်ဖေါ် ခေတ်သုံးခေတ်ပုံတွေကို ရေးဆွဲထားတာ တွေ့ခဲ့ရပါသေးတယ်။

ဘဘကြီး။ ။ခေတ်သုံးခေတ်ပုံတွေကို ပြောပြစမ်းပါအုံး။

ရဲအောင်။ ။ခေတ်သုံးခေတ် ပုံတွေကတော့....

တွင်းစားတွေ လက်ထက် ခေတ်က ရေနံ အလုပ်သမားဘဝ၊

ဘီအိုစီကုမ္ပဏီ လက်ထက် ခေတ်က ရေနံ အလုပ်သမားဘဝ၊

အခုခေတ် ရေနံ အလုပ်သမားဘဝ၊

ဒီရေနံအလုပ်သမား ဘဝတွေကို ပန်းချီပုံတူရေးထားတာ ဘဘကြီးရဲ့။

ဘဘကြီး။ ။ခေတ်သုံးခေတ် ရေနံအလုပ်သမားဘဝ ပန်းချီပုံတူကိုကြည့်ပြီး မောင်ရဲအောင်က ဘယ်လိုနားလည် သဘောပေါက်သလဲကွဲ့။



ရဲအောင်။ ။တွင်းစားတွေ လက်ထက်ကရေနံအလုပ်သမားတွေဟာ ခေတ်မမှီကြဘူး ဘဘကြီးရယ်။ ရေနံကို လက်ယက်တွင်းတွေ တူးကြရပြီး ရေနံထွက်လာတော့လဲ ရေတွင်းက ရေငင်သလို ရေနံကို ဆွဲငင်သယ်ယူကြရတဲ့ပုံလို့ ရဲအောင် ယူဆတယ်။ ရေနံအလုပ်သမားပုံတွေကို ကြည့်ရတာ အလုပ်ကိုချွေးသီးချွေးပေါက်ကျအောင် ပင်ပင်ပမ်းပမ်း သက်စွန့်ကိုယ်စွန့် လုပ်ကြရတယ်လို့ သဘောပေါက်တယ် ဘဘကြီး။

ဘီအိုစီလက်ထက် ခေတ်မှာတော့ ရေနံတွင်းတွေကို စက်နဲ့တူးကြပုံကို မြင်ရပေမဲ့ ရေနံအလုပ်သမားတွေရဲ့ပုံကို ကြည့်ရတာတော့ ပျော်ပျော်ရွှင်ရွှင်မရှိကြဘူး ဘဘကြီး။ ရေနံ အလုပ်သမားတွေဟာ ပင်ပမ်းတကြီး လုပ်ကြရပြီး စား, ဝတ်, နေရေးတွေက ဖူလုံမှု မရှိပုံရတယ်။ အလုပ်သမားတွေဟာ သူတို့အတွက် အာမခံချက်တွေ မရှိဘဲ ဘီအိုစီ ကုမ္ပဏီက သူတို့လုပ်အားခတွေကို ခေါင်းပုံဖြတ်နေတော့ သူတို့ရဲ့မျက်နှာတွေဟာ မကျေမနပ် ဖြစ်နေ ကြတယ်လို့ ရဲအောင် တွေးမိတယ် ဘဘကြီး။

အခုခေတ် ရေနံအလုပ်သမားဘဝကတော့ပျော်ပျော်ရွှင်ရွှင်နဲ့ တွေ့ရတယ် ဘဘကြီး။ ဒီရေနံတွင်းတွေဟာ ဒို့အလုပ်သမားတွေ ပိုင်တဲ့ ရေနံတွင်းတွေဘဲလို့ ဝမ်းသာအားရ ဖြစ်နေပုံရတယ် ဘဘကြီးရယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘဘကြီး။ ။မောင်ရဲအောင်က တွေးခေါ်မှု မဆိုးဘူးကွဲ။
ရဲအောင်။ ။ချောက်မြို့ အလုပ်သမားနေ့မှာ ဘယ်က အ
လုပ်သမားတွေ စုရုံးဆွေးနွေးကြပါသလဲ ဘဘကြီး။
ဘဘကြီး။ ။ချောက်မြို့ အလုပ်သမားဆွေးနွေးပွဲမှာ....
ရန်ကုန်တိုင်းက ၈၄၆ဦး၊ ပဲခူးတိုင်းက ၁၅၆ဦး
ဧရာဝတီတိုင်းက ၁၁၅ ဦး၊ တနင်္သာရီ တိုင်းက
၉၅ ဦး၊ မန္တလေးတိုင်းက ၈၅၁ ဦး၊ မကွေးတိုင်း
က ၉၄ ဦး၊ စစ်ကိုင်းတိုင်းက ၁၁၃ဦး၊ ရခိုင်တိုင်း
က ၅၀၊ ကချင်ပြည်နယ်က ၁၇ း၊ ရှမ်းပြည်နယ်က
၄၇ ဦး၊ ကော်သူလေးပြည်နယ်က ၇ဦး၊ ကယားပြည်
နယ်က ၈ ဦး၊ ချင်းဝိဓသ တိုင်းက ၁၂ ဦး တက်
ရောက်ကြတယ်။
ဥက္ကဋ္ဌကြီး ဗိုလ်ချုပ် နေဝင်းနဲ့ တော်လှန်ရေး
ကောင်စီဝင်တွေလဲ တက်ကြတယ်၊ မြန်မာ့ ဆိုရှယ်
လစ်လမ်းစဉ်ပါတီက ကိုယ်စားလှယ် ၁၅၀၊ လေ့
လာသူ ၂၀၀လဲ တက်တယ်၊ အထူးဧည့်သည် တော်
အဖြစ် သခင်၊ သခင်မ ၁၁၂ ဦးလဲဘိတ်ကြား တက်
လာခဲ့ကြတယ်။
တက်ရောက်လာတဲ့ ကိုယ်စားလှယ်တွေဟာ အဖွဲ့
၉ ဖွဲ့ ဖွဲ့ပြီးဆွေးနွေးကြတယ်ကွဲ့။
ရဲအောင်။ ။ဘာတွေဆွေးနွေးကြပါသလဲ ဘဘကြီး။
ဘဘကြီး။ ။အလုပ်သမားတွေရဲ့ အခြေခံ ရပိုင်ခွင့်နဲ့ တာ
ဝန်တွေကို ဆွေးနွေးကြတယ်။



ပြည်သူ့ အလုပ်သမားကောင်စီ ဖွဲ့စည်းပုံ စည်း
မျဉ်းကိုလဲ ဆွေးနွေးကြတယ်။
ကိုယ်စားလှယ်ကြီးတွေက အဖြေအလည် ဆွေး
နွေးကြပြီး သဘော တူချက် တွေကို မော်ကွန်းဝင်
လက်မှတ်ရေးထိုးကြတယ်ကွဲ့။
လူထုအစည်းအဝေးကြီးကျင်းပတဲ့ မေလ တရက်
နေ့မှာ အလုပ်သမား သုံးဂထောင်ကျော်ဟာ ၁၃၀၀
ပြည့် ရေနံမြေအရေးတော်ပုံတုန်းက ခရီးရှည်ချီတက်
ပုံကို လက်တွေ့ ချီတက်ပြကြတယ်ကွဲ့။ လူထု အ
စည်းအဝေးကြီးဟာ လုပ်သားပြည်သူပေါင်း သုံး
သိန်းကျော် တက်တယ် မောင်ရဲအောင်။
ရဲအောင်။ ။အလုပ်သမားတာဝန်နဲ့ ရပိုင်ခွင့် ဆိုတာ အခု
တွေပါလဲ ဘဘကြီး။
ဘဘကြီး ။အလုပ်သမားတွေဟာ—
အရင်းရှင်တွေရဲ့ အလုပ်သမား မဟုတ် တော့
ဘူးကွဲ၊ အလုပ်ပိုင်ရှင်တွေဟာ အလုပ် သမားတွေဘဲ
ဖြစ်တယ်။ စီမံအုပ်ချုပ်တာလဲ အလုပ် သမား၊ အ
လုပ်လုပ်ရမှာလဲ အလုပ်သမား၊ အကျိုးခံစားရမှာလဲ
အလုပ်သမားဘဲကွဲ့ ။
ဒီတော့....ဒို့ အလုပ်သမားတွေဟာ....
အလုပ်ကိုကြိုးစားလုပ်ကြရမယ်။
ကုန်ပစ္စည်းတွေကို ပိုပြီးထွက်အောင် လုပ်ကြရမယ်။
စည်းကမ်းကို လေးစားကြရမယ်။

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကိုမခိုမကပ် လုပ်ကြရမယ် ဆိုတာတွေကို အလုပ်သမားတွေရဲ့ တာဝန်လို့ သတ်မှတ်ကြတယ် မောင်ရဲအောင်

ရပိုင်ခွင့်ကတော့....

အလုပ်သမားတွေဟာ စား၊ ဝတ်၊ နေ၊ ရေး ပူလုံရမယ် မျှတတဲ့လုပ်ခကို ရရမယ်၊ မကျန်းမာရင်ဆေးဝါးအခမဲ့ကုသခွင့် ရရမယ်၊ ကလေးတွေ ပညာသင်ခွင့် ရ၊ရမယ်၊ အနားယူခွင့် ရရမယ်၊ အသက်ကြီးလို့ အနားယူတဲ့အခါ သင့်တော်တဲ့ အငြိမ်းစားလစာ ရ ရမယ် ဆိုတာတွေဖြစ်တယ်။

ရဲအောင်။ ။တော်လှန်ရေးကောင်စီဟာ အလုပ် သမား တွေအတွက် အများကြီးလုပ်ပေးနေတယ်နော်....။

ဘဘကြီး။ ။တော်လှန်ရေးကောင်စီဟာ လယ် သမားတွေအကျိုး၊ အလုပ် သမားတွေ့အကျိုးကို ရှေ့တန်းကဆောင်ရွက်ပေးမယ်ဆိုတဲ့အတိုင်း အပြောနဲ့ အလုပ်တဘပ်ထဲကို လုပ်နေတာဘဲမောင်ရဲအောင်။

ချောက်မြို့ အလုပ်သမားနေ့ကြီးကျင်းပပြီးတော့ ရန်ကုန်မြို့ ကျိုက္ကဆံကွင်းကြီး ထဲမှာ အလုပ်သမားနေ့တွေ နှစ်စဉ် ကျင်းပနေတယ်။

အလုပ်သမားတွေရဲ့ ဆွေးနွေးချက်တွေကို အကောင်အထည်ဖေါ်ပေးတယ်၊ အခုဆိုရင် အလုပ်



သမားတွေဘဝကို အလုပ်သမားတွေ ကိုယ်တိုင် တာဝန်ယူ ဆောင်ရွက်ကြရမဲ့ အလုပ် သမား ကောင်စီတွေဖွဲ့နေပြီကွဲ့။

## ပုပ္ပါးတောင်နဲ့ ကြက်မောက်တောင်ဆည်

မောင်ရဲအောင်နှင့် ဘဘကြီးတို့သည် ကျောင်းပိတ်ရက်တွင် ပုပ္ပါးသို့ ခရီးထွက်လာကြသည်။

ရဲအောင်။ ။ဘဘကြီး ဟိုဘက်က ရေတွေ ဖွေးဖွေးကဘာပါလဲ။

ဘဘကြီး ။အဲဒါ ကြက်မောက်တောင်ဆည်ပေါ့ မောင်ရဲအောင်။

ရဲအောင်။ ။ဆည်ဆိုတာ ဘာပါလဲ ဘဘကြီးရဲ့။

ဘဘကြီး။ ။တောင်တွေက ဆင်းလာတဲ့ ရေတွေဖြစ်တဲ့ မြစ်ရေတွေ ချောင်းရေတွေကို ဆီးတားပြီး ရေတွေကို လှောင်ထားတာ ဖြစ်တယ်။ ဆည်ထားတယ်လို့လဲ ခေါ်တယ် မောင်ရဲအောင်။

ရဲအောင်။ ။ဘာလုပ်ဖို့ ရေတွေကို ဆည်ထားရတာလဲ ဘဘကြီး။

ဘဘကြီး။ ။ရေတွေဟာ မြင့်တဲ့နေရာက နိမ့်တဲ့နေရာကို စီးသွားကြတယ် မဟုတ်လား မောင်ရဲအောင်။ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



ရေတွေဟာ စီးချင်တိုင်း စီးသွားတော့ အလကား ဖြစ်သွားတယ်။ လိုတဲ့အခါကျတော့ ရေမရှိတော့ဘူး ရေမရှိတော့ သီးနှံတွေ မစိုက်နိုင်ဘူးကွဲ့။

ဒါကြောင့် ရေတွေကို ဆည်ပြီး လှောင်ထား တယ်။ သီးနှံ စိုက်ခင်းတွေဆီကို မြောင်းဖောက်ပြီး ပို့ပေးတယ်။ ဒါကို ဆည်မြောင်း ဖောက်တယ်လို့ ခေါ်တယ် မောင်ရဲအောင်။

ရဲအောင်။ ။ဒီဆည်ကြီးက အတော်ကြီးတာဘဲ ဘဘကြီး။

ဘဘကြီး။ ။အခု ဆောက်လုပ်ပြီးတဲ့ အထဲမှာ အကြီးဆုံး ဘဲ မောင်ရဲအောင်၊ ကြက်မောက်တောင်ဆည်ကြီး ဟာ လုပ်သား သုံးထောင်ကျော်နဲ့ ဆောက်လုပ်ခဲ့ တယ်ကွဲ့။

ရဲအောင်။ ။လုပ်သားတွေက ဘယ်ကရပါသလဲ ဘဘကြီး။

ဘဘကြီး။ ။ကြက်မောက်တောင် တဝိုက်မှာ ကျေးရွာ တွေ ရှိတယ်။ အဲဒီ ကျေးရွာတွေက လုပ်သားတွေ ပေါ့ မောင်ရဲအောင်။

ရဲအောင်။ ။လုပ်သားတွေဟာ သူတို့ လုပ်အား အတွက် လုပ်ခရကြပါသလား ဘဘကြီး။

ဘဘကြီး။ ။လုပ်အားခ ရကြတာပေါ့ မောင်ရဲအောင်။

ကြက်မောက်တောင် တဝိုက်မှာ ကျွတ်ကုန်းရွာ၊ မုကုန်းရွာ၊ ဆပ်ပြာကျင်းရွာ၊ ကင်ပွန်းချုံရွာရယ်



လို့ ရွာတွေရှိတယ်။ အဲဒီရွာတွေက လယ်မြေ ယာ မြေတွေကို လျှော်ကြေးလဲပေးတယ်၊ ရွာသူရွာသား တွေကို အလုပ်လဲ ပေးတယ်၊ ဆည်ကြီး ပြီးတော့လဲ သူတို့ လယ်တွေ ယာတွေဟာ ရေရကြတယ်ကွဲ့။

ရဲအောင်။ ။တယ် ကောင်း ပါ လား ဘ ဘ ကြီး၊ ကြက်မောက်တောင် ဆည်ကြီးက ဘယ်လောက် ကျယ်ပါသလဲ။

ဘဘကြီး။ ။ပုပ္ပါး တောင်မကြီးရဲ့ အရှေ့ဘက် တောင် စွယ်က ဆင်းလာတဲ့ ရေတွေကို ကျောက်ပုံချောင်း လို့ ခေါ်တယ်။

ပုပ္ပါးတောင်မကြီးရဲ့ အနောက်ဘက် တောင် စွယ်က ဆင်းလာတဲ့ ရေတွေကို တောင်ဇင်းချောင်း လို့ ခေါ်တယ်။

အဲဒီ ကျောက်ပုံချောင်းနဲ့ တောင်ဇင်းချောင်း တို့ဟာ ဆုံမိကြတော့ ပင်းချောင်းလို့ ခေါ်တယ်။ မဆုံမိခင် အထက်နားမှာ တာဖို့ပြီး ရေကို ဆည်လိုက် တယ်ကွဲ့။ တာတမံရဲ့ အလျားက ပေ ၇၅၀၀၊ အမြင့်က ပေ ၉၅၀၊ ၆-လက်မ ရှိတယ်။ ဆည် အတွင်းက ရေအကျယ်ကတော့ ဧကပေါင်း ၁၇၀၀ ရှိတယ်။ ညာဘက်က မြောင်းမကြီးတခု ဘယ်ဘက် က မြောင်းမကြီးတခု ဖောက်ထားတယ်။ ညာဘက် မြောင်းမကြီးက မြေဧက သုံးထောင်ကို ရေပေး

www.burmeseclassic.com

www.burmeseclassic.com



တယ် ဘယ်ဘက်မြောင်းမကြီးကမြေကော တသောင်းကိုရေပေးတယ်။

ရဲအောင်။ ။ဆည်ကြီး တည်ဆောက်တာ ငွေတွေကုန်မှာပေါ့နော်၊

ဘဘကြီး။ ။ကြက်မောက်တောင် ဆည်ကြီးတည်ဆောက်တာ ငွေပေါင်း ၃၁၂ သိန်းကုန်တယ်။

ရဲအောင်။ ။ကြက်မောက်တောင် ဆည်ကြီးက ဘယ်လိုအကျိုးပြုပါသလဲ ဘဘကြီး၊

ဘဘကြီး။ ။ဟိုတုန်းက ဆည်ကြီးရဲ့ ပတ်ဝန်းကျင် တဝိုက်ဟာ မိုးခေါင် ရေရှားခဲ့တယ်။ တောင်ဇင်းချောင်းနဲ့ ကျောက်ပုံချောင်းက ရေတွေဟာ ပင်းချောင်းမှာ ပေါင်းဆုံ စီးတယ်။ ပင်းချောင်းဟာ ရေချောင်းမြို့ အထက်နားက ဖြတ်ပြီး ဧရာဝတီမြစ်ထဲ စီးတယ်ကွဲ့။

ဒါကြောင့် ပင်းချောင်းမှာ ရေကြီးတယ်၊ ဧရာဝတီမြစ်ရေလဲမကြာမကြာရေလျှံတယ်။ ဆည်ကြီးတည်ဆောက်လိုက်တော့ ပင်းချောင်းမှာ ရေလျော့သွားပြီး ဧရာဝတီမြစ် ရေလျှံတက်ခြင်းလဲ နည်းသွားတယ်။ ပုပ္ပါး တောင်ခြေမှာလဲ အစိုဓါတ် ဝင်လာတော့ တောရိပ် တောင်ရိပ်နဲ့ စိမ်းလန်း စိုပြေလာတယ် မောင်ရဲအောင်။

ရဲအောင်။ ။ဆည်ကြီးတည်ဆောက်တာ အကျိုးရှိတာပေါ့နော်။



ဘဘကြီး။ ။ဒါတင် မကသေးဘူး မောင်ရဲအောင်။

ဆည်ကြီး တည်ဆောက်လိုက်တဲ့အတွက် ဆည်ရဲ့တောင်ဘက်မှာရှိတဲ့ ရွာပေါင်း ၁၈ ရွာ အိမ်ခြေငါးထောင်ကျော်၊ လူပေါင်း နှစ်သောင်းကျော်ကွဲ့၊ နွား၊ ဆိတ်၊ ဝက် သုံးသောင်းခန့်ဟာ ရေဝအောင် သောက်သုံးနိုင်ခဲ့တယ်။

ရဲအောင်။ ။ဘဘကြီးရယ်၊ ရေတဲ ဝအောင်တော့ သောက်ကြရမှာပေါ့ဗျာ။

ဘဘကြီး။ ။မဟုတ်ဘူး မောင်ရဲအောင်။

၁၉၃၇ ခုနှစ်က ဘဘကြီးတို့ပုပ္ပါးကို ခရီးထွက်ခဲ့ကြတယ်၊ အဲဒီ တုန်းကလေ ရေကို ဝအောင် မသောက်ခဲ့ရဘူးကွဲ့၊ အဲဒီနားကရွာတွေမှာရေတောင်းတော့၊ သူတို့ဟာ ရေကို မပေးလိုကြဘူး၊ ထန်းရေတောင်းတော့ကွာ အလကားအဝသောက်ခိုင်းတယ်ကွဲ့။

ရဲအောင်။ ။ရေအကျိုးဆယ်ပါးလို့ ဘဘကြီးဘဲ ပြောဘူးတယ်၊ သူတို့ဟာ ရေကို မပေးချင်ဘဲ နေပမလား ဘဘကြီးရဲ့။

ဘဘကြီး။ ။ရေအကျိုးဆယ်ပါးဆိုတာ သူတို့ကနားလည်ပါတယ် မောင်ရဲအောင်၊ နို့ပေမဲ့ ရေကရှားတယ်ကွဲ့၊ ရေတအိုးရဘို့ အရေးကို သူတို့ခမြာဟာ တနေကုန်ခရီးဝေးကို သွားရွက်ရတယ်၊ ဒီတော့က် ရှေ့ ... ရှားတာကွဲ့ ...။



www.burmeseclassic.com

www.burmeseclassic.com



ရဲအောင်။ ။အခု ရေဈေးရတော့ သူတို့ ဝမ်းသာ ကြမှာပေါ့နော်။

ဘဘကြီး။ ။ဝမ်းသာတာတော့ မပြောပါနဲ့တော့ကွာ။ သူတို့ဟာလယ်ယာတွေကို ရေသွင်းပြီး ပထမတသီးကို စိုက်တယ်၊ သီးထပ်ဆိုပြီး ဒုတိယ တသီးကိုပါ စိုက်လိုက်သေးတယ်။ မြေကော လေးသောင်း ကျော်ဟာ သီးထပ်စိုက်လိုက်တော့ နှစ်ဆ တိုးသွား တာပေါ့ မောင်ရဲအောင်။

## ကင်းတားဆည်

ရဲအောင်။ ။အခြား ဆည် တွေ ကော ရှိပါသေး သလား ဘဘကြီး။

ဘဘကြီး။ ။ပန်းလောင်းမြစ်ကို ပိတ်ပြီး ဆည်ဖို့ ထားတဲ့ ကင်းတား ဆည်ကြီး ရှိတယ်၊ မှုမ်းပြည်နဲ့ ၅ မိုင်လောက်ဘဲ ဝေးတယ်ကွဲ့။

ရဲအောင်။ ။ကင်းတာ ဆည်က လွန်ခဲ့တဲ့ နှစ် ကိုး ရာကျော် လောက်ကစခဲ့တယ်၊ ပုဂံပြည် အနော်ရထာ မင်း လက်ထက်ကပေါ့။

အနော်ရထာမင်းဟာ တိုင်းခမ်း လှည့်လည်တော့ ပန်းလောင်းမြစ် တဝိုက်ကို ရောက်ခဲ့ တယ်၊ ပန်းလောင်းမြစ်တဖက်ကမ်းမှာ စခန်းချပြီး ကင်းတား ငနိုင်သင်း၊ မြောင်းပြာ၊ ကူမည်းဆိုတဲ့ ဆည်လေးဆယ်ကို တည်ဆောက်ခဲ့တယ်။

ရဲအောင်။ ။ကြက်မောက်တောင် ဆည် ကြီး လို ဘဲ လား ဘဘကြီး။

ဘဘကြီး။ ။ကင်းတားဆည်ဟာ အနော်ရထာမင်း တည်ဆောက်တုန်းကအရှည်၃၇၄ပေရှိတယ်၊ ပန်းလောင်း မြစ်ကို ကန့်လန့်ဖြတ်ပြီး ကျောက်တုံးကြီးတွေ၊ သစ်လုံးကြီးတွေ၊ထန်းလုံးကြီးတွေချပြီး မြေဖို့တယ်ကွဲ့၊ မြစ်ကို ပိတ်ဆည်လိုက်တာပေါ့ မောင်ရဲအောင်။

မြစ်ရေကို ပိတ်ပြီး တူးမြောင်းကို ဖေါက်ကာ တူးမြောင်းနဲ့ ရေလွှဲ ယူခဲ့တယ်၊ ဒါကြောင့် ရေလွှဲခရိုင်လို့ ခေါ်ခဲ့ကြတယ်၊ တူးမြောင်းအရှည်က ၈ မိုင်လောက်ရှိတယ်။

ကျောက်ဆည်၊မြစ်သား၊ကူမည်းနယ်တွေကလယ်ဧက လေးသောင်းငါးထောင်ကျော်ကို ရေသွင်းပေးနိုင်ခဲ့တယ်ကွဲ့။

၁၉၅၅ ခုနှစ်မှာ ကင်းတား ဆည်ကြီး ကျိုးပေါက်သွား ခဲ့တယ်၊ ပေ ၂၀ ထပ်ချဲ့ လိုက်တော့ ၃၉၄ပေဖြစ်သွားတယ်၊သံမဏိအောင်ကြီးတွေချပြီး မြေထပ်ဖို့ခဲ့တယ်၊ ဒါပေမဲ့ ရေအားက ကြီးပြီးသိပ်အားကောင်းတော့ ရေကိုစနစ်တကျမထိန်းနိုင်ခဲ့ဘဲ နှစ်စဉ်ပျက်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၅၉ ခုနှစ်မှာ ရေတံခါးကြီး တပ်ပေး ခဲ့
တယ်၊ တပ်ပေးတဲ့ ရေတံခါးဟာ အမြင့် ၂၅ပေခွဲ ရှိ
တယ်၊ ရေခွဲတိုင် တလုံးဟာ ပေ ၁၀၀ ရှည်တယ်၊
ငွေပေါင်း တဆယ့်လေးသိန်း အကုန်ခံပြီး ပြင်ပေး
ခဲ့တယ်ကွဲ့။

၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီလက်ထက်
မှာ ငွေတဆယ့်ခုနှစ်သိန်း အကုန်ခံပြီး ပြင်ဆင်
ကြည်ဆောက်တယ်၊ မြစ်ထဲက စိမ့်ရေနဲ့ သဲနုံးမြေ
ကို ရေစုတ်စက်ကြီးတွေနဲ့ စုတ်ထုတ်ပစ်ပြီး သဲမြေ
၁၁ ပေထိ တူးပစ်တယ်၊ သဲနုတ်တံခါး တပ်ဆင်
လှသုံးပေထူအောင် ကွန်ကရစ်ကြမ်းပြင် ခင်းတယ်
သဲနုတ်တံခါးတိုင်ကြီးတွေဟာ မြေဝင်သုံးပေ၊ မြေ
ပေါ် ၂၆ ပေရှိတယ်၊ တိုင်တတိုင်မှာ ကွန်ကရစ်
ကျင်းပေါင်း ၇၀၀လောင်းထည့်ပေးတယ်၊ ၁၉၆
ခုနှစ်မှာမှ အပြီးသတ်တယ်ကွဲ့။

## တရှင်းတောင်ဆည်

မောင်ရဲအောင်နှင့် ဘဘကြီးတို့သည်ပုပ္ပါးမှ ပုဂံညောင်
ဦးသို့ ခရီးဆက်ခဲ့ကြရာ
ရဲအောင်။ ။ဘဘကြီး ဟိုဘက်က တောင်တန်းကြီးက ဘာ
ခေါ်ပါသလဲ ဘဘကြီး။



ဘဘကြီး။ ။တရှင်း တောင်တန်း ကြီး လို့ ခေါ်တယ်
မောင်ရဲအောင်။

မောင်ရဲအောင် မြင်နေရတဲ့ ရေတွေ ကလဲ ရေ
ဝေစခန်းတွေဖြစ်တယ်၊ ရှေးက ဒီနေရာတွေမှာဆိုရင်
ရေလေးတအိုးရဘို့ သိပ်ပင်ပမ်း တာဘဲ ကွယ်၊ ရေ
ပေါက်ကလေးတွေက တစက်တစက် ကျနေထဲ့ ရေ
ကလေးကို ရေအိုးကလေးတွေနဲ့ ခံယူကြရတယ်ကွဲ့
တနေကုန် တနေခမ်း စောင့်ဆိုင်းခံယူမှရေအိုးတအိုး
လောက်ပဲ ရတော့ ဒီနယ်ကလူတွေဟာ တလတကြိမ်
တောင် ရေချိုးဘို့ ခက်ကြတယ် မောင်ရဲအောင်။

ဖုံတွေကလဲ သိပ်ထူတာဘဲကွဲ့၊ ဖုံတွေ အလိမ်း
လိမ်းကပ်ပြီး နေကလဲပူ၊ လေကလဲတိုက်တော့လူတွေ
ရဲ့ အသားအရောင်ကိုတောင် မွဲခြောက်ခြောက်ဖြစ်
စေတယ်၊ ဒါကြောင့် အဲဒီ အရပ်က လူ တွေ ဆိုရင်
ရေကိုတောင့်တကြတယ်၊ ရွှေငွေထက် ရေကိုသာလို
ချင်ကြတယ်၊ ရေသာပေးပါ၊ ကျွန်တော်တို့ ရွှေတွေ
ငွေတွေ မလိုချင်ပါဘူးလို့ ဆွေးနွေးပွဲတွေမှာ ထုတ်
ဖော်ပြောဆိုတောင့်တခဲ့ကြတယ် မောင်ရဲအောင်။

ရဲအောင်။ ။ရေဟာ တယ်ပြီး အရေးကြီးပါလားဘဘကြီး၊

ဘဘကြီး။ ။ရေဟာ လူရဲ့ ကျန်းမာရေးကို ကူညီ တယ်
မောင်ရဲအောင်။

လူရဲ့အသက်ရှင်နိုင်မှုမှာလဲ ရေမရှိလို့မဖြစ်ဘူး
မောင်၊ လူရဲ့စီးပွား ရေးမှာလဲ ရေဟာရှိ တာဘဲကွဲ့

www.burmeseclassic.com



ရေဟာ သစ်ပင် ပန်းပင်တွေကိုလဲ ရှင်သန် ကြီးထွားစေပြီး စိုက်ပျိုးရေးမှာ ရေဟာ အရေးကြီးတဲ့ လိုအပ်ချက်တချက်ဖြစ်နေတယ်၊ တိရစ္ဆာန်တွေမှာလဲ ရေလိုတာကြောင့် မွေးမြူရေး မှာလဲ ရေရှိမှ ဖြစ်တယ် မောင်ရဲအောင်။

ရဲအောင်။ ။အခုတော့ ရေတွေ ဖွေး နေ ပါ ရော့ လား ဘဘကြီး၊ ဒီရေတွေက ဘယ်က ရောက်လာ ပါသလဲ။

ဘုသကြီး။ ။မောင်ရဲအောင် မြင်ခဲ့တဲ့ တရှင်း တောင်ခြေက စီးဆင်းလာတဲ့ တောင်ကျချောင်းရှိတယ်၊ မရောင့်ရဲချောင်းလို့ လဲ ခေါ်တယ်မောင်ရဲအောင်။

မရောင့်ရဲချောင်းကို အောက်ဘက်ကျတော့ ဆိတ်ခွချောင်းလို့ ခေါ်ကြတယ်၊ ဒီချောင်းရေတွေဟာ တောင်ခြေရင်းကစပြီး စီးဆင်းခဲ့တာ ဇရာဝတီ မြစ်ထဲကိုရောက်အောင် စီးသွားတယ်ကွဲ့၊ မိုး အခါမှာ ရေတွေကို အားရပါးရမြင်ရပြီး နွေအခါမှာ ရေကို ကြည့်နိုင်မှ မြင်ရဆိုသလို ရေနည်းတယ်၊ နွေအခါမှာ ဒီချောင်းကို ဆိတ်ကလေးတွေ ခုန်ကျော် ဘိုတောင်မရှိဘဲ ခွကျော်ကူး သွားလို့ ရတယ်ကွဲ။ ဒါကြောင့် ဆိတ်ခွချောင်းရယ်လို့ ခေါ်ကြပုံ ရတယ် မောင်ရဲအောင်။

ဆိတ်ခွချောင်းရဲ့ ပတ်ဝန်းကျင်မှာ ကျေးရွာတွေရှိပြီး ကန်ကြီး ဘုန်းရွာနားမှာ ချောင်းကို ပိတ်လိုက်



တာဆည်ကြီးတည်ဆောက်ပြီး အဲဒီဆည်ကို တရှင်း တောင်ဆည်လို့ ခေါ်ကြတယ်။

တရှင်းတောင် ဆည်ကြီး တည်ဆောက်တုန်းက မြေပဲခင်းတွေ၊ နှမ်းခင်းတွေနဲ့ ထန်းပင်အချို့ကို ခုတ်လှဲပြီး မြေယာတွေ နဲနဲပါသွားတဲ့ အတွက်လဲ လျော်ကြေးငွေပေးသေးတယ် မောင်ရဲအောင်။

ရဲအောင်။ ။တရှင်းတောင်ဆည်က ဘယ်လောက် ကြီးလို့ ပါလဲ ဘဘကြီး။

ဘဘကြီး။ ။တရှင်းတောင်ဆည်ကြီးဟာ ကန်ဘောင်ရိုးရဲ့ ထိပ်အကျယ်ကိုက တဆယ့်ငါးပေရှိတယ် မောင် ရဲအောင်။

ကန်ဘောင်ရိုး အရှည်ကတော့ ပေငါးထောင့်ရှိပြီး၊ ကန်ဘောင်အမြင့်က နှစ်ဆယ့်ငါးပေကွဲ့၊ ပင်လယ်ရေပြင်က ကန်ဘောင်ထိပ်အထိ တိုင်းရင် ပေခြောက်ရာငါးဆယ်ရှိတယ်။ တရှင်းတောင်ဆည်ကြီးဟာ ရေဧက နှစ်ထောင်ကို သိုလှောင် ထိန်းသိမ်းထားနိုင်တယ်။

ရေသွယ်မြောင်းတွေ ဖောက်လုပ် ထားလိုက်တာ ပေပေါင်းလေးထောင်ငါးရာကျော်ရှည်ပြီး၊ အကျယ်က ပေတရာ၊ ရေအနက်က ခုနစ်ပေရှိတယ် မောင်။

ရဲအောင်။ ။ဆောက်လုပ်တဲ့နေရာမှာ ကုန်အားစေး ပုံကို ပြောပြပါအုံး ဘဘကြီး။

www.burmeseclassic.com

www.burmeseclassic.com



ဘဘကြီး။ ။တရှင်းတောင်ဆည်ကြီး တည်ဆောက်တာမှာ တောင်သူ လယ်သမားကြီး တွေရဲ့ လုပ် အား တွေ အပြည့်အဝပါတယ် မောင်ရဲအောင်။

ရှေးကဆိုရင် ဒီလိုလုပ်ငန်းတွေကို ကန်ထရိုက်ကို လွှဲအပ်လိုက်ပြီး၊ ကန်ထရိုက်က အလုပ်သမားတွေ ခိုင်းကာ ခေါင်းပုံဖြတ် အမြတ်ထုတ်တယ်ကွဲ့၊ အခု တော့ လ၊လ၊သ၊သ တွေ ဦးစီး ခေါင်းဆောင်ပြီး လုပ်အားပေးဆောင်ရွက်ကြတယ်။

ရဲအောင်။ ။လ၊လ၊သ၊သ ဆိုတာက လယ်ယာ လုပ်ငန်း ပေါင်းစုံ သမဝါယမ အသင်းလို့ ဆိုတာပေါ့နော်။

တရှင်းတောင် ဆည်ကြီး တည်ဆောက်တာ ငွေ ဘယ်လောက်ကုန်ပါသလဲ ဘဘကြီး။

ဘဘကြီး။ ။တရှင်းတောင်ဆည်ကြီး တည်ဆောက်တာ ငွေ ပေါင်း တသိန်းရှစ်သောင်း ကုန်ကျတယ် မောင် ရဲအောင်။

ကုန်ကျတဲ့ငွေနဲ့ တောင်သူ လယ်သမားကြီးတွေ အကျိုးရှိတာကို တွက်ဆကြည့်ရင် ငွေကုန် ရကျိုး နပ်တယ်မောင်။

ရဲအောင်။ ။အကျိုးတွေ ဘယ်လိုပိုလာလို့ ပါလဲ ဘဘကြီး။

ရဲအောင်။ ။တရှင်းတောင် ဆည်ကြီးကို မှီခိုနေကြတဲ့ ကျေး ရွာတွေရှိတယ် မောင်ရဲအောင်။

အဲဒီကျေးရွာတွေမှာ ချည်မျှင်ရှည် ဝါတွေ မြေပဲတွေ နှမ်းတွေ၊ ပဲမျိုးစုံတွေ စိုက်ကြတယ်၊ ဆည်



ကြီး မတည်ဆောက်ခင်ကထက် ဆည် ကြီး တည် ဆောက်ပြီးအချိန်မှာ သီးနှံတွေဟာ သုံးဆ ကျော်- ကျော်ကြီးတိုးတက် ထွက်ရှိလာတယ်၊ ဒီလိုထွက်တဲ့ သီးနှံတွေရဲ့တန်ဘိုးကို တွက်ကြည့်မယ်ဆိုရင် တနှစ် တနှစ်ကို သီးနှံ တန်ဘိုး ကိုးသောင်း ကျော်ဘိုး ပိုမို ရရှိတယ် မောင်ရဲအောင်။

## ငွေတောင်ဆည်

ရဲအောင်။ ။ပြည်နယ်တွေ မှာကော ဆည်မြောင်း တည် ဆောက်ပေးပါသလား ဘဘကြီး။

ဘဘကြီး။ ။တည်ဆောက်ပေးတာပေါ့ မောင်ရဲအောင်။

ကယားပြည်နယ် လွိုင်ကော် မြို့နားမှာ တည် ဆောက် ထားတယ်။ လွိုင်ကော်မြို့က ၁၀-မိုင် လောက်သွားရင် ငွေတောင်၊ ရွှေတောင်၊ ပတ္တမြားတောင်ရယ်လို့ ရှိတယ်၊ အဲဒီ ၃တောင်သုံးလုံးကို အခြေခံထားပြီး ငွေတောင်ရပ်မှာ ဆည်ကြီး တည် ဆောက်ထားတယ်၊ ငွေတောင်ဆည်လို့ ခေါ်တယ် မောင်ရဲအောင်။

ရဲအောင်။ ။ဘယ်ကရေတွေကို ဆည်ထားပါသလဲဘဘကြီး။

ဘဘကြီး။ ။ငွေတောင် ဆည်ကြီးဟာ ငွေတောင်နားက ကန်ခုနစ်ဆင့်ကကျတဲ့ရေတွေနဲ့ အခြားတောင်တန်း

www.burmeseclassic.com

www.burmeseclassic.com



တွေက ကျစီးလာတဲ့ ရေတွေကို ဆည်ထားတာ ဖြစ်တယ် မောင်ရဲအောင်။

နမ်းစံဖူးရေလွှဲဆည်နဲ့ ဆောင်ဘော်သဲရေလွှဲဆည်တို့ကလဲ နွေအခါမှာ ငွေတောင်ဆည်ကို ရေသွင်းအားဖြည့်ပေးတယ်။

ရဲအောင်။ ။ငွေတောင်၊ ရွှေတောင်၊ ပတ္တမြားတောင်တွေနားမှာ လယ်ယာမြေတွေရှိပါသလား ဘဘကြီး။

ဘဘကြီး။ ။ရှိတာပေါ့ မောင်ရဲအောင်။

ငွေတောင်ဆည်ကြီးရဲ့ ပတ်ဝန်းကျင်မှာ လယ်ဧက ရှစ်ထောင်ကျော်ဟာ ငွေတောင်ဆည်ကြီးကို မှီခိုပြီး၊ ငွေတောင်ဆည်ကြီးက ရေတွေကို သွင်းယူစိုက်ပျိုးကြတယ် မောင်ရဲအောင်။

လယ်ယာတွေမှာ ရေကလုံလောက်အောင် ရရှိတော့ သီးထပ်ပါ စိုက်ပျိုးနိုင်တယ်၊ သီးထပ်စိုက်နိုင်တဲ့ လယ်မြေတွေကို ထည့်ပေါင်းလိုက်ရင် ဧကပေါင်း တသောင်း နှစ်ထောင့်ငါးရာကျော်လောက်ဟာ ငွေတောင်ဆည်က ရေကို သောက်ကြတယ်ကွဲ့။

ရဲအောင်။ ။ဆည်မြောင်းတွေက ရေတွေဟာ သီးနှံစိုက်ပျိုးဖို့သာ အသုံးဝင်ပါသလားဘဘကြီး။

ဘဘကြီး။ ။ဆည်မြောင်းရေဟာ သီးနှံ စိုက်ပျိုး ဖို့ သာ အသုံးဝင်တာမဟုတ်ဘူး မောင်ရဲအောင်။

လူသတ္တဝါတွေ သောက်သုံးနိုင်ဖို့လဲ အသုံးဝင်တယ်ကွဲ့။ ငွေတောင်ဆည်ကြီးက ဆည်ရေတွေဟာ



လှိုင်ကော် မြို့ထဲကလူတွေ သောက်သုံးဖို့လဲ အသုံးဝင်ပေတယ်။ နွေရာသီမှာ လွိုင်ကော်မြို့ဟာ ရေတွင်း ရေကန်တွေ ရေနည်းပြီး ရေအတွက် အခက်အခဲ တွေ့ခဲ့ရတယ်။ အခု ဆိုရင် ငွေတောင် ဆည်မြောင်းမကြီးကနေပြီး လွိုင်ကော်မြို့ထဲကို ရေလွှတ်ပေးနိုင်လို့ လွိုင်ကော်မြို့ထဲက ရေတွင်း ရေကန်တွေဟာ ရေထွက်အားကောင်းခဲ့တယ်ကွဲ့။

ရဲအောင်။ ။ငွေတောင်ဆည်ကြီးက ဘယ်လောက်ကျယ်လို့ပါလဲ ဘဘကြီး။

ဘဘကြီး။ ။ငွေတောင်ဆည်ကြီးဟာ တာတမံရဲ့ အလျားပေပေါင်း ခြောက်ထောင်ရှိတယ် မောင်ရဲအောင်။

တာတမံရဲ့ အမြင့်က သုံးဆယ့်ငါးပေ ရှိပြီး၊ တာတမံထိပ်အကျယ်က နှစ်ဆယ့်လေးပေ ရှိတယ်။ အောက်ခြေဘက်ကတော့ နှစ်ရာ ကိုးပေခွဲ ရှိပြီး ပင်လယ်ရေမျက်နှာပြင်က နှစ်ထောင့် ကိုးရာ သုံးဆယ်ကိုးပေမြင့်တယ်။ ကန်ရဲ့ ရေအနက်မှာ ပေသုံးဆယ်နက်ပြီးရေနေထုထယ်မှာရှစ်ထောင် ကိုးရာ နှစ်ဆယ်ပေရှိတယ် မောင်ရဲအောင်။

ရဲအောင်။ ။ငွေတောင်ဆည်ကြီးကို ဘယ်တုန်းက တည်ဆောက်ခဲ့ပါသလဲဘဘကြီး။

ဘဘကြီး။ ။ငွေတောင်ဆည်ကြီးကို ၁၉၆၃ ခုနှစ် ဇန်နဝါရီလကစပြီး လုပ်ပေါင်းတထောင်ကျော် လုပ်အားတွေနဲ့ တည်ဆောက်ခဲ့တယ်မောင်ရဲအောင်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၆၄ ခုနှစ် စက်တင်ဘာလမှာ ပြီးစီးတော တနှစ် ဆယ်လ လောက်နဲ့ အင်တိုက် အားတို တည်ဆောက်ပေးခဲ့တာ ဖြစ်ပေတယ်။

## ဝါရှောင်ဆည်

ရဲအောင်။ ။ကချင်ပြည်နယ် ဘက်က စိုက်ပျိုးရေး အ ကြောင်းကို ပြောပြပါအုံး ဘဘကြီး။

ဘဘကြီး။ ။ကချင်ပြည်နယ်ဘက်မှာ ဝါရှောင် ဆည်ကြီး တည်ဆောက်ထားတယ် မောင်ရဲအောင်။

၁၉၆၃ ခုနှစ် မတ်လကစပြီး တည်ဆောက်ပေ ခဲ့တာ ၁၉၆၇ ခုနှစ် စက်တင်ဘာလမှာ ပြီးစီးသွား တယ်ကွဲ။

ရဲအောင်။ ။ဝါရှောင်ဆည်က ကချင်ပြည်နယ် ဘယ်နား မှာပါလဲ ဘဘကြီး။

ဘဘကြီး။ ။ဝါရှောင်ဆည်ဟာ ကချင်ပြည်နယ် မြစ်ကြီး နားခရိုင်က ဝါရှောင်ရွာနားမှာ ရှိတယ် မောင် အောင်။ မြစ်ကြီးနားနဲ့ ဆဒု ကားလမ်းဘေးမှာ ဖြစ်တယ်။

ရဲအောင်။ ။ဝါရှောင်ဆည်က ဘဘကြီးပြောခဲ့ပြီးတဲ့ဆည် ကြီးတွေလိုဘဲလား ဘဘကြီး။



ဘဘကြီး။ ။ဝါရှောင်ဆည်ဟာ နန်းမြင်းခခေါ်တဲ့ တောင် ကျချောင်းကို ပိတ်ပြီး ဆည်တည်ဆောက် ထားတာ ဖြစ်တယ် မောင်ရဲအောင်။

ဆည်ရဲ့အမြင့်ဟာ နှစ်ဆယ့်တပေရှိပြီး အရှည် က ပေနှစ်ရာငါးဆယ်ရှိတယ်။ ရေနေကတော့ တရာ့ ငါးဆယ့်ရှစ် စတုရန်းမိုင်ရှိတယ်။ မြောင်းမကြီးရဲ့ အရှည်မှာ ၁၂ မိုင်ကျော်ပြီး တူးမြောင်းလက်တံ နှစ် ဆယ်ရှိတယ်။ လက်တံနှစ်ဆယ်ရဲ့ အရှည်ကတော့ လေးဆယ့်လေးမိုင်ခွဲရှိတယ်ကွဲ။

ရဲအောင်။ ။ဝါရှောင်ဆည်ကို ဘယ်ဒေသတွေက မှီခိုကြ ပါသလဲ ဘဘကြီး။

ဘဘကြီး။ ။ကချင်ပြည်နယ်က မြို့ရွာတွေအတော်များများ ကဘဲ ဝါရှောင်ဆည်ကို အားကိုးကြတယ် မောင်ရဲ အောင်။

ဝါရှောင် ရွာနဲ့အတူ လှ ကဲဆော၊ နန်းဝ၊ မရမ်း၊ စိုင်းမော်၊ မိုးညှင်း၊ မိုးကောင်း၊ ကာမိုင်း၊ တနိုင်း၊ ရွှေကူ၊ ဗန်းမော် နယ်တွေဟာ ဝါရှောင် ဆည်က ရေတွေကို လယ်ယာတွေထဲ သွင်းယူကြပြီး စိုက်ခင်းတွေကို စိုက်ပျိုးလုပ်ကိုင်ကြတယ်။ အဲဒီ စိုက် ခင်းတွေဟာ ရေကို လုံလုံလောက်လောက် ရရှိကြလို့ အခုဆိုရင် တသီးသာ စိုက်ပျိုးရာ မဟုတ်တော့ဘဲ သီး ထပ်ပါ စိုက်ပျိုးနေကြပြီမောင်။

www.burmeseclassic.com

www.burmeseclassic.com



ရဲအောင်။ ။ဘာပင်တွေ စိုက်ကြပါသလဲ ဘဘကြီး။
ဘဘကြီး။ ။စပါးလဲစိုက်၊ သီးနှံမျိုးစုံလဲ စိုက်ကြတယ် မောင်ရဲအောင်။
မိုးရာသီမှာ....
စပါး၊ ပြောင်း၊ လေးညှင်း၊ ဟင်းသီးဟင်းရွက် မြေပဲ၊ သစ်သီးဝလံနဲ့ နှမ်းတွေ စိုက်ကြတယ်။
ဆောင်းရာသီကျတော့....
ပြောင်း၊ လေးညှင်း၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပဲတီစိမ်း၊ မြေပဲ၊ အာလူး၊ ဂျုံ၊ မုန်ညှင်းနဲ့ နှမ်းတွေစိုက်ကြသေးတယ်။
ရဲအောင်။ ။မြေပဲတို့၊ နှမ်းတို့၊ လေညှင်းတို့က မိုးဃ်းရာသီရော ဆောင်းရာသီရော စိုက်ပါသလား ဘဘကြီး။
ဘဘကြီး။ ။မြေပဲနဲ့ နှမ်းတို့ကို မိုးဃ်းရော ဆောင်းပါ စိုက်ကြတာပေါ့ မောင်ရဲအောင်။ မိုးဃ်းရာသီမှာ စိုက်တော့ မိုးဃ်းမြေပဲ၊ မိုးဃ်းနှမ်းလို့ ခေါ်ကြတယ်။ ဆောင်းရာသီမှာ စိုက်တော့ ဆောင်းမြေပဲ၊ ဆောင်းနှမ်းလို့ ခေါ်ကြတယ်ကွဲ့။
ရဲအောင်။ ။မြေပဲနဲ့ နှမ်းကို များများစိုက်ကြရင် မကောင်းဘူးလား ဘဘကြီး။
ဘဘကြီး။ ။မြေပဲနဲ့ နှမ်းကို အားတိုက် အင်တိုက်စိုက်ကြရင် ကောင်းတာပေါ့ မောင်ရဲအောင်။
မြေပဲနဲ့ နှမ်းဟာ ဆီထွက်တဲ့ သီးနှံ ဖြစ်တော့ မြေပဲနဲ့ နှမ်းသာ ဒို့ ဗမာတွေ အားရပါးရ စိုက်လိုက်



ကြရင် နိုင်ငံခြားက ဆီတွေတောင် ဝယ်စရာမလိုတော့ဘူးမောင်။
ရဲအောင်။ ။ရဲအောင်တို့ ထမင်းဟင်း ချက်စားတဲ့ ဆီတွေကို နိုင်ငံခြားက ဝယ်ရပါသလား ဘဘကြီး၊
ဘဘကြီး။ ။ဆီကို ဗမာပြည်မှာ လုံလောက်အောင် မထွက်တော့ နိုင်ငံခြားက ဝယ်ခနရတာပေါ့ မောင်ရဲအောင်။

ဗမာပြည်မှာ ရေပိုတဲ့နေရာကလဲပိုနေပြီး ရေလိုတဲ့နေရာက လိုနေကြတော့ သီးနှံတွေကို လိုသလောက် မစိုက်နိုင်ခဲ့ကြဘူးကွဲ့။ အခုတော့ ဆည်မြောင်းတွေ ရေတံခါးတွေ၊ ရေလွှဲဆည်တွေတည်ဆောက် နေတော့ ရေကို လိုရင်လိုသလို ရနိုင်ပြီမို့ လိုတဲ့သီးနှံတွေကို လိုသလို အားရပါးရ စိုက်ပျိုးလိုက်ကြရင် နိုင်ငံခြားက ဆီတွေကို ဝယ်စရာ မလိုတော့ပါဘူး မောင်ရဲအောင်။

## မုန်တိုင်ဆည်

ဘဘကြီး။ ။မိတ္ထီလာခရိုင် မုန်တိုင်ရွာနားမှာမုန်တိုင်ဆည်ကြီး တည်ဆောက်ထားသေးတယ် မောင်ရဲအောင်။
မိတ္ထီလာနဲ့ ကျောက်ပတောင်း ကားလမ်းရဲ့ ၁၀ မိုင် ၄၈ လုံမှာဖြစ်တယ်။ ငွေပေါင်း ၇၉ သိန်း

www.burmeseclassic.com

www.burmeseclassic.com



မြှုပ်နှံကာ ၁၉၆၃ ခုနှစ်က တည်ဆောက် ခဲ့တာ ၁၉၆၇ ခုနှစ်မှာ ပြီးစီးခဲ့တယ်။ မုန့်တိုင်ဆည်ကြီး ဟာ မိတ္ထီလာ ကန်ကြီးထဲကို ရေစီးဝင်တဲ့ မုန့်တိုင် ချောင်းကို ရေလှောင် တည်ဆောက်ထားတာ ဖြစ် တယ်။ လယ်မြေ ၁၇၅၀၀ ဧကကို ရေပေးသွင်းနိုင် တော့ မိုးလားရာသီမှာ ဝါနဲ့ စပါးတွေစိုက်ပြီး ဆောင်း ရာသီမှာ ဝါ၊ မြေပဲ၊ ပဲမျိုးစုံ၊ ငရုတ်၊ ကြက်သွန်နဲ့ ပြောင်းတွေစိုက်နိုင်တယ်။

## မြောက်နဝင်းဆည်

ပြည်ခရိုင်မှာလဲ မြောက်နဝင်းဆည်ကြီး တည် ဆောက်နေသေးတယ် မောင်ရဲအောင်။

ရှောဝတီ မြစ်ထဲကို စီးဝင်တဲ့ နဝင်းချောင်းရဲ့ မြောက်ဘက် ဆီဆုံကုန်း ရွာနားမှာ တည်ဆောက် တယ်။ ငွေကျပ် ၁၁၀၅ ဒသမ ၅၅ သိန်းမြှုပ်နှံ ထားတယ်။

မြောက်နဝင်းဆည်ကြီး ပြီးသွားရင် ရေဂါလံ ပေါင်း ကုဋေ တစ်သောင်း ခုနှစ်ရာ လှောင်နိုင်ပြီ လယ်မြေဧက ၉၆၈၂ ဧကကို ရေပေးသွင်း နိုင်မယ် သီးထပ်ပါစိုက်ရင် လယ်မြေ ၁၉၂၉၈၀ ဧကကို ရေ ပေးနိုင်တာပေါ့ကွယ်။

## စစ်တောင်းမြစ်ဝှမ်းစီမံကိန်း

ရဲအောင်။ ။စစ်တောင်းမြစ်ဝှမ်း စီမံကိန်းဆိုတာက ဘယ် လိုပါလဲ ဘဘကြီး။

ဘဘကြီး။ ။စစ်တောင်း မြစ်ဟာ ရေစီးသန်တယ် ဆိုတာ မောင်ရဲအောင် သိခဲ့တယ်မဟုတ်လား။

စစ်တောင်းမြစ်ဟာ ရေစီးသန်တဲ့အပြင် ရေလျှံ တတ်သေးတယ်ကွဲ၊ ဒါကြောင့် စစ်တောင်း မြစ် နဲ့ မြစ်လက်တက်တွေကရေကို အသုံး ချပေးဖို့နဲ့ ရေ လျှံပြီး ရေလွှမ်းမိုးတဲ့ဘေးက ကာကွယ်ပေးဖို့ စီစဉ် တဲ့ စီမံကိန်းဖြစ်တယ်။

ဆင်ဘော၊ရဲနွယ်၊ ပေါင်းလောင်း၊ ကွန်း၊ ဖြူး ခပေါင်း၊ သောက်ရေခပ်၊ ရွှေကျင်၊ ငလိုက်၊ ဆွာ၊ ဘောဂတ ဆိုတဲ့ ချောင်းတွေမှာ ရေလှောင် ဆည် တွေ တည်ဆောက်မယ် မောင်ရဲအောင်။

စစ်တောင်း မြစ်ဝှမ်း စီမံကိန်း ဆောင်ရွက် ပြီး ရင် ရမည်းသင်း တောင်ငူ၊ ပဲခူး၊ ဟံသာဝတီ ခရိုင် တွေက နယ်မြေဒေသတွေမှာ လယ်မြေဧက အများ အပြားကို ရေသွင်း စိုက်ပျိုးနိုင်တော့ လယ်သမား တွေအကျိုး ပိုမိုတိုးတက်လာမယ်ကွဲ။



www.burmeseclassic.com

www.burmeseclassic.com

## မှုံ့မြစ်ဝှမ်းစီမံကိန်း

မှုံ့မြစ်ဝှမ်း စီမံကိန်းလဲ ရှိသေးတယ် မောင်ရဲအောင်။

ရွှေဘို၊မုံရွာ၊စစ်ကိုင်းခရိုင်တွေကလယ်မြေတွေကို ရေသွင်းပေးဖို့နဲ့ ရေအား လျှပ်စစ်ကိုပါ ထုတ်ယူဖို့ စီမံတယ်၊ သဖန်းဆိပ်ရွာနားမှာ မှုံ့မြစ်ကို ပိတ်ပြီးရေလှောင်ဆည်ဆောက်မယ်၊ ဝက်ဘို ရွာနားမှာ မှုံ့မြစ်ကိုဖြတ်ပြီး ရေလွှဲဆည်ဆောက်မယ်၊ ရေပေးမြောင်းတွေဖေါက်မယ်၊ ရေစုတ်စက်တွေ တပ်ဆင်မယ်၊ ရေ အား လျှပ် စစ် ကိုပါ ထုတ် ယူမယ် မောင်ရဲအောင်။

ငွေပေါင်း ၁၇ ဒသမ ၄၇ ကုဋေ ကုန် ကျပြီး လယ်မြေဧက ပေါင်း မိုးရော နွေပါ ၁၀၂၀၀၀၀ ကေနဲ့ရေစုတ်စက်က ထင်ပေးတဲ့အားကင ၄၀၉၀၀၀ ဧကဟာ ရေကိုလုံလုံလောက်လောက်ရရှိပြီး စိုက်ပျိုးနိုင်မယ်ဖြစ်တယ်။

## လယ်သမားတို့ ပျော်ကြပြီ

ရဲအောင်။ ။ဆည်မြောင်းတွေတည်ဆောက်ပေးပြီး လယ်ယာမြေတွေထဲကို ရေသွင်းပေးလိုက်တော့ လယ်သမားကြီးတွေဟာ အကျိုးရှိကြမှာဘဲ ဘဘကြီး။

ဘဘကြီး။ ။လယ်သမားကြီးတွေမှာ အကျိုး ရှိကြတာကို ပြောမဆုံးပါဘူး မောင်ရဲအောင်ရယ်။

အခုဆိုရင် လယ် သမားကြီးတွေဟာ လယ်ထွန်ရာမှာလဲ အိုးစည်ဗုံမောင်းတွေနဲ့ ပျော်ပျော် ပါး ပါး ထွန်ကြတယ်ကွဲ့။ ကောက်စိုက် ရာမှာလဲ ပျော်ပျော်ဘဲ မောင်ရဲအောင်။

ကောက်ရိတ်ကြတော့လဲ ကကြ၊ ခုန်ကြ၊ သီဆိုကြလို့ ပျော်ပျော်ရွှင်ရွှင်နဲ့ အပြိုင်အဆိုင် ကြိုးစားလုပ်ကိုင်နေကြတယ်။

မောင်ရဲအောင်၊ ။ဘယ်လိုပါလဲဘဘကြီး။

ဘဘကြီး။ ။မောင်ရဲအောင်ရေ...ဘသံတွေလဲ နားထောင်စမ်းပေါ့...။

ပျော်သလားဟေ့၊မောင်တို့ရေ
ပျော်တယ်လေ၊ပျော်တယ်လေ
ပျော်သလားဟေ့၊မယ်တို့ရေ

www.burmeseclassic.com

www.burmeseclassic.com



ပျော်တယ်လေးပျော်တယ်လေ
မောင်တို့ရေ၊မယ်တို့ရေ
မယ်တို့ရေ၊မောင်တို့ရေ
အားခြင်းပြိုင်ကာ၊အနိုင်ကြဲ
ပြိုင်ပွဲဝင်ကြလေ၊
မောင်တို့ရေ....မယ်တို့ရေ။

ရဲအောင်။ ။ရေဒီယိုက လယ်သမားသီချင်းတွေ ဖွင့်နေတာ ပါ ဘဘကြီးရဲ့။

ဘဘကြီး။ ။ဟုတ်ပါတယ် မောင်ရဲအောင်။

အဲဒီလယ်သမား သီချင်းဟာ လယ်သမားတွေ ကိုယ်တိုင် လယ်ယာတွေထဲမှာ သီဆိုပြီ ကခုန်ပျော် ရွှင်နေကြတာကွဲ့။ လယ်သမားကြီးတွေပျော်ရွှင်ကြ မှ စိုက်ပျိုးရေးမယ် အားရ ပါးရ လုပ် နိုင် တယ် မောင်ရဲအောင်။

စိုက်ပျိုးရေးကို အားရပါးရ အင်တိုက်အားတိုက် ထွန်ယက် စိုက်ပျိုးလိုက်ကြရင် ဒို့နိုင်ငံဟာ စား ရိက္ခာတွေ လုံလောက်တာထက် ပိုပြီးကြွယ်ဝ ချမ်း သာတဲ့ နိုင်ငံကြီးဖြစ်လာမှာကွဲ့။

## စက်မှုလယ်ယာ

ဘဘကြီး။ ။တောင်သူ လယ်သမား ကြီးတွေဟာ စိုက်ပျိုး ရေးလုပ်ငန်းကို ပျော်ပျော်ပါးပါး လုပ်ကိုင်နိုင်ကြရုံ မကမသေးဘူး မောင်ရဲအောင်။

တောင်သူလယ်သမားတွေဟာ–

ရှေးက-လယ်ယာမြေကို နွားနဲ့ ထွန်ယက်ကြရတယ်။
အခု လယ်ယာမြေကို စက်တွေနဲ့ ထွန်ယက် နေကြ ပြီကွဲ့။
ရှေးက–မျိုးစေ့တွေကို လက်နဲ့ ကြဲပက်ကြရတယ်။
အခု–စက်နဲ့ ကြဲနိုင်ကြပြီ။
ရှေးက–လယ်ထဲကို ခန္ဒဲ တပ်ပြီး ရေသွင်းတယ် ရေ စုတ်တယ်။
အခု–ရေစုတ်စက်တွေသုံးပြီးရေသွင်းရေထုတ်တယ်။
ရှေးက–စပါးနှံတွေကိုတံစဉ်ကိုင်ပြီးရိတ်ကြရတယ်။
အခု–စက်နဲ့ရိတ်သိမ်းဘို့ ကြိုးစားနေကြပြီကွဲ့။

ရဲအောင်။ ။လက်မှုလယ်ယာက စက်မှုလယ်ယာလုပ်နေ ကြပြီလို့ ဘဘကြီးက ပြောတာပါလား။

ဘဘကြီး။ ။၁၉၆၁ ခုနှစ်က ဗမာပြည်မှာ လယ်ထွန်စက် ၃၃၅ စင်းရှိခဲ့တယ် မောင်ရဲအောင်။

www.burmeseclassic.com

www.burmeseclassic.com



အခုဆိုရင် ထွန်စက်ပေါင်း နှစ်သောင်းကျော်လို အပ်တဲ့အတိုင်း တနှစ်ကို ထွန်စက် နှစ်ထောင်မှာယူ တင်သွင်းခဲ့တာ ထွန်စက်ပေါင်း တသောင်းခကျော် ရှိ နေပြီကွဲ့။

ဗမာပြည်မှာစိုက်ပျိုးတဲ့မြေကေတာဆယ့်ရှစ်သန်း ရှိတဲ့အထဲက ခြောက်သန်း ကျော်ကျော်ဟာ လယ် ထွန်စက်တွေ အသုံးပြုနိုင်လို့ ထွန်စက်သုံး တွေဟာ တည်ညံဖြစ်လာပြီ မောင်ရဲအောင်။

ရဲအောင်။ ။လယ်ထွန်စက်တွေကို ဘယ်သူတွေမောင်းသလဲ ဘဘကြီး။

ဘဘကြီး။ လယ်ထွန်စက်မောင်း သင်တန်း ကျောင်းတွေ ဖွင့်ထားပြီ မောင်ရဲအောင်။

လယ်သမားတွေဘဲ ထွန်စက်မောင်းကြမှာပေါ့ကွဲ့။

အခုဆိုရင်....

ရန်ကုန် (၉)မိုင် စခမ်းမှာ တကျောင်း။

မော်ဘီ စိုက်ပျိုးရေး စခမ်းမှာ တကျောင်း။

ပဲခူးဘုရားကြီး စခမ်းမှာ တကျောင်း။

မန္တလေးမှာတကျောင်း။

ခအူပင်မှာတကျောင်းဖွင့်ထားတယ် မောင်ရဲအောင်။

ထွန်စက်စခမ်းတွေလဲ ဖွင့်ပေးထား သေး ထယ်ကွဲ့။

ရဲအောင်။ ။ဘယ်နေရာတွေမှာထွန်စက်တွေ ထားပေးသလဲ ဘဘကြီး။



ဘဘကြီး။ ။ထွန်စက်တွေ အလိုရှိရင် ရအောင် စခမ်းတွေ အတော်များများဘဲ ထားပေတယ် မောင်ရဲအောင်။ တဖြည်းဖြည်းလဲ တိုးတိုးပြီး ဖွင့်ပေး သွားမယ်ကွဲ့။

အခုဖွင့်ထားတဲ့ စခမ်းတွေ က တော၊ ကသာ၊ ကလေး၊ ရွှေဘို၊ မုံရွာ၊ စစ်ကိုင်း မြင်းခြံ၊ ပခုက္ကူ၊ မင်းဘူး၊ ပျဉ်းမနား၊ အောင်လံ၊ တောင်ငူ၊ ညောင်လေးပင်၊ မြန်အောင်၊ လက်ပံတန်း၊ ဟင်္သာတ၊ ပဲခူး၊ ရေကြည်၊ သံလျင်၊ မအူပင် တို့မှာဖြစ်တယ်။

ထွန်စက်တွေသာ မဟုတ်ဘူး ရေစုတ်စက်တွေလဲ ထားတယ်။

ဓါတ်မြေသြဇာတွေ၊ ပိုးသတ်ဆေးတွေ၊ မျိုးစေ့တွေလဲ လိုလေသေး မရှိစေရအောင် ထားကာ ဆောင်ရွက်ပေးနေတယ်ကွဲ့။

ဒါတွေထင်မကသေးဘဲ၊ တော်လှန်ရေးအစိုးရက သမဝါယမ စံပြကျေးရွာတွေကို တည်ထောင် ပေး နေတယ် မောင်ရဲအောင်။

ရဲအောင်။ ။သမဝါယမ စံပြကျေးရွာဆိုတာက ဘယ်လိုပါလဲ ဘဘကြီး။

ဘဘကြီး။ ။သမဝါယမ စံပြ ကျေးရွာတွေဟာ ရွာတည်တာကစပြီး စိုက်ပျိုး ရိတ်သိမ်းတဲ့အထိ စုပေါင်း တည်ဆောက်ကာ စုပေါင်း ဆောင်ရွက်ကြတယ် မောင်ရဲအောင်။

www.burmeseclassic.com

www.burmeseclassic.com



လယ်ထွန်ရာမှာလဲ စုပေါင်း ထွန်ယက် ကြပြီး၊ ကောက်စိုက်တော့လဲ စုပေါင်း စိုက်ကြကာ သီးနှံ ရိတ်သိမ်းတဲ့အခါကျတော့လဲ စုပေါင်းရိတ်သိမ်းကြ တယ်။ ရလာတဲ့ အကျိုးခံစားခွင့်ကျတော့လဲ အကျိုး တူခွဲဝေခံစားကြတယ် မောင်ရဲအောင်။

## ဟောင်သရောကျေးရွာ

ရဲအောင်။ ။သမဝါယမ စံပြကျေးရွာတွေက ဘယ်နေရာ တွေမှာပါလဲ ဘဘကြီး။

ဘဘကြီး။ ။ဟောင်သရော သမဝါယမ စံပြကျေးရွာလို့ ခေါ်တယ် မောင်ရဲအောင်။ ငြိမ်းချမ်းရေးကိုလိုလား ကြတဲ့ ရဲဘော်တွေ စုပေါင်း တည်ဆောက်ကြတာ ဖြစ်တယ်။ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်မှာကွဲ။

ဟောင်သရော မြစ်ဆိုတာရှိပြီး၊ ဟောင်သရော မြစ်က မိုင်ဝက်လောက် သွားရင် ရွှေကူကုန်း ဆိုတဲ့ ကုန်းမြင့်လေးရှိတယ်၊ အဲဒီ ရွှေကူကုန်းမြင့်မှာ ရွာ တည်ကြတယ် မောင်ရဲအောင်။

ရွာကတော့ ရှေးဆန်တဲ့ ရွာတန်းရှည်ကြီးဖြစ်ပြီး၊ အိမ်ထောင်ဦးရေက ခြောက်ဆယ်လောက် ရှိတယ်။ ဟောင်သရော စံပြကျေးရွာကို လေးဆယ့် ခုနစ်ရက် ထဲနဲ့ အပြီး တည်ဆောက် ကြတယ်။ စုပေါင်းတည်



ဆောက်တဲ့ကျေးရွာကြီးဖြစ်တယ် မောင်။ဒါကိုကြည့် ရင်ဘဲ စုပေါင်းဆောင်ရွက်တဲ့အားဟာ ဘယ်လောက် ကြီးမားပြီး အောင်မြင်မှု ရတယ်ဆိုတာ ထင်ရှား ဘယ်ကွဲ့။

ရွာအလယ်မှာ စာသင်ကျောင်း၊ သမဝါယမ ဆိုင်၊ ဆေးပေးခန်းတွေထားပြီး တည်ဆောက်ထား တယ်။ စည်းဝေး ခန်းမဆောင်ကြီးကလဲ ရွာအလယ် မှာ ခန့်ခန့်ညားညားကြီးဘဲ မောင်ရဲအောင်။

ရွာအတွက် သီးသန့်ဘုံမြေရယ်လို့ ထားလိုက် ပြီး၊ ဘုံမြေကို စုပေါင်းထွန်ကြ၊ စိုက်ပျိုးကြတယ် ကွဲ့၊ ဘုံမြေတွေက ရလာတဲ့ သီးနှံ တန်ဘိုးတွေကို ရွာကောင်းကျိုး အတွက် အသုံးပြုကြတယ် မောင်ရဲ အောင်။

## ခင်တန်းကြီးကျေးရွာ

ရဲအောင်။ ။တခြားရွာတွေ ရှိပါသေးသလား ဘဘကြီး။

ဘဘကြီး။ ။ပဲခူးခရိုင်ထဲမှာလဲ သမဝါယမအသင်း ကျေးရွာ တွေ တည်ပေးခဲ့တယ် မောင်ရဲအောင်။

ဒိုက်ဦးမြို့နယ်ဘက်မှာ အသင်းကျေးရွာ(၁)လို့ ခေါ်တဲ့ အမရရွာ၊ အသင်းကျေးရွာ (၂)လို့ခေါ် တဲ့ ကမာကလစ် ကျေးရွာ၊ညောင်လေးပင် မြို့နယ် မှာ အသင်းကျေးရွာ(၃)လို့ ခေါ်တဲ့ စည်ပင်ရွာ။

www.burmeseclassic.com

www.burmeseclassic.com



ဝေါ်မြို့နယ်မှာ အသင်းကျေးရွာ ၄ လို့ ခေါ်တဲ့ ခင်တန်းကြီး ကျေးရွာတွေ တည်ပေးခဲ့တယ်ကွဲ့။

ရှေးက လယ်ကူလီလို့ ခေါ်တဲ့ လယ်ယာအလုပ်သမားတွေအတွက် ဒီရွာတွေကို တည်ထောင်ပေးခဲ့တာ ဖြစ်တယ်။

ရဲအောင်။ ။လယ်ကူလီရယ်လို့ ရှိသေးသလား ဘဘကြီးရယ်။

ဘဘကြီး။ ။လယ်ယာအလုပ်သမားတွေထဲမှာ အဆင်းရဲဆုံး၊ အပင်ပမ်းဆုံးလယ်သမားတွေပေါ့ မောင်ရဲအောင်။ သူတို့မှာ ကိုယ်ပိုင်လုပ်ရတဲ့ လယ်မြေယာမြေ ရယ်လို့လဲ မရှိခဲ့ကြဘူးကွဲ့၊ ဒါပေမဲ့ လယ်လုပ်ငန်းအားလုံးမှာတော့ သူတို့ပါဝင်လုပ်ရတာချည်းဘဲကွယ်။

တော်လှန်ရေး အစိုးရ ပေါ်ပေါက်လာတော့ နှစ်ပေါင်း အတော်ကြာ ပျောက်ကွယ်နေတဲ့ လယ်မြေတွေကို ဖေါ်ထုတ်ပြီး အဲဒီပြောခဲ့တဲ့ လူတွေအတွက် သမဝါယမ အသင်းကျေးရွာတွေ တည်ထောင် ပေးခဲ့တယ် မောင်ရဲအောင်။

ဝေါ်မြို့နယ်က ခင်တန်းကြီး သမဝါယမအသင်း ကျေးရွာဟာ ရွာပတ်လည်မှာ လယ်မြေကေ လေးထောင်ကျော်ရှိပြီး အိမ်ထောင်ပေါင်း တရာတဆယ် လေးအိမ်ထောင်ရှိပြီး၊ တအိမ်ထောင်ဟာ လယ်မြေ ဆယ်ဧ ကပိုင်နေကြတယ်။



ရွာရဲ့ ဘုံမြေ အတွက် ဧက ၁၀၀ ထားတယ်။ ရွာထဲမှာလမ်းကြီး ၄ လမ်းဆောက်ထားပြီး၊ ၁လမ်းမှာ ပိတောက်ပင်တွေစိုက်ထားတယ်၊ ၂ လမ်းမှာ စိန်ပန်းပင်တွေကွဲ့၊ ၃ လမ်း ကတော့ ဗန္ဓာ ပင်တွေ စီနေတာဘဲ၊ ၄ လမ်းကျတော့ ကုက္ကို ပင်တွေ ဝေနေပြီ မောင်ရဲအောင်။

ရွာရဲ့ အနောက်ဘက်မှာ စည်းဝေးခန်းမဆောင်ကြီးလဲရှိတယ်။ စာ သင် ကျောင်း၊ ဆေး ပေး ခန်း၊ သမဝါယမ ဆိုင်လဲရှိတယ်၊ ပန်းခြံလဲရှိတယ် ကွဲ့။

ရွာရဲ့ မြောက်ဘက်ကတော့ ကစားကွင်းကြီးကွဲ့၊ ရွာရဲ့ တောင်ဘက်မှာ ဘုန်းကြီးကျောင်း ဆောက်ထားတယ် ခင်တန်းကြီးကျေးရွာတရွာလုံးဟာသုံးပင်နှစ်ခန်းအိမ်ကလေးတွေ ဆင်တူဆောက်ထားပြီးဝါးကြမ်းခင်းကာ စလူဖက်ကိုမိုး ထားတယ်၊ ရေဝင်တဲ့ နေရာဖြစ်တော့အိမ်ကလေးတွေကိုခပ်မြင့်မြင့် ကဖွလေးတွေဆောက်ထားကြတယ်မောင်ရဲအောင်။

ရဲအောင်။ ။တော်လှန်ရေးအစိုးရက ဘယ်လို တည်ထောင်ပေးပါသလဲ ဘဘကြီး။

ဘဘကြီး။ ။နွားမရှိတဲ့လူကို နွားတရှဉ်းဘိုး ငွေငါးရာကျပ်ပေးပြီးတအိမ်ထောင်ကို စိုက်ပျိုးစရိတ် ငွေ သုံးရာ ငါးဆယ်ကျပ် ပေးတယ်၊ လုပ်ရင်း ကိုင်ရင်း စားသောက်ဘို့ သုံးရာကျပ်ဘိုး ကုန်ပစ္စည်း ပေးတော့

www.burmeseclassic.com

www.burmeseclassic.com



သမ၀ါယမဆိုင်မှာ တလကို နှစ်ဆယ့် ငါးကျပ်ဘိုး ၀ယ်စားကြတယ် မောင်ရဲအောင်။

အိမ်ဆောက်စရိတ်က တရာ့ငါးဆယ် ကျပ် ဘိုး သတ်မှတ်ပြီး တိုင်ကကိုးလုံး၊ စလှူဖက်ခြောက်ရာ၊ နှီး တပိဿာ၊ မျှော ဆယ့်သုံးလုံး၊ ၀ါး က လေး နှစ်ဆယ်၊ ၀ါးကြီး နှစ်ဆယ့် ငါးလုံး၊ တင်း၀ါး နှစ်ဆယ့် ငါးလုံးပေးတယ်ကွဲ့။

ရဲအောင်။ ။နေစရာရော၊ စားစရာရော၊ လုပ် စရာရော၊ စုံအောင် တော်လှန်ရေးကောင်စီအစိုးရကကူညီတာပေါ့ နော်....။

ဘဘကြီး။ ။ထို့ပြင် ဖြတ်တို့အတွက်လဲ နှစ်အိမ်ထောင်ကိုလှ တချောင်းနဲ့ ရဲဒင်းတလက်၊ ဆတ်ချို တခု စတောင် ပေးထားသေးတယ် မောင်ရဲအောင်။

ရဲအောင်။ ။ပျော်စရာကြီးဘဲ ဘဘကြီးရယ်။

ဘဘကြီး။ ။ရွာထဲ၀င်သွားရင် လူခေါ်သံတွေ တကြော် ကြော်၊ နွားမောင်းသံတွေ တဟဲ့ဟဲ့နဲ့ အလုပ်လုပ်နေကြတဲ့ အသံတွေဟာ အားရစရာကြီးကွဲ၊ အိုးစည်သံ၊ ဗိုးပတ်သံ သီချင်းသံတွေ တညညနဲ့ ပျော် ပျော်ပါး အလုပ်လုပ်ကြတယ်။

ရွာဘုံမြေကော တရာအတွက်လဲ လူ တိုင်း ပါ၀င် လုပ်ကြတယ်။

## နမ့်စမ်ကျေးရွာ

ဘဘကြီး။ ။ရဲဘော်ဟောင်း တွေ တည် ဆောက် ကြ တဲ့ သမ၀ါယမ စံပြ ကျေးရွာ တွေလဲ ရှိသေး တယ် မောင်ရဲအောင်။

ရဲအောင်။ ။ဘယ်မှာပါလဲပြောပြပါအုံးဘဘကြီး။

ဘဘကြီး။ ။ရှမ်းပြည်နယ်က တောင်ကြီး ခရိုင်မှာ မောင် ရဲအောင်။

လွိုင်လင်မြို့ အလွန်မှာ တည် ဆောက် ကြ ပြီး နမ့်စမ် ကျေးရွာလို့ ခေါ်ကြတယ်ကွဲ့။

နမ့်စမ်ကျေးရွာ ၁။
နမ့်စမ်ကျေးရွာ ၂။
နမ့်စမ်ကျေးရွာ ၃။
နမ့်စမ်ကျေးရွာ ၄။
နမ့်စမ်ကျေးရွာ ၅။
နမ့်စမ်ကျေးရွာ ၆ ရယ်လို့ အမှတ်စဉ်နဲ့ အမည်ပေးထားတယ်။

အမှတ် ၁ နမ့်စမ်ကျေးရွာမှာ ၄၈ အိမ် ထောင် ရှိပြီး၊ အမှတ် ၂ နမ့်စမ်ကျေးရွာမှာ ၅၆ အိမ်ထောင်ရှိတယ်။ အမှတ် ၃ နမ့်စမ်ကျေးရွာမှာလဲ ၅၆ အိမ်ထောင် [illegible]

www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်။ အမှတ် ၄ နဲ့ အမှတ် ၅ ကျေးရွာ တွေမှာ ၉၆ အိမ်ထောင်စီရှိကြပြီး အမှတ် ၆ နမ့်စမ် ကျေးရွာမှာတော့ အိမ်ထောင်၆၀ ရှိတယ်မောင်ရဲအောင်။

အမှတ် ၁ နမ့်စမ် ကျေးရွာက အမှတ် ၅ နမ့်စမ် ကျေးရွာအထိ ကျေးရွာငါးရွာဟာကိုယ့် အိမ်ကိုယ့် အိုးနဲ့ နေကြပြီး ကိုယ်ပိုင်ရထားတဲ့ကိုယ့် လယ်ယာမြေကို သီးခြားစီ လုပ်ကိုင်စိုက်ပျိုးကြတယ်၊ ရွာပိုင်မြေကိုတော့ စုပေါင်းထွန်ယက်စိုက်ပျိုး လုပ်ဆောင်ကြတယ်ကွဲ့။

အမှတ် ၆ နမ့်စမ်ကျေးရွာကတော့ တမူထူးခြားတယ်မောင်ရဲအောင်။

နေထိုင်ရာမှာ ကိုယ့်အိမ်၊ကိုယ့်အိုးနဲ့နေကြတာချင်းတော့ တူညီကြတယ်၊ တဦးကို လယ်မြေ ၁၅ ကေစီရကြတာကိုတော့ စုံပေါင်းလိုက်ကြတယ်။ စုပေါင်းပြီး ထွန်ယက်ကြကာ၊ပေါင်းသင်တာကအစ စပါးရိတ်သိမ်းတာအထိ တရွာလုံး စုပေါင်းလုပ်ကိုင်ကြတယ်။ အကျိုးခံစားခွင့် ကျတော့လဲ အားလုံးတစုစီ အချိုးကျ ဝေငှခံစားကြတယ်ကွဲ့။

ရဲအောင်။ ။တဦးစီ လုပ်တာနဲ့ စုပေါင်း လုပ်တာ ဘာတွေထူးပါသလဲ ဘဘကြီး။

ဘဘကြီး။ ။ထူးတာပေါ့မောင်ရဲအောင်။



တဦးစီလုပ်တာက အကျိုးရှိရင်လဲ တဦးချင်းဘဲရှိတယ်။ အကျိုးပျက်စရာ ရှိရင်လဲ တဦးချင်းဘဲ ခံရရှာတယ်။

စုပေါင်းလုပ်တာက ပိုပြီးမြန်တယ်။ ပိုပြီးအလုပ်ပြီးတယ်။ စိတ်ဓါတ်တက်ကြွမှုတွေလဲ ရှိပြီး အကျိုးခံစားရချင်းလဲ တူညီ ကြတယ်။ ဆုံးရှုံးမှု ဖြစ်ရင်လဲ အားလုံးဟာ မျှတ ခံကြရတော့ တဦးထဲ မနစ်နာဘူး၊ မဆုံးရှုံးဘူး၊ မပျက်စီးဘူးကွဲ့။

ရဲအောင်။ ။ဒါဖြင့် စုပေါင်းလုပ်ကိုင်တာက အကျိုးရှိတာပေါ့နော်။

ဘဘကြီး။ ။နမ့်စမ်ကျေးရွာ အမှတ်(၆)မှာဆိုရင် တရွာလုံးဟာ တမိသားထဲ လိုဘဲကွဲ့။ ကလေး တွေကအစ ချစ်ချစ်ခင်ခင်နဲ့ ရှိကြတယ်။ အတူသွား အတူလာ အတူ ကျောင်းတက် ကြတယ်။ အလုပ် ကျတော့လဲ အားလုံးဆင်းပြီး အတူတူ လုပ်ကြတယ်ကွဲ့။

ရဲအောင်။ ။တောင်လှန်ရေးအစိုးရက ဘယ်လို စီစဉ်ပေးပါသလဲ ဘဘကြီး။

ဘဘကြီး။ ။ရွာဘည့်ပေးတယ်၊ရေရအောင်လုပ်ပေးတယ်၊ သီးနှံမျိုးစေ့ တွေပေးတယ်။ ကုန်ကုန်ပြောကြပါစို့ကွာ နေဘို့အိမ်၊ လုပ်ဘို့မြေ၊ တွန်းတုံး၊ ထွန်တုံးနွား တင်းကုတ်ကအစ အိမ်ဝင်းကို သုံးဆူးကြိုးကာတာအထိ ကူညီစီစဉ်ပေးတယ် မောင်ရဲအောင်။

www.burmeseclassic.com

www.burmeseclassic.com



တအိမ်ထောင်ကို ငွေခြောက်ထောင်ကျပ်ဘိုး
ညီပေးတယ်ကွဲ။

ရဲအောင်။ ။ရေက ဘယ်ကရပါသလဲ ဘဘကြီး။

ဘဘကြီး။ ။နမ့်စမ်ကျေးရွာနားမှာ နမ့်လွတ်ချောင်း၊ နှ
တိန်ချောင်းရယ်လို့ ရှိတယ်၊ အဲဒီ ချောင်းရေတွေ
စက်အားနဲ့စုတ်တယ်။ ပိုက်လုံးတွေသွယ်ပြီး တော
ပေါ်ကို ရေတင်တယ်။ တောင်ပေါ်မှာ ရေလှော
ကန်၊ ရေတိုင်ကီတွေထားပြီး တောင်ပေါ်က လျှော
ဆင်းတဲ့အားနဲ့ ရွာတွေကို ရေပေးတယ်။

ရဲအောင်။ ။ဘယ်လိုသီးနှံတွေစိုက်ကြပါသလဲ ဘဘကြီး

ဘဘကြီး။ ။လျှော်စိုက်တယ်၊ စပါးစိုက်တယ်၊ လျှော်ချ
ပေါင်တွေစိုက်တယ်၊ မြေပဲတွေလဲ စိုက်ကြတယ်။
ရှည်သီးနှံတွေကတော့ စဗျစ်၊ သစ်တော်၊ လိမ္မော်
ပန်းသီးပင်တွေ စိုက်ထားကြတယ်။

ရဲအောင်။ ။အတော်သာယာမှာဘဲ ဘဘကြီး။

ဘဘကြီး။ ။ရွာမှာ တကိုယ်ကောင်း ကြံတဲ့လူမရှိဘူး၊
တခြား ကောတဲ့လူလဲ မရှိဘူးကွဲ့။ ဆိုးသွမ်းမှု
နဲတယ်။ ကိုယ်ကျင့်တရားတွေ တိုးတက်ပြီး စည်း
ညီညွတ်ကြတယ် မောင်ရဲအောင်၊

## မြည်သူ့စက်ရုံကြီးများ

### ချည်မျှင်နဲ့အထည်စက်ရုံ

ရဲအောင်။ ။စက်ရုံတွေက ဘယ်မှာ တည်ဆောက် ထားပါ
သလဲ ဘဘကြီး။

ဘဘကြီး။ ။ရန်ကုန်မြို့ ဆူးလေဘုရားက ၆ မိုင် သာသာ
လောက်သွားရင် ရန်ကုန်-အင်းစိန် လမ်းမကြီးရဲ့ အ
ရှေ့ဖက်မှာ ပြည်သူ့ ချည်မျှင်နဲ့ အထည်စက်ရုံကြီး
တည်ဆောက်ထားတယ်။ သမိုင်းချည်မျှင်စက် လို့လဲ
ခေါ်ကြတယ် မောင်ရဲအောင်။

သမိုင်း ပြည်သူ့ချည်မျှင်နဲ့ အထည်စက်ရုံကြီးမှာ
၁၉၄၈ ခုနှစ်က တည်ဆောက်ခဲ့တဲ့ အမှတ် ၁ စက်ရုံ၊
၁၉၅၆ ခုနှစ်မှာ တည်ဆောက်ခဲ့တဲ့ အမှတ် ၂ စက်
ရုံကြီးတွေရှိတယ်။ ၁၉၅၇ ခုနှစ် ကျတော့ ပိတ်တွေ
ကိုဖြူအောင်ချွတ်နိုင်ပြီး ဆေးဆိုးအချောကိုင်တဲ့စက်
ကို တည်ဆောက်ခဲ့တယ်။ ၁၉၄၈ ခုနှစ် စတင်တည်
ထောင်စဉ်က ငွေပေါင်းကျပ် ၁၉၈ သိန်းမျှတည်ခဲ့
ပြီး ၁၉၅၆ ခုနှစ်မှာတည်ဆောက်တဲ့စက်ရုံအမှတ်
ကို ၁၄၆ သိန်းရင်းနှီး မြှုပ်နှံခဲ့တယ်။ အဖြူချွတ်
ဆေးဆိုးအချောကိုင် စက်ရုံကတော့ ၁၄ သိန်းရင်း
နှီးရတယ်ကွဲ့။ ၁၉၆၃ ခုနှစ်မှာ အမှတ် ၃ စက်ရုံကို



www.burmeseclassic.com

www.burmeseclassic.com



တည်ဆောက်ကာ ငွေရင်း ၇၂ သိန်း မြှုပ်နှံခဲ့ပြန်တယ်။

စက်ရုံ အမှတ် ၁ နဲ့ အမှတ် ၂ တို့မှာ ယစ်တိုင်ပေါင်း ၂သောင်းနဲ့ စက်ယက္ကန်းစင်ပေါင်း ၁၉၆ စင်စီရှိကြတယ်။ စက်ရုံ အမှတ် ၃ မှာတော့ ယက္ကန်းစင်ပေါင်း ၄၀၀ ရှိပြီး ၁၉၆၇ ခုနှစ်မှာမှ တည်ဆောက်ပြီးကာ အနားပြာ ပေါ်ပလင် ထုတ်လုပ်ရန် စီစဉ်ဆောင်ရွက်နေတယ်။ အခန့်းထည်ဖြစ်တဲ့ ဖလန်ထည်အထည်များထုတ်လုပ်ဖို့ စက်နှစ်လုံးလဲတပ်ဆင်ထားပြီး ဖလန်ထည်များစတင်ထုတ်လုပ်နေပြီ မောင်ရဲအောင်။

သမိုင်း ပြည်သူ့ချည်မျှင်နဲ့ အထည်စက်ရုံကြီးမှာ လုပ်ခွင် သုံးဆိုင်းထားပြီး ကာယ ဉာဏလုပ်အားရှင်တွေနဲ့ အလုပ်လုပ်နေတာ ၁၉၆၄ ခုနှစ်မှာ လုပ်သားပေါင်း ၂၀၉၀ ရှိပြီး ၁၉၆၇ ခုနှစ်မှာ လုပ်သားပေါင်း ၃၂၃၀ လုပ်ကိုင်ဆောင်ရွက်နေကြတယ်။

ရဲအောင်။ ။ကုန်ကြမ်းတွေက ဘယ်ကရပြီး ဘယ်လိုအထည်တွေ ထွက်ပါသလဲ ဘဘကြီး။

ဘဘကြီး။ ။စက်ရုံတည်စကတော့ နိုင်ငံခြားက ဝါတွေကို ဝယ်ယူခဲ့ရပြီး အခုတော့ ဒို့ပြည်ဘွင်းက ထွက်တဲ့ ဝါတွေကိုဘဲ လုံလုံလောက်လောက် အသုံးပြုနိုင်တယ် မောင်ရဲအောင်။



ပြည်သူ့ချည်မျှင်နဲ့ အထည်စက်ရုံကြီးက....

(၁–၁) (၁-၅) (၁–၁၀) (၁–၁၂) (၁-၁၄) (၁-၁၆) (၁-၂၀) (၁-၂၄) ခေါ်တဲ့ချည်မျှင်တွေကိုက်ပေါင်း ၁၁၅-ဒသမ ဂ၆ သိန်းနဲ့ မာလကျင်ဇင်၊ ဆယ်လူလာခေါ်တဲ့ ပိတ်ထည်တွေကိုက်ပေါင်း ၉၇-ဒသမ ၂၅ ယက်လုပ်ခဲ့တယ်။ ပေါ်ပလင်နဲ့ ဖလန်ထည်လဲထွက်လာတော့မယ်မောင်ရဲအောင်။

မိတ္ထီလာမြို့မှာလဲပြည်သူ့ ချည်မျှင်နဲ့ အထည်စက်ရုံကြီး တရုံကို ၁၉၆၅ ခုနှစ်က တည်ဆောက်ခဲ့တာ ၁၉၆၇ ခုနှစ် နိုဝင်ဘာလက ပြီးစီးသွားပြီး ဒီဇင်ဘာလကစက်လည်နေပြီကွဲ့။

ရဲအောင်။ ။မိတ္ထီလာက ချည်မျှင်နဲ့အထည်စက်ရုံကြီးက သမိုင်းချည်စက်ကြီးလိုဘဲလား ဘဘကြီး။

ဘဘကြီး။ ။မိတ္ထီလာ မြို့က ၃ မိုင်လောက် သွားရင် အုတ်ကျင်းဆိုတဲ့ရွာရှိတယ် မောင်ရဲအောင်။

အုတ်ကျင်းရွာနားက ဧက ၁၉၀ ရှိတဲ့ မြေနေရာမှာ ၉ ဧကရှိတဲ့ ပင်မစက်ရုံကြီးကို တည်ဆောက်ထားတယ်။ယစ်တိုင်ပေါင်း ၄သောင်းရှိပြီး၊ ယက္ကန်းစင်ပေါင်း ၆၀၀ တပ်ဆင်ထားတယ်။ ရင်းနှီး ငွေပေါင်း ၄၉၄ သိန်းကျော်ကုန်ကျတယ်။

ရဲအောင်။ ။အလုပ်သမားပေါင်း ဘယ်လောက်ရှိပါသလဲ- ဘဘကြီး။

www.burmeseclassic.com

www.burmeseclassic.com



ဘဘကြီး။ ။မိတ္ထီလာ ပြည်သူ့ချည်မျှင်နဲ့ အထည်စက်
ကြီးမှာ ကာယ ဉာဏ လုပ်သားပေါင်း ၂၀၀
ကျော် အလုပ် လုပ်နိုင်မယ် မောင်ရဲအောင်။

၁–၂၀ ချည်မျှင် ပေါင်ချိန်ပေါင်း ၂၉ ဒသ
၆၄ သိန်း ထုတ်လုပ်ပြီး၊ ၁–၁၄ တွဲပိတ် ကိုက်
ပေါင်း ၁၇ ဒသမ ၅၁ သိန်း၊ ၁–၂၀ ရှိတင်
ပိတ် ကိုက်ပေါင်း ၁၄ ဒသမ ၂၀ သိန်း၊ ၁–၂
ရှိတင်ပိတ် ကိုက်ပေါင်း ၁၂ ဒသမ ၀၅ သိန်း
၁–၂၀ ဆယ်လူလာပိတ် ကိုက်ပေါင်း ၁၈ ဒသ
၄၄ သိန်း၊ ၁–၃၀ ရှပ်ဖျင်ကိုက်ပေါင်း ၂၅ ဒသ
၉၆ သိန်း ထုတ်လုပ်နိုင်မယ်ကွဲ့။

ရဲအောင်။ ။ဗမာပြည်မှာ ချည်မျှင်နဲ့ အထည်တွေ လုံ
လောက်အောင် ထွက်နေပြီပေါ့ ဘဘကြီး။

## ဂုံနီစက်ရုံ

ဘဘကြီး။ ။သမိုင်းပြည်သူ့ ချည်မျှင်နဲ့ အထည်စက်ရုံကြီး
က မော်တော်ကားလမ်းကိုကျော်ပြီး အနောက်ဘက်
တည့်တည့် လှိုင်မြစ်ကမ်းဘက်ကိုသွားရင် ဂုံနီစက်
ကြီးရှိတယ် မောင်ရဲအောင်။



ဂုံနီစက်ရုံကို ၁၉၅၄ ခုနှစ်က စတင် တည်ဆောက်ခဲ့ကာ ၁၉၅၆ ခုနှစ်မှာ ပြီးစီးပြီး၊ ၁၉၅၇ ခုနှစ်မှာ စက်လည်ခဲ့တယ်၊ ကျပ်ငွေပေါင်း ၄၀၄ သိန်း ရင်းနှီးမြှုပ်နှံခဲ့ရတယ်ကွဲ့။

ရဲအောင်။ ။ဂုံနီစက်ရုံက ဆန်ထည့်တဲ့ ဂုံနီအိတ်တွေ ယက်လုပ်သလား ဘဘကြီး။

ဘဘကြီး။ ။ဆန်ထည့်တဲ့ ဂုံနီအိတ်ရယ်၊ သကြားထည့်တဲ့ ဂုံနီအိတ်ရယ်၊ ပဲမျိုးစုံထည့်တဲ့ ဂုံနီအိတ်ရယ်၊ ဂုံနီဖျင်ပါးစတွေရယ်၊ ကင်းဘတ်လို့ ခေါ်တဲ့ ရွက်ထည်ဖျင်ရယ်၊ သုံးပင်လိမ် ဂုံလျှော်ကြိုးတွေရယ် ယက်လုပ်တယ် မောင်ရဲအောင်။

ဆန်ထည့်တဲ့ဂုံနီအိတ်က ၂ တင်းဝင်အိတ်ဆိုရင် အလျား ၃၆ လက်မရှိပြီး အနံ ၂၆လက်မခွဲရှိတယ်။ ၃ တင်းဝင်အိတ်ဆိုရင် အလျား ၄၀ လက်မရှိပြီး၊ အနံ ၂၈ လက်မရှိတယ်။သကြားထည့်တဲ့ ဂုံနီအိတ်ကတော့ အလျား ၄၄ လက်မရှိပြီး အနံ ၂၆လက်မခွဲရှိတယ်ကွဲ့။

ဂုံနီ ဖျင်ပါး ကတော့ အထည် စက်ရုံ တွေက အထည်တွေကို ထုတ်ဘို့ အသုံးပြုတယ်။ ရွက်ထည်ဖျင်က အမိုးအကာတွေ လုပ်ရာမှာလဲ သုံးကြတယ်။ ဂုံအိတ်ကြိုးကိုတော့ ဂုံအိတ်တွေပိတ်ဘို့၊ ချုပ်ဘို့ အသုံးပြုကြတယ် မောင်ရဲအောင်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၆၄ ခုနှစ်က ဂုန်နီအိတ်သန်းပေါင်း ၁၉ သန်း
၆ သိန်း တသောင်း လေးထောင် နှစ်ရာ နှစ်ဆယ်
ငါးလုံး ထုတ်လုပ်ပြီး၊ ၁၉၆၆ ခုနှစ်မှာ ဂုန်နီအိတ်
သန်းပေါင်း ၂၇ သန်းကို ထုတ်လုပ်ပေးနိုင်ခဲ့တယ်
အဲဒီကုန် ထုတ်လုပ်မှု တွေရအောင် ၁၉၆၁ ခုနှစ်မှာ
ကာယ ဉာဏ လုပ်သားပေါင်း ၄၄၆၁ ယောက်
လုပ်ရပြီး၊ ၁၉၆၂ ခုနှစ်မှာ ၅၂၀၇ ယောက်
တယ်လုပ်စေတယ်၊ ၁၉၆၄ ခုနှစ်မှာဆိုရင် လုပ်သား
ပေါင်း ၆၇၀၀ ယောက်ရှိပြီး၊ အခုလုပ်သား ပေါ
၇၀၀၀ ကျော် လုပ်ကိုင်ရတယ်။

ရဲအောင်။ ။ဂုန်နီအိတ်တွေ ယက်လုပ်ဘို့ ကုန်ကြမ်း
ဘယ်ကရပါသလဲ ဘဘကြီး။

ဘဘကြီး။ ။ဂုန်နီအိတ်တွေ ယက်လုပ်ဘို့ ဂုံလျှော်တွေ
တယ် မောင်ရဲအောင်။

ဟိုတုန်းက ဂုန်နီအိတ်တွေကို နိုင်ငံခြားက ဝယ်
ရတာ၊ ဗမာပြည်ရဲ့ သွင်းကုန် ၁၀ပုံတပုံလောက်ဟာ
ဂုန်နီအိတ်ဘိုးတွေ ဖြစ်ခဲ့တယ်၊ ဂုန်နီအိတ် စက်ရုံတည်
ဆောက်ပြီးတာတောင်၊ နှစ်စဉ်သိန်း၄၀၀ဘိုးလော
တင်သွင်းခဲ့ရ သေးတယ်။ ဂုန်နီစက်ရုံမှာ အသုံးပြု
ဂုံလျှော်ကိုလဲ နိုင်ငံခြားက ဝယ်ယူခဲ့ရသေးတယ်ကွဲ
အခုတော့ဗမာနိုင်ငံမှာတောင်သူလယ်သမားကြီးတွေ
က အားကြိုးမာန်တက် ဂုံလျှော်ပင်တွေ၊ချဉ်ပေါ



လျှော်ပင်တွေ၊ စိုက်ကြတော့ တော်တော် လိုလောက်
ပြီ မောင်ရဲအောင်။

ရဲအောင်။ ။ဂုံလျှော်တွေကို ဘယ်လိုရပါသလဲ ဘဘကြီး။

ဘဘကြီး။ ။ဂုံလျှော် မျိုးစေ့တွေကို အစိုးရကစုဆောင်း
ပေးပြီး တောင်သူ လယ်သမားကြီးတွေ စိုက်ပျိုးကြ
တယ် မောင်ရဲအောင်။

ဂုံလျှော်ပင်တွေ ရှင်သန်ကြီးထွားလာတော့၊ မနုလွန်း
မရင့်လွန်းတဲ့ အနေအထားမှာ ခုတ်ယူကြတယ်။

ရဲအောင်။ ။မနုလွန်း မရင့်လွန်း ဆိုတာက ဘယ်လိုပါလဲ
ဘဘကြီး။

ဘဘကြီး။ ။ဂုံလျှော်ဟာ နုနုခုတ်ရင် ဆွဲဆန့်တဲ့ အင်အား
နည်းပါးပြီး ရင့်လွန်းပြန်တော့လဲ ဂုံလျှော်မျှင်ဟာ
ပြတ်တတ်တယ် မောင်ရဲအောင်။

ဒါတင် မက သေးဘူး မောင်ရဲအောင် ဂုံလျှော်
ပင်ကို ခုတ်တဲ့ နေရာမှာ အရင်း ကျကျ ခုတ်မှ၊ ဂုံ
လျှော်ဟာ ရှည်ရှည် ကောင်းကောင်း ရတယ်ကွဲ့။
တောင်သူ လယ်သမားကြီးတွေဟာ ဂုံလျှော်ပင်တွေ
ကိုခုတ်ပြီး ချောင်းရေမှာစိမ်ကာဂုံလျှော်ဖတ်တွေကို
ခွါကြရတယ်။ စိုနေတဲ့ လျှော်ဖတ်တွေကို နေလှမ်းပြီး
ခြောက်တဲ့အခါကျတော့ အစိုးရဂုံလျှော်အဝယ်ဒိုင်
ကို ရောင်းကြတယ်။ ဂုံလျှော်တွေ၊ ဂုံလျှော်စက်
ရုံရောက်တော့ အမျိုးအစားခွဲခြားပြီး ဂုံလျှော်မျှင်
ဂုန်နီအိတ်တွေ ယက်လုပ်ရတယ် မောင်ရဲအောင်။

www.burmeseclassic.com

www.burmeseclassic.com

## ပြည်သူ့စက် ပစ္စည်းစက်ရုံ

ရဲအောင်။ ။ရဲအောင်တို့အိမ်မှာ ထမင်းဟင်း ချက်ပြုတ် နေကြတဲ့ ရေနံဆီမီးဖိုတွေက ဘယ်ကထုတ်လုပ်ပါသလဲ ဘဘကြီး။

ဘဘကြီး။ ။ပြည်သူ့ပစ္စည်း စက်ရုံအမှတ်(၁)ကအိုင်ဒီစီမီးဖိုလို့ ခေါ်ကြတဲ့ ရေနံဆီ မီးဖိုတွေကို ထုတ်လုပ်တယ် မောင်ရဲအောင်။

ပြည်သူ့စက်ရုံအမှတ်(၁)ဟာ သမိုင်း ပြည်သူ့ချည်မျှင်နဲ့ အထည်စက်ရုံကြီးနားမှာရှိတယ်၊ ၁၁တော ခွဲလောက်ကျယ်တဲ့ မြေနေရာမှာ ၁၉၆၀ ခုနှစ်က တည်ဆောက်ခဲ့တယ်၊ အရင်က ပြည်လမ်းမကြီးရဲ့ ၈–မိုင်ခွဲ နေရာမှာစက်ပစ္စည်းကိရိယာ ထုတ်လုပ်ရေး စက်ရုံအမည်နဲ့ ကချင်ပြည်နယ် အစိုးရက တည်ထောင်ခဲ့တယ်၊ ၁၉၅၄ ခုနှစ် ဇူလိုင်လမှာ စက်မှုလက်မှုတိုးချဲ့ လုပ်ကိုင်ရေး ကော်ပိုရေးရှင်းက လွှဲပြောင်း လက်ခံ ဆောင်ရွက်ခဲ့တယ်ကွဲ့၊ အဲဒီစက်ရုံမှာ ပထမတုန်းက ဂျစ်ကား ထုတ်လုပ် ဘို့ စီစဉ် ခဲ့တယ်။

ပြည်သူ့စက်ပစ္စည်းစက်ရုံအမှတ်(၁)က ရေနံဆီမီးဖို ထုတ်လုပ်ရုံမဟုတ်သေးဘူး မောင်ရဲအောင်။



ဖိုးမွှားတွေနှိပ်နင်းတဲ့ ဆေးဖျန်းပုံးတွေ၊ သံမဏိဘီဒိုတွေ၊ မီတာ သေတ္တာတွေ၊ အမှိုက်ပုံးတွေ၊ စာတိုက်ပုံးတွေ၊မီးအာမခံ သေတ္တာတွေ၊ သံဘောင်တွေ၊ သံလက်တွန်းလှည်းတွေ၊ နို့ခြင်းတွေနဲ့ အိုင်ဒီစီ စံချိန် အလေးတွေကိုထုတ်လုပ်နေတယ်။

ရဲအောင်။ ။အလုပ် သမား ဘယ်လောက် ရှိပါ သလဲ ဘဘကြီး။

ဘဘကြီး။ ။ကာယ၊ ဉာဏ၊လုပ်သားပေါင်း၅၁၃ယောက်ရှိတယ်မောင်ရဲအောင်။

ပြည်သူ့ စက်ပစ္စည်းစက်ရုံ အမှတ် ၁ ကာယ ဉာဏ လုပ်သားကြီးတွေရဲ့ ကြိုးစားမှုကြောင့် အခုဆိုရင် စံပြဖွဲ့နှုဆီစက်၊ ကုက္ကိုသီးခွဲစက်၊ ရေနံဆီနဲ့ချက်တဲ့ ဆားချက် မီးဖိုတွေ စမ်းသပ်အောင်မြင်နေပြီကွဲ့။

ပြည်သူ့ စက်ပစ္စည်းစက်ရုံကို တည်ဆောက်ခဲ့တာ ငွေရင်း ၁၇သိန်း ကုန်ကျခဲ့ပြီး ၁၉၅၉ ခုနှစ်မှာ ၆ သိန်းကျော်ဘိုး ကုန်ပစ္စည်းထုတ်လုပ်တယ်။ ၁၉၆၄ ခုနှစ်မှာ ၁၃ ဒသမ ၇၉ သိန်းဘိုးတိုးတက် ထုတ်လုပ်နိုင်ပြီး အမြတ်ငွေတွေဟာလဲ တနှစ်ထက်တနှစ် တိုးတက်လာတယ် မောင်ရဲအောင်။

ရဲအောင်။ ။ပြည်သူ့စက်ပစ္စည်းစက်ရုံ အမှတ် ၁ ဆိုတော့ အမှတ် ၂ ရှိပါသေးသလား ဘဘကြီး။

www.burmeseclassic.com

www.burmeseclassic.com



ဘဘကြီး။ ။ဆန်စက်တွေ၊ ဆန်စက်အရံပစ္စည်းတွေ၊ အ
ထည်ပစ္စည်းတွေ၊ မူလီတွေ၊ ဇာဝါတွေ၊ ကြေးနန်း
ဌာနဆိုင်ရာ သံထည်ပစ္စည်းတွေနဲ့ ဖွဲ့နှဲ့ဆီစက်တွေအ
တွက် အရံပစ္စည်းတွေ ထုတ်လုပ် ပေးနေတဲ့ ပြည်သူ့
စက်ပစ္စည်းစက်ရုံ အမှတ် ၂ ကြို့ကုန်းမှာ ရှိသေး
တယ် မောင်ရဲအောင်။

ရဲအောင်။ ။ဗမာပြည်မှာ ဆန်စက်တွေဟာ မြို့တိုင်း နယ်
တိုင်းမှာ ရှိနေတာဘဲ၊ ဆန်စက်တွေထုတ်လုပ်ဘို့ လ
ပါသေးသလား ဘဘကြီး။

ဘဘကြီး။ ။ဗမာပြည်မှာ ဆန်စက်ပေါင်း ၂၀၀၀ ကျော်
ရှိတယ် မောင်ရဲအောင်။ ဗမာပြည်မှာ ဆန်စပါး
စိုက်ပျိုးရေးလုပ်ငန်းဟာ တိုးချဲ့လာတာနဲ့ အမျှ ဆန်
စက်တွေလဲ လိုလာတယ်။ ရှိပြီးနေတဲ့ ဆန်စက်တွေ
ဟာလဲ သက်တမ်း ကြာမြင့်လှတော့ စက်ပစ္စည်း
တွေဟာ ချို့ယွင်းပျက်စီးလာတယ်။ အရံပစ္စည်း
တွေ ထုတ်လုပ်ပေးနိုင်ဘို့နဲ့ အသစ်တွေတည်ဆောက်
ဘို့လိုလာတာပေါ့ကွယ်။ အခုဆိုရင် ပြည်သူ့စက်
ပစ္စည်းစက်ရုံ အမှတ် ၂ မှာ လုပ်သားပေါင်း ၂၀၀
ကျော်ဟာ နိုင်ငံတော်အတွက် လိုအပ်နေတဲ့ စက်
ပစ္စည်းတွေကို ထုတ်လုပ်ပေးပြီး နိုင်ငံခြားကို ထွက်
သွားမဲ့ နိုင်ငံတော်ရဲ့ ဘဏ္ဍာတော်ငွေတွေကို ကာ
ကွယ်ပေးနေကြတယ် မောင်ရဲအောင်။

ရဲအောင်။ ။ဆက်ပြောပါအုံး ဘဘကြီး။



## ဆေးဝါးထုတ်လုပ်ရေးစက်ရုံ

ဘဘကြီး။ ။ရန်ကုန် အင်းစိန်လမ်းမကြီးအတိုင်း သွားရင်
ကြို့ကုန်းကိုရောက်တော့လမ်းမကြီးရဲ့ အရှေ့ဘက်
မှာ စက်မှုတက္ကသိုလ် ကျောင်းကြီး ရှိတယ်။ လမ်းမ
ကြီးရဲ့ အနောက်ဖက်မှာတော့ မြန်မာနိုင်ငံဆေးဝါး
ထုတ်လုပ်ရေးစက်ရုံကြီးရှိတယ်။ ဘီပီအိုင်လို့လဲခေါ်
တယ် မောင်ရဲအောင်။

မြန်မာနိုင်ငံ ဆေးဝါး ထုတ်လုပ်ရေး စက်ရုံကို
၁၉၅၃ ခုနှစ်က တည်ဆောက်ခဲ့ပြီး ၁၉၅၇ ခုနှစ်
မှာပြီးစီးကာ ၁၉၆၀ ခုနှစ်မှာ လုပ်ငန်းစခဲ့တယ်ကွဲ့။
စက်ရုံကြီးရဲ့ မြေနေရာကို တည်ဆောက်စက ၆၆
ဧကသတ်မှတ်ပေမဲ့ အခုဆိုရင် ဧက ၁၀၀ တိုးချဲ့ပြီး
ဆေးထုတ်လုပ်မှုနဲ့ တိရစ္ဆာန်မွေးမြူရေး၊ ဆေးပင်
စိုက်ပျိုးရေး တွေနဲ့ လုပ်ခွင် သာယာ ရေး တွေ
ဆောင်ရွက် နေတယ်။ စက်ရုံကြီးထဲကို ဝင်လိုက်
တာနဲ့ စိတ်ချမ်းမြေ့စရာကောင်းပြီး ကာယ ဉာဏ
လုပ်သားပေါင်း ၁၇၀၀ ကျော်ဟာ အလုပ်ခွင်မှာ
ဆေးဖေါ်သူကဖေါ် ဆေးထုပ်သူကထုပ်နဲ့ ဆောင်
ရွက်နေကြတာကိုတွေ့ရတယ်၊ အလုပ်သမားတွေဟာ
လုပ်ခွင်ဝတ်စုံတွေဝတ်ကြပြီး ကာကွယ်မှု ပစ္စည်းတန်
ဆာတွေဖြစ်တဲ့ လက်အိတ်တွေစွပ်၊ နှာခေါင်းစည်း

www.burmeseclassic.com

www.burmeseclassic.com



တွေစသ်းလို့ လုပ်ခွင်မျက်မှန်တတ်သူတွေနဲ့ တွေ့ကြရတယ် မောင်ရဲအောင်။

ရဲအောင်။ ။လက်အိတ်တွေ၊ နှာခေါင်းစည်းတွေက ဘာဖြစ်လို့ အသုံးပြုတာပါလဲ ဘဘကြီး။

ဆေးဝါးဖော်စပ်၊ ထည့်သွင်း၊ ထုတ်ပိုးတဲ့ နေရာရာမှာ ဆေးဝါးကိုလက်နဲ့ ထိမယ်ဆိုရင်၊ နှာခေါင်းကလေထုတ်မိမယ်ဆိုရင် ဆေးဝါးမှာ မလိုလားအပ်တဲ့ ပိုးမွှားနဲ့ အညစ် အကြေးတွေ မပါရအောင် ကာကွယ်တဲ့သဘောဖြစ်တယ် မောင်ရဲအောင်။

ကပ်ဆေးတို့ မြွေဆေးတို့ ဖော်စပ်တဲ့ အလုပ်သမားတွေဆိုရင်လဲ အလုပ်ခွင်ရဲ့ ကာကွယ်မှု လစာဆိုပြီး လစာအပိုကြေး လစာရဲ့ ၁၀ ရာနှုန်းက ၅၀ ရာနှုန်းအထိ လစာ အနိမ့်ဆုံးလူကို ဦးစားပေးပြီး ရရှိကြတယ်၊ အလုပ်သမားတွေဟာ တဦးကို တလ ၂၅ ကျပ်ဘိုးဆေးကို ဝယ်ယူခွင့် ရကြပြီး၊ အလုပ်သမားပညာဖွံ့ဖြိုးမှုဖြစ်တဲ့ ၈ တန်း၊ ၁၀ တန်း ညနေ သင်တန်းတွေ တက်နိုင်ဘို့လဲ ဆောင်ရွက်ပေးတာကို ခံစားကြရတယ်၊ ဆေးဝါး ထုတ်လုပ်ရေး အလုပ်တမားတွေရဲ့ ဆေးပေးခန်းလဲဖွင့်ထားပြီး မိသားစုများပါ ဆေးဝါးအခမဲ့ ကုသခွင့်ကို ရကြတယ် မောင်ရဲအောင်။

ဘဘကြီး။ ။ပြည်သူ့ ဆေးဝါး ထုတ်လုပ်ရေး စက်ရုံက ဘယ်လိုဆေးတွေ ထုတ်လုပ်ပါသလဲ ဘဘကြီး။



ဘဘကြီး။ ။မြန်မာနိုင်ငံ ဆေးဝါးထုတ်လုပ်ရေး စက်ရုံကြီးက ဆေးအမျိုးပေါင်း ၆၀၀ ကျော်ကို ထုတ်လုပ်ပေးနေတယ် မောင်ရဲအောင်။

ပြည်သူ့ ကျန်းမာရေး အတွက် သောက်ဆေးအရည်တွေ၊ သောက်ဆေး ဆေးပြား၊ ဆေးလုံးတွေ၊ ထိုးဆေးတွေ၊ ကပ်ဆေးတွေ၊ ရှူဆေး၊ လိမ်းဆေးတွေ၊ အားဆေးတွေ အမျိုးမျိုးပါတဲကွယ်။ ဆေးဝါးထုတ်လုပ်ရေးက ထုတ်လုပ်ပေးတဲ့ မြွေဆိပ်ကာကွယ်ရေးဆေးဟာဆိုရင် တောင်သူလယ်သမားကြီးတွေရဲ့ အားကိုး အားထားရာ ဖြစ်ပြီး၊ နိုင်ငံခြားကတောင် သဘောကျ အသုံးပြုနေကြတယ်။

မြန်မာနိုင်ငံဆေးဝါးထုတ်လုပ်ရေး စက်ရုံကြီးက ဆေးဝါးတွေ ၆၀၀ ကျော် ထုတ်လုပ်နိုင်တာကြောင့် နိုင်ငံခြားကို ပေးခဲ့ရတဲ့ ဗမာနိုင်ငံက ဆေးဝါးဘိုးတွေဟာ တဖြည်းဖြည်း နဲပါးလာခဲ့တယ်။ ပြည်တွင်းမှာလဲ ၁၉၆၅ ခုနှစ်က သိန်း ပေါင်း ၅၀၀၊ ၁၉၆၆ ခုနှစ်က သိန်းပေါင်း ၆၀၀၊ ၁၉၆၇ ခုနှစ်မှာ သိန်း ပေါင်း ၄၀၀ လောက် အမြတ် ရရှိခဲ့တယ် မောင်ရဲအောင်။

ရဲအောင်။ ။ဆေးဝါးထုတ်လုပ်ရေး စက်ရုံက ထုတ်လုပ်ထွက်ရှိလာတဲ့ ဆေးတွေကို ဘယ်လိုရောင်းချပါသလဲ ဘဘကြီး။

www.burmeseclassic.com

www.burmeseclassic.com



ဘဘကြီး။ ။ဆေးဝါးထုတ်လုပ်ရေးစက်ရုံကြီးက ထုတ်လုပ်ပြီးတဲ့ ဆေးဝါးတွေကို စမ်းသပ် စစ်ဆေးတဲ့ ဌာနက စစ်ဆေးစမ်းသပ်ပြီး၊ ဗဟိုဆေးပစ္စည်း သိုလှောင်ရေးဌာန၊တပ်မတော် ဆေးပစ္စည်း သိုလှောင်ရေးဌာနနဲ့ ဆေးနဲ့ ဆေးပစ္စည်း ဌာနတွေကို သူတို့ရဲ့ ဆေးအမှာစာအရ ဖြန့်ဖြူးပေးတယ်၊ ကုန်သွယ် ရေး အမှတ် (၁၀)ဆေးနဲ့ ဆေးပစ္စည်း ဌာနက တဆင့် ပြည်သူတွေကိုရောင်းချဖြန့်ဖြူးပေးတယ် မောင်ရဲအောင်။

## သံမဏိ စက်ရုံ

ရဲအောင်။ ။တခြားစက်ရုံရှိပါ သေးသလား ဘဘကြီး။

ဘဘကြီး။ ။အင်းစိန်မြို့ ရွာမရပ်မှာ သံမဏိ စက်ရုံကြီး တည်ဆောက်ထားတယ် မောင်ရဲအောင်။

အင်းစိန်မြို့ရွာမရပ်မှာ မြေဧက ၁၅၅ ကေကိုမွမ်းမံ ပြင်ဆင်ကာ ၁၉၅၆ ခုနှစ်က သံမဏိ စက်ရုံကြီး တည်ဆောက်ခဲ့ပြီး ၁၉၆၇ ခုနှစ်မှာ ကာယလုပ်သား ပေါင်း ၁၁၃၅ ယောက်၊ ဉာဏ လုပ်သား ပေါင်း ၃၉၀ စုစုပေါင်း လုပ်သား ၁၅၂၉ ယောက်နဲ့ အလုပ်လုပ်နေတယ်ကွဲ၊ စက်ရုံတည်စက ရင်းနှီးငွေမှာ ၃၆၆သိန်း ကျော်ဖြစ်ပြီး ၁၉၆၃ ခုနှစ်ကုန် အထိ ၄၂၇ သိန်း ရင်းနှီး ခဲ့ရတယ်။



သံမဏိစက်ရုံကြီးထဲမှာ သံမဏိကြိုးဌာန၊ သံဒလိမ့်တုံးဌာန၊ သံပြားဌာန၊ ဝိုင်ယာနန်းဆွဲ ဌာန ရယ်လို့ ဌာန ၄ ဌာန ခွဲခြား ထားတယ် မောင်ရဲအောင်။

ရဲအောင်။ ။ထုတ်လုပ်တဲ့ ပစ္စည်းတွေက ဘာတွေ ပါလဲ ဘဘကြီး။

ဘဘကြီး။ ။သံမဏိ စက်ရုံကြီးက သံတုံးတွေ၊ သံပြားတွေ၊ သံပြားကြမ်းတွေ၊ လေးမြှောင့်သံဘုံးတွေ၊ သံချောင်းလုံးတွေ၊ အိမ်ရိုက်သံတွေနဲ့ သံဆူးကြိုးတွေ ထုတ်လုပ်တယ် မောင်ရဲအောင်။

ပြည်သူသုံး သံချောင်းတွေ လိုသလောက် ထုတ်လုပ်ပေးပြီး ပြည်သူ့ရေနံလုပ်ငန်းဌာနက ရေနံထည့်ဘို့ သံစည်တွေရဲ့ လိုအပ်တဲ့ သံပြားတွေကိုလဲ ထုတ်လုပ်ပေးနေတယ်၊ သွပ်ရေစိမ်ထားတဲ့ အိမ်မိုး သွပ်ပြားတွေကိုလဲ ၂၆ ဂိတ်မှ ၃၂ ဂိတ်ထိ တိုးချဲ့ လုပ်ကိုင် ထုတ်လုပ်နေပြီကွဲ။

ရဲအောင်။ ။သံမဏိစက်ရုံမှာ ကုန်ကြမ်းက ဘယ်က ရပါသလဲ ဘဘကြီး။

ဘဘကြီး။ ။ဒုတိယကမ္ဘာစစ်ကြီး ပြီးသွားတဲ့အခါက ဗမာပြည်မှာ စစ်ဒဏ်ကြောင့်ပျက်စီးသွားရလို့ သံတို သံစ

www.burmeseclassic.com

www.burmeseclassic.com



တွေ၊ စစ်သုံးပစ္စည်း သံတို၊ သံစတွေဟာ အနယ်နယ်အရပ်ရပ်မှာ ကျန်ရှိခဲ့တယ် မောင်ရဲအောင်။

အဲဒီသံတို၊သံစ တွေကို ၁၉၅၃ ခုနှစ်က စပြီး သံမဏိစက်ရုံက ဝယ်ယူခဲ့တာ ၁၉၆၄ ခု၊ ဇွန်လ ထိ သံတန်ချိန်ပေါင်း ၉၂၂၀၀ ရရှိခဲ့တယ်၊ သံတိုသံစ တွေကိုအရည်ကြိုပြီး ပုံလောင်းတဲ့ နေရာက ပုံကို လောင်း၊ဒလိမ့်တုံးလုံ မှိတ့်ဌာနက ဒလိမ့်တုံး လှိမ့်ပြီး လိုအပ်တဲ့ ပစ္စည်းတွေကိုထုတ်လုပ်ပေးတယ်။

ရဲအောင်။ ။သံမဏိစက်ရုံက အလုပ်သမားတွေဟာတခြား စက်ရုံတွေလိုဘဲ အလုပ်လုပ်ရပါ သလားဘဘကြီး။

ဘဘကြီး။ ။သံမဏိစက်ရုံမှာအလုပ်သမားတွေရဲ့ အလုပ်ချိန်ကို မိနစ် ၄၀ အားလပ်ချိန် ထားပေး တယ် မောင်ရဲအောင်။

သံမဏိစက်ရုံရဲ့ လုပ်ငန်းဟာ ဆက်တိုက် လုပ်အားပေးလုပ်မှရတယ်၊ လုပ်ငန်းကို ရပ်ထားလို့ မရဘူးကွဲ။

ဒါကြောင့်လုပ်ငန်းကိုဆက်တိုက်လုပ်ပြီး အားလပ်ချိန်ကို မိနစ် ၄၀ သပ်သပ် ပေးထားတယ်၊ လုပ်ငန်းလုပ်ရာမှာလဲ ၄ ယောက်တဖွဲ့၊ ၅ ယောက်တဖွဲ့၊အဖွဲ့နဲ့ လုပ်ရတာမို့၊ တယောက် တယောက်ဟာ အပြင်ထွက်ချင်ရင်တောင် အဖွဲ့ကိုပြောပြီးမှ ထွက်ရတယ်၊ တချို့ လုပ်ငန်းတွေဆိုရင် အလုပ်ရဲ့ သဘာဝက ကြမ်းကြမ်း



နဲ့ ပင်ပင်ပန်းပန်း လုပ်ရတာမို့ တနာရီအလုပ်လုပ်ပြီးတိုင်း တနာရီအနားပေးထားရတယ် မောင်ရဲအောင်။

ရဲအောင်။ ။သံမဏိစက်ရုံရဲ့ ဝင်ငွေကို ပြောပြပါ အုံး ဘဘကြီး။

ဘဘကြီး။ ။သံမဏိ စက်ရုံက၊ ထုတ်လုပ်တဲ့ ပစ္စည်းတွေကို ရောင်းချတာ ၁၉၅၉ ခုနှစ်မှာ ၃၉.၅ သိန်းကျော်ရရှိပြီး၊၁၉၆၃ခုနှစ်မှာ၁၅၈သိန်းကျော်ရရှိခဲ့တယ်။တည်စ အချိန်ကရှုံးခဲ့ပြီး ၁၉၆၂ ခုနှစ်မှာ ၉သိန်းကျော် အမြတ်ရရှိခဲ့တယ်။ ၁၉၆၃ ခုနှစ်မှာတော့ ၁၈ သိန်းနီးနီး အမြတ်ရရှိခဲ့ပြီး၊ ၁၉၆၇ ခုနှစ်မှာ သိန်း ၅၀ ကျော် မြတ်လိမ့်မယ်လို့ သိရှိရတယ်။

သံမဏိစက်ရုံဟာ တနှစ်ကို သံထည်တန်ဘိုး ၁၆ သန်းမှ သန်း ၂၀ အထိ သံထည်ပစ္စည်းတွေထုတ်လုပ်နိုင်ခဲ့ပြီး တနှစ်ကို နိုင်ငံခြားငွေသန်း ၆၀ မှသန်း ၈၀ အထိ သက်သာအောင် ထုတ် လုပ် ဆောင် ရွက် နိုင်ခဲ့တယ် မောင်ရဲအောင်။

## အုတ်နဲ့အုတ်ကြွပ်စက်ရုံ

ရဲအောင်။ ။ဘဘကြီး ဒညင်းကုန်းမှာ အုတ်လုပ်တဲ့ စက်ရုံရှိတယ်လို့ ရဲအောင်ကြားဘူးပါတယ်။

ဘဘကြီး။ ။အင်းစိန် ရွာမ လမ်းအတိုင်း ဆက်ပြီးသွားရင် ဒညင်းကုန်းဆိုတဲ့ ကျေးရွာကို ရောက်တယ်၊ ဒညင်း



www.burmeseclassic.com

www.burmeseclassic.com



ကုန်းမှာ အုတ်နဲ့ အုတ်ကြွပ် စက်ရုံကြီး ရှိ တယ် မောင်ရဲအောင်။

ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဆိုရှယ်လစ်စီမံကိန်း ညီလာခံ ၂ နှစ် စီမံကိန်း အရ ၁၉၄၇ ခုနှစ် ကစပြီးအုတ် နဲ့ အုတ်ကြွပ် စက်ရုံတည် ဆောက်ဖို့ စီစဉ်ခဲ့တယ် ဒါပေမဲ့ ၁၉၅၃ ခုနှစ်မှာမှ ဒညင်းကုန်းမှာအုတ်နဲ့ အုတ်ကြွပ်စက်ရုံကို တည်ထောင်ပြီး၊ ၁၉၅၇ ခုနှစ် မှာ ပစ္စည်းတွေ ထုတ်လုပ်ခဲ့တယ်၊ မူလတည်ဆောက် တဲ့စက်ရုံကိုစက်ရုံအမှတ်၁-လို့ အမည်တပ်ပြီး၁၉၆၃ ခုနှစ်မှာ စက်ရုံအမှတ် ၂၊ ကိုတည်ဆောက်ခဲ့တယ်ကွဲ့ အမှတ် ၁ စက်ရုံဟာ တနှစ်ကို အုတ်ကြွပ် သိန်း ၅၀ နဲ့ အုတ်ချပ်ရေပေါင်း သိန်း ၆၀ ကို ထုတ်လုပ်နိုင် တယ်။ အဲဒီတမျိုးထဲထုတ်လုပ်ရင် အုပ်ချပ်ရေ သိန်း ၁၀၀ ထွက်တယ်၊ အမှတ် ၂ စက်ရုံက တော့ တနှစ် ကို အုတ်ချပ်ရေ သိန်း ၁၂၀ ထုတ်လုပ်ပေးနိုင်တယ် စက်ရုံနှစ်ရုံစလုံးဟာ အုတ်အပြင် သံချည် ကြွေ စက်နဲ့ ဘိလပ်မြေစက်ရုံတွေက မှာတဲ့ အုတ်ပစ္စည်း အမျိုး အပြားကို လုပ်ပေးနေတယ်၊ အခု အမှတ်၃စက်ရုံကို လဲ စပြီးတည်ဆောက်နေတယ်။

ရဲအောင်၊ ။အုတ်နဲ့ အုတ်ကြွပ်စက်ရုံတွေ တိုးလာပါလား ဘဘကြီး။

ဘဘကြီး။ ။မှော်ဘီမှာလဲ အုတ်နဲ့ အုတ်ကြွပ်စက်ရုံကြီး တည်ဆောက်နေတာ ပြီးလုပြီ မောင်ရဲအောင်။



မှော်ဘီမှာတည်ဆောက်နေတဲ့ အုတ်နဲ့ အုတ်ကြွပ် စက်ရုံက ဒညင်းကုန်း စက်ရုံထက် ၂ ဆ ကြီးတယ် မောင်၊ တနှစ်ကို အုတ်ချပ်ရေ သိန်းပေါင်း ၂၄၀ ထုတ်လုပ်နိုင်ပြီး၊ အလုပ်သမားပေါင်း ၃၀၀ အလုပ် လုပ်နိုင်မယ်ကွဲ့။ မှော်ဘီနဲ့ ၃ မိုင်ကွာတဲ့ လှည်းငုတ် ချောင်းရွာမှာတည်ဆောက်တယ်၊ သိန်းပေါင်း ၇၀ ရင်းနှီးမြှုပ်နှံပြီး ၁၉၆၉ ခုနှစ်မှာ ပြီးစီးမယ်လို့ ခန့်မှန်းထားတယ်။

ရဲအောင်။ ။ဒညင်းကုန်းက အုတ်နဲ့ အုတ်ကြွပ်စက်က ငွေ ပေါင်း ဘယ်လောက်ကုန်ပါသလဲ ဘဘကြီး။

ဘဘကြီး။ ။ဒညင်းကုန်းက အုတ်နဲ့ အုတ်ကြွပ် စက်ရုံ အမှတ်(၁)က ၅၉ သိန်း၊ စက်ရုံ အမှတ် (၂)က ၃၄ သိန်း ပေါင်း ၉၃ သိန်း ရင်းနှီးထားတယ် မောင်ရဲအောင်။

ရဲအောင်။ ။ဗမာပြည်မှာ အုတ်တွေ ပေါ်ပြီး၊ တိုက်တွေ ဆောက်နိုင်တော့မှာပေါ့ ဘဘကြီး။

ဘဘကြီး။ ။တိုက်ဆောက်တယ်ဆိုတာ အုတ်ရှိရုံနဲ့ မပြီး သေးဘူး မောင်ရဲအောင်။

တိုက်ဆောက်ဖို့ ဘိလပ်မြေလဲ လိုတယ်မဟုတ် လား၊ ဘိလပ်မြေအတွက် ဘိလပ်မြေ ထုတ်လုပ်တဲ့ စက်ရုံအကြောင်း ဘဘကြီး ပြောပြဦးမယ်။

www.burmeseclassic.com

www.burmeseclassic.com

## ဘိလပ်မြေစက်ရုံ

ရဲအောင်။ ။ဘိလပ်မြေထုတ်လုပ်တဲ့စက်ရုံက ဘယ်မှာပါလဲ ဘဘကြီး။

ဘဘကြီး။ ။ဗမာပြည်အလယ်ပိုင်း အောင်လံမြို့ရဲ့ တဘက်ကမ်းမှာ သရက်မြို့ရှိတယ်၊ သရက်မြို့မှာ ဘိလပ်မြေထုတ်လုပ်တဲ့ စက်ရုံကြီး ၂ ရုံရှိတယ်မောင်ရဲအောင်။

၁၉၆၂ ခုနှစ်အထိ စက်ရုံအမှတ်(၁)မှာ ငွေရင်း ၆၇ သိန်းမြှုပ်နှံခဲ့ပြီး၊ စက်ရုံအမှတ်(၂)မှာ ၃၄၇ သိန်း ရင်းနှီးမြှုပ်နှံခဲ့တယ်။ စက်ရုံ ၂ရုံမှာ ကာယ ဉာဏ လုပ်သားပေါင်း ၈၀၅ ယောက် လုပ်အားပေး လုပ်ကိုင်နေကြတယ်ကွဲ့။

စက်ရုံ အမှတ် (၃)ကိုလဲ ၁၉၆၄ ခုနှစ်က စပြီး သိန်းပေါင်း ၂၀၀ အကုန်ခံကာ တည်ဆောက်နေတာ ၁၉၆၈ ခုနှစ် မေလလောက်မှာ ပြီးစီးမယ်။

ရဲအောင်။ ။စက်ရုံ၂ရုံကထွက်တဲ့ဘိလပ်မြေနဲ့ မလုံလောက်လို့ပါလား ဘဘကြီး။

ဘဘကြီး။ ။စက်ရုံ အမှတ် (၁)က တနေ့ကို ဘိလပ်မြေ တန်ချိန် ၁၇၀ ထွက်ပြီး၊ တနှစ်ကို တန်ချိန် ၅၀၀၀၀ ထွက်ခဲ့တယ်။ စက်ရုံအမှတ်(၂)က တနေ့ကို တန်ချိန် ၄၁၀ ထွက်ပြီး တနှစ်ကို တန်ချိန် ၁၂၀၀၀၀ ထွက်တယ်။ စက်ရုံ ၂ ရုံပေါင်းလိုက်ရင် တနှစ်ကို ဘိလပ်



မြေတန်ချိန် ၁၇၀၀၀၀ ထွက်တယ်။ အခု စက်ရုံ အမှတ်(၃) တည်ဆောက် ပြီးရင် တနေ့ကို တန်ချိန် ၃၅၀၊ တနှစ်ကို ၁၂၀၀၀ ထုတ်လုပ်နိုင်တော့ စက်ရုံ ၃ ရုံဆိုရင် ဘိလပ်မြေ တန်ချိန် ၂၉၀၀၀၀ ထွက်လာမယ်ဖြစ်တယ် မောင်ရဲအောင်။

ရဲအောင်။ ။ဘိလပ်မြေထုတ်လုပ်ဘို့ ကုန်ကြမ်းတွေက ဘာတွေလိုပါလဲ ဘဘကြီး။

ဘဘကြီး။ ။ထုံးကျောက်၊ ရွှံ့စေး၊ သဲ၊ လကြေးမီးထိုးဆီတွေဟာ ဘိလပ်မြေထုတ်လုပ်ရာမှာ အသုံးပြုရတဲ့ကုန်ကြမ်းတွေဖြစ်တယ် မောင်ရဲအောင်။

လိုအပ်တဲ့ ကုန်ကြမ်းတွေဟာ သရက်မြို့နယ်မှာ အများအပြား ရနိုင်လို့ ဘိလပ်မြေထုတ်လုပ်ဖို့ နိုင်ငံခြားငွေတွေ သက်သာတယ်။ ဒို့ဗမာပြည်ကထုတ်လုပ်တဲ့ ဘိလပ်မြေဟာ နိုင်ငံခြားက ဘိလပ်မြေထက် အတန်းအစား သာတယ်ကွဲ့။

## စီးကရက်စက်ရုံ

ရဲအောင်။ ။စီးကရက်စက်ရုံတွေအကြောင်း ကျန်နေသေးတယ် ဘဘကြီး။

ဘဘကြီး။ ။ မောင်ရဲအောင်က အုန်းခွတာ၊ ဒူးသား၊ ခပေါင်းဆိုတဲ့ စီးကရက်နံမယ်တွေ သတိရတယ် ထင်တယ်။ ဘဘကြီးပြောပြပါမယ် မောင်ရဲအောင်။

www.burmeseclassic.com

www.burmeseclassic.com



စီးကရက်လုပ်ငန်း။ စီးကရက်စက်ရုံတွေဟာ ပထမကတော့ ပုဂ္ဂလိက လုပ်ငန်းတွေဖြစ်တယ်။ စီးကရက်ကုမ္ပဏီတွေဟာ အစိုးရကိုပေးဆပ်ဘို့ကြွေးငွေပေါင်း သိန်း ၃၂၀ကို မပေးခဲ့ကြဘူးကွဲ့။

ဒါကြောင့် ၁၉၆၃ ခုနှစ် အောက်တိုဘာလ ၂၀ရက်နေ့မှာ စီးကရက်လုပ်ငန်းကို အစိုးရက ပြည်သူပိုင်အဖြစ် သိမ်းယူလုပ်ကိုင်ခဲ့ရတယ်။ ပြည်သူ့စီးကရက်လုပ်ငန်းကို ၁၉၆၄ ခုနှစ်ကစပြီး အုပ်ချုပ်ရေး ကော်မီတီဖွဲ့စည်းပြီး လုပ်ကိုင်ခဲ့တယ်။ ၁၉၆၄ ခုနှစ်မှာ စီးကရက်အလိပ်ပေါင်း ၈၇၃ သန်း ထုတ်လုပ်ပြီး ၁၉၆၅ ခုနှစ်မှာ ၁၀၁၅သန်း၊ ၁၉၆၆ ခုနှစ်မှာ ၁၁၃၄ သန်း၊ ၁၉၆၇ ခုနှစ်မှာ ၁၃၂၀ သန်း ထုတ်လုပ်ပေးခဲ့တယ် မောင်ရဲအောင်။ တနှစ်ထက်တနှစ် ၁၅ ရာခိုင်နှုန်း တိုးတက် ထုတ်လုပ်နိုင်ခဲ့တယ်ကွဲ့။

ပြည်သူ့ စီးကရက် လုပ်ငန်းမှာ စက်ရုံ သုံးရုံနဲ့ ဖြန့်ချီရေး ဗဟိုအလုပ်ရုံများ ရှိတယ်။ ပြည်လမ်းနဲ့ မာတင်လမ်းသွယ်မှာ စက်ရုံ အမှတ် ၁ ရှိပြီး ကမာရွတ် သုခလမ်းမှာ စက်ရုံအမှတ် ၂ ရှိတယ်၊ ကောင်ဝါဂျီလမ်းနဲ့ ကမ်းနားလမ်း ဆုံရာမှာတော့ စက်ရုံအမှတ် ၃ ဖြစ်ပြီး အမှတ် ၁၃၉ လသာလမ်းမှာ ဗဟိုဖြန့်ချီရေးရုံး ရှိတယ် မောင်ရဲအောင်။ ကာယဉာဏ လုပ်သားပေါင်းက ၁၂၀၀ ရှိပြီး အမျိုးသား



နဲ့ အမျိုးသမီး လုပ်သားမှာ အတူလောက် ရှိတယ်။ စီးကရက်သောက်သုံးသူ များပြား လာတာကြောင့် ပခုက္ကူမြို့မှာ စက်ရုံတရုံ တိုးချဲ့ ဆောက်လုပ်နေတယ်ကွဲ့။ ဒါကြောင့် ၁၉၆၉-၇၀ ခုနှစ်မှာ စီးကရက်သန်း ၂၅၀၀ က ၃၀၀၀ အထိ ထုတ်လုပ်နိုင်မယ်ဖြစ်တယ်။ ပခုက္ကူက စက်ရုံပြီးရင် တောင်ငူမြို့အထက်ပိုင်းကို ပခုက္ကူစက်ရုံက ဖြန့်ဖြူးပြီး တောင်ငူအောက်ပိုင်းကို ရန်ကုန်က ဖြန့်ဖြူးဘို့ စီစဉ်ထားတယ်။

ရဲအောင်။ ။စီးကရက်ထုတ်လုပ်ဘို့ ဘယ်လိုပစ္စည်းတွေလိုပါသလဲ ဘဘကြီး။

ဘဘကြီး။ ။စီးကရက် စက်ရုံကြီးထဲမှာ ဆေးရိုးဆေးရွက်ဖြတ်တဲ့စက် ၄ လုံး၊ ဆေးနရောတဲ့စက် ၁ လုံး၊ လိပ်စက် ၁၃ လုံးနဲ့ ပေါင်းအိုးတွေ ရှိတယ် မောင်ရဲအောင်။

စီးကရက်ထည့်ဘို့ ကျော့ဘူးတွေကိုလဲ စက်ရုံ ထဲမှာဘဲပြုလုပ်ပြီး ပုံနှိပ်ဌာနလဲ ရှိတယ်ကွဲ့၊ စီးကရက်ဆေးလိပ်အတွက် အရေး အကြီးဆုံး ကုန်ကြမ်းကတော့ ဆေးရွက်ဖြစ်တယ်၊ ဆေးရွက်မှာလဲ ဗာဂျီးနီးယား ဆေးရွက်ကို အများဆုံး အသုံးပြုရတယ်။

ရဲအောင်။ ။စီးကရက်လိပ်ဘို့ဆေးရွက်က ဘယ်ကရပါသလဲ ဘဘကြီး။

www.burmeseclassic.com

www.burmeseclassic.com



ဘဘကြီး။ ။ဗာဂျီနီးယား ဆေးပင်ကို ပခုက္ကူ၊ ရွှေဘို၊ မန္တလေးနဲ့ လင်ခေး နယ်တွေမှာ စိုက်ကြ တယ် မောင်ရဲအောင်။

လင်းခေးနယ်ဟာဗာဂျီနီးယားဆေးပင်ကို အများဆုံးစိုက်ပျိုးနိုင်ပြီး အကောင်းဆုံး ဆေးရွက်တွေ ထွက်တယ်၊ ပခုက္ကူက ထွက်တဲ့ ဆေးရွက် ကတော့ အရောင်အဆင်းကောင်းတယ်၊ စီးကရက် ဆေး လိပ် ထုတ်လုပ်ရာမှာ ဗမာပြည်တွင်းကထွက်တဲ့ ဆေးရွက် တွေကို အသုံးပြုပြီး အနံ့အရသာနဲ့ စက္ကူကိုသာ နိုင်ငံခြားက ဝယ်ယူရတယ် မောင်ရဲအောင်။

ရဲအောင်။ ။စီးကရက်စက်ရုံဟာ ဗမာပြည်အတွက် အကျိုးရှိ ပါသလား ဘဘကြီး။

ဘဘကြီး။ ။ပြည်သူ့စီးကရက်စက်ရုံက ၁၉၆၄ ခုနှစ်မှာ ၆၃ သိန်းအမြတ်ရပြီး ၁၉၆၅ ခုနှစ်မှာ၇၀ သိန်း၊ ၁၉၆၆ ခုနှစ်မှာ ၉၉ သိန်း အမြတ်ရတယ် မောင် ရဲအောင်။

၁၉၇၀ခုနှစ်လောက်မှာဆိုရင် ပခုက္ကူက စက်ရုံ ကြီးကပါ စီးကရက်တွေထုတ်လုပ်ဖြန့်ဖြူးမှာမို့ပြည် တွင်းသာမကဘဲ ပြည်ပကိုပါထုတ်လုပ်ရောင်းချလိုက် ရရင် နိုင်ငံခြားငွေတွေပါဝင်လာနိုင်မယ်ကွဲ့။

## သစ်စက်များ

ရဲအောင်။ ။ဘဘကြီးရဲ့ရဲအောင်တို့ အိမ် ဆောက် ထားတဲ့ သစ်တွေဟာ ဗမာ့သစ်တောက ဗမာ့ သစ်စက်တွေ ခွဲ စိတ်တဲ့ သစ်တွေမဟုတ်လားဗျ။

ဘဘကြီး။ ။ဟုတ်ပေတယ် မောင်ရဲအောင်။

သစ်စက်တွေ အကြောင်း ဘဘကြီး ဆက်ပြော ပြအုံးမယ်၊ ဗမာ့သစ်တောက ကျွန်းသစ်တွေ၊ ပျဉ်းကတိုး၊ အင်ကြင်း၊ ရင်းတိုက်၊ ပ တောက်၊ ဆိုတဲ့ သစ်မာတွေ၊ ကညင်၊ အင် စတဲ့ သစ် မျိုး စုံ တွေဟာ ဗမာ့သစ်တောက ထွက်တဲ့ သစ်တွေပေါ့ မောင်ရဲအောင်။

အဲဒီသစ်မျိုးစုံတွေဟာ သစ်တောကြီးတွေထဲက ခုတ်လှဲကြပြီး ရေတာတန်၊ ကုန်းတာတန်ဆိုသလို သယ် ယူပြီး သစ်စက် တွေကို ရောက် လာ ကြ တယ်၊ ရန်ကုန်မှာဆိုရင်ကြည့်မြင်တိုင်၊အလုံ၊ ဗိုလ်တထောင် မြစ်ကမ်း အနီးအနားမှာ သစ်စက်တွေရှိတယ်၊ သစ်ထုတ်လုပ်ရေးအဖွဲ့ရဲ့ လက်အောက်မှာ သစ်စက် ပေါင်း၁၉-စက်ဟာ မနားမနေဆိုသလိုပဲ သစ်လုံး တွေကိုခွဲလွှာပေးနေရတယ်။

www.burmeseclassic.com

www.burmeseclassic.com



လှိုင်မြစ်ကမ်းက အုတ်ကျင်းရပ်မှာ သစ်စက် တစက်နဲ့ ဒလမြို့မှာ သစ်စက် တစက်ကိုလဲ ခေတ်မီသစ်စက်အဖြစ် တည်ဆောက် ခဲ့တယ်၊ သာယာဝတီခရိုင် ပေါင်းတည်မြို့က မှတ်တိုင် ကျေးရွာမှာလဲ ငွေရင်း ၁၀ သိန်းအကုန်ခံပြီး ခေတ်မီ သစ်စက်ကြီး တစက်ကို တည်ဆောက်နေတယ်။

အဲဒီ သစ်စက်ကြီး ပြီးသွားရင် ပြည်ခရိုင် သစ်တောက သစ်တွေကို သယ် ယူ ပို့ဆောင်တဲ့ စရိတ်နဲ့သွားပြီး တနေ့ကို သစ်တန်ပေါင်း ၄၀ ခွဲနိုင်မယ်ဖြစ်တယ်။

ရဲအောင်။ ။ဗမာ့သစ်တောက သစ်တွေဟာ တော်တော်များများ ထွက်ပါသလား ဘဘကြီး။

ဘဘကြီး။ ။ဗမာနိုင်ငံသစ်တောက ၁၉၆၅ ခုနှစ်မှာ သစ်မာပင်တန်ပေါင်း ၇၇၄၀၀၀နဲ့ ကျွန်း သစ် တန်ပေါင်း ၄၀၅၀၀၀ ကို ထုတ်လုပ် နိုင်ခဲ့တယ်၊ ဗမာ့သစ်တောက သစ်တွေကို သစ်ပါးတွေ ခွဲစိတ်ရုံမက တော့ဘဲ ထပ်သား သစ်စက်တွေ တည်ဆောက်ပြီး ထပ်သား သစ်တွေထုတ်လုပ်နေပြီ မောင်ရဲအောင်။

ရဲအောင်။ ။ထပ်သားဆိုတာ သုံးထပ်သားကိုဆိုလိုတာလား ဘဘကြီး။

ဘဘကြီး။ ။သစ်လုံးကြီးတွေကို လွှာပြီး သုံးထပ်၊ ငါးထပ်၊ ခုနစ်ထပ် ကြိုက်သလို ပေါင်းကပ်၊ သစ်လွှာ တွေကို



ကော်နဲ့ကပ်ပြီး ထပ်ပေးတဲ့ သစ်စက် ဖြစ်တယ် မောင်ရဲအောင်။

ရန်ကုန်မြို့ ကမာရွတ် လှိုင်မြစ်ကမ်းမှာ ထပ်သားသစ်စက်ကြီးကို ၁၉၆၅ ခုနှစ်က သိန်းပေါင်း ၅၀ ကျော် အကုန်ခံပြီး တည် ဆောက် ခဲ့တာ အခုဆိုရင် စက်လည်နေပြီကွဲ၊ ထပ်သား သစ်စက်ဟာ တနေ့ကို သစ်လုံးတန်ချိန်၁၇ တန်ကို လွှာထုတ် နိုင်ပြီ၊ သုံးထပ်သားအချပ်ပေါင်း ၆၀၀ ကိုထုတ်လုပ်နိုင်တယ်၊ တနေ့ကို ၂ ဆိုင်းအလုပ်လုပ်မယ်ဆိုရင် ကာယ ညာဏ လုပ်သားပေါင်း ၅၀၀ အလုပ် လုပ်နိုင်ပြီး သုံးထပ်သားအချပ်ပေါင်းလဲ ၁၂၀၀ထွက်နိုင်တယ်။ ထပ်သားစက်ဟာ သစ်လုံးကြီးတွေကိုသာ မဟုတ်ဘဲ သစ်အပိုင်းအစတွေကိုလဲ လွှာပေးနိုင်တာမို့ သစ်အပိုင်းအစတွေဟာ ထင်းအဖြစ် မလေ မလွင့် တော့ဘဲ ကုန်ချောဖြစ်နိုင်ပြီကွဲ။ စက်ရုံအဆောက် အဦကြီးကတော့အလျား ၆၃၀ပေ၊ အနံ၄၀ပေရှိတဲ့ ၂ဆောင်တွဲ အဆောက်အဦကြီးဖြစ်တယ်။

တောင်ငူခရိုင် ဆွာမြို့မှာလဲ ဆွာထပ်သားစက်ရုံကြီးတရုံ တည်ဆောက် နေသေးတယ်၊ ၁၉၆၅ ခုနှစ် ကစပြီး တည်ဆောက် ခဲ့တာ အခုဆိုရင် ပြီးစီး လု ပြီ မောင်ရဲအောင်။

www.burmeseclassic.com

www.burmeseclassic.com

## ဆပ်ပြာစက်ရုံ

ရဲအောင်။ ။ရဲအောင်တို့ နေ့စဉ်သုံးနေတဲ့ အဝတ်လျှော်တဲ့ ဆပ်ပြာတွေ၊ ကိုယ်တိုက်တဲ့ ဆပ်ပြာတွေက ဘယ်က ထွက်ပါသလဲ ဘဘကြီး။

ဘဘကြီး။ ။ဆပ်ပြာကို အုတ်ကျင်းက ပြည်သူ့ဆပ်ပြာစက်ရုံကြီးနဲ့ ပုဂ္ဂလိက ဆပ်ပြာ စက်ရုံတွေက ထုတ်လုပ်တယ် မောင်ရဲအောင်။

ပြည်သူ့ဆပ်ပြာစက်ရုံဟာ ၁၉၅၉ ခုနှစ်မှာ ယူနီလီးဗား ဆပ်ပြာစက်ရုံအမည်နဲ့ ဆောက်လုပ်ပြီး ၁၉၆၀ ခုနှစ်မှာ စက်လည်နိုင်ခဲ့တယ်၊ စက်ရုံရဲ့ အရင်းအနှီးကို ကုမ္ပဏီက ၇၅ ရာခိုင်နှုန်း ထည့်ဝင်ပြီး အစိုးရက ၂၅ ရာခိုင်နှုန်းပါဝင်ခဲ့တယ်၊ ၁၉၆၄ ခုနှစ်မှာ တော့ စက်ရုံလုပ်ငန်းအားလုံးကိုပြည်သူပိုင် လုပ်ကိုင်ဆောင်ရွက်ခဲ့တယ်။

ရဲအောင်။ ။ပြည်သူ့ဆပ်ပြာစက်ရုံက ဘယ်လို ဆပ်ပြာတွေ ထုတ်လုပ်ခဲ့ပါသလဲ ဘဘကြီး။

ဘဘကြီး။ ။ပြည်သူ့ဆပ်ပြာစက်ရုံကအဝတ်လျှော် ဆပ်ပြာနဲ့ ကိုယ်တိုက်ဆပ်ပြာမွှေးတွေကို ထုတ်လုပ် နိုင်ခဲ့တယ်မောင်ရဲအောင်။



ဆန်းလိုက် ဆပ်ပြာ၊ ကာဘော်လစ် ဆပ်ပြာ၊ အောင်လံတံဆိပ် ဆပ်ပြာ၊ ကြယ်ပြာတံဆိပ် ဆပ်ပြာမှုန့်နဲ့ ဗင်နိုးလီးယား ဆပ်ပြာတွေဟာ ပြည်သူ့ဆပ်ပြာစက်ရုံကထုတ်လုပ်တာ ဖြစ်တယ်၊ ဗမာပြည်မှာတနှစ်ကို အဝတ်လျှော်တဲ့ ဆပ်ပြာတန်ချိန် ၂၉၀၀၀ နဲ့ ကိုယ်တိုက်ဆပ်ပြာတန်ချိန် ၆၀၀၀ လောက်လိုတယ်၊ ပြည်သူ့ဆပ်ပြာစက်ရုံက တနှစ်ကို ဆပ်ပြာ တန်ချိန် ၅၀၀၀ လောက်ထုတ်ပေးနိုင်ပြီး ကျန်တဲ့ဆပ်ပြာတွေကိုပုဂ္ဂလိစက်ရုံတွေက ထုတ်လုပ်ပေးနေတယ်။

ရဲအောင်။ ။ဆပ်ပြာဖြစ်ဘို့ ဘယ်ပစ္စည်းတွေ လိုအပ်ပါသလဲ ဘဘကြီး။

ဘဘကြီး။ ။ဆပ်ပြာထုတ်လုပ်ရာမှာ သုံးတဲ့ အရေးကြီးတဲ့ ကုန်ကြမ်းပစ္စည်းကတော့ ကော့စတစ် ဆိုဒါနဲ့ ဆီ ဖြစ်တယ် မောင်ရဲအောင်၊ ဆီဆိုတာမှာ အုန်းဆီ၊ မြေပဲဆီ၊ ဖွဲနုဆီ၊ အမဲဆီတွေကို အသုံး များကြတယ်ကွဲ၊ တခြားလိုအပ်တဲ့ ကုန်ကြမ်းတွေ ကတော့ ဆိုဒါပြာရယ်၊ ဆိုဒီယမ်စီလီကိတ်နဲ့ ဆပ်ပြာ ကျောက်တို့၊ အမွှေးအကြိုင်တို့ဖြစ်တယ်၊ အရောင်အတွက် ဆေးလဲ လိုတာပေါ့ကွယ်။

လိုအပ်တဲ့ ကုန်ကြမ်း ပစ္စည်းတွေကို ကြည့်ရင် ဗမာပြည်မှာ ထွက်တဲ့ ပစ္စည်းဟာ ၁၀-ရာခိုင်နှုန်း လောက်ဘဲဖြစ်နေတော့ ဆပ်ပြာထုတ်လုပ်ရာမှာ ကုန်

www.burmeseclassic.com

www.burmeseclassic.com



ကြမ်းကို နိုင်ငံခြားငွေတွေသုံးပြီး ဝယ်ယူနေရတ
မောင်ရဲအောင်။

မြည်သူ့ ဆပ်ပြာစက်ရုံကြီးမှာ အလုပ် သမ
ပေါင်း ၄၂၅ ယောက် အလုပ်လုပ်နေကြပြီးဆပ်ပြ
သာမဟုတ်ဘဲ အလှဆီနဲ့ သွားတိုက် ဆေးတွေကို
ထုတ်လုပ်ပေးနေတယ်။

အခုဖွဲ့နွဲ့ဆီစက်ရုံကြီးတရုံ ကမာရွတ်မှာ တည
ဆောက်နေတယ်၊ ဖွဲနုဆီစက်ရုံကြီးက ဖွဲနုဆီ တွေ
ချက်လုပ်ပြီး အမဲဆီအစား ဖွဲနုဆီခဲကို ဆပ်ပြ
ချက်လုပ်တဲ့နေရာမှာ အသုံး ပြုလိုက်ရင် နိုင်ငံခြား
မှာယူရတဲ့ အမဲဆီအတွက် နိုင်ငံခြား ငွေတွေ သိ
သာသာသက်သာသွားမယ်ကွဲ။

အခုဆောက်နေတဲ့ ဖွဲနုဆီခဲစက်ကြီးဟာ တနေ့
ဖွဲနုဆီခဲတန်ချိန် ၄၀ ထွက်နိုင်တယ် မောင်ရဲအောင်။

### ပလပ်စတစ်စက်ရုံ

ရဲအောင်။ ။တခြားစက်ရုံရှိပါသေးသလားဘဘကြီး။

ဘဘကြီး။ ။ရန်ကုန်မြို့၊ ဥက္ကလာ မြောက်ပိုင်းမြို့ အဝင်နာ
က လမ်းမကြီးရဲ့ညာဘက်မှာ ပလပ်စတစ်စက်ရုံ
တယ် မောင်ရဲအောင်။

အလျားပေ ၇၀၀၊ အနံပေ ၁၅၀ရှိတဲ့ မြေကွက်
မှာ ဆောက် ထား တယ်ကွဲ၊ ငွေ ရင်း ပေါင်း
၁၆၇၃၅၈၂ ကျပ် ရင်းနှီး မြှုပ်နှံခဲ့ပြီး ၁၉၆၆ ခု
နှစ် စက်တင်ဘာလကစပြီး စက်လည်ခဲ့တယ်။



ရဲအောင်။ ။ဘယ်လိုပစ္စည်းတွေထုတ်လုပ်ပါသလဲဘဘကြီး။

ဘဘကြီး။ ။ပလပ်စတစ်စက်ရုံက စားပွဲခင်းတွေ၊ ခန်းဆီး
တွေ၊ မိုးကာတွေ လုပ်လို့ရတဲ့ ရောင်စုံ ပလပ်စတစ်
အပါးစားတွေ၊ ထုတ်လုပ်နိုင်တယ်၊ ပွင့်ရိုက် ရှိုးချိုးနဲ့
ဖေါင်းကြွပွင့်ရိုက်၊ ပလပ်စတစ်အပါးနဲ့ အကြည်
ရယ်၊ သားရေတုလို့ခေါ်တဲ့ ပလပ်စတစ် အထူတွေ
ကို ထုတ်လုပ်ပေးတယ်၊ အလုပ် သမားပေါင်း ၆၅
ယောက် အလုပ်လုပ်နေကြတယ် မောင်ရဲအောင်။

### သကြားစက်ရုံများ

ရဲအောင်။ ။သကြားစက်ရုံတွေကောဘဘကြီး။

ဘဘကြီး။ ။မောင်ရဲအောင်ကနေ့စဉ်ကော်ဖီဖျော်သောက်
နေရတဲ့ သကြားကို သတိရတယ်ထင်ပါရဲ့။

သကြားစက်ရုံတွေကတော့ တောင်ငူခရိုင်ဇေယျ
ဝတီမြို့က ဇေယျဝတီသကြားစက်၊ ပျဉ်းမနား ခရိုင်
လယ်ဝေးမြို့နယ်က ဓလာသကြားစက်၊ မြစ်ကြီးနား
ခရိုင်ကဆားမော်သကြားစက်နဲ့ နမ္မတီးသကြားစက်၊
သထုံမြို့နယ်က ဘီးလင်းသကြားစက် တောင်ကြီး
ခရိုင်ညောင်ရွှေမြို့နယ် အင်းလေးဒေသ၊ မြောင်းကြီး
ကျေးရွာက မိုင်းသောက် သကြားစက်တွေ ရှိ တယ်
မောင်ရဲအောင်။

www.burmeseclassic.com

www.burmeseclassic.com



ရဲအောင်။ ။သကြားစက်တွေကို ရန်ကုန်မှာ ဘာဖြစ်လို့ မတည်ဆောက်ပါသလဲ ဘဘကြီး။

ဘဘကြီး။ ။စက်ရုံတည်ဆောက်မယ် ဆိုတာ ကိုယ်တည်ချင်တဲ့ နေရာမှာ တည် ဆောက် တိုင်း မ ကောင်း ဘူး မောင်ရဲအောင်။

စက်ရုံ တည် ဆောက်မယ် ဆိုရင် နေရာဒေသကို ပထမဆုံး လေ့လာ ရွေးချယ်ရတယ်၊ စက်ရုံ တည် ဆောက်တဲ့နေရာရဲ့ သယ်ယူပို့ ဆောင်ရေးခရီး အခြေအနေ၊ စက်ရုံအတွက်ကုန်ကြမ်းပစ္စည်း ရရှိမဲ့ ဒေသ၊ စက်ရုံအတွက် ရေ၊မီး၊အသုံးအဆောင် လိုအပ် ချက်တွေနဲ့ စက်ရုံမှာ လုပ်အားပေးမဲ့ အလုပ်သမား ရနိုင်တဲ့ အချက် အလက်တွေကို လေ့လာ ဘို့ လိုအပ်တယ်။

သကြားစက်ရုံဆိုရင် အရေးအကြီးဆုံးကုန်ကြမ်းဟာ ကြံဖြစ်တော့ ကြံအများဆုံးထွက်တဲ့ ဒေသမှာ တည်ဆောက်မှ ကုန်ကြမ်း လုံလောက်မယ်ဖြစ်တယ်။ ဒါကြောင့် သကြားစက် တည်ဆောက် ထားတဲ့ဒေသတွေကိုကြည့်ရင် ကြံစိုက်ထဲ့ ဒေသတွေဖြစ်နေတယ် ဆိုတာတွေရှိရတယ် မောင်ရဲအောင်။

ဇေယျဝတီ သကြား စက်ဟာ ၁၉၄၃ ခုနှစ် ကတည်ဆောက်ခဲ့တဲ့ ပုဂ္ဂလိက သကြားစက် ဖြစ်တယ် ၁၉၅၄ခုနှစ် နိုဝင်ဘာလမှာ ပြည်သူပိုင်လုပ်ခဲ့တယ် လျော်ကြေးပေးတဲ့ငွေနဲ့ နောက်ထပ်ရင်းနှီးမြှုပ်နှံ



ထားတဲ့ငွေပေါင်း ၈၉ သိန်းဖြစ်တယ်၊ အမြဲတမ်းအလုပ်သမား ၈၀၆ ယောက်ရှိတယ်။ တနှစ်ကို သကြား တန်ချိန် ၃၀၀၀၀ ထုတ်လုပ်နိုင်တယ်၊ နှစ်စဉ် ၆ သိန်း ကျော်ကသိန်းပေါင်း ၃၈ ကျော် အထိ အမြတ်ရခဲ့တယ်ကွဲ။

ပျဉ်းမနား သကြား စက် ကတော့ ၁၉၅၅ ခုနှစ် ဖေဖေါ်ဝါရီလမှာ တည်ဆောက်ခဲ့ပြီး ၁၉၅၇ ခုနှစ် မှာစက်လည်ခဲ့တယ်၊ သိန်းပေါင်း ၂၀၄ သိန်း ရင်းနှီးခဲ့ရပြီး အလုပ်သမား ပေါင်း ၁၄၀၅ ယောက်မှာ အမြဲတမ်း အလုပ်သမား ပေါင်း ၇၅၇ ယောက်ရှိ တယ်၊ တနှစ်ကို သကြားတန်ချိန် ၂၂၅၀၀ ထုတ်လုပ် နိုင်ပြီး တင်လဲရည်တန်ချိန် ၈၀၀၀ ကျော်ထုတ်လုပ်နိုင် တယ်၊ ပျဉ်းမနား သကြား စက်ဟာ ပထမ ၄ နှစ်မှာ အရှုံးနဲ့ ရင်ဆိုင်ပြီး နောက်နှစ်တွေမှာ ၆ သိန်းက ၁၂ သိန်းကျော်အထိ အမြတ်ရခဲ့တယ်။

ရဲအောင်။ ။နမ္မတီးနဲ့ ဆားမော် သကြားစက် ကတော့ သကြား ဘယ်လောက် ထွက်ပါသလဲဘဘကြီး။

ဘဘကြီး။ ။နမ္မတီးသကြားစက်က တနှစ်ကိုသကြားတန် ချိန် ၁၅၀၀၀ ထုတ်လုပ် နိုင်ပြီး တင်လဲရည် ၅၀၀၀ ကျော်ထုတ်လုပ်နိုင်တယ်မောင်ရဲအောင်၊

နမ္မတီးသကြား စက်မှာ အမြဲတမ်း အလုပ်သမား ပေါင်း ၅၃၃ ယောက်ရှိပြီးစုစုပေါင်း အလုပ်သမား ၉၀ယောက်ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆားမော် သကြားစက်ကတော့ ၁၉၂၆ ခုနှစ်က နိုင်ငံခြားသားပိုင် သကြားစက်ဖြစ်ခဲ့ပြီး ဒုတိယကမ္ဘာစစ်မှာပျက်စီးခဲ့တယ်၊ စစ်ပြီးကာလမှာ ဆားမော်အမည်နဲ့ ဗမာတွေ တည်ထောင်ကြပြီး ဆက်လက်လုပ်ကိုင်ရန်အင်အားမရှိလို့ ၁၉၆၃ ခုနှစ်မှာ အစိုးရကလွှဲယူလုပ်ကိုင် ပေးခဲ့ရတယ်၊ ဆားမော် သကြားစက်ရုံကို အလုပ်သမား ၁၀၀၀ ကျော်နဲ့ ကြံစိုက်ပျိုးသူ ၁၀၀ ကျော်တို့မှီခိုကြရတယ်မောင်ရဲအောင်။

ဆားမော်သကြားစက် ဟာတနေ့ကို ကြံတန်ချိန် ၅၀၀ သကြား တန်ချိန်၅၀ဘဲ ကြိတ်ဝါးပြီး တနှစ်ကို သကြား တန်ချိန် ၇၅၀၀ ထုတ်လုပ် ပေးနေတယ်။

ရဲအောင်။ ။သကြား စက်တွေ များများ တည်ဆောက်ထားရင် ဗမာပြည်မှာ သကြားတွေ ပေါလာမှာဘဲ ဘဘကြီး။

ဘဘကြီး။ ။ဗမာပြည်မှာ ကြံတွေကို စိုက်ပျိုးပြီး သကြားစက်တွေ တိုးချဲ့လိုက်ရင် ပြည်သူတွေဟာ သကြားကိုပေါပေါစားနိုင်တယ် မောင်ရဲအောင်။

အင်းလေးဒေသက မိုင်းသောက် သကြားစက်ကိုလဲ၊ ၁၉၆၅ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်က အပြီးတည်ဆောက်ခဲ့တာ ၁၉၆၆ ခုနှစ် ဇွန်လမှာ ပြီးခဲ့တယ်။ ၁၉၆၇ ခုနှစ်ကြံရာသီချိန်မှာ ကြံတန်ချိန် ၂၁၂၆ တန်ကို ကြိတ်ဝါးပြီး၊ သကြား အိတ်ပေါင်း ၅၃၉ အိတ်နဲ့ တင်လဲရည်တန် ၁၀၀ စမ်းသပ်ထုတ်လုပ်နိုင်ခဲ့တယ်။ ၁၉၆၈ ခုနှစ်မှာ ကြံတန်ချိန် ၄၀၀၀ ကျော်ကို ကြိတ်ပြီး သကြားအိတ်ပေါင်း ၂၈၀၀ ကျော်နဲ့ တင်လဲရည် ၂၀၀ ကိုထုတ်လုပ် နိုင်အောင်စီစဉ်ထားပြန်တယ် မောင်ရဲအောင်။



ရဲအောင်။ ။ရှမ်းပြည်နယ်က ပြည်သူတွေဟာ သကြားကို အလွယ်တကူ သုံးစွဲနိုင်ကြမှာပေါ့ ဘဘကြီး။

**နို့ဆီ၊ ကျောက်ပြား၊ ပန်းကန်စက်ရုံ၊**

ရဲအောင်။ ။စက်ရုံတွေကျန်ပါသေးသလား ဘဘကြီး

ဘဘကြီး။ ။အခု တည်ဆောက် ပြီးတဲ့ စက်ရုံ တွေရော။ တည်ဆောက်မဲ့ စက်ရုံ တွေ ပါ ရှိသေး တာ ပေါ့ မောင်ရဲအောင်။

မေမြို့မှာ နို့ဆီချက်ရုံကို ၈ သိန်းကျော်ရင်းနှီးပြီး၊ အလုပ်သမား ၂၃ ယောက်နဲ့ တနှစ်ကို နို့ဆီသေတ္တာ ၁၉၀၀ ကျော် ထုတ်လုပ် နေတယ်။

ကယားပြည်နယ် လွိုင်ကော်မြို့မှာ ကျောက်ပြားစက်ရုံရှိတယ်။ လွိုင်ကော်မြို့က ၁၅ မိုင် အကွာမှာရှိတဲ့ ကျောက်တောင်ကြီး နှစ်တောင်က ကျောက်တုံးကြီးတွေကို လွန့်ဖြတ်ကာ ကြမ်းခင်းကျောက်ပြားတွေ၊ နံရံကပ် ကျောက်ပြားတွေ၊ စားပွဲခင်းကျောက်တွေ၊ ကျောက်ဆေးလိပ်ပြာခွက်နဲ့ အလှဆင်ပစ္စည်းတွေ ထုတ်လုပ်နေတယ်။

မော်လမြိုင်မြို့မှာလဲပန်းကန်စက်ရုံရှိတယ် အိမ်သုံးကြွေထည်၊ မြေထည်၊ ပစ္စည်းတွေနဲ့ လျှပ်စစ်ဓါတ်

www.burmeseclassic.com

www.burmeseclassic.com



အား မေးရေးမှာသုံးဖို့ ကြွေဆီတွေ ထုတ်လုပ်ပေးတယ်။

ရဲအောင်။ ။မြန်မာပြည်မှာ စက်ရုံတွေ အောင်အောင်မြင်မြင် တည်ဆောက်ပြီးပြီနော်။

## စက္ကူစက်ရုံ

ဘဘကြီး။ ။စစ်တောင်းမြစ်နဲ့ တံတားကြီးနားကအရှေ့ဘက် ကမ်းနဖူးမှာ စက္ကူစက်ကြီး တည်ဆောက်နေတယ် မောင်ရဲအောင်။

စက္ကူ စက်ကြီးကို ၁၉၆၅ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့က စပြီး ဆောက်ခဲ့တာ ၁၉၆၈ ခုနှစ်ထဲမှာ၊ စက်လည် နိုင်တော့မယ်ကွဲ့၊ စက္ကူစက်ကြီးပြီးရင် တနေ့ကို စက္ကူတန် ၄၀ နဲ့ ကုန်ထုတ် စက္ကူ ၃ တန်ထွက်မယ်၊ စက္ကူစက်ကြီးမှာ ဝါးကိုကုန်ကြမ်းအဖြစ်သုံးမှာမို့ စက္ကူစက်မှာ သုံးဖို့ တနှစ်ကို ဝါးအလုံးပေါင်း ၁၁၅ သိန်းလိုမယ် မောင်ရဲအောင်။

ရဲအောင်။ ။ဝါးတွေကို ဘယ်က ရမှာလဲ ဘဘကြီး။

ဘဘကြီး။ ။တောင်ငူနယ် နဲ့ ပဲခူး မြောက်ပိုင်းမှာ ဝါးတွေ ပေါလှပေါ့ မောင်ရဲအောင်။

ထုံးကန်၊ ရဲနွယ်၊ ကောလိယ၊ ရွှေကျင်ဆိုတဲ့ပဲခူးရိုးမ တောင်ခြေမှာ ဝါးအမျိုးမျိုး ပေါက်တယ်ကွဲ။

ရဲအောင်။ စက္ကူလုပ်ဖို့ ဘယ် ဝါး တွေကို သုံးပါသလဲ ဘဘကြီး။



ဘဘကြီး။ ။ဝါး ၁၂ မျိုး လောက် ထွက်တဲ့ အထဲက ကြသောင်းဝါး၊ တင်းဝါးနဲ့ ဝါးဖြူတွေဟာ စက္ကူလုပ်ရာမှာ အများဆုံးအသုံးကျတယ်မောင်ရဲအောင်။

ပဲခူးရိုးမ တောင်ခြေက ထွက်တဲ့ ဝါးတွေမှာလဲ ကြသောင်းနဲ့ တင်းဝါးက တရာမှာ ၈၀ လောက် ရှိပြီး ကျန် ၂၀ ကလဲဝါးဖြူ အများဆုံးပါတယ်ကွဲ။

စစ်တောင်း စက္ကူ စက် ကြီး ဟာ ငွေ ပေါင်း ၂၀၉ ဒသမ ၈ သိန်း ကျော် ကုန် ကျ ပြီး၊ ကာယညာဏ လုပ်သားပေါင်း ၁၄၈၅ ယောက်နဲ့ ဝါးခုတ်ပေါင်မျှောလုပ်ဖို့ အလုပ်သမား ၃၀၀၀ လောက် အလုပ်ရကြမယ်။

ပဲနွယ်ကုန်း မြို့နယ်က အနန်းပေါ့ဒေသ မှာလဲ စက္ကူ စက်ကြီး တည်ဆောက်ဖို့ စီစဉ်နေသေးတယ် မောင်ရဲအောင်။

ချောက် မြို့နယ်က စလေမြို့မှာလဲ မြေသြဇာ စက်ရုံကြီး တည်ဆောက် နေတယ်။ မြေသြဇာ စက်ရုံကြီးကို ကျပ် ငွေ ၁၁ ကုဋေ မြှုပ်နှံထားတယ်၊ ၁၉၆၉ ခုနှစ်မှာ ပြီးစီး လိမ့်မယ်၊ မြေသြဇာ စက်ရုံကြီးပြီးရင် ပုလဲ ဓါတ်မြေ သြဇာ တနှစ်ကို တန်ချိန် ၆၇၈၀၀ ထွက်မယ်၊ ဓါတ်မြေသြဇာ ထုတ် လုပ်ရုံမဟုတ်ဘဲ ပလတ်စတစ်တွေလဲ ထုတ်လုပ်နိုင်မယ်ကွဲ။

ဧယာဝတီမှာလဲ အရက်ပျံ ချက်တဲ့ စက်ရုံ၊ ပုလင်းလုပ်စက်ရုံ၊ သံလျှင်မှာလဲ ဖန်ချက်တဲ့စက်ရုံ၊ ပဲခူးမှာ

www.burmeseclassic.com

www.burmeseclassic.com



ကတ္တူပြားစက်ရုံတွေ တည်ဆောက် ဘို့လဲ ဖြင်ဆင်နေပြီ မောင်ရဲအောင်။

## ရေနံချက်စက်ရုံ

ရဲအောင်။ ။သံလျင်မှာ ရေနံချက်တဲ့ စက်ရုံကြီး ရှိသေးပါတယ် ဘဘကြီး။

ဘဘကြီး။ ။မှန်ပေတယ် မောင်ရဲအောင်။

သံလျင်မှာရော၊ ချောက်မြို့မှာရော ရေနံချက်တဲ့ စက်ရုံကြီးတွေရှိတယ်။

ရဲအောင်။ ။ရေနံချက်ဘို့ ရေနံကို ဘယ်က ရပါသလဲ ဘဘကြီး။

ရေနံဟာ ဗမာပြည်မှာဘဲ ထွက်တယ်မောင်ရဲအောင်။

၁၇၆၇ ခုနှစ် လောက် ကတဲက ဗမာ ပြည် မှာ လက်ယက် ရေနံတွင်း တွေရှိ ပြီး၊ ၁၈၇၁ ခုနှစ်မှာ ဘီအိုစီ ရေနံကုမ္ပဏီ ပေါ်ပေါက် လာခဲ့တယ် ဆိုတာ ဘဘကြီး ပြောခဲ့ပြီးပြီဘဲ၊ ဒီတုန်းက ရေနံချောင်းနဲ့ ချောက်မြို့ တွေမှာ ရေနံ အများ အပြား ထွက်တာပေါ့၊ အဲဒီရေနံတွေကို သံလျင်နဲ့ ချောက်မြို့မှာ ချက်ဆီ၊ ရေနံဆီ၊ ရေနံချေးနဲ့ ဖယောင်းတွေ ထုတ်လုပ်ကြတယ်။



၁၉၄၁ ခုနှစ်၊ ဒုတိယ ကမ္ဘာစစ်ကြီးဖြစ်တော့ရေနံတွင်းတွေကို ဖျက်ဆီးသွားခဲ့တယ်၊ စစ်ကြီးပြီးတော့ ရေနံကိုလိုသလောက်မထုတ်နိုင်တော့ဘဲ၊ နိုင်ငံခြားက ဝယ်ယူသုံးစွဲရတယ်။

တော်လှန်ရေးကောင်စီ အစိုးရ လက်ထက် မှာ တွင်းဟောင်းတွေကို ပြုပြင်ပြီး တွင်းသစ်တွေပါတူးလိုက်တော့ ၁၉၆၄ ခုနှစ်မှာ ရေနံစိမ်းဟာ ဂါလံ ၁၆၆၉၅၀၀ ဂါလံ ထွက်ခဲ့တယ်၊ သံလျင်ကရေနံချက်စက်အဟောင်းက တနေ့ကို ရေနံ ငါးသိန်း ချက်နိုင်ပြီး စက်အသစ်က တနေ့ကို ၂ သိန်းချက် လုပ်နိုင်တယ်၊ ချောက်မြို့က စက်ရုံက တနေ့ကို ၂ သိန်း ၂ သောင်း ချက်လုပ်နိုင်တော့ တနေ့ကို စုစုပေါင်း ရေနံဂါလံ ၉ သိန်း ၂သောင်းချက်လုပ်နိုင်ခဲ့တယ်၊ ၁၉၆၄ ခုနှစ် တနှစ်တွက်ဆိုရင် ဂါလံပေါင်း ၁၇၁ သန်းကျော် ထုတ်လုပ် နိုင်ခဲ့တယ် မောင်ရဲအောင်။

ရေနံရှာဖွေရေးတွေပါ ဆောင် ရွက်ခဲ့လို့ ဗမာပြည်မှာ ရေနံ တွေသုံးလို့ မကုန်နိုင် အောင် ပေါများလာ တော့မှာဖြစ်တယ်။ မြန်အောင် နယ်မှာ ၁၉၆၇ ခုနှစ်ကစပြီး ရေနံကြောကြီး တွေ့ခဲ့ တယ်၊ အစမ်းတွင်း ၃၂ တွင်းကိုတူးကြည့်ကာ ၂၄တွင်းထဲနဲ့ တနေ့ကို ၄၅ ဂါလံ ဝင်တဲ့ ပေပါပုံး ပေါင်း ၅၀၀၀ ရခဲ့တယ်၊ တွင်းသစ်တရာတူးနိုင်တော့ တနှစ်ကို ပေပါပုံးပေါင်း သန်း ၆၀ ထိ ထွက်နိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဟသ်ာတ ခရိုင် ရွှေကျင်မြို့နဲ့ အင်ပင်မြို့ အကြား
က၊ ရွှေပြည်သာဒေသမှာလဲရေနံကြောကြီးတွေရှိက
အစမ်းတွင်းတွေတူးကြည့်တော့ရေနံတွေအားရပါး
ထွက်လာလို့ ရေနံလှောင်ဘို့ ကန်ကြီးတွေ ဆောက
လုပ်နေတယ်၊ ဗမာ့ရေနံဟာဗမာပြည်မှာ သုံးရုံမက
ဘဲ နိုင်ငံခြားကိုပါ တင်ပို့ ရောင်းချ နိုင် မဲ့ အလား
အလာ တွေ ရှိနေပြီ မောင်ရဲအောင်။

ရဲအောင်။ ။ဆက်ပြောပါအုံး ဘဘကြီး။

ဘဘကြီး။ ။စက်ရုံတွေအကြောင်း တော် လောက် ပါပြီ
မောင်ရဲအောင်။

ရဲအောင်။ ။စက်ရုံတွေအကြောင်း တော်ပြီဆိုရင်၊ တခြားပုံ
ကောင်းကောင်း တပုံပြောပါအုံး ဘဘကြီး။

ဘဘကြီး။ ။ကဲ..........မောင်ရဲအောင်။

ဘဘကြီးပြောတဲ့ ပုံပြင်တွေ အတော် များသွား
ပြီ ကွဲ့။ ဘဘကြီးလဲ ခရီးထွက်စရာရှိသေးတယ်၊ ဒီနေ
ရာမှာဘဲ တခဏ်းရပ်ကြပါစို့ ကွယ်၊ နောင်အခါအခွင့်
သင့်ရင်တော့၊ ဘဘကြီးတို့ တွေ့ကြုံ ကြားသိခဲ့ရသ
တဲ့ သူဌေးကြီး ဦးဘိုးလိပ်နဲ့ တခြား ပုံပြင် တွေကို
ဆက်သက်ပြောပြမယ် မောင်ရဲအောင်။
ဟုဆို၍ ဘဘကြီးသည် ဘဘကြီး ပြောသောပုံပြင်ကို
အစသတ်လေတော့သည်။

www.burmeseclassic.com